www.burmeseclassic.com

# ဖြောင်းပြမောင်ကို

## ထောင်နှင့်သပိတ် အပါအဝင် ထောင်တွင်းဝတ္ထုတိုများ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၂၀၀၁၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၂၅၀၃၁၁

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၁၊မေလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ Welfare
အတွင်းဖလင် ။ Quality

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၅၀၀ကျပ်

၈၀၈ . ၈
မောင်ကို ၊မြောင်းမြ
ထောင်နှင့်သပိတ် အပါအဝင် ထောင်တွင်းဝတ္ထုတိုများ/
မြောင်းမြမောင်ကို။ -ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၂၃-စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁)ထောင်နှင့်သပိတ်အပါအဝင်ထောင်တွင်းဝတ္ထုတိုများ

# မာတိကာ


| စဉ် | စာစဉ်အမည် | စာမျက်နှာ |
|---|---|---|
| | လွမ်းတယ်လေ့ (၂)… | |
| ၁။ | ထောင်နှင့်သပိတ် | ၁ |
| ၂။ | အလျှာရှိမဟုတ် | ၇၉ |
| ၃။ | သခင် ၄၂ - ဦး အသတ်ခံရစဉ်က | ၈၉ |


www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာထောင်ပိုင်ကြီးမြောင်းမြမော်င်ကို

www.burmeseclassic.com

www.burmeseclassic.com

# လွမ်းတယ်ဧရာ (၂) ...

(သို့မဟုတ်)

"အကျည်းထောင်လောက နောက်ခံစာပေ နှင့် ဆရာကြီးမြောင်းမြမောင်ကို၏ သူ့ဘဝ၊ သူ့စာ"

[ ၁ ]

❑

ရှေးဦးစွာ မြန်မာစာပေနယ်အတွင်းမှ 'အကျည်းထောင်လောက နောက်ခံစာပေ (တစ်နည်း) ထောင်ဝတ္ထု၊ ထောင်စာပေများ၏ အခင်းအကျင်းနှင့် အနေအထားကို ပြောရန်သင့်မည်ဟု ထင်သည်။

စာရေးဆရာကြီး 'ဒဂုန်ရွှေမျှား' သည် ၁၉၂၆ ခုနှစ်၊ ဧပြီလ (၁၂၈၇ ခု၊ တန်ခူးလ) အထူးထုတ် ဒဂုန်မဂ္ဂဇင်း၌ 'မြသိန်းတန်'ဟူသောအမည်ဖြင့် 'ထောင်မင်းသားဦးဖိုးထော်' ပထမဆုံးဝတ္ထုကို ရေးသားခဲ့သည်။ ဤဝတ္ထုသည် အစောဆုံး မြန်မာထောင်ဝတ္ထုဟု ဆိုနိုင်သည်။



ထောင်မင်းသား ဦးဖိုးထော်ဝတ္ထုတိုများ (ရှာဖွေတွေ့ရှိသမျှ) ၂၂ ပုဒ် ရှိသည်။ ယင်းဝတ္ထုတိုများကို ဝတ္ထုပေါင်းချုပ်များအဖြစ် အောင်မြေစာပေ (၁၉၆၀၊ ၁၉၆၂၊ ၁၉၆၇)၊ စံပယ်ဦးစာပေ (၁၉၆၉)၊ Quality Publishing House (၂၀၀၃)တို့က အကြိမ်ကြိမ် ထုတ်ဝေခဲ့ကြပြီး ဖြစ်သည်။

၁၉၁၇ ခု၊ မတ်လထုတ် သူရိယမဂ္ဂဇင်းပါ ဆရာကြီး ရွှေဥဒေါင်း (ကလောင်အမည်မဖော်ဘဲ) ရေးသားခဲ့သည့် မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုသည်သာ ပထမဆုံး မြန်မာဝတ္ထုတိုအဖွဲ့ဟု သဘောညီခဲ့လျှင် ၁၉၂၆ ၊ ဧပြီလ အထူးထုတ် 'ဒဂုန်မဂ္ဂဇင်း'ပါ ထောင်မင်းသား ဦးဖိုးထော်ဝတ္ထု 'မြသိန်းတန်' (တစ်နည်း) ပထမဆုံးထောင်ဝတ္ထုသည် ရှေးမြန်မာဝတ္ထုတိုအဖွဲ့များနှင့် လွန်စွာမခြားဘဲ ခေတ်ပြိုင် ပေါ်ထွန်းလာခဲ့သည်ဟု ယူဆနိုင်ရာသည်။

မြန်မာဝတ္ထုတိုရေစီးတွင် အခြားလောကသဘာဝ သရုပ်ဖော်စာပေအဖွဲ့အနွဲ့များနှင့်အတူ အကျည်းထောင်လောကနောက်ခံ၊ ထောင်ဝန်းကျင် ထောင်အငွေ့အသက်တွေလွှမ်းသည့် ထောင်စာပေအဖွဲ့အနွဲ့တစ်မျိုးသည်လည်း ကျွဲကူးရေပါ ခေတ်ပြိုင်ဖွံ့ဖြိုးလာခဲ့သည်ဟု ဆိုနိုင်သည်။

သို့ဖြင့် ထောင်နှင့် မကင်းရာမကင်းကြောင်း ဆက်ဆက်နွယ်နွယ် ရှိတတ်ကြစမြဲ စာရေးဆရာ၊ နိုင်ငံရေးသမား၊ သတင်းစာဆရာ စသည်စသည်တို့၏ 'ထောင်ကိုယ်တွေ့' ဆောင်းပါး၊ ဝတ္ထုများသည်လည်း ဂျာနယ်၊ မဂ္ဂဇင်းများ၌ ရံဖန်ရံခါ ကြိုးကြားကြိုးကြား ထုံ့ပိုင်းထုံ့ပိုင်း ပါလာတတ်လျက် မြန်မာ့ထောင်စာပေ၊ ထောင်ဝတ္ထုများ၏ ဖွံ့ဖြိုးမှုကို တစ်တပ်တစ်အား အားဖြည့်ပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့်တိုင် **'လူထုဦးလှ'**၊ **'ရန်အောင်မောင်မောင်'** နှင့် **'ငြှောင်းမြမောင်ကို'** ဟူသည့် ထောင်စာပေဖန်တီးရှင် စာရေးသူသုံးဦး၊ သည်သာလျှင် ထောင်စာပေ၊ ထောင်ဝတ္ထုများကို လွတ်လပ်ရေးခေတ်မှ သည် ယနေ့ကာလတိုင်တစ်လျှောက်လုံး အစဉ်တစိုက် အားကြိုးခန့်တခုတ်တရ ဦးဆောင်ရေးဖွဲ့ခဲ့ကြသဖြင့် 'မြန်မာ့ထောင်စာပေ၏ အဓိကရ မှတ်တိုင်ကြီးများ'ဟု အမှုကွန်း ရေးထိုးရမည်ဖြစ်၏။

စာရေးဆရာ၊ သတင်းစာဆရာကြီးလူထုဦးလှသည် အကြောင်း အမျိုးမျိုးကို အကြောင်းပြုလျက် ရန်ကုန်ထောင်ကြီးနှင့် မန္တလေး ထောင်တို့တွင် 'ထောင်ကြီးစံ' အဖြစ် ကာလအတန်ကြာ ကွန်းခိုခဲ့ရ ၏။ ၃ နှစ်၊ ၃ လ၊ ၃ ရက်အထိ ကာလရှည် ထောင်တွင်း၌ နေခဲ့ရခြင်း ဖြစ်သည်။

ရန်ကုန်ထောင်က ပထမ၊ မန္တလေးထောင်က ဒုတိယ။ ထို ထောင်ကြီးစံကာလ နေ့ရက်များအတွင်း အကျဉ်းသား ၂၅၀ ခန့်နှင့် တွေ့ဆုံမေးမြန်း၊ စကားပြောခဲ့၊ အကျဉ်းသားတို့ပြောသမျှ နားထောင် ခဲ့။ သို့ဖြင့် . . . ၁၉၅၇ ခုနှစ်၊ စာပေဗိမာန် စာပဒေသာဆုရ **'ထောင် နှင့် လူသား'** စာအုပ်သည် သီးပွင့်လာခဲ့ရခြင်းဖြစ်သည်။

နောက် **'လေနှင့်အတူ'**၊ **'လှောင်ချိုင့်တွင်းမှငှက်ငယ်များ'**၊ **'ထောင်တွင်းမှ ပေးစာများ'**၊ **'စစ်ပြီးစ ထောင်တံခါး'**၊ **'စစ်၊ အချစ် နှင့်ထောင်'** စသည့် ထောင်ဝတ္ထု၊ ထောင်စာပေများကို ဆက်တိုက် ရေးသားထုတ်ဝေခဲ့သည်။ စာဖတ်သူတို့ကလည်း သူ့စာများကို တလေး တစားစောင့်၍ ဖတ်ခဲ့ကြရသည်။ (သဘောအယူ တူမျှသည်ဖြစ်စေ၊ မတူမျှသည်ဖြစ်စေ၊ သူ့ခေတ်သူ့အခါ ပြည်ပိုင်အစိုးရတို့က သူ့ထောင် ဝတ္ထု၊ ထောင်စာပေများမှတစ်ဆင့် သူ့ရေးသားတင်ပြချက်များကို အမြီး



လှန်ခေါင်းလှန်ဖတ်လျက် အကျဉ်းထောင်လုပ်ငန်းစနစ် ပြုပြင်ရေးတို့ကို အလေးတမူ ဆောင်ရွက်ခဲ့ကြရသည်ဟု ဆိုပါသည်။)

၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလထုတ် နှစ်ပတ်လည် မြဝတီမဂ္ဂဇင်း တွင် **'ရန်အောင်မောင်မောင်'** ကလောင်အမည်ဖြင့် **'မြစ်တွင်းထောင် ထမ္ဘကြီး'** ဝတ္ထုပါလာခဲ့သည်။ စာရေးသူ ရန်အောင်မောင်မောင်သည် အကျဉ်းဌာနအရာရှိ ထောင်မှူး (Jailor) ဦးမောင်မောင် ဖြစ်သည်။ ထောင်ပိုင်အဆင့် (၂) (ဒုတိယညွှန်ကြားရေးမှူး) ရာထူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ အကျဉ်းဌာန၊ နိုင်ငံ့ဝန်ထမ်းလောကမှ စာရေး ကြသူများထဲ၌ ရှေးဦးကျသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၁၉၆၆ တွင် **'ကြိုးစင်ပေါ်မှ မှတ်စုများ'** ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေ (တတိယ) ဆုကို ရရှိခဲ့သည်။

ရန်အောင်မောင်မောင်၏ ဝတ္ထုတို၊ ဝတ္ထုရှည်များသည် 'မြဝတီ'၊ 'သွေးသောက်'၊ 'ရှုမဝ'၊ 'ငွေတာရီ'၊ 'ပြစ်မှု' စသည့် မဂ္ဂဇင်းများ၌ ဆက်တိုက်ပါလာခဲ့သည်။ စာဖတ်သူတို့ကလည်း ဘဝမှတ်တမ်း အကျဉ်း ချုပ်ဆန်ဆန် တိုတိုကျဉ်းကျဉ်း လိုရင်းကိုသာ အရိုးခံအတိုင်း တုံးတိတိ ရေးဖွဲ့ တင်ပြတတ်သည့် သတင်းစာသမား ဆရာကြီး 'လူထုဦးလှ'၏ တင်ပြပုံထက် ခပ်ရှင်ရှင်၊ ခပ်သွက်သွက် ရသ,ကဲသော 'ရန်အောင်မောင် မောင်'၏ ထောင်ဝတ္ထုများကို ပို၍ အာရုံတွေ့ခဲ့ကြဟန်တူသည်။

"မော (၁၉၆၁)၊ အမှုတစ်ရာဝတ္ထုများ (၁၉၆၂)၊ ကြမ္မာ ရဟတ်တစ်ပတ်လည် (၁၉၆၄)၊ အသည်းကွဲစခန်း (၁၉၆၄)၊ ကြိုးစင် ပေါ်က မှတ်စုများ (၁၉၆၆)၊ နရသိန့်စံအိပ်ထက်ဆီက (၁၉၆၆)၊ ဆောင်မနမ်း၍ နွမ်းသောပန်း (၁၉၆၆)၊ မိနစ်၂၀ မှ အနှစ်၂၀(၁၉၆၈)၊ မောရရင်ခွင် မိုးသံလွင် (၁၉၇၀)၊ ထောင်ကြေးမုံ (၁၉၇၁)၊ ၁၀



www.burmeseclassic.com

www.burmeseclassic.com

**မှောင်မှောင်** ညမှောင်မှောင် (၁၉၇၂)၊ စောရအိုင်စိမ်း (၁၉၇၃)၊ ထောင်တံခါးကြီးဖွင့်ပါဦး (၁၉၇၄)၊ ကြိုးစင်နှင့် ကြိုးသမား (၁၉၇၆)၊ တမာမချို ငါမငို (၁၉၇၄)၊ မပျံတတ်ဘူးဝဲချင်တယ် (၁၉၇၇)၊ လ, လူမိုက် အမှောင်ကြိုက် (၁၉၇၉)၊ ထောင်တစ်သက် အတွေ့အကြုံ (၁၉၉၁)၊ မြစ်တွင်းထောင်ထမ္ဘကြီးနှင့် ထောင်ဝတ္ထုများ (၁၉၉၂)'' စသည့် သူ့ထောင်ဝတ္ထုတသီကြီးကို နှစ်နှစ်ခြိုက်ခြိုက် အားပေးဖတ်ရှုခဲ့ကြ၏။

'ကြမ္မာရဟတ်တစ်ပတ်လည်'ဝတ္ထုကို စာရေးဆရာ ဒါရိုက်တာ ဦးသုခက 'သိကြားစေသက်သေညွှန်း' အမည်ဖြင့်လည်းကောင်း၊ 'အသည်းကွဲစခန်း'ဝတ္ထုကို ညွန့်မြန်မာရုပ်ရှင်မှ 'သည်လမ်းနှင့် သည်စခန်း'အမည်ဖြင့်လည်းကောင်း၊ 'စောရအိုင်စိမ်း' ဝတ္ထုကို ဆရာကြီး ဦးသုခကပင် 'ချစ်စရာမို့ ချစ်ပါသည်' အမည်ဖြင့်လည်းကောင်း ရုပ်ရှင်ရိုက်ခဲ့ရသည်အထိ အောင်မြင်ခဲ့သည်။

အကျဉ်းထောင်အရာရှိ၊ စာရေးဆရာအဖြစ် နောက်ထပ်မရှေးမနှောင်း ထပ်မံပေါ်ထွက်လာသူမှာ 'မြောင်းမြမောင်ကို' ဖြစ်၏။ ထောင်မှူး ဦးမောင်ကိုဖြစ်သည်။ သွေးသောက်မဂ္ဂဇင်းက စင်တင်ပွဲထုတ်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၈ ခုနှစ်၊ မေလထုတ် 'သွေးသောက်မဂ္ဂဇင်း' ပါ **'ဥပမာပြုရမှာဖြင့်'** ဝတ္ထုတိုသည် သူ့အား စာဖတ်သူများက သတိမူမိစေသည့် ထောင်စာပေအဖွဲ့ ဖြစ်သည်။

'မြောင်းမြမောင်ကို' သည်လည်း 'ရန်အောင်မောင်မောင်'ကဲ့သို့ပင် အရေးသွက် ရေးအားကောင်း ကလောင်တစ်ချောင်းဖြစ်ခဲ့သည်။ 'သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ စာပေဗိမာန်၊ ရှေ့သို့' စသည့် မဂ္ဂဇင်း၊ ဂျာနယ်အများအပြား၌ လစဉ်ပုံမှန်နီးပါး ထောင်ဝတ္ထု



ထောင်စာပေများကို ရေးသားဖော်ပြခဲ့သည်။ စုစုပေါင်းဝတ္ထုတို၊ ဝတ္ထုရှည် ၃၀၀ နီးပါး ရေးသားခဲ့သည်ဟု ဆိုနိုင်သည်။ (ဆရာကြီး မြောင်းမြမောင်ကို၏ စာစုစာရင်းကို ပြုစုဆဲဖြစ်ပါသည်။)

'မြောင်းမြမောင်ကို'၏ ထင်ရှားသည့် လုံးချင်းဝတ္ထုများမှာ **'လမ်းမတော်ဖိုးတုတ်၊ ဆင်ဖိုးထွန်း၊ ထောင်နှင့်သပိတ်၊ ကွမ်းချောင်းကျားနှင့် နတ်ထားအား၊ ချစ်ရင်ဖြင့် ပြုံးပါကွယ်၊ တစ်ချက်ကန့်ဖူးသူ့ကျေးဇူး၊ ထောင်မှာ တစ်ခါကြုံတယ်၊ ထောင်တန်ပတ္တမြား၊ မကြားဝံ့မနာသာ၊ မိဘအပေါ် ဆိုးနွဲ့လေသမျှ၊ လင်ဝတ်ပန်း'** စသည်တို့ဖြစ်သည်။ သွေးသောက်စာပေတိုက်နှင့် စာပေဗိမာန်တို့မှ ထုတ်ဝေခဲ့ခြင်းဖြစ်၏။

အဆိုပါ ထောင်စာပေ ကြယ်ပွင့်ကြီးများနှင့်အတူ လင်းလက်ခဲ့သည့် ထောင်ဝတ္ထုအရေးကောင်း စာရေးဆရာတစ်ဦးမှာ 'ကျော်မြသန်း'ဖြစ်သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစ ဖဆပလအစိုးရလက်ထက် သာယာဝတီထောင်၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကို မှတ်တမ်းတင် ရေးသားထားသည့် **'သာယာဝတီထောင်မှ ငရဲခန်းများ'** ဝတ္ထုသည် သူ၏ ဖွဲဆော်ဦး ထောင်ဝတ္ထုဖြစ်သည်။ ယင်းစာအုပ်သည် ၁၉၇၀ ပြည့်နှစ်၊ စာပေဗိမာန်စာပဒေသာ (ဒုတိယဆု) ရရှိခဲ့သည်။

'ကျော်မြသန်း' သည်လည်း ထောင်ဝတ္ထုအတော်များများကို ကြိုးပမ်းရေးဖွဲ့ကာ 'အကျဉ်းထောင်လောက နောက်ခံစာပေအဖွဲ့အနွဲ့' ခေတ်တစ်ခေတ် (၁၉၇၀–၁၉၈၅) ကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သူဖြစ်သည်။ သူနှင့် သူ့စာဖတ်ပရိသတ်တို့ အပေးအယူ ညီမျှခဲ့ကြသည့် ထောင်ဝတ္ထု (လုံးချင်း) များမှာ **'ကြိုးသမား၏ နောက်ဆုံးည**



www.burmeseclassic.com

www.burmeseclassic.com

[illegible] အချစ်တွင်းမှ ဖြောင့်ချက်များ (၁၉၇၄)၊ ထောင်ဂျပိုး အသိန်းခံ (၁၉၇၅)၊ ကြိုးစင်ပေါ်မှကျောက်ရိမ်း (၁၉၇၆)၊ သူခိုးဖိုးစီ၊ ကြိမ်တောင်၊ ဒေါက်ဖြုတ်အုန်းမောင်နှင့်နမ်း (၁၉၇၆)၊ ထောင်မင်းသား ဖိုးချာန် (၁၉၇၇)၊ ကြိုးသမားကိုးယောက်နှင့် စာနီနှစ်အိတ် (၁၉၈၀)၊ ထောင်သို့အဝင် ထောင်မှအထွက် (၁၉၈၀)၊ ခါးနုတ်ကြိုး၊ ကြာတီဆာမီ၊ ဖောက်ထွင်းမောင်မောင်နှင့် မှဲ့ခင်ခင် (၁၉၈၁)၊ ကြိုးသမားနှင့် ကြမ္မာ (၁၉၈၂)၊ ပို့ဗလဲယားထောင်မှအပြန် (၁၉၈၂)၊ ကြိုးစင်သို့ခြေလှမ်းသုံးဆယ် (၁၉၈၄)၊ လက်ကောက်ဘတိုး (၁၉၈၄)၊ ထောင်ထွက်ပြည့်စုံ၏ ဘဝဇာတ်လမ်း (၁၉၈၄)' စသည်တို့ဖြစ်သည်။

'ထောင်ဝတ္ထု၊ ထောင်စာပေ' များကို ဆရာကြီးရွှေဥဒေါင်း၊ မြသန်းတင့်၊ သခင်မြသန်း၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မစောဦး၊ မြဝတီ၊ ရဲဘော်နေအောင်၊ ဆရာဦးအောင်သင်း၊ အောင်လင်း စသည် ... စသည် နာမည်ကျော် ကလောင်ကြီးများကလည်း အလျဉ်းသင့်သလို ပြောက်ကျားရေးဖွဲ့ခဲ့ကြပ္ပးရာ ၁၉၆၀–၁၉၈၀ ကာလသည် ထောင်စာပေဝတ္ထုများ အဖွံ့ဖြိုးဆုံးဖြစ်ခဲ့၏။

ထို့အတူပင် 'ထောင်စာပေ၊ ထောင်ဝတ္ထု' များ မြစ်ဖျားခံရာ ရေသောက်မြစ်ဖြစ်သည့် အကျဉ်းဌာနမှ အရာထမ်း၊ အမှုထမ်းများသည်လည်း ကလောင်စမ်းရင်း၊ လက်သွေးရင်းဖြင့် တစ်စတစ်စ လက်မြဲလာလျက် စိုက်လိုက်မတ်တတ် ရေးဖွဲ့လာကြရကာ 'ထောင်စာပေ' ရေစီးကို အလျဉ်မပြတ်အောင် ကြိုးပမ်းလာကြသည်ကိုလည်း တွေ့ရသည်။

ဗိုလ်လုံ (ဦးထွန်းလွင်–ညွှန်ကြားရေးမှူး– ငြိမ်း)၊ မှူးထွန်းအောင် (ထောင်မှူးကြီးဦးထွန်းအောင်–ကွယ်လွန်)၊ စိုးဝေ (ဦးစိုးသိမ်း ဦးစီးအရာရှိ (ငြိမ်း)၊ ဒေါင်းနွယ် (ဦးကိုကိုလတ်၊ ဒုတိယထောင်ပိုင်



(ငြိမ်း) စသည့် ကလောင်များသည် ထောင်စာပေ၊ ထောင်ဝတ္ထုစာရေးဆရာ ဒုတိယမျိုးဆက်များအဖြစ် လက်မြဲမြဲ ရေးသားခဲ့ကြသည်။ 'စိုးဝေ' သည် 'စိတြာအောင်' ကလောင်အမည်ခွဲဖြင့်ပါ ယနေ့တိုင် ရေးသက်ရှည်ရှည် ဆက်လက်ကြိုးပမ်းရေး ဖွဲ့နေဆဲဖြစ်သည်။

၂၀၀၀ ပြည့်နှစ်လွန်ကာလများ၌ 'ညိုလွှမ်းအောင်၊ နီမင်းညို [ဦးဇော်ထွန်း ဒုတိယညွှန်ချုပ် (အကျဉ်းဦးစီး)]၊ ထောင်မှူးကြီးသိန်းဝင်း [ဦးသိန်းဝင်း (ထောင်မှူးကြီး) (ငြိမ်း)]၊ ဗဟိုစော / ဝိတာမြဦး/ ဦးစောလှိုင် (ဘီအေဘီအယ်လ်) [ဦးစောလှိုင် ဦးစီးအရာရှိ (ငြိမ်း)]၊ မောင်ရည်ကျော် (ရှုပ) [ဦးကျော်ဆန်းဦး၊ ထောင်မှူးကြီး (ငြိမ်း)]၊ ဇေယျမင်းသျှင်/ မိုးကျရွှေကိုယ် / သံယောဇဉ် / မာန်သစ်မင်း [ဦးခင်မောင်မြင့်၊ ထောင်မှူးကြီး (ငြိမ်း)] စသည့် ထောင်ဝတ္ထု၊ ထောင်စာပေရေးဖွဲ့သူ စာရေးဆရာများ အင်နှင့်အားနှင့် ပေါ်ထွက်လာခဲ့ပြန်သည်။ ရေအားလည်းကောင်းသည့် စာရေးသူများဖြစ်ကြသည်။

၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် အကျဉ်းဦးစီးဌာနမှ 'နှရသိန်' မဂ္ဂဇင်းကို လစဉ်ထုတ် မဂ္ဂဇင်းတစ်စောင်အဖြစ် တန်းမီလမ်းမီ ကြိုးပမ်းထုတ်ဝေလာခဲ့ရာ အသစ်အသစ်သော ထောင်စာပေမျိုးဆက်အဖူးအညွှန့်များ ပေါ်ထွန်းအားကောင်းလာစေဖို့ ရေခံမြေခံကောင်းများဖြစ်နေပြန်သည်။

လူတွေရှိလျှင် အတ္တတွေ၊ ကိုယ်ကျိုးစီးပွားတွေရှိမည်။

ထိုထိုအတ္တတွေ၊ ကိုယ်ကျိုးစီးပွား ငဲ့ကွက်ဖက်တွယ်မှုတွေက ဒေါသ၊ မာန်မာန၊ အာဃာတ၊ ဒုစရိုက်မှုတွေကို ဖန်တီးပွားစည်းစေမည်။

ထိုသောအခါ အမှုအခင်းကြီးကြီးငယ်ငယ်တွေ ကြုံကြရမည်။



www.burmeseclassic.com

www.burmeseclassic.com

အချင်း ထောင်စသည့် မစည်ကားအပ်သော အရာဌာနတွေနှင့် ပွန်းတီးဆက်ဆံကြရမည်။ ထောင်ကျတန်းကျ ဖြစ်ကြဦးမည်။

သို့ဖြင့် 'ထောင်သံသရာ' ကြီးက မပြီးနိုင်မဆုံးနိုင် လည်နေဦးမည်ဖြစ်ရာ ထိုထောင်လောကကြီးထဲမှ လူ့သဘောလူ့စရိုက်၊ လူ့ဓလေ့လူ့သဘာဝ၊ လူ့အကြောင်းချင်းတများကို မှတ်တမ်းတင် ခံစားရေးဖွဲ့သည့် 'ထောင်ဝတ္ထု၊ ထောင်စာပေ' များသည်လည်း မိုးဦးကျမှိုတွေ ပေါက်သလို ဖြိုးဖြိုးဖြောက်ဖြောက်မှသည် အပြိုင်းအရှိုင်း၊ အပြိုင်အဆိုင် ဖွံ့ဖြိုးနေဦးမည်သာ ဖြစ်သည်။

## ၂

စာပေဖန်တီးမှုနှင့် စပ်လျဉ်း၍ ဤသို့ ဖွင့်ဆိုခဲ့ကြသည်ကို မှတ်သားဖူးသည်။

'စာပေ' ဟူသော အမည်နာမနှင့် ထိုက်တန်သည့် ရေးဖွဲ့မှု အားလုံးသည် စာဖတ်သူအား နှစ်သက်ပျော်ရွှင်မှုကို ပေး၏။ နှစ်သက်မှုသည်လည်း စာပေအမျိုးအစားအလိုက်၊ ပုံသဏ္ဌာန်အလိုက် အမျိုးမျိုး ကွဲပြားသည်။ ကဗျာလေး တစ်စွန်းတစ်စ၊ စကားလေးတစ်စွန်း တစ်စသည် နှစ်သက်မှုအမျိုးမျိုးကို ပေါင်းစပ်ထားခြင်းဖြစ်နိုင်သည်။

စကားစုတစ်စု၊ စာတစ်ကြောင်း၊ ကဗျာတစ်ပိုဒ်၏အသံသည် စာဖတ်သူ၏အတွင်းနား (ဉာဏ်၌ပေါ်သောသဒ္ဒါရုံ) ကို ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com

နိုင်စေသည်။ စကားလုံးတို့၏ ရသနှင့် အကွရာဖျည်းတို့၏ တူရိယာသံသည်လည်း မြင်ယောင်ကြားယောင်ရှိနိုင်သည်။

လူပုဂ္ဂိုလ်တို့နှင့် အရာဝတ္ထုတို့၏ သရုပ်သဏ္ဌာန်သော်လည်းကောင်း၊ မှုရင်းမပျက် ပုံဖော်မှုသော်လည်းကောင်း ရှိနိုင်သည်။ သိလိုဇော၊ ဟာသ၊ ဒေါသ၊ ကြည်ညိုမှု၊ သဒ္ဓါ၊ သတ္တိ၊ ကရုဏာ စသည်စသည်တို့ကို ဖော်ထုတ်သော စိတ်စေတသိက်တို့သည်လည်း ထွန်းလာနိုင်သည်။ ဉာဏ်အလင်းရသဖြင့် နှစ်သက်ပျော်ရွှင်မှု၊ ပြဿနာအရှုပ်အထွေးကို ပြေလည်စေသည့် ဉာဏ်အမြင်ရခြင်း စသည်တို့လည်း ဖြစ်ပေါ်နိုင်သည်။

နှစ်လိုဖွယ် အနုပညာ အာရုံ (ဝါ) အနုပညာချာန်ကိုလည်း ဝင်စားစေနိုင်သည်။ မှန်ကန်သောနည်းနာတို့ဖြင့် ဖန်တီးစီရင်ထားအပ်သည့် ကဗျာ၊ စကားပြေတို့သည် ပေါ်လွင်သော အနုပညာပစ္စည်းကို ဖြစ်ထွန်းစေသည် ...တဲ့။

စာပေဖန်တီးရေးဖွဲ့သူနှင့် စာဖတ်သူအကြား ချိတ်တွယ်ထားသည့် စာပေကပေးသော နှစ်သက်မှု။ သည်အကြောင်းကိုပင် ဆိုလိုရင်းဟု နားလည်ရသည်။

သို့ရာတွင် ရံဖန်ရံခါ စာဖတ်သူ၌ ထိုထိုနှစ်သက်ခြင်းများကို ကျော်လျက် အာရုံကျတတ်၊ ဝင်စားနှစ်လိုတတ်သည့် ချင်ခြင်းတွေရှိနေတတ်ပြန်သေးသည်။ 'စာရေးသူက သည်အကြောင်းအရာကို ဘာကြောင့်ရေးသလဲ။ ဘယ်လိုဖွဲ့သလဲ' စသည် ... စသည် တွေးလိုသိလိုစေ့ငုစပ်စုလိုသည့် အာလယမျိုး။

အထူးသဖြင့် ပြင်ပလူ့အဖွဲ့အစည်းမှ စာဖတ်သူတွေနှင့် အမြင်အကြားစိမ်းလှသည့် ထောင်လောက၊ ထောင်ဝန်းကျင်၊ ထောင်ဓလေ့



တွေကို စာရေးသူ ရေးဖွဲ့ပြသမှု စုံရေမက်ရေ ဖတ်နေခံစားနေရင်းကပင် ထိုထို 'ဘာကြောင့်တွေ၊ ဘယ်လိုတွေ' က ပြူတစ်ပြူတစ် ခေါင်းထောင်ထလာချင်တတ်စမြဲ။ 'ဘာကြောင့်၊ သည်လောက်ပီပြင်အောင် ရေးနိုင်ရတာပါလိမ့်'။ သည်သို့လည်း စူးစမ်းလိုစိတ်တွေ လျှံကျချင် လျှံကျလာနေတတ်သေးသည်။

ကဲ ... 'ထောင်ဝတ္ထု၊ ထောင်စာပေ' တွေကို စာရေးသူများက မည်သို့ ရေးဖွဲ့ခဲ့ကြသလဲ။

ဆရာကြီး 'ဒဂုန်ရွှေမျှား' က 'ထောင်မင်းသားဦးဖိုးထော်' ရေးဖြစ်ခဲ့ပုံကို ဤသို့ ရှင်းပြခဲ့သည်။

"တချွမ်ချွမ်မြည်သော သံခြေချင်းသံများကို ကျွန်ုပ်ကြားရ၏။ လူပေါင်း ဆယ်ယောက်ခန့်ရှိသဖြင့် အသံမှာ အတော်ပင် ဆူညံလေသည်။ သံခြေချင်းခတ်ထားခြင်း ခံရသူများမှာ ပြည်မြို့ထောင်ကြီးမှ အကျဉ်းသားများဖြစ်၍ လက်တွန်းလှည်းကြီးတစ်စီးကို ကျွဲနွားများသဖွယ် ရုန်း၍ လာကြသည်။

အချိန်သည်ကား ၁၉၀၅ ခု ပတ်ဝန်းကျင်လောက်တွင်ဖြစ်၍ ထိုစဉ်က ကျွန်ုပ်မှာ ၉ နှစ်၊ ၁၀ နှစ်အရွယ် လူမမည်မျှသာ ရှိသေး၏။

ကျွန်ုပ်၏ဖခင်မှာ အလွန်ကြင်နာတတ်သူတစ်ယောက် ဖြစ်သည့်အတိုင်း အခြားသူများ မပြုလုပ်သော ဒါနတစ်ခုကို ပြုလုပ်လေ့ရှိသည်။ ဖခင်ကြီးမှာ ကျွန်ုပ်ကဲ့သို့ပင် ဆေးပြင်းလိပ်ကို ကြိုက်တတ်သူတစ်ယောက်ဖြစ်၍ ကုန်ခါနီး ဆေးပြင်းလိပ်တိုများကို ခွက်တစ်ခုဖြင့် တရိုတသေ သန့်ရှင်းစွာ စုဆောင်းထားရာ ရက်သတ္တပတ်လျှင် ၃၀-၄၀ ခန့်ရရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းသားများသည် ကျွန်ုပ်တို့တိုက်ရှေ့မရောက်မီ ဝါး လေးငါးမိုက်ခန့်အကွာသို့ ရောက်သောအခါ ဖခင်ကြီးသည် ဆေးလိပ် တို ၁၀ တို၊ ၁၅ တိုခန့်ကို လမ်းပေါ်သို့ ပစ်ကြလိုက်၏။ အကျဉ်း သားများမှာ အလွန်မျက်စိရှင်သူများဖြစ်သည့်ပြင် ကျွန်ုပ်တို့အိမ်က ဤကဲ့သို့ ပြုလုပ်တတ်ကြောင်းသိသဖြင့် ဆေးလိပ်တိုများကို ခြေ ဖြင့်ညှပ်ကာ ကောက်ယူသွားကြ၏။

အလွန်ကျင်လည်လှသဖြင့် ပန်ချာပီထောင်မှူးတာများ မသိလိုက်ချေ။ အကယ်၍ သိလျှင်လည်း နံပါတ်တုတ်ဖြင့် ကျောပြင် ကိုထိုးခြင်း၊ ပေါင်ကိုရိုက်ခြင်း ပြုလုပ်တတ်၏။ သဘောကောင်းသော ထောင်မှူးတာများကမူ မသိဟန်ဆောင်နေတတ်ပေသည်။

ကျွန်ုပ်၏ဖခင် ကွယ်လွန်ပြီးနောက် ကျွန်ုပ်အား မွေးစား သောအစ်ကိုနှင့် နေရသောအခါ အစ်ကိုမှာလည်း ဖခင်ကြီး၏အတု ကိုယူကာ ဆေးပြင်းလိပ်တိုများကို ထောင်သားများအား ဖခင်ကြီး ကဲ့သို့ ပစ်ပေးလေ့ရှိ၏။ သို့နှင့် ထောင်သားများသည် ဆေးလိပ်တိုများ ပစ်မပေးသောအခါ၌ပင် ကျွန်ုပ်တို့တိုက်ရှေ့သို့ ရောက်သောအခါ ကျွန်ုပ်တို့အား ကျေးဇူးတင်သော မျက်နှာများဖြင့် တစေ့တစောင်း ကြည့်၍ သွားတတ်ကြ၏။

၁၉၁၀-၁၅ ခု ပတ်ဝန်းကျင်၌ ကျွန်ုပ်သည် မွေးဖွားရာ ဇာတိဖြစ်သော ပြည်မြို့တွင် နေထိုင်ခဲ့ရသည်။ ကျွန်ုပ်၏အစ်ကို (မွေးစားဖခင်) မှာ ပွဲစားတစ်ယောက်ဖြစ်သဖြင့် ပြည်မြို့ထောင်ကြီး အတွင်းသို့ မြေပဲများကို ကန်ထရိုက်ယူရောင်းချလေ့ရှိရာ ကျွန်ုပ်သည် ထောင်မှူးများထံသွားရောက်၍ မြေပဲဖိုးငွေများကို တောင်းခံရ၏။

ကျွန်ုပ်တို့ပွဲရုံသို့ တစ်လလျှင် ၂ ကြိမ် ၃ ကြိမ်မျှ မြေပဲ



များကို သယ်ယူရန် ထောင်သားများသည် လှည်းတွဲသောလှည်းကြီးဖြင့် ရောက်လာတတ်၏။ ရောက်လာသည့်အခါတိုင်း ကျွန်ုပ်မှာ ထောင် သားများနှင့် စကားစမြည်ပြောခွင့်ရသဖြင့် ၎င်းတို့နှင့် အတော်အတန် ရင်းနှီးခဲ့လေသည်။

ထိုထောင်သားများထဲတွင် အသက် ၄၀ ခန့်ရှိ ကိုယ်လုံး ကိုယ်ပေါက်ကောင်း၍ ရှေးရိုးမြန်မာဆန်ဆန် ယောကျ်ားပီသသော ရုပ်လက္ခဏာရှိသည့် ဦးဖိုးထင်ဆိုသူတစ်ယောက်သည် ကျွန်ုပ်အား အထူးချစ်ခင်လျက် ထောင်ထဲတွင်ဖြစ်ပျက်သည့် သူ၏အတွေ့အကြုံ များ၊ ပုံတိုပတ်စများ၊ ထူးဆန်းသော လူသတ်မှုများ၊ ကြိုးစင်သို့တက် ပုံများ၊ ထောင်ထဲမှ လုပ်ကြံမှုများ စသည်တို့ကို ပြောပြလေ့ရှိရာ ကျွန်ုပ်သည်လည်း နှိက်နှိက်ချွတ်ချွတ်မေး၍ မှတ်သား၏။''၂

''ဦးဖိုးထင်မှာ ထောင်သားတစ်ယောက်ပင် ဖြစ်လင့်ကစား ဥပဓိရုပ်ကောင်း၍ သိက္ခာသမာဓိနှင့်ပြည့်စုံသည့် လက္ခဏာရှိပြီးလျှင် အခြားထောင်သားများအပေါ်တွင်လည်း ဩဇာညောင်းသူတစ်ယောက် ဖြစ်ဟန်တူ၏။ သို့နှင့် ကျွန်ုပ်သည် ဦးဘိုးထင်၏ ကျယ်ပြန့်သော ဗဟုသုတများကိုမှတ်သားကာ သူ့ကိုလည်း တစ်နေ့တခြား လေးစား ချစ်ခင်လာမိလေသည်။

၁၉၁၅ ခုနှစ်၊ ဇွန်လတွင် ကျွန်ုပ်သည် ဝတ္ထုတစ်ပုဒ်ကို သူရိယမဂ္ဂဇင်းတွင် ပထမဆုံးအကြိမ် စတင်ရေးသား၍ ဝတ္ထုနယ်ပယ် သို့ဝင်ခဲ့ရာ ၁၉၂၆ ခုနှစ်သို့ ရောက်သောအခါ ထိုနှစ်ဧပြီလ (၁၂၈၇ ခုနှစ်၊ တန်ခူးလ) အထူးထုတ် ဒဂုန်မဂ္ဂဇင်းတွင် 'မြသိန်းတန်' ဟူသော အမည်ဖြင့် ထောင်မင်းသားဦးဖိုးထော် ပထမဆုံးဝတ္ထုကို ရေးသား ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ရေးသားနိုင်ခြင်းမှာလည်း ကျွန်ုပ်တွေ့ဖူးသော ပြည်မြို့ထောင်မှ အကျဉ်းသားဦးဖိုးထင်ပြောပြသော ၎င်း၏ အတွေ့အကြုံဗဟုသုတများကို မှတ်သည်ပြီးလျှင် အမျိုးမျိုး ဇာတ်အိမ်ဖွဲ့ကာ ၎င်း၏အမည်ကိုလည်း သာမန်အကျဉ်းသား ဦးဖိုးထင်အဖြစ်မှ 'ထောင်မင်းသားဦးဖိုးထော်' ဟု ပြောင်းလဲကာ ၎င်းအား ဇာတ်ဆောင်အဖြစ် ထည့်သွင်းရေးသားခဲ့လေသည်။''[၃]

ဤဖော်ပြချက်အရ ဆရာကြီး 'ဒဂုန်ရွှေမျှား'၏ ထောင်အတွေ့အကြုံသည် ထောင်သားဦးဖိုးထင်၏ အတွေ့အကြုံ၊ ဦးဖိုးထင်၏ ပြောပြချက်ကို ဆင့်ပွားဖန်တီးစီရင်ထားသည့် အတွေ့အကြုံသာဖြစ်သည်။ ကိုယ်တိုင် ထဲထဲဝင်ဝင် ကြုံဆုံခဲ့ရသည့် ပကတိအတွေ့အကြုံမဟုတ်။ ထောင်လောက၊ ထောင်ဝန်းကျင်ကို နောက်ခံကားထားလျက် ယင်းနောက်ခံပိတ်ကားရှေ့တွင် သူကပြလိုသော ပြကွက်များ၊ ဇာတ်ခန်းများကို သူ့စိတ်ကူးအလိုကျ ဖန်တီးထားသည်။ သို့စေကာမူ ဖတ်၍ကောင်း၏။

သတင်းစာဆရာကြီး 'လူထုဦးလှ'၏ ထောင်ဝတ္ထု၊ ထောင်စာပေ ဖန်တီးဖြစ်ခဲ့ပုံ အတွေ့အကြုံကား တစ်မျိုးတစ်ဘာသာ ဖြစ်ပြန်သည်။

''ကျွန်တော်နေခဲ့သော ၃ နှစ်၊ ၃ လ၊ ၇ ရက်အတွင်း အကျဉ်းသား ၂၅၀ ခန့်နှင့်ကျွန်တော် တွေ့ဆုံစကားပြောမိ၏။ သူတို့နှင့် စကားပြောရသည်ကို ကျွန်တော် နှစ်သက်၏။ သူတို့အကြောင်း သူတို့ပြောပြသည်များကို နားထောင်ရသည်မှာ ကမ္ဘာကျော်ဝတ္ထုကောင်းများကို ဖတ်ရသည်ထက်ပင် ကျွန်တော် စိတ်ဝင်စားမိ၏။ ကျွန်တော့်မှာ သူတို့နှင့် အတူနေ၊ အတူအိပ်၊ အတူစား ဘဝတူဖြစ်နေသောကြောင့် သူတို့ဘဝကို ပို၍သိချင်၏။ သူတို့ဘဝနှင့်ကိုယ့်ဘဝ



ကို နှိုင်းစာမိ၏။ သူတို့ကို ကြင်နာမိ၏။

သူတို့ဘာကြောင့် ထောင်ထဲရောက်ရသလဲ။ ဤသို့ရောက်မလာရအောင် ဘယ်ပုံဘယ်နည်းကဲ့သို့ ကာကွယ်ကြမလဲ။ ဤမေးခွန်းကိုမေး၍ အဖြေများကို စဉ်းစားရှာဖွေနေမိ၏။

နှစ်ဦးသုံးဦးမှလွဲ၍ အမှုအမျိုးအစားခွဲကာ အကျဉ်းသားများကို ကျွန်တော်က တမင်ခေါ်ယူတွေ့ဆုံခြင်းမရှိ။ အလျဉ်းသင့်သလို အဆင်ပြေသလိုသာလျှင် တွေ့ဆုံမေးမြန်းခဲ့သည်။ သို့ရာတွင် အားလုံးပေါင်းခြုံလိုက်သော် အမှုမျိုးလည်းစုံ၊ လူမျိုးလည်းစုံ၊ ဒေသလည်းစုံနေသည်ကို တွေ့ရ၏။

သူတို့သည် ကျွန်တော့်ကို ခင်မင်ယုံကြည်သောအားဖြင့် သူတို့ဘဝတစ်သက်တာနှင့် ပတ်သက်၍ အမှန်တွေကို ထုတ်ဖော်ပြောပြ၏။ ကျွန်တော်ကလည်း မချန်မချွင်းပင် တိုင်းပြည်အမျိုးသားအကျိုးကို ရည်သန်၍ တင်ပြလိုက်ပါ၏။

သူတို့၏ ဘဝခံစားမှုများကို နားထောင်ရသည်မှာလည်း မသက်သာလှ။ အချို့သော မှုခင်းကြီးများမှာ ကြီးမားလွန်း၍ တထိတ်ထိတ်နှင့် နားထောင်ရသည်။ ပြောပြသူများမှာလည်း ကိုယ်တိုင်ပါဝင်ခဲ့သူများဖြစ်၍ သူတို့၏နှုတ်သာမက မျက်လုံးများနှင့် ကိုယ်အမူအရာများကပါ ပြောလျက်ရှိရာ သူတို့ပြောပြချက်များကြားထဲတွင် သူတို့နှင့်အတူ ကျွန်တော့်မှာ မျောလျက်ရှိနေပါသည်။''[၄]

စာရေးသူ 'လူထုဦးလှ'သည် သူကိုယ်တိုင် ထောင်လောကထဲသို့ ဒုတ်ဒုတ်ထိ ရောက်ခဲ့ရသူဖြစ်၏။ (သို့ရာတွင် ဘီ–ကလပ် အကျဉ်းသားဖြစ်၍ အခြားအကျဉ်းသားများနှင့် ရောနှော၍ နေခွင့်မရခဲ့။ တစ်သီးတသန့် ကန့်၍ခြား၍ နေခဲ့ရသည်။) ထောင်လောက အတွေ့အကြုံများ



www.burmeseclassic.com

www.burmeseclassic.com

ကို သူကိုယ်တိုင် ကိုယ်တွေ့မျက်မြင် ပွန်းတီးရည်ငံခဲ့ရသူလည်း ဖြစ်၏။

သို့ရာတွင် သူကတင်ပြလိုက်သော သူ့ထောင်ဝတ္ထုများပါ အတွေ့အကြုံများမှာမူ တစ်ပါးအကျဉ်းသားများက ပြောပြသည့် တစ်ဆင့်ခံအတွေ့အကြုံများသာ ဖြစ်သည်။ ပကတိ အထည်ကိုယ်ကောင်ကြီးကို စာဖတ်သူက ထိကိုင်စမ်းသပ်ခွင့် မကြုံခဲ့ရ။ မှန်ထဲတွင်မြင်ရသည့် ရုပ်ဆင်းသဏ္ဍာန်၊ အဆင်အသွေးမျှနှင့်သာ ကျေနပ်လိုက်ခဲ့ကြရသည်။

ဆရာ 'ကျော်မြသန်း'၏ ထောင်အတွေ့အကြုံမှ ပေါက်ဖွားလာသည့် ထောင်ဝတ္ထုများ၌မူ နှစ်မျိုးရောနေသည်ကို တွေ့ရ၏။

'သာယာဝတီထောင်မှ ငရဲခန်းများ' သည် သူကိုယ်တိုင်ပင် အရှင်လတ်လတ် ကြုံဆုံခံစားခဲ့ရသည့် သူ့ထောင်အတွေ့အကြုံ၊ ထောင်ဒုက္ခငရဲများကို အရင်းအတိုင်း ဖောက်သည်ချပြခြင်းဖြစ်သည်။ ကွန်မြူနစ်ပါတီကို ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် မတရားအသင်းကြေညာပြီးနောက် ရန်ကုန်မြို့ အနှံ့အပြားရှိ ကွန်မြူနစ်ပါတီဝင်များအား ဖမ်းဆီးခဲ့သည်။

ပါတီခေါင်းဆောင်ပိုင်းနှင့် ပါတီဝင်တစ်ရာကျော်တို့ကို ဖမ်းမိခဲ့သည်။ ရန်ကုန်ထောင်၊ အင်းစိန်ထောင်၊ သာယာဝတီထောင်များတွင် ထိန်းသိမ်းထားခဲ့သည်။ ထိုကာလအတွေ့အကြုံများကို ဖွင့်ချခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းရေးသည့် ထောင်ဝတ္ထု၊ ထောင်စာပေ' အားလုံးမှာကား အငှားအတွေ့အကြုံများကို အခြေခံ၍ စာရေးသူ၏ ယခင်ထောင်အတွေ့အကြုံဟောင်းများဖြင့် 'နွားပိန်အသားထိုးကြည့်' ထားသည့် ဖန်တီးစီရင် ရေးဖွဲ့မှုများသာ ဖြစ်သည်။ ဇာတ်လမ်းကောင်း



မည်၊ ဇာတ်ကွက်လှမည်၊ ဇာတ်ရုပ် ပီချင်ပီမည်၊ ဇာတ်ကောင်စရိုက် ရှင်သန်ကောင်း ရှင်သန်နေမည်။ သို့သော် ထောင်ခလေ့ ထောင်သဘာဝ ထောင်ဝန်းကျင်အငွေ့အသက်တို့ကား လတ်ဆတ်မှု၊ ခိုင်ခံ့မှန်ကန်မှု အားနည်းသည်။ အချိန်နှင့် တစ်ပြေးညီဖြစ်သော ခေတ်ပြိုင်ဘဝကို မထင်ဟပ်နိုင်။

သည်တွင် စာဖတ်သူများ၏ အာသီသသည် ပကတိထောင်ခလေ့၊ ထောင်အတွေ့အကြုံများကို ချင်ရဲမပြေနိုင်စွာ ထောင်အမှုထမ်း၊ ထောင်အရာရှိတို့ကိုယ်တိုင် ရေးဖွဲ့သည့် ထောင်ဝတ္ထု၊ ထောင်စာပေများဘက်သို့ ဦးလှည့်လာခဲ့ကြခြင်းဖြစ်သည်။

သို့ဖြင့် ခေတ်ပြိုင်ထောင်လောက ထောင်သဘာဝသရုပ်မှန်များကို အနီးစပ်ဆုံးဖော်ကျူးထားသည့် 'မြောင်းမြမောင်ကို' တို့၊ 'ရန်အောင်မောင်မောင်' တို့အစ၊ 'ရွှေသုန္ဒရီ (သလ္လာဝတီ)'၊ အဆုံး 'ထောင်ခြံပေါက်'၊ 'ထောင်သန္ဓေ' စာရေးသူများ၏ဝတ္ထုများ၊ စာပေအဖွဲ့အနွဲ့များက ပို၍ ရှင်သန်အားကောင်းလာကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

မြန်မာစာပေသမိုင်း၏ အခန်းကဏ္ဍတစ်ခုတွင် ပင်မအကိုင်းအလက်ကြီးတစ်ခုဟု ဆိုတန်ရာသည့် ဆရာကြီး 'မြောင်းမြမောင်ကို'၏ဝတ္ထုတို၊ ဝတ္ထုရှည် စာပေအဖွဲ့အစုစုကို ပြန်လည်ဖော်ထုတ်တင်ပြရန် စီမံစိုင်းပြင်းကြသည့်အခါ ဆရာကြီး၏ တစ်ခေတ်တစ်ခါက ထင်ရှားခဲ့ပြီး စာပေလက်ရာများကို ရှေးဦးမဆွ စာဖတ်သူများလက်သို့ တွန်းတွန်းထိုးထိုး ကမ်းပေးကြဖို့ စိတ်ညွှတ်ထားခဲ့ကြသည်။

သို့ဖြင့် ... ဤစာအုပ်၌ စာဖတ်သူတို့ တသသဖြစ်ခဲ့ 'စွဲ' ခဲ့ကြရသည့် ဝတ္ထု (၂)ပုဒ်ကို ပွဲထုတ်ဖြစ်ကြ၏။



'မြောင်းမြထောင်မှ သခင် ၄၂ ဦး အသတ်ခံရစဉ်က' နှင့် 'ထောင်နှင့်သပိတ်' ။

ဤဝတ္ထုနှစ်ပုဒ်စလုံးသည် တစ်ဆင့်ခံ၊ တစ်ဆင့်ငှား မိတ္ထုပွား 'ဖြတ်၊ ညှပ်၊ ကပ်'ထားသည့် အတွေ့အကြုံများမဟုတ်။ စာရေးသူ၏ တကယ့်ဘဝအတွေ့အကြုံထဲမှ အရင်းအတိုင်း ထုတ်နုတ်ထားသည့် အကြောင်းအရာများဖြစ်သည်။

ထောင်လောက၊ ထောင်ဓလေ့၊ ထောင်သဘာဝကို သိချင်လှချည့်ဟု အာလယပြင်းလွန်းသော စာဖတ်သူအတွက် ရင်တနင့်နင့် ခွေးချင့်အောင် ထိထိနိုက်နိုက်ရှိလိမ့်မည်ဟု ရဲရဲကြီးဆိုချင်သည်။

❧ ❧ ❧

မေတ္တာဖြင့် ...

**ဇေယျမင်းသျှင်**

**'တကိုးရည်ညွှန်း'**

၁။ From "**Introductory to Modern English Readings**" By Editors, Roger Sherman Loomis, Donald lemen Clark and John Harlan Middendorf.

၂။ **၁၉၆၉ ခု၊ ဧပြီလထုတ် 'စန္ဒာ'** မဂ္ဂဇင်းပါ 'မှတ်မိသေးတယ် ပြည်မြို့ထောင်ကြီးဝယ်' ဆောင်းပါး။

၃။ **'စာရေးသူ၏ စကားဦး'** ထောင်မင်းသားဦးဖိုးတော်ပေါင်းချုပ်၊ ဝတ္ထုအကြိမ် (၂၀၀၃ ၊ အောက်တိုဘာ) Quality Publishing House

၄။ **'မိတ်ဆက်'**၊ ထောင်နှင့်လူသား / လူထုဦးလှ ဝတ္ထုအကြိမ် (၂၀၀၉ ၊ စက်တင်ဘာ) ကြီးပွားရေးစာအုပ်တိုက်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ရွှေမိုးကို ကျွန်တော် မမျှော်ကောင်းမျှော်ကောင်း မျှော်မိခဲ့သည်။

ရွှေမိုးနှင့်ကျွန်တော် နှစ်ကြိမ်တိုင်တိုင် ဆုံခဲ့ ကြုံခဲ့ရပါသည်။ ထိုကဲ့သို့ ဆုံရကြုံရခဲ့သည့်တိုင် ရွှေမိုးက တမင် ကျွန်တော်နှင့်အတူ တွေ့အောင်လာသည်မဟုတ်ပါ။ ကျွန်တော်ကလည်း ကြုံမနေခဲ့ပါ။ သူ့ဟာသူ အလိုလိုလာပြီး ကျွန်တော်ကလည်း တကူးတကန့်သွားတွေ့ခြင်း မဟုတ်ပါ။ သူနှင့်ကျွန်တော် တွေ့ခြင်းမှာ ကြုံကြိုက်၍တွေ့ခြင်းသာ ဖြစ်ပါသည်။

စိတ်ကူးသစ်စာပေ



ရွှေမိုးနှင့်ကျွန်တော် တွေ့တွေ့ချင်းပင် မျက်နှာကြောမတည့်ကြပါ။ သူက ကျွန်တော့်ကို အထင်အမြင်လွဲသကဲ့သို့ ကျွန်တော်ကလည်း အထင်သေးခဲ့ပါသည်။ ကျွန်တော်တို့နှစ်ဦး ဤကဲ့သို့ဖြစ်ခဲ့ကြပြီး ယခု ကျွန်တော်က ရွှေမိုးကိုမျှော်၊ ရွှေမိုးကလည်း မပျက်မကွက်လာခဲ့ပါမည်ဟုပြောပြီး ထွက်သွားလိုက်သည်မှာ ခါတိုင်းရောက်နေကျအချိန် ရောက်ခဲ့ပါပြီ။ ရွှေမိုး ပေါ်မလာပါ။ သို့နှင့် ရွှေမိုးကို မမျှော်ကောင်းမျှော်ကောင်း မျှော်ခဲ့မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂

"ထောင်ပြောင်းတွေ ရောက်လာပြီဟေ့"

ထောင်ဝါဒါတစ်ဦးသည် မနေနိုင်မထိုင်နိုင် ထောင်ဘူးဝက အော်လိုက်ရာ ကျွန်တော်သည် ထောင်ဘူးဝအောက် ရုံးခန်းပြတင်းပေါက်သံတိုင်ကြားမှ အပြင်သို့ မျှော်ကြည့်မိသည်။

ကျွန်တော်သည် ခေတ်အများကြီးကိုမီလိုက်သော ထောင်မှူးတစ်ယောက်ဖြစ်သည်ဟု ခပ်ကြွားကြွားပြောလိုပါသည်။ ခေတ်အများကြီးဆိုသည်မှာ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်မှအစ နောက်ပိုင်း စံပြထောင်ခေတ်အထိ ဆိုလိုခြင်းဖြစ်ပါသည်။





ရှေးအင်္ဂလိပ်ခေတ်က ကျွန်တော်တို့ထောင်မှူးများ အကျဉ်းသားကို ခွေးချီးနိုင်ဖြစ်ခဲ့ပါသည်။ နိုင်စရှိလျှင် နိုင်ချင်ချင်နှင့် နိုင်လာဆိုက်သည်မှာ စံပြထောင်ခေတ် တိုင်ခဲ့ပါသည်။

အနီစံပြထောင်ခေတ်သည် ဆိုင်းမဆင့်ဗုံမဆင့် ပေါ်လာတော့မှ ကျွန်တော်တို့မှာ ယီးတီးယားတားဆိုသလို ဖြစ်ခဲ့ရသည်မှာ ယခုတိုင်ဖြစ်ခဲ့ပါသည်။ ကျွန်တော်တို့ အောက်ခြေလွတ်ပြီဟု ဆိုရပါမည်။ ကျွန်တော်တို့သာမဟုတ်ပါ အကျဉ်းသားလည်း အောက်ခြေလွတ်သွားပြီဟု ဆိုရမည်ဖြစ်ပါသည်။ မည်ကဲ့သို့ဖြစ်ကုန်ကြသည်ကို ကျွန်တော် ဆက်ဆက်အစီရင်ခံပါမည်။

ရှေးအင်္ဂလိပ်ခေတ်က ထောင်ပြောင်းအကျဉ်းသားများရောက်လျှင် ထောင်ဘူးဝ၌ လူသံမကြားရပါ။ ခြေကျင်းသံသာ တချွင်ချွင်ကြားရပါသည်။ ယခု ...စံပြခေတ်တွင် အကျဉ်းသားများ ဘူးဝကိုဝင်လာကြသည်မှာ ခြေကျင်းသံသာမဟုတ်ပါ။

"ထောင်ကြီး ... ထောင်ကြီး ... ဖွင့်ပေး ... ဖွင့်ပေး ...။ သူပုန် ... သူပုန် ... ထ ... ထ ..."

ဟု ပုလိပ်မော်တော်ကား မည်းမည်းကြီးမှ အဆင်းအော်လိုက်ကြသည်မှာ ပုလိပ်လည်းလက်မြှောက်ရ၍ ထောင်လည်း မျက်ဖြူဆိုက်ကြပါသည်။

လွတ်လပ်ရေးပေးသည့်နှစ်တွင် နိုင်ငံတော်အစိုးရသည် အပြစ်ဒဏ်ပြီး အကျဉ်းသားများအား ခြောက်လ၊ တစ်နှစ်စသည်ဖြင့် လွတ်ငြိမ်းသာခွင့် လျှော့ရက်များကို ပေးသနားခဲ့ပါသည်။

သို့နှင့် ထောင်ဒဏ်ခြောက်လထိ ကျနေသူများ လွတ်လပ်ရေးရသည့်နေ့တွင် ချက်ချင်းလွတ်သကဲ့သို့ ကျခံရန် ခြောက်လ လကျန်



www.burmeseclassic.com

www.burmeseclassic.com



ထိ မှီနေသောသူများသည် ချက်ချင်းလွတ်ကုန်ကြပါသည်။ ကျွန်တော် ကိုယ်တိုင်လုပ်နေရသော အလုပ်ဖြစ်၍ ကျွန်တော်ရှိနေသည့် ထောင်မှ အကျဉ်းသားပေါင်းနှစ်ရာကျော် လွတ်သွားကြသည်ကို ရဲရဲကြီး ပြောနိုင်ပါသည်။

ဗမာပြည် ၃၅ ထောင်မှ လွတ်သွားခဲ့သော အကျဉ်းသားပေါင်းမှာ ဂဏန်းလေးလုံးနှင့် ရေတွက်ရသည်အထိ များလှပါသည်။ သို့ရာတွင် ကျန်ရစ်ခဲ့သော အကျဉ်းသားများက မကျေနပ်၍ ထောင်တွင်း သပိတ်မှောက်ကြပါသည်။ ဤလွတ်လပ်ရေးသည် တင်းပြည့်ကျပ်ပြည့်မဟုတ်။

"တို့ကိုမလွတ်က မလွတ်လပ်"

ဟု ညာသံပေး၍ အော်ခဲ့သည်ကို ကြုံခဲ့ရပါသည်။ ထောင်မှူး ထောင်ပိုင်များအားလုံး ထိုအချိန်က လက်ပိုက်ကြည့်နေခဲ့ရပါသည်။

ထို့နောက် စံပြထောင်များ အကောင်အထည်ပေါ်လာရာ စံပြအကျဉ်းသားများ သူပုန်ထသည့်ပမာ သပိတ်လက်နက်ကြီးကိုကိုင်စွဲ၍ မျက်လုံးဖြူ လျှာထုတ် လုပ်ကုန်ကြပါသည်။ သို့နှင့် အကျဉ်းသား သပိတ်ခေါင်းဆောင်များကို ရွေးချယ်၍ ထောင်တစ်ထောင် သို့မဟုတ် ထောင်များစွာသို့ လွှဲခွဲပို့ပစ်ရသည်။ ဤသို့ သပိတ်ခေါင်းဆောင်များကို လွှဲခွဲပို့ပစ်မှ ထိုထောင်သည် အေးသွားပါသည်။

သို့ရာတွင် ထိုခေါင်းဆောင်များရောက်သွားသော ထောင်များမှာ မသက်သာပါ။ သပိတ်ရောဂါသည် ဆေးမရှိ ဆေးမနိုင်က ကာလနာက အဘခေါ်ရပါသည်။ လက်ခံရသည့်ထောင်သည် မစင်ထုပ်ကြီးကို ရသကဲ့သို့လည်းကောင်း၊ မီးထုပ်ကြီးကို ကိုင်ရသကဲ့သို့လည်းကောင်း ဖြစ်ကုန်ကြပါသည်။





သို့နှင့်တစ်ဖန် ခေါင်းဆောင်များကို နောက်အေးဆေးနေသော ထောင်သို့ ပြောင်းကြပြန်ပါသည်။

ထိုကဲ့သို့ ထောင်ပြောင်းရန် ချက်ကောင်းရသောအခါ ထောင်မှူး၊ ထောင်ပိုင်တို့သည် စေတနာကောင်းကောင်းနှင့် မိမိတို့ထောင်တွင်း ဆိုးပေ့ဆိုသောသူများအား အပိုလက်ဆောင် ပို့လိုက်တတ်ပါသေးသည်။

သို့နှင့် မြန်မာတစ်ပြည်လုံးထောင်များမှာ ရာမဇာတ်တော်ထဲတွင် မျောက်အမြီး အဝတ်ပတ် ရေနံစိမ် မီးရှို့ ခေါင်မိုးတစ်ခုမှတစ်ခုသို့ ခုန်စေသကဲ့သို့ မြန်မာပြည် ၃၅ ထောင်ခေါင်မိုးများ မီးဟုန်းဟုန်းတောက်လောင်ခဲ့သည်မှာ ရာမဇာတ်မှ သိန်းခိုပြည်မီးလောင်သည်နှင့် တူလှပါသည်။

ဟော . . . အကျဉ်းသားခေါင်းဆောင်များ ထောင်တံခါးဝသို့ မီးတုတ်ကြီးကိုင်ပြီး ဝင်လာကြပေပြီ။ ဤအကျဉ်းသားခေါင်းဆောင်များထဲတွင် ရွှေမိုးတစ်ယောက် ညပ်ပါလာ၍ ကျွန်တော်နှင့်ဘုပထမပိုက်အား ဘွဲ့ခေါ်ဦး ကြုံတွေ့ကြရပါသည်။ အမှန်မှာ ရွှေမိုးသည် ရိုးရိုးသူမိုးကလေးသာ ဖြစ်ပါသည်။ နိုင်ငံရေးဆို၍ နကန်းတစ်လုံး သိသူမဟုတ်ပါ။

ဟိုထောင်က ပါလာခြင်းမှာ ခေါင်းဆောင်မဟုတ်ပေသည့်အထက် ကျွန်တော်ဆိုခဲ့သည့်အတိုင်း ရွှေမိုးနှင့် ထောင်မှူးတစ်ဦး ဘုကျ၍ စေတနာဝဖြာလျက် ညပ်ထည့်လိုက်ခြင်းဖြစ်ရာ ရွှေမိုးသည် ဆန်ယူစရာ၊ ဂုဏ်ယူစရာ အကျဉ်းသားခေါင်းဆောင်တို့၏ မျက်နှာပေးနှင့် တထေရာတည်း ရွှတ်စွပ်တူနေလေရကား ကျွန်တော်က ရွှေမိုးအား မြင်လျှင်မြင်ချင်း မျက်မုန်းကျိုးသကဲ့သို့ ရွှေမိုးကလည်း ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အား တင်ဦးမေတ္တာ တစ်ဦးမှာ ဖြစ်သွားပါသည်။

ယခု ဆွေဆွေပုပ္ပနှင့် ပြောင်းလာခဲ့ရသော အကျဉ်းသားများမှာ 'စံပြ' ထောင်တစ်ထောင်ကဖြစ်ပါသည်။ လက်ခံရသော ကျွန်တော်တို့ကလည်း 'စံပျက်'မဟုတ်ပါ။ စံပြထောင်မှ ရေမရော အမွှားခပ်မထားသော စံပြထောင်ဖြစ်ပါသည်။

မြန်မာပြည်တွင် ထောင်ပေါင်း သုံးဆယ့်ငါးထောင် ရှိသည့်အနက် ဖိုးကံကောင်းဟုခေါ်ရမည့် ဗဟိုထောင်ကြီးငါးထောင်မှာ ၁၉၅၀ ခုနှစ်မှစ၍ စံပြထောင်များဟု ကင်ပွန်းတပ်ခြင်း ခံရပါသည်။

စံပြထောင်ကြီး ငါးထောင်၏ အမည်ကိုမသိက ကျွန်တော်ပြောပြပါမည်။ ရန်ကုန်ထောင်၊ အင်းစိန်ထောင်၊ မန္တလေးထောင်၊ ပုသိမ်ထောင်နှင့် မြောင်းမြထောင်ကြီးများ ဖြစ်ကြပါသည်။ စံပြအကျဉ်းသားများမှာ ဆုရက် ဆုမှတ်ကိုပင် ကြိုတင်ပြီး ထောင်ကို ဝင်လျှင်ဝင်ခြင်း ရထားကြပါသည်။

တခြားထောင်များမှာ ထောင်ဒဏ်ခံပြီးမှ (၀) လက်ပေါက်အောင် ပေါက်တူးပေါက်ပြီးမှ ဆုမှတ်ဆုရက်ကလေး တစ်ဆုပ်တစ်ခဲကို အပင်းသျှိုရသကဲ့သို့ ရကြရပါသည်။ စံပြထောင်တွင် တခြားသော အခွင့်အရေးလည်းရှိကြ၍ စံပြထောင်သားများ များစွာ စားသာကြပါသည်။

စံပြထောင်ကြီးများတွင် အထက်ဖော်ပြပါ ငါးခရိုင်မှ ဖိုးကံကောင်းတို့အပြင် ဟိုထောင်ဒီထောင်မှ ဆုပုပ္ပကို အကြောင်းပြု၍ ရောက်လာကြသော အကျဉ်းသားလူစွာ အချို့ကိုလည်း တွေ့ရတတ်ပါသည်။

ရွှေမိုးသည် စံပြထောင်မှပြောင်းလာသော စံပြထောင်သားဖြစ်ရာ အတော်ပင် မျက်နှာထားတင်းလှပါသည်။ နေပြည်တော် စံပြ





ထောင်များဖြစ်သော ရန်ကုန်–အင်းစိန်ထောင်များမှ လာသူပီပီ ကျွန်တော်တို့ အမှုထမ်းအရာထမ်းများကိုပင် တင်းတင်းမာမာ ဆက်ဆံလေရာ ကျွန်တော်တို့မှာ ငှက်ပျောပွဲအုန်းပွဲနှင့် ပသထားရမလိုပင် အခက်ကြုံသွားရပါသည်။ ဒါတောင်မှပဲ ရွှေမိုးသည် သူခိုးကလေးမျှသာဖြစ်ပြီး စံပြမောင် ထိပ်ထိပ်ကြဲတို့ကြားတွင် ညပ်ပါလာသူသာ ဖြစ်ပါသေးသည်။

ရွှေမိုးကို လက်ခံရရှိပြီး အဆောင်မှူးအဖြစ် ထိန်းသိမ်းရသူ ကျွန်တော်သည် နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် ရွှေမိုးနှင့် မျက်နှာချင်းဆိုင်ရပါတော့သည်။

"ဘယ့်နှယ်လဲကွ ...၊ မနေ့က ထောင်ပိတ်ရာမယ် မင်းထိုင်မနေဘဲ အိပ်နေတယ်ဆို"

"ကျွန်တော်ထိုင်ပေးမှပဲ လူကို ရေတွက်လို့ရမလား။ အိပ်နေရင်းလည်း ရေတွက်လို့ရတာပဲမဟုတ်လား"

ထောင်၏ထုံးစံမှာ ထောင်ပိတ် ထောင်ဖွင့်ချိန်များတွင် အိပ်ခန်းရှိလူပေါင်းကို ရေတွက်ပြီး ပိတ်ရ ဖွင့်ရပါသည်။ ထောင်မှူးလုပ်သူ လူပေါင်းရေတွက်ချိန်တွင် အကျဉ်းသားများ နှစ်ယောက်စီ ထိုင်ပေးရပါသည်။ ဒါမှ ရေတွက်သူက အချိန်မီ မှန်မှန်ကန်ကန်နှင့် တစ်ပြုံးနှစ်ပြုံး စသည်ဖြင့် ရေတွက်ရပါသည်။ သို့ရာတွင် ရွှေမိုးသည် စံပြထောင်ကြီးမှ ပြောင်းလာသူပီပီ ရောက်လျှင်ရောက်ချင်း ဆောက်နဲ့ထွင်းလုပ်ပါသည်။

"မိတစ်ရာသားက ထိုင်ပေးပါရဲ့နဲ့ မင်းက မထိုင်နိုင်အောင် ဖြစ်နေရတာက ဘယ်လိုတုံးကွာ"

ကျွန်တော်က မေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ခင်ဗျားတို့ ကြိုက်သလိုလုပ်ပေါ့"

ရွှေမိုး ဤကဲ့သို့ပြောလိုက်ရာ ကျွန်တော် အောင့်သွားပါသည်။ တစ်ဦးကိုတစ်ဦး အမနာပပြောကြခြင်းသည် အလွန်ဆိုးပါသည်။

ရှေးခေတ်က ထောင်မှူးဟောင်း သွားလေသူကြီးများသည် အကျဉ်းသားများကို နွားဟုသာထင်ခဲ့ပြီး၊ အတော်နှိပ်စက်ခဲ့ရာ အကျဉ်းသားများသည် ထောင်တွင်း၌ ကုန်း၍ခံသွားပြီး အခွင့်သာလျှင် အပြင်လောကတွင် ပုန်း၍ရိုက်ကြသည်ဟု ဆိုပါသည်။ ယခုတော့ သွားလေသူ ထောင် မှူးများ၏ဒဏ်ကို ကျွန်တော်တို့ ခံနေကြရပါပြီ။ ရွှေမိုး ထောင်က လွတ်သွားမှ ကျွန်တော်က ပုန်း၍ရိုက်ရမည့်ကိန်း ဆိုက်နေပါသည်။

သို့နှင့် ဘုန်းသမ္မာရှင် ရွှေမိုးက ကြိုက်သလိုလုပ်ပါဟု အမိန့်ပေးနေသည်ကိုပင် ကျွန်တော်က စိတ်ကြိုက်မလုပ်ရဲဘဲ ကျွန်တော် မကြိုက်သော နည်းကိုသုံး၍ ထောင်မှူးကြီးအား ကျွန်တော်က တိုင်ခဲ့ရပါသည်။ သို့ရာတွင် ထောင်မှူးကြီးက သည်းခံတရားထားရန် ရွှေပြည်အေးတရား ဟောလွှတ်လိုက်၍ ကျွန်တော် ပြန်ခဲ့ရပါသည်။

ကျွန်တော်နှင့်ရွှေမိုး အားစမ်းပွဲကို အကျဉ်းသားများ အကဲခတ်လျက်ရှိရာ ရွှေမိုး အောင်တံခွန်လွှင့်လိုက်သည်ကို အားလုံး သိသွားကြပါသည်။ ဤပွဲတွင် ကျွန်တော် နှပ်ပစ်ခံရပါသည်။ ကျွန်တော်တို့ထောင်မှ လက်ရှိအကျဉ်းသားများလည်း အသစ်ပြောင်းလာသော ရွှေမိုးတို့အား များစွာ အံ့ဩနှစ်သက်သွားကြပါသည်။

ညနေထောင်ပိတ်ချိန်သို့ ရောက်မည့်အရေးတွေး၍ ကျွန်တော် နှလုံးတုန်၊ ရင်ခုန် ဖြစ်နေပါသည်။ သို့ရာတွင် အချိန်သည် လူကို မစောင့်ပါ။ ကျွန်တော်ထောင်ပိတ်ရန် မျက်နှာကလေး ဆီးရွှက်နှင့် ထက်သွားပါသည်။ စိတ်ကောင်းနှလုံးကောင်းနှင့် ကိုယ်ချင်းစာတရားရှိကြ





သော လက်ရှိအကျဉ်းသားများက ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းဟန်နှင့် စည်းကမ်းသေဝပ်စွာ ထိုင်ပေးကြပါသည်။ ရွှေမိုးတို့လူသိုက်က ...

"ဟေ့လူတွေ ... ပုံစံထိုင်ကြကွ။ ထောင်မှူးလာနေတယ်"

ဟု တစ်ဦးက အော်ပြောသံကြားပြီး ရယ်သံများကိုပါ အတိုင်းသား ကြားလိုက်ရပါသည်။ ကျွန်တော် ဖြစ်သလိုရေတွက်ပြီး လူပေါင်းယူကာ အခန်းကို ပိတ်ခဲ့ရပါသည်။

ရွှေမိုးတို့ရောက်ပြီး သုံးရက်အကြာ ကျွန်တော့်ထောင်တွင် ကိစ္စတစ်ခု ပေါ်လာပြန်ပါသည်။ ထိုကိစ္စမှာ ပြော၍မကောင်းသော 'မစင်' ကိစ္စ ဖြစ်ပါသည်။ ထောင်ထုံးတမ်းစဉ်လာအရ အကျဉ်းသားမစင်ကို အကျဉ်းသားများကသာ သိမ်းကြရပါသည်။ ထိုမစင်သိမ်းသူများမှာ တစ်ပါးသော အကျဉ်းသားထက် ဆုရက်များစွာ ပို၍ရပါသည်။

အကျဉ်းသားဆုရက်မှာ အကျဉ်းသား၏လစာဟု ပြောရမည်ဖြစ်ပါသည်။ ရွှေမိုးတို့မရောက်မီ သူ့အလုပ်နှင့်သူ ကျေနပ်စွာ လုပ်ကိုင်နေကြပါသည်။ သူတို့ရောက်ပြီးမှ မစင်သိမ်းသူများ စိတ်ရောကိုယ်ပါ မိုက်ကြတော့ပါ။ ကျွန်တော်က ခါတိုင်းနေ့များကဲ့သို့ အိမ်သာမသန့်၍ ပြောမိရာ မိလ္လာသိမ်းသူများက ...

"ကျွန်တော်တို့ကို မကောင်းထင်ရင် အလုပ်ပြောင်းပေးပါ"

ဟု အညီအညွတ် ဆိုကြပါသည်။ သို့နှင့် ကျွန်တော် ရေငုံပြီး ပြန်ခဲ့ရပါသည်။ နောက်သုံးရက်တွင် တစ်ထောင်လုံး မိလ္လာလုပ်လိုသူများ မရှိတော့ပါ။ ထိုအခါ ရွှေမိုးတို့လူသိုက်က ကျွန်တော်တို့လို ပါမွှား ထောင်မှူးကိုထား၍ ထောင်မှူးကြီးနှင့်ပင် သူတို့က အဖက်မတန်ဟု ဆိုပြီး ထောင်ပိုင်ကြီးနှင့် စကားသွားဆိုကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စံပြထောင်ဆိုပြီး စံပြအကျဉ်းသားတွေဟာ မစင်ကို ကျုံးနေရတာဟာ ဗျူရိုကရက်စနစ်ပဲ။ နောင် အကျဉ်းသားကို မစင်မကျုံးစေဖို့ ကျွန်တော်တို့ ပြင်းပြင်းထန်ထန် တောင်းဆိုတယ်။ ဒါမှမဟုတ် မလုပ်ချင်တဲ့လူတော့ မတိုက်တွန်းပါနဲ့။ အတင်းအဓမ္မ လုပ်ရင်တော့ ကျွန်တော်တို့ ရှေ့တစ်လှမ်းတိုးရလိမ့်မယ်။

နောက်ပြီး တစ်ခုပြောချင်တာက ကျွန်တော်တို့ပြောင်းလာခဲ့တဲ့ စံပြထောင်ပိုင်ဟာဆိုလို့ရှိရင် မကောင်းတာရှိလို့သာ ကျွန်တော်တို့ တိုက်ပွဲဝင်လာခဲ့ရတယ်။ ယဉ်ကျေးမှုကို ဦးစားပေးတယ်။ အခု ကျွန်တော်တို့ ဆွေးနွေးဖို့လာခဲ့တာကို ထိုင်စရာကုလားထိုင်မပေးတော့ မြေသလုံးတောင့်တယ်။ ကြာကြာ မဆွေးနွေးနိုင်ဘူး။ နောက် ဆေးနွေးပွဲကျရင် အရေးပိုင်ကို ခေါ်ပေးပါ။ ဒါပါပဲ။ ကျွန်တော်တို့သွားမယ်"

ထောင်ပိုင်ကြီးသည် ငှက်ဖျားတက်သည့်အသံဖြင့်ပင် ခပ်မြန်မြန် ပင်စင်သွားမှပဲဟု ညည်းသံ ကြားရပါသည်။ သူက ကျွန်တော်တို့ကို တစ်လှည့် ကြိမ်းပြန်ပါသည်။ သူက ဘူးဝမှာနေရသူဖြစ်၍ မထောင်းတာပါ။ လူကြီးဖြစ်၍ တာဝန်ရှိတာကတော့ မှန်ပါသည်။

ခက်တာက ကျွန်တော်တို့တစ်တွေ အကျဉ်းသားနှင့် လုံးထွေးနေရသော ထောင်မှူးပါမွှားများသာ ဖြစ်ပါသည်။ ထောင်ပိုင်ထောင်မှူးကြီးက ကြိမ်း၊ အကျဉ်းသားက မလေးမခန့်လုပ်နှင့် ဘယ်ကိုသွားရမှန်း မသိတော့ပါ။

သို့နှင့် ...မိလ္လာသိမ်းမည့်အကျဉ်းသား ရှစေခြင်းငှာလည်းကောင်း၊ ထောင်ပိုင်အကြိမ်းအမောင်း မခံရစေခြင်းငှာလည်းကောင်း ကျွန်တော်တို့က ဉာဏ်ကိုသုံးရပါသည်။ ထိုဉာဏ်မှာ မိမိတာဝန်ရှိသည့် အိမ်သာအတွက် အကျဉ်းသားမစင်ကျုံးသူအား လာဘ်မှန်မှန်ထိုးရခြင်း





ဖြစ်ပါသတည်း။

ကြားလို့မှ ကောင်းသေးကြရဲ့လားခင်ဗျာ။ ထောင်ဆိုသည်မှာ လုံခြုံရေးကအရေးကြီးရာ အပြင်လူ မိလ္လာသမား ထောင်တွင်းသို့ဝင်က အပြင်နှင့် အဆက်အသွယ်ရှိမည်ဖြစ်၍ မဖြစ်နိုင်ပါ။ ထို့အပြင် ရာဇဝတ် ပြစ်မှုခံနေရသူ၏ မစင်ကို လက်ဆယ်ချောင်းနှင့် ရှီးရှီးလုပ်စားသူက ဝင်ကျုံးပေးရမည်ဆိုက ကြား၍လည်း မနိုပ်နိုင်ပါ။ ကျွန်တော်တို့ ထောင်မှူးများက အကျဉ်းသားကို လာဘ်ထိုးပြီးခိုင်းရသည်ကမှ နိပ်တိတ်တိတ်နှင့် ဟန်ပြကောင်းပါသေးသည်။

ဒါတောင် ထောင်မှူး၏ဉာဏ်မျှသာ ရှိပါသေးသည်။ ထောင်ပိုင်တစ်ဦး၏ဉာဏ်မှာ လက်ဖျားခါလောက်သည်ကို တစ်ဆင့်ကြားရပါသည်။ သူ၏ ထောင်တွင်းမစင်ကပ်ဆိုက်၍ လစ်လပ်သော ဝါဒါနှစ်ဦး၏နေရာတွင် ရှီးရှီးဝါဒါအားမခန့်ဘဲ မိလ္လာကုလားနှစ်ဦးအား ဝါဒါစာရင်းသွင်းပြီး လခစားအဖြစ် ခန့်ထားလိုက်ခြင်းဖြင့် မိလ္လာကိစ္စလည်း ပြီး၊ ထောင်ဝါဒါ၏ အဆင့်အတန်းလည်း မစင်ကျုံးသောအဆင့်သို့ ရောက်ကုန်၍ တဝါးဝါးရယ်ရကြောင်းကိုလည်း လူသတင်း လူချင်းဆောင်၍ ကြားသိရပါသည်။

ထောင်တွင်းမစင်ကိစ္စမှာ ကျွန်တော့်အား များစွာ ဒုက္ခပေးပါသည်။ ကျွန်တော့်ကိုသာမဟုတ်ပါ။ တခြား ထောင်မှူးများကိုလည်း ဒုက္ခပေးပါသည်။ အကျဉ်းသားချော့ခိုင်းရပြီး ပိုက်ဆံကလည်း ကုန်လှပါပြီ။ ပိုက်ဆံမကုန်၍လည်း မဖြစ်ပါ။ ထောင်ပိုင်က ဒါလေးမှ မင်းတို့နိုင်အောင်မလုပ်နိုင်ရင် မင်းတို့ကို ဘာအားကိုးရမလဲဟုပြောပါသည်။

လူကြီးနားပူမှာစိုး၍ ပိုက်ဆံကုန်ရပါသည်။ အကုန်မခံနိုင်လျှင် ကျွန်တော်ကိုယ်တိုင်ကျုံးမှ ဖြစ်ပါတော့မည်။ ဒါတောင် လူကြီးလှည့်သူ



www.burmeseclassic.com

www.burmeseclassic.com



က ပြောပါသေးသည်။

"ဟော့ . . . အလုပ်ဆိုတာ ခေါင်းဆောင်မှုရှိရတယ်။ Leadership လိုတယ်ကွ။ တို့ကတော့ Leadership ပဲ သုံးလာခဲ့တယ်။ ဘာအလုပ်ပဲဖြစ်ဖြစ် ကိုယ်လုပ်ပြရင် ငယ်သား ဘာနေနိုင်မလဲ"

ဟု ဆိုပါသည်။

[ ၃ ]

ထောင်ဥပဒေနှင့် ပတ်သက်၍ မစင်ကျုံးရာတွင် ဇာတ်ရှိသော ကုလားကို မခိုင်းရဟု ဆိုထားရာ အင်္ဂလိပ်ဆိုက ဝေးပါသေးသည်။ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်အကျဉ်းသားကို မစင်ကျုံးခိုင်းက ရာဇဝတ်မှုဟု ယူဆမည်လားမသိပါ။

မြန်မာပြည်ထောင်များ ထူးဆန်းပုံမှာလည်း ထောင်ထဲတွင် ဇာတ်ရှိ ကုလားဟူ၍ ဆေးဖော်ရန်ပင် မရှိသလောက်ဖြစ်၏။ တို့ထောင်သည် တို့ဗမာအတွက်သာ ဖြစ်နေပါသည်။ ကုလားတစ်ဦးတစ်လေကို ဥပဒေက အကာအကွယ်ပေးထားရာ တို့ဗမာအကျဉ်းသားများ ဒီမစင်အတွက် အတော်ခက်နေပါသည်။ ထောင်တွင်း၌ ရန်ကုန်တိုက်အိမ်သုံး အိမ်သာမျိုးဖြစ်စေ၊ ယခုခေတ်ပေါ် ရေလောင်းအိမ်သာဖြစ်စေ တီထွင်သင့်သောအချိန်သို့ ရောက်ပြီဟု ယူဆမိပါသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးတို့လူသိုက် မစင်တိုက်ပွဲဝင်မရ၍ တစ်မျိုးတစ်ဖုံ လုပ်လာပြန်ပါသည်။ တစ်နေ့သော ည ၁၁ နာရီအချိန်တွင် . . .

''ဆရာဝန်ခေါ်ပေး . . . ခေါ်ပေး''

ဟု ထောင်တွင်းမှ ဆူဆူညံညံ ကြားရပါသည်။ သို့နှင့် ကျွန်တော်တို့ အကျဉ်းသားဝန်ထမ်းများ၊ ညကြီးသန်းခေါင် ထလိုက်ရပါတော့သည်။ ထောင်တွင်းဝင်ရောက်ပြီး မေးကြသောအခါ သူတို့ရဲဘော်တစ်ယောက် နေမကောင်းလို့ဟု ဆိုသည်။

နေမကောင်းတာနဲ့ အော်ကြရသလားဟု မေးရာ သူက ခင်ဗျားတို့ကိုခေါ်တာ နှစ်မောင်းကြာသွားပြီ။ ကြာလွန်းလို့အော်တာဟု ဆိုကြပါသည်။ တစ်မောင်းဆိုသည်မှာ ၁၅ မိနစ်ဖြစ်၍ ၁၅ မိနစ်ကြာတိုင်း စန္ဒရီက ကြေးမောင်း (ဝါ) သံချောင်း တစ်ချက်ခေါက်ခြင်းကို အစွဲပြု၍ ခေါ်ပါသည်။

ထောင်တွင်း၌ အကျဉ်းသားတစ်ဦး ညအချိန် နေမကောင်းက ဆရာဝန်နှင့် သွားကြည့်ရသည်မှာ မှန်ပါသည်။ သွားကြည့်ရသောရောဂါမှာ လောလောဆယ် မခံမရပ်နိုင်သောကိစ္စမျိုးကိုသာ ထောင်မှူး၊ ထောင်မှူးကြီးအစုံအလင်နှင့်မှ သွားရောက်ပြီး ကြီးစွာသောသတိဖြင့် တံခါးကို လူတစ်ကိုယ်စာ သံကြိုးပတ်ပြီး ဖွင့်ရပါသည်။ သို့မဟုတ် အကျဉ်းသားက လိမ်ခေါ်ပြီး တစ်ခန်းလုံး တိုးထွက်လာနိုင်သော ကိစ္စဖြစ်ပါသည်။

သို့ဖြစ်ရာ အသက်နှင့်ပတ်သက်၍ လောလောဆယ်ပေါ်ပေါက်လာသော တက်နာ၊ ဝက်ရူး၊ ဆီးတက်နာ အစရှိသည်တို့အတွက်သာ ရည်ရွယ်ပါသည်။ ဤကိစ္စမျိုးမဖြစ်စေရန် (ဝါ) ညအချိန် ထောင်အိပ်ခန်း မဖွင့်စေရန် ညနေထောင်ပိတ်ချိန်တွင် နေထိုင်မကောင်းက ထောင်မှူး





ကို တိုင်ကြားပြီး ထောင်ဆေးရုံသို့ သွားနိုင်ပါသည်။ ယခု ရွှေမိုးတို့လူသိုက်သည် ညဦးက ဘာမျှမပြောပဲ ယခုမှ အရေးတကြီး ထအော်ကြပါသည်။ သူတို့မှာ အကြံရှိပါသည်။

ထောင်ထုံးစံ လိုအပ်လျှင် ခေါ်နိုင်ပါသည်။ ခေါ်ပုံမှာ ပထမ အခန်းစောင့် ဘာယာက အပြင်မှ ထောင်ကြပ်ဝါဒါအား တိုင်ကြားရပါသည်။ ၎င်းဝါဒါသည် မိမိတာဝန်ရှိ ထောင်ကို ပစ်မသွားနိုင်ပါ။ ညလူကြီးခေါ် ညတာဝန်ခံကို တိုင်ရပါသည်။ ညလူကြီးကတစ်ဖန် ဂိတ်စောင့် စန္ဒရီဘူးကြီးပေါ် လှမ်းတိုင်ရပါသည်။

စန္ဒရီလည်း သူ့နေရာမှ မခွာရပါ။ သူက ဂိတ်လူကြီးကို အကြောင်းကြားရပြန်ပါသည်။ ဂိတ်လူကြီးကမှ တစ်ခါ ထောင်မှူးကြီးကို တိုင်ရပါသည်။ ထောင်မှူးကြီးက ဆရာဝန်ကို အကြောင်းကြား၊ ထောင်မှူးများကိုခေါ် လုပ်ရပါသည်။ ကြီးသောထောင်များတွင် ထောင်မှူးဆရာဝန်များမှာ ထောင်ရှေ့၊ ထောင်နောက် နေအိမ်တွင် နေထိုင်ကြရာ အတော်လေးကြာတတ်ပါသည်။

ခက်သည်က ထောင်မှူးကြီးမှအစ ထောင်မှူး၊ ဆရာဝန်၊ ထောင်ဝါဒါခေါ် ထောင်ကြပ်၊ ထောင်ကြပ်အုပ်၊ ထောင်ကြပ်ချုပ်တို့သည် ဘူးကြီးဝတွင် အိပ်စောင့်နေကြသည်မဟုတ်၍ ခွေးခေါ်ရ၊ မားသွားရဆိုသကဲ့သို့ တစ်နာရီကျော် ကြာတတ်ပါသည်။ ဒီအထဲ ထမလိုက်ချင်သော ထောင်မှူးအချို့က အိပ်ချင်ယောင်ဆောင်နေတာလည်း ပါချင်ပါလေဦးမည်။

အားလုံး တံခါးဝခေါ် ဘူးကြီးအောက်ရောက်ပြန်လည်း သော့ပေါင်းတစ်ထောင်ကျော်ကို ဟိုကြည့် ဒီကြည့်ရှာ၊ ထောင်တွင်းတံခါး အတန်တန် အုတ်ရိုးအဆင့်ဆင့်ကို ဖွင့်သွားနေရရာ လူနာဖြစ်သူက



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကလေးမွေးသလို မအောင့်နိုင်ဘဲ သေခါမှသေရော ခေါ်ခေါ်ချင်း သိသိခြင်းမရောက်နိုင်ပါ။

သို့နှင့် ကိုယ့်ဖို့ကိုယ် စိတ်မချသူများကို ညဦးကပင် ထောင်ဆေးရုံသို့ သွားခွင့်ပြုထားသည် မဟုတ်ပါလား။ ဒါမှမဟုတ်ဘဲ မြန်မြန်သိနိုင်မည့်လမ်းမှာ ထောင်အရာထမ်း၊ အမှုထမ်းများအား ရန်ကုန်ရဲကဲ့သို့ ဝိုင်ယာလက်တစ်ခုစီ ပေးထားမှဖြစ်ပါမည်။

ဆရာဝန်နှင့်ထောင်မှူးကြီး အခန်းထဲဝင်သွားပါသည်။ ဆရာဝန်က လူနာကို စမ်းသပ်ပါသည်။

"အာရေ ..နဲနဲပဲ အဖျားရှိတယ်"

ကုလားဆရာဝန်က ပြောလိုက်ပါသည်။ ဆရာဝန်ပြောလိုက်သည်နှင့် အားလုံး ထောင်မှူးဝါဒါစိတ်ဆိုးပြီး ...

"သက်သက် ဒုက္ခပေးတဲ့အကောင်တွေ"

ဟု ရေရွတ်ကြပါသည်။

"ဟေ့ ...မင်းတို့အထဲ ခေါင်းဆောင်လုပ်အော်တာ ဘယ်သူလဲကွ"

ဟု ထောင်မှူးကြီးက မေးလိုက်ပါသည်။

"ကျွန်တော်တို့အားလုံးပဲ"

ရွှေမိုးက ထပြောပါသည်။

"ကဲ ...ရွှေမိုး ...လာစမ်း။ မင်းတို့ ခဏခဏ ရန်ရှာတာ ဦးဟာ မင်းတို့ရန်သူ မဟုတ်ဘူး။ ဟင်းချို ဆားခတ်ရိုက်တယ်ဆိုတာ မင်းတို့ပဲ။ ဟေ့ ...ဒီကောင့်ကို တိုက်ထဲခေါ်သွားကွာ"

ထောင်မှူးကြီးက ထောင်မှူးများဆီသို့ လှည့်ပြောလိုက်ပါသည်။

"ကျွန်တော်တို့ကိုလည်း ပို့ပါ။ ကျွန်တော်တို့ကိုလည်း ပို့ပါ"





ရွှေမိုးတို့ရဲဘော် ထောင်ပြောင်းအားလုံးက အော်ကြပါသည်။

သို့နှင့် ...နှစ်ယောက်တစ်ပူးစီ တိုက်သို့ပို့နေရရာ မိုးလင်းသလောက် ဖြစ်သွားပါသည်။

ရွှေမိုးတို့လူသိုက် တိုက်ထဲရောက်သွားရော အာဏာပိုင်တွေ၏ ညှဉ်းနည်းတစ်မျိုးဟုဆိုကာ လှုပ်လှုပ်ရွရွနှင့် လူပေါင်းတစ်ရာခန့်ဆန္ဒပြ သပိတ်မှောက်ကြပါသည်။ သို့နှင့် သူတို့ကိုလည်း သီးသန့်ထောင်တွင် ခွဲထားလိုက်ရာ သုံးရက်အတွင်း သပိတ်လှန်ကြပြန်ပါသည်။ သပိတ်လှန်ခြင်းမှာ ဆေးလိပ်ငတ်ကုန်၍ ဖြစ်ပါသည်။

မည်သည့်အလုပ်တွင်မဆို မူမှန်မှ တာရှည်ခံပါသည်။ နောက်လိုက်ရှိဦးမည်လားဟု ရွှေမိုးတို့ လက်တည့်စမ်းရာ နောက်လိုက်တစ်ကောင်တစ်မြီးမရှိ၍ ရွှေမိုးတို့က သုံးသပ်မှုများပြီးဟု ဆိုကုန်ကြပါသည်။ ဘာကို သုံးသပ်မှန်းတော့ ကျွန်တော်နားမလည်ပါ။ ထောင်မှူးကြီးတို့က ...

"တို့ဟာ ဗုဒ္ဓဘာသာ ဗမာတွေပါကွာ။ တစ်ဦးကိုတစ်ဦး ညှဉ်းနေလို့ တို့လည်း ရာထူးတက်မှာ၊ လခတိုးမှာမဟုတ်ပါဘူး။ ထောင်ထဲမယ် နိုင်ငံရေးလုပ်စရာလည်း မမြင်ပါဘူး။ အဲ ...မင်းတို့ အစားအစာ တို့ခိုးစားရင်၊ မင်းတို့ကို ညှဉ်းပန်းရင် တိုက်ကြကွာ။ တစ်ခုတော့ရှိတယ် တို့လည်း မိတစ်ရာသားအလိုကိုတော့ မတတ်နိုင်ဘူးဟေ့"

ဟု နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေး လုပ်လိုက်ကြပါသည်။

ရွှေမိုးသည် တစ်နေ့ ထမင်းပန်ကန်ပြားတွင် ထမင်းအပြည့်နှင့် ဒေါကြီးမောကြီး ကျွန်တော့်ရုံးခန်းကို ဝင်လာပါသည်။

"ဒီထမင်းဟာ ပျော့တယ်။ မစားနိုင်ဘူး"

ရွှေမိုးက ရောက်ရောက်ချင်း အော်ပါသည်။ သူ၏အော်ပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်အိမ်စေကို အိမ်ရှင်က ပြောနေပုံဖြစ်ပါသည်။

"ဒီထမင်းပျော့တာ ငါက ပျော့ပျော့ချက်နိုင်းလို့လား။ မင်းဒေါ်နဲ့မောနဲ့ အော်စရာ မဟုတ်ပါဘူး"

ကျွန်တော်က ပြောလိုက်ပါသည်။

"ခင်ဗျား ထောင်မှူးမို့လို့ လာတိုင်တာပဲ"

"အေးလေ . . . မတိုင်ရ မဟုတ်ပါဘူး။ သူများတွေ ဘယ်သူမှ မတိုင်ကြပါလား"

"ဒါတော့ မသိဘူး။ ကျွန်တော် မစားနိုင်ဘူး"

"မင်းမစားနိုင် လွှင့်ပစ်ပေါ့"

"ကျွန်တော် ထောင်ပိုင်နဲ့ စကားပြောမယ်"

"အံမယ် . . . နေရာတကာ ထောင်ပိုင်။ မင်းကိုယ်မင်း ဘာကောင်လဲ"

"ဒါဖြင့် ထောင်မှူးကြီးဆီ ပို့ပေးပါ"

"အေး . . . ကောင်းပြီ။ လိုက်ခဲ့"

ကျွန်တော် ထောင်မှူးကြီးဆီ ရွှေမိုးအား ခေါ်သွားပါသည်။ ထောင်မှူးကြီးသည် ရွှေမိုးအား ပြုံးပြုံးကြီးကြည့်ပြီး ပြောလိုက်ပါသည်။

"ရွှေမိုးရာ ဒီထမင်းကို မင်းတို့အကျဉ်းသားတွေ ချက်ကြတာပဲ။ တစ်နေ့တစ်နေ့ မာတာပျော့တာရှိရင်လည်း ရှိမှာပေါ့။ ကဲ . . . မင်း အိမ်မယ်နေတုန်းက ထမင်း တစ်ခါတစ်လေပျော့တော့ မင်းအမေကို မင်းရိုက်ရော့လား။ မင်းမယားကို မင်း ကွာပစ်ရော့လား။ တစ်ခါတစ်လေဖြစ်တာကို သည်းမခံနိုင်ရင် ဘယ်ဟုတ်ဦးမလဲ"

ရွှေမိုးသည် ဘာမှမပြောတော့ဘဲ ထွက်သွားပါသည်။ ထမင်းကိုတော့ စိတ်ဆိုးဆိုးနှင့် လွှင့်ပစ်ခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်





နှင့်ထောင်မှူးကြီး ပြောပုံမှာ ကွာခြားလှသော ကိစ္စပြီးပြတ်သည် မဟုတ်ပါလား။ အလုပ်ဆိုသည်မှာ ပညာတတ်တိုင်းလည်း မဟုတ်သေးကြောင်း ထင်ရှားပါသည်။

ရွှေမိုးသည် ဤတစ်ကြိမ်လည်း အရေးနိမ့်သွားပြန်ရာ နေသေးသပ ချုံထဲက၊ ချိုးသွေးသပ တမြမြ စိတ်ကူးနှင့် လုပ်နေဟန်ရှိပါသည်။ သို့နှင့် အခါအခွင့်ဟူသည် အမြဲတမ်း စောင့်ကြည့်နေသူများအတွက် ပေါ်လာတတ်မြဲဖြစ်ရာ ရွှေမိုးခေါင်းဆောင်သောလူသိုက် တစ်ခေန်းထကြပြန်ပါသည်။

"မြို့မိမြို့ဖများခင်ဗျား ကျွန်တော်တို့ အကျဉ်းသားများကို ထောင်မှူးထောင်ပိုင်များက ထမင်းကလေးမှဝအောင် မကျွေးပါခင်ဗျား။ သပိတ် . . . သပိတ် . . . မှောက် . . . မှောက်"

တစ်နေ့သောနံနက် ၁၀ နာရီခန့်တွင် အသံနက်အသံသြ ပေါင်းစုံပါဝင်သော အသံများသည် အုတ်ရိုးကိုလျှံကာ မြို့တွင်းသို့ ပျံ့နှံ့သွားပါသည်။ ယခုခေတ်ထောင်များမှာ များသောအားဖြင့် မြို့လယ်ကို ရောက်ကုန်ကြသည်မှာ လူဦးရေတိုးတက်လာ၍ ကွက်သစ်များပေါ်လာခြင်းကြောင့် ဖြစ်ပါသည်။

"ဘယ့်နှယ်လဲတော် . . . အကျဉ်းသားခများတွေ ထမင်းမှဝအောင် မစားရရှာဘူးတဲ့။ ထောင်မှူးထောင်ပိုင်တွေ သိပ်ရက်စက်တာပဲနော်"

လမ်းသွားလမ်းလာ မိန်းမကြီးများ ဖျစ်တောက်ဖျစ်တောက်နှင့် ထောင်ကြီးကို မျက်စောင်းတခဲခဲနှင့် ပြောကုန်ကြပါသည်။

မဆင်ဘဲနှင့် ရွာချလိုက်သော မိုးကဲ့သို့ ဘာသံညာသံမှမပေးဘဲ ရွှေမိုးတို့ တိုက်ပွဲဝင်လိုက်ရာ တစ်မြို့လုံး တုန်သွားပါသည်။ နဂိုက



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးနေသော မျက်ပြူးထောင်မှူးကြီးနှင့် ဗိုက်ကြီးတစ်ခွဲသား မှုကြီးသော ထောင်ပိုင်တို့သည် မျက်လုံးပြူးခြင်း၊ ဗိုက်ကြီး ပိန်ချည့်ဖောင်းချည်ဖြစ်ခြင်းတို့ ဖြစ်ကုန်ကြပါသည်။

ထောင်မှူးကြီးမျက်ပြူးသည် မဆီမဆိုင် ကျွန်တော့်အား ခေါ်ကြိမ်းပါတော့သည်။ သူ၏မျက်လုံး ပြူးနေလိုက်သည်မှာ ဈေးကြီး၍ဝယ်မစားနိုင်သော ပုစွန်ထုပ်ကြီးမျက်လုံးနှင့် တူပါတော့သည်။ ကျွန်တော်သည် သူ့မျက်လုံးပြူးကြီးကို မြင်ရသောအခါ ပုစွန်ထုပ်ကြီးကို သတိရ၍ ထမင်းဆာသွားပါတော့သည်။

''တစ်ခါလာလည်း မင်းထောင်ကအော်၊ တစ်ခါလာလည်း မင်းထောင်က အကောင်တွေ။ ဘာဖြစ်ကြတာလဲကွ''

''ဟုတ် . . . ဟုတ်ကဲ့။ ဒီအကောင်တွေ ပါးစပ်ရောလက်ပါ အားနေလို့ အော်ကြတာနဲ့တူတယ်''

''သယ် . . . ငါ့လခွေး၊ မင်း သူတို့အော်မှာကို ဘာလုပ်နေလို့ ကြိုတင်မသိရတာလဲ''

''ဟုတ် . . . ဟုတ်ကဲ့ . . . ကျွန်တော့်ကို ဘယ်သူမှ လာမပြော ကြပါဘူး''

''တောက် . . . သိပ်ခက်တဲ့အကောင် အခုဘာဖြစ်လို့ အော် ကြသလဲကွ''

ထောင်မှူးကြီးသည် ကျွန်တော်၏ ရေရေလည်လည်ဖြေဆိုမှုကို ဒေါပွ၍ တက်ခေါက်လိုက်ပါသည်။

''ထမင်း . . . ထမင်း မဝလို့တဲ့ခင်ဗျား''

''သယ် . . . တစ်သက်လုံးဝနေတာ အခု ဘာဖြစ်ပြန်တာ လဲ''





''တစ်သက်လုံး ဝတာ ဒီနေ့အမှန် မဝကြပါဘူး။ လူတော့ ပိမများပါဘူး။ အစိတ်သုံးဆယ်လောက်ပါပဲ။ ဒါပေတဲ့ အခုတော့ ပိတ်မှောက်ရင် အလုပ်လည်းမလုပ်ရဘူး။ သပိတ်မှောက်ထောင်သား တော့ နာမည်ကလည်း ကြီးလာဆိုတော့ ကျီးကန်းလို ဝိုင်းအော်ကြ ာပဲ''

ထိုအချိန်တွင် ထောင်ပိုင်ကြီးဗိုက်ပူသည် သူ၏ရုံးတံခါးဝမှ ာ်ကိုအလံထူကာ ကျွန်တော့်အားခေါ်ပြီး တရားခံစစ် စစ်ပါတော့ ည်။ သူသည် ကျွန်တော့်အား မူးအောင်နောက်အောင်စစ်ပြီး အမိန့် င်ခုချမှတ်လိုက်ပါသည်။ ထိုအမိန့်မှာ . . .

''မင်းနဲ့ငါ နက်ဖြန်မနက် သုံးနာရီငင်ပြီး ကိုယ်တိုင်ထမင်း ာ်တာ ကြပ်မတ်မယ်''

ဟူ၍ ဖြစ်ပါတော့သည်။

ဖြစ်ပုံမှာ ဤကဲ့သို့ပါခင်ဗျား။ ယနေ့ ထမင်းမဝခြင်းမှာ ဆန် စ်ချက်သောနေ့ဖြစ်၍ ထမင်းမတက်ပါ။ ထောင်ဥပဒေတွင် စပါး ာင်းကို သုံးလအပိုလှောင်ထားရမည်။ စပါးသစ်ကို သုံးလလှောင် ထုတ်ကျွေးရမည်ဟု ဆိုထားပါသည်။

ထောင်ထုံးစံစပါးကို ကန်ထရိုက်တာထံမှ ဖေဖော်ဝါရီလ၊ သတို့တွင် အပြီးလက်ခံရပါသည်။ လက်ခံ ခံပြီးခြင်း မကျွေးရပါ။ ရှိစပါးဟောင်းကိုသာ ဆက်ကျွေးရမည်ဖြစ်ပါသည်။ စပါးသစ်မှာ ဆိုလျှင် ဟောင်းပြီဖြစ်၍ ထမင်းချက်ရာ၌ အဟောင်းကဲ့သို့ ထမင်း ပါသည်။

ထောင်ဥပဒေအရ အကျဉ်းသားတစ်ဦးကို ဆန်တစ်ပေါင်နှင့် ာင်စ ညမနက်အတွက် ထုတ်ပေးပါသည်။ ဆန်ဟောင်းစပါး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဆိုပါက နှစ်ဆမှ ၂၀ ဆအထိ အလေးချိန်ရှိ ထမင်းကို ရပါ သည်။ ထိုအခါ ထမင်းတစ်ထပ်အတွက် တစ်ဦးလျှင် ထမင်း ၁ ပေါင် ၁၂ အောင်စအထိ ရနိုင်ရာ အလွန်အစားကြီးသူပင် ဝပါသည်။

လူတိုင်းသည် တစ်ပေါင် ၁၂ အောင်စထမင်းကို မကုန်ကြပါ။ မြန်မာအလေးနှင့်ဆိုက ငါးဆယ်သားမျှရှိပါသည်။ ထောင်ဆိုသည်မှာ လူပေါင်းရာထောင်ချီ၍ စားရသော ကိစ္စဖြစ်ရာ သက်ဆိုင်သူ ဆန် တာဝန်ခံထောင်မှူးက ဆန်ပေါင်ချိန်အပြည့် ထုတ်ပေးရိုးမှန်လျှင် များ စွာ ထမင်းပိုပါသည်။ ထမင်းကျန်များကိုပင် ဝက်မွေးသူများကို ထုတ် ရောင်းနေကြရပါသည်။

ယခုဆန်သစ်မှာ ထမင်းမတက်သည့်ထားဦး။ ထမင်းမဝ အောင်တော့ မဖြစ်နိုင်ပါ။ လူဆယ်ယောက်ရှိ အိမ်တစ်အိမ်တွင် ငည် သည့်တစ်ဦးအတွက် အထူးချက်စရာ မလိုသကဲ့သို့ လူထောင်ကျော် သော ထောင်တွင် လူအစိတ်မျှရှိ ရွှေမိုးတို့လူသိုက်သာ မဝဆိုသည်မှာ စဉ်းစားစရာ ဖြစ်လာပါသည်။

သို့နှင့် ထောင်ပိုင်ဗိုက်ပူက ကျွန်တော့်အိပ်ဆောင်မှ အကျဉ်း သားများသာ ဆူသည်ဟုဆိုကာ အပိုဆုအဖြစ် ကျွန်တော့်ကို ထမင်း ချက်ရန် အမိန့်ထုတ်လိုက်ပါသည်။ ထောင်ပိုင်ကြီးသည် ကျွန်တော့်အား အကျဉ်းသားတွေကို မြှောက်ပေးသည်ဟု ထင်နေလား၊ ဒါမှမဟုတ် ကျွန်တော်ကိုယ်တိုင် မွေးထုတ်ထားသည့် အကျဉ်းသားတွေပဲဟု ထင် နေသလား မပြောတတ်ပါ။ ကျွန်တော့်ကို ဒဏ်ပေးပါတော့သည်။

ကျွန်တော်သည် စိတ်ပျက်ပျက်နှင့် ထမင်းလည်း မဆာတော့ ပါ။ အိပ်ဆောင်ရှိ မိမိရုံးခန်းသို့ တစ်လှမ်းချင်း ဝင်လာခဲ့ပါသည်။ အကျဉ်း သားများလည်း အစီစီပွက်သလို အော်နေကြပါသည်။ သို့နှင့် ကျွန်တော





ာ စိတ်ပျက်စွာ ဆောင့်အော်လိုက်ပါသည်။

"ဟေ့လူတွေ ... ထမင်းပြန်ချက်နေပြီ။ အပင်းလျှို့ရတော့ မယ်။ တော်ကြတော့"

ဟု ကျွန်တော်က ဤကဲ့သို့အော်လိုက်မှ ရွှေမိုးခေါင်းဆောင် သောသူတို့ လက်သီးလက်မောင်းတန်းကာ ...

"အောင်ပြီ ... အောင်ပြီ ... တို့တိုက်ပွဲအောင်ပြီ"

ဟု အော်ကြသည်မက ...

"တို့ဒီနေ့ ထမင်းကို စောင့်စားမယ်။ အလုပ်မဆင်းကြနဲ့ တော့"

ဟု အောင်သေအောင်သားစားရဟန် အော်ကြပါသည်။

အကျဉ်းသားများမှာ နံနက် ၁၀ နာရီ ထမင်းစားပြီး ၂ နာရီ အားချိန်ရပါသည်။ ၁၂ နာရီကို အလုပ်ပြန်ဆင်းရပါသည်။ ထိုနေ့ ရွှေမိုး တို့လူသိုက် အလုပ်မသွားကြတော့ပါ။ ကျွန်တော်ကလည်း ထမင်းမဝ သူများကို အတင်းမတိုက်တွန်းရဲပါ။ တိုက်တွန်းက သပိတ်လက်နက် ကို ကိုင်ကြပါဦးမည်။

သို့နှင့် ကျွန်တော်သည် နက်ဖြန်နံနက် ထမင်းချက်ရမည့် အရေးပါတွေး၍ စိတ်ပျက်ပျက်နှင့် တစ်ဖက်ခန်းတွင် ဆူညံနေကြသော သပိတ်မှောက် အကျဉ်းသားများကို ကြည့်နေမိပါသည်။ အထူးသဖြင့် အသေတ်ပုဒ်မ ၃၇၉ ခိုးမှုနှင့် ထောင်ကျပြီး ခြောက်စကိုထောင်နေ သော ရွှေမိုးအား ရိုက်သတ်ချင်စိတ် အမှန်ပေါက်နေပါသည်။ ရွှေမိုး သည် တဟဲဟဲနှင့် ကျွန်တော့်အား အဝေးမှ လှမ်းပြောနေပြန်ပါသည်။

"ဟဲ ... ဟဲ ... ဆရာ ဆာလှပြီ။ ထမင်းမကျက်သေးဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းငါ့ဆီက ထမင်းတော့ရမှာမဟုတ်ဘူး လက်သီးပဲရမယ်"

"ဟဲ ... ဟဲ ... ဆရာက သိပ်စိတ်တိုတာကိုး။ ကျွန်တော်တို့က ဆရာတို့ကျွေးမှ မွေးမှ စားရမဲ့ အဖိနှိပ်ခံ လူတန်းစားတစ်ရပ်ပါ ဆရာ"

"ဟော့ကောင် ... တော် ... တော်ကွာ"

ရွှေမိုးသည် မခံချိမခံသာပြောပြီး ထွက်သွားပါသည်။ ထိုစဉ် အငွေ့တထောင်းထောင်းနှင့် ထမင်းပုံးကြီးကိုထမ်း၍ ဖိုမှ အကျဉ်းသားနှစ်ဦး ကျွန်တော့်ရုံးခန်းသို့ ဝင်လာရာ ထမင်းတကယ်မဝသူ ရောင်တော်ပြန်နှင့်ရော၍ မဝသူများ၊ မြန်မာ့တန်ခိုးနှင့် နှစ်ဆတိုးပြီး ဝိုင်းလာကြပါသည်။ သို့နှင့် ကျွန်တော်က ...

"ကဲ ... ကဲ ... ရွာသားတို့ ရွာသမီးတို့ နောက်ကို ရင်တုန်အောင် နှလုံးတုန်အောင် မူးအောင်ဝေအောင် နောင်ကို မဖမ်းစားကြပါနဲ့တော့။ ကျွေးပါသည်၊ မွေးပါသည်။ စားလှဲ့ကုန် သောက်လှဲ့ကုန်"

ဟု အော်ပြောကာ ကိုယ့်ပန်းကန်ကိုယ် ကိုင်နိုင်းပြီး ထမင်းကို ဝေငှထည့်ပေးနေရာ ရွှေမိုးတို့သည် တပြုံးပြုံး ဖြစ်နေကြပါသည်။ တချို့ကလည်း ကျွန်တော့်အား သူတို့ကို စုန်းတစ္ဆေနှင့် နှိုင်းသည်ဟု ဆိုပြီး သဘောမကျပဲ မျက်နှာရှစ်ခေါက်ချိုး လုပ်နေကြပါသည်။ ထိုစဉ် ရွှေမိုးက ကျွန်တော့်ကို အရေးဆိုပြန်ပါသည်။

"ဆရာ့ညစ္စာ ပို့မဲ့ပို့ ကူးတို့ရောက်အောင်ပို့ပါဆရာ။ ဟဲ ... ဟဲ ..."

ရွှေမိုးသည် ထမင်းဖြူလေးဆုပ်ရင်း ပါးစပ်သို့ထည့်ရာက ပြောလိုက်ပါသည်။

"အေး ... ဘာတုံးကွ"





"ထမင်းချည်းပဲဆိုတော့ ဘယ်ဝါးနိုင်ပါ့မလဲ ဆရာ။ ငါးပိလေး ဘာလေးတောင်းပေးရင် ကုသိုလ်ရပါတယ်"

ကျွန်တော်သည် ရွှေမိုးကို အတော်အမြင်ကပ်ပါသည်။ သို့ရာတွင် ရွှေမိုးတော်တော တစ်ခုရှိပါသည်။ သူသည် မျက်နှာထားကောင်းပြီး ပြုံးပြုံးပြောတတ်သူဖြစ်ရာ မျက်နှာပေးဆိုးသူတို့ထက် တော်သေးသည်ဟု ကျွန်တော်က ယူဆပါသည်။

"ထမင်းဖြူကိုချည်း ဆုပ်စားကြကွာ။ မင်းတို့တောင်းတာ တို့ပေးပြီးပြီ။ မင်းတို့ ဟင်းနဲ့ငါးပိကို ဘာလို့ချန်မထားသလဲ"

ဟုသာ ကျွန်တော်ပြောနိုင်ပါသည်။ သို့ရာတွင် ကျွန်တော်သာ အကျဉ်းသားဖြစ်က ထမင်းဖြူချည်း စားနိုင်မည်မဟုတ်ပါ။ ဒုက္ခပေးသူများအဖြစ် တစ်ပြန်တစ်လှည့် ညှဉ်းလိုစိတ်နှင့် ညှဉ်းလိုက်ပါက အကျဉ်းသားဘဝမို့ စားကြရပေမည်။ အစားကောင်းကို လျှာတရမ်းရမ်းနှင့် ခွေးတစ်ကောင်ကြိုက်သကဲ့သို့ ကျွန်တော်လည်း ထိုခွေးထက်ပင် ကြိုက်တတ်သူဖြစ်ရာ ထမင်းဖြူကို ဆုပ်စားနေကြသော အကျဉ်းသားများကို မြင်ရသောအခါ ကျွန်တော့်ဒေါသသည် ဘယ်ကိုရောက်သွားမှန်းမသိပါ။

ကျွန်တော် တစ်ခါတည်း ထပြေးပြီး ဗိုကြီးမှ ဒမင်းငါးပိကြော်အောက်စပ်စပ် ပုပ်အက်အက်ကို ထမ်းချလာခဲ့ပါသည်။ ဗိုတာဝန်ခံထောင်မှူးက ညနေစာလျှော့နေမည် မပေးနိုင်ဆို၍ စကားပင်များရသေး၏။ ရိက္ခာထောင်မှူးထံမှ တောင်းပေးပါမည်ပြောမှ လက်သီးလောက်တစ်ဆုပ် ဖဲ့ပေးလိုက်ပါတော့သည်။

ရွှေမိုးတို့သည် ပြုံးပြုံးနှင့် စားကြပါသည်။ သူတို့စားနေကြသည်မှာ တောကရင်ပြုတွင် ကာလသားများ အစားပြိုင်နေကြသကဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒဲ့ 'သည့်ပေဦး ...ထည့်ပေဦး' နှင့်လုပ်ကြရာ ထမင်းလည်းကုန်၊ ဟင်းပါလည်းကုန်သည့်သာမက 'နောက်ထပ်ရှာပေး'ဟု အော်ကြပြန်ရာ အကျဉ်းသား၏ အလုပ်အကျွေးဖြစ်သော ကျွန်တော်သည် ဖိုကြီးသို့ တန်းပြေးရပြန်ပါသည်။

သို့ရာတွင် ဒီတစ်ကြိမ် ငါးပိတောင်းရန်မှာ ဖိုတာဝန်ခံထောင်မှူးကို စားထောက်လုယူမှ ရမည်ဖြစ်၍ မတောင်းခဲ့တော့ပါ။ ကျွန်တော်က ထမင်းကို အကျဉ်းသားတစ်ဦးနှင့် ယူလာသည်ကိုမြင်၍ ...

"တော်ပြီ ...ဝပြီ။ ထောင်ကျကတည်းက ဒီနေ့အဝဆုံးပဲ။ အမယ်လေး ...တရားလို အစ်မကြီးရေ၊ ခင်ဗျားကို ကျေးဇူးတင်လိုက်တာ ...ဟဲ ...ဟဲ ..."

ဟုအော်ပြီး ပလုတ်ကျင်းနေသည်ကို မြင်ရသဖြင့် ကျွန်တော်သည် ကျွမ်းသုံးပတ်လောက် ထိုးချင်စိတ် ပေါက်သွားပါသတည်း။

| ၄ |

❑

ဆောင်းတွင်းနံနက် သုံးနာရီ စောစောစီးစီး အိပ်ရာမှ ထလာရသည်မှာ ချမ်းလှပါသည်။ ကျွန်တော်တို့ထောင်အရာထမ်း အမှုထမ်းများ၏ ကာမာဝစရကုသိုလ်ကံသည် ဆိုးလှပါသည်။ များစွာသောဌာနရှိ အမှုထမ်းအရာထမ်းတို့သည် အိပ်ရေးဝအောင် အိပ်ပြီး အေးအေးဆေးဆေး ဆယ်နာရီတွင် ရုံးအလုပ်သွားပြီး ညနေလေးနာရီတွင် ရင်ကော့ပြီး ပြန်ရပါသည်။ အလုပ်ပြီး ရုံးဆင်းပြီးနောက် ရုံးကြီးကို မီးလောင်ပါစေ တာဝန်မရှိကြပါ။

ကျွန်တော်တို့ ထောင်အရာထမ်း၊ အမှုထမ်းများက ဤသို့မဟုတ်ပါ။ နံနက်ငါးနာရီကထပြီး ထောင်ဖွင့်ရန် ဝင်ရပါသည်။ နေ့လယ် ၁၀ နာရီတစ်သိုက်၊ ၁၂ နာရီ တစ်သင်း နှစ်ဆိုင်းခွဲ၍ အိမ်ပြန်ထမင်းစားရန် ၂ နာရီသာအချိန်ရပါသည်။ ၂ နာရီအချိန်မှာ တင်းပြည့်ကျပ်ပြည့်မဟုတ်ပါ။

---



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရုံးခန်းမှ အိမ်သို့အပြန် တံခါးအတန်တန်ကျော်လာရာ၌ တံခါးဖွင့်ရင်း ကုန်သွားသောအချိန်မှာ မိနစ်သုံးဆယ်မျှ ရှိတတ်၊ ကြာတတ်ပါသေးသည်။ ထမင်းစားပြီး တစ်ခါပြန်ဝင်ရပြန်ရာ နေစုတ်စုတ်ဝင်မှ အိမ်ပြန်ရောက်ပါသည်။ လည်ပတ်စရာ အချိန်မရှိတော့ပါ။ ရေချိုး၊ ထမင်းစား၊ အိပ်ရာတန်းဝင်ရန်သာ ရှိပါသည်။ ညအရေးရှိက ထလိုက်ရ၊ ညပတ္တရောင် အလှည့်ကျ ဝင်ရပါသေးသည်။

ကျွန်တော်တို့ ယောကျ်ားတစ်တွေ အိမ်မလည်ရ၊ လမ်းမထွက်ရ၍ စိတ်ညစ်နေကြသော်လည်း အိမ်သူမိန်းမချောတွေက အတော်သဘောတွေ့ဟန်ဖြင့် ဒီအလုပ်သိပ်ကောင်းတယ်။ အိုးမကွာ အိမ်မကွာဆိုတာ ဒီလိုအလုပ်ကိုခေါ်တာဟုပင် ထောပနာပြုကြပါသေးသည်။ ကျွန်တော်တို့ မိန်းမချောများကို များစွာ ဒေါပွမိပါသည်။

ထောင်အရာထမ်း အမှုထမ်းတစ်ဦးသည် သူ၏ မွေးကင်းစကလေးတစ်ဦးအား ခြောက်လမျှကြာသည်အထိ ကလေးအား ခြေဂျောက်ဂျက် လက်ဂျောက်ဂျက်နှင့် ကစားနေသည်ကို မမြင်ကြရပါ။ အကြောင်းမှာ ဖခင်လုပ်သူ ထောင်ထဲဝင်နေချိန် ဒီသတ္တဝါကနိုးနေပြီး ဖခင်အိမ်ပြန်ချိန် ဒီသတ္တဝါက အိပ်နေပြန်ပါသည်။ ဤကဲ့သို့ သားအဖချင်း ခြောက်လမျှကြာအောင်ထိ တစ်အိမ်တည်းနေရင်း လွဲနေကြသောအလုပ်မှာ ထောင်မှူးအလုပ်ဖြစ်ပါသတည်း။

ဒုက္ခများနေရသည့်အထဲက ရွှေမိုးတို့လူသိုက်ကောင်းမှုကြောင့် ကျွန်တော်သည် နံနက်သုံးနာရီတွင် ထောင်ပိုင်ကြီး၏ချိန်းထားချက်အရ ထောင်တွင်းသို့ ထမင်းချက်ရန် ဝင်ခဲ့ရပါသည်။ ထောင်ကြီးတွင် လူတစ်ထောင်ကျော်ရှိ၍ ဤကဲ့သို့ စောစောစီးစီးချက်မှ အချိန်မီ စားရပါသည်။ ထောင်ထုံးစံ နက်နက်စောစော 'ဂန်ဂျီ' ခေါ် ဆန်ပြုတ်ကိုလည်း





အကျဉ်းသားများအား ကျွေးရပါသေးသည်။

ကျွန်တော်သည် ညဦးကပင် ရိက္ခာတာဝန်ခံ ထောင်မှူးထံမှ ဆန်ကို အတွက်ကျ အလေးဖြင့်ချိန်တွယ်၍ လက်ခံထားခဲ့ပါသည်။ သို့ဖြစ်ရာ နံနက်ထမင်းမချက်မီ ကတ္တားနှင့် ပြန်၍ချိန်ပြီးမှ ထမင်းချက်အကျဉ်းသား 'ညမီးလိုက်' ကို အပ်လိုက်ပါသည်။ ညမီးလိုက်မှာ ထောင်ဝေါဟာရဖြစ်ရာ နံနက်မီးမွေး၊ ဂန်ဂျီကျို၊ ပဲပြုတ်ရသူကို ခေါ်ပါသည်။

ညမီးလိုက်ဆိုသူမှာ လူဦးရေကိုလိုက်၍ သုံးလေးဦးသာထားပါသည်။ ထိုသူများပင်လျှင် လွတ်ခါနီးလူများသာ ဖြစ်ပါသည်။ ထောင်ဖွင့်မှ ရှိုးရှိုးထမင်းဖိုအလုပ်သမားများဝင်လာ၍ ညမီးလိုက်များကို အိပ်ခွင့်ပေးလိုက်ရပါသည်။

ထောင်ဥပဒေတွင် လူတစ်ရာအတွက် နှစ်ယောက်သာ ချက်ခွင့်ရှိရာ လူတစ်ထောင်ရှိ ထောင်တွင်း လူ ၂၀ ထမင်းဖိုတွင် အလုပ်လုပ်ပေးရပါသည်။ ထောင်ကြီးများတွင် ဘွိုင်လာရေနွေးငွေ့ဖြင့် ချက်၍ ထောင်ကလေးများမှာ ဒယ်အိုးနှင့် ရိုးရိုးချက်ရပါသည်။

ထောင်ပိုင်ကြီးနှင့် ကျွန်တော် ဆန်ပေါင်ချိန်၊ ရေမည်မျှ၊ မီးပေါင်ချိန်၊ ရေနွေးငွေ့လွှတ်ချိန်၊ ထင်းပေါင်ချိန် အသေးစိတ်မှတ်သားပြီး စောင့်ချက်ရာ ထမင်းကျက်ပါတော့သည်။ ကျက်ပြီးထမင်းကို ခွဲခ၍ ချိန်တွယ်ရာ ၂၉ ဆမရပဲ ထမင်းမှာ ဆန်အလေးချိန်၏ ၂ ဆမျှသာ တက်ပါသည်။ ဆန်သစ်ဖြစ်၍ အနည်းငယ် လျော့သည်တော့ မှန်ပါသည်။

သို့ရာတွင် ကျွန်တော်တို့နှစ်ဦး ကြပ်မတ်ပြီး 'ထမင်းထိုး'ရာ အားလုံး ဝဝလင်လင် ရှိကြပါသည်။ ထမင်းထိုးဆိုခြင်းမှာ ထောင်ဝေါဟာရဖြစ်၍ ထမင်းကို တစ်ဦးစီ ဝေငှပြီးပေးသည်ကို ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသားက ထမင်းလာယူသည်ကို 'ထမင်းဆွဲ' သည်ဟု ခေါ်သည်။ ထမင်းပန်းကန်ကို ထားသည့်နေရာမှ လူတန်းစီ၍ ဆွဲရသဖြင့် ထမင်းဆွဲခေါ်ကြပါသည်။

အားလုံး ဝလင်လင်ရှိကြ၍ ဝမ်းပန်းတသာ ဖြစ်နေကြရာ ထောင်ပိုင်က ကျွန်တော့်အား လှမ်းပြောလိုက်ပါသည်။

"တို့ကိုယ်တိုင်ပေးတော့ ဘာလို့ဝရသလဲ။ အလကား ...ဒီအကောင်တွေ ဆန်သစ်ဆိုရုံနဲ့ ဒုက္ခပေးချင်လို့ ထမင်းမဝဘူးလုပ်ကြတာ"

"ဟုတ်ပါလိမ့်မယ် ခင်ဗျာ။ ရွှေမိုးတို့က ဆီလို အပေါက်ရှာနေကြတာပါ"

ကျွန်တော်နှင့်ထောင်ပိုင်ကြီး နံနက် ၃ နာရီဝင်ပြီး ကြပ်မတ်ခဲ့ရာ နံနက် ၁၁ နာရီမှ ချွေးတလုံးလုံးနှင့် ဖိုထဲက ထွက်ရပါသည်။ ကျွန်တော်တို့ ရှင်လန်းစွာ ဖိုမှအထွက် လူပေါင်းဆယ်ယောက်ခန့်ကို မမျှော်လင့်ပဲ ထမင်းခွက်ကိုကိုင်ပြီး ဖိုဝတွင် တွေ့ရလေရာ ထောင်ပိုင်ကြီး မျက်မှောင်ကုတ်သွားသည်ကို ကျွန်တော် သတိထားမိပါသည်။

"ဟေ့ ...ဘာဖြစ်ကြပြန်တာလဲ"

ထောင်ပိုင်ကြီးက ခါးထောက်ပြီး မေးလိုက်ပါသည်။ အကျဉ်းသားပေါင်းဆယ်ဦးတွင် ရွှေမိုးပါလာသည်ကို မေးရန်မလိုပါ။

"ကျွန်တော်တို့ ထမင်းမဝလို့ပါ ဆရာကြီး"

ထောင်ပိုင်ကြီးသည် သူ၏ကြိုးပမ်းချက် အောင်မြင်ပြီဟုထင်ပြီးမှ ဤကဲ့သို့ လာတွေ့နေရရာ များစွာစိတ်ပျက်ဟန်ဖြင့် ကျွန်တော့်အား စောင်းကြည့်ကာ ...

"အေး ...မနေ့ကထက်တော့ လူနည်းလာပြီ။ ခင်ဗျားပဲ





ကြည့်ကျွေးလိုက်ပေတော့။ ကျုပ်သွားမယ်"

ထောင်ပိုင်ကြီးသည် ဘောက်ဆပ်ဘောက်ဆပ်နှင့် ထွက်သွားပါသည်။ အကျဉ်းသားများသည် ထောင်ပိုင်ကြီးနောက်ကွယ်မှ ကြည့်ပြီး ...

"တို့ဘဘကြီး သိပ်သဘောကောင်းတာပဲ။ ဟဲ ...ဟဲ .."

ဟု ပြောသံ ကြားလိုက်ရပါသည်။

ကျွန်တော်သည် ရွှေမိုးတို့လူသိုက်အား ထောင်ပိုင်ကြီးအမိန့်အရ ကျွေးပြန်ရာ ရွှေမိုးတို့သည် ယခင်အတိုင်း တောရွာရှင်ပြုတွင် ထမင်းပြိုင်စားသကဲ့သို့ ခိုက်ရိုက်ပြီး ပါးဖြန့်ဖြ အတင်းသွတ်ကြပါသည်။ သူတို့သည်စားရင်း တစ်ဦးကိုတစ်ဦး ကြည့်ပြီး ရယ်ကြပါသေးသည်။

"ထမင်းတွေတော့ လွှင့်မပစ်ရဘူးနော်။ စားကြ။ မဝရင်ပြော။ ဘယ့်နှယ် ... ထမင်းမဝဘူးရယ်လို့၊ ကျော်မကောင်း ကြားမကောင်း"

ကျွန်တော်က ရွှေမိုးတို့အား လှမ်းပြောလိုက်ရာ သူတို့သည် တပြုံးပြုံးနှင့် ...

"ဝပြီ ...ဝပြီ ...ကျွန်တော်တို့က သူများလိုမဟုတ်ဘူး။ ဝရင် ဘယ်တော့မှမစားဘူး။ ဟဲ ...ဟဲ ..."

ဟု တစ်ယောက်က ကျွန်တော့်အား မခံချိမခံသာပင် ပြောလိုက်၍ ...

"ဒါပေါ့ကွာ။ ငါ့အိမ်ကခွေးလည်း ဝရင် ဘယ်လိုလုပ်ကျွေးလို့မှ မစားဘူး"

ဟု ကျွန်တော်က အမြင်ကတ်ကတ်နှင့် နက်လိုက်ရာ တချို့က 'ကဲ ...ဘယ့်နှယ်ရှိစ' ဟူသောသဘောဖြင့် ဝရင်မစားဘူးဆရာအား ရယ်ကြပါသည်။ ထိုဆရာသည် ကျွန်တော့်အား တစ်ချက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း လက်ကို ဖင်တွင်သုတ်ပြီး ထွက်သွားပါသည်။ ထိုနေ့ညနေတွင် ထမင်းမဝသူရှိသည်ဟု မကြားရတော့ပါ။

သို့ရာတွင် ထောင်ပိုင်ကြီးက ကျွန်တော့်အား ခေါ်ပြန်ပါသည်။

"ဒီအကောင်တွေ သက်သက်ဒုက္ခပေးချင်လို့ တမင်နှင်းစားနေတာ။ စားကြပစေလေ။ ကြည့်ကြသေးတာပေါ့။ ဒါထက် မင်း နက်ဖြန်လာခဲ့ဦး။ ထမင်းချက်တာ ချွတ်ယွင်းချက်ရှိမရှိ ကြည့်ရအောင်"

ဟု လုပ်ပြန်ပါသည်။

'ဒီလူကြီး သက်သက်ညှဉ်းတာပဲ။ နေ့လည်းမအားဘူး၊ ညလည်းမအားဘူး။ တခြားလူတွေကို တစ်ရက်တစ်လေ ခေါ်ပါဦးတော့'

ဤစကားမှာ ကျွန်တော့်ပါးစပ်မှ ထွက်မလာရဲပါ။ ကျွန်တော်၏စိတ်ထဲတွင် လှည့်ပတ်ပြေးနေကြခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်နှင့်ထောင်ပိုင်ကြီး ကြပ်မတ်ပြီး ထမင်းချက်ရပြန်ပါသည်။ ဒီနေ့တွင် မနေ့ကထက် စေ့စေ့စပ်စပ် ချက်ကြပါသည်။ စေ့စေ့စပ်စပ်ချက်သည့်နေ့တွင်မှ ထမင်းမဝသူငါးဆယ်မျှ ပေါ်လာပါတော့သည်။ ကျွန်တော်ရော ထောင်ပိုင်ကြီးပါ မှိုင်သွားပါတော့သည်။

သို့နှင့် နောက်တစ်နေ့ အပင်ပန်းခံကြရပြန်ပါသည်။ နောက်တစ်နေ့မှာလည်း ထမင်းမဝသူ ယခင်အတိုင်း တွေ့ရပါသေးသည်။ ထမင်းမဝသူများအနက် တခြားသူများမှာ နေ့တိုင်း ဒီလူချည်းမဟုတ်ကြသော်လည်း ရှေ့မိုးတို့ကတော့ ပုံသေကားချ ပါဝင်နေပါသည်။ ထုံးစံအတိုင်း ထောင်ပိုင်ကြီးက ကျွေးပြန်ပါသည်။ တစ်ခါတစ်ရံ ထောင်ပိုင်ကြီးက ...

"ကြာရင် ခက်ရချည်ရဲ့"

ဟု ညည်းလာရပါသည်။ ထမင်းမဝကြောင်း၊ ဆန်မတက်





ကြောင်း၊ ဥပဒေအပြင် ဆန်ပေါင်ပိုထုတ်ပေးရေးအတွက် အကျဉ်းဌာနမင်းကြီးအား အစီရင်ခံရကောင်းမည်လားဟု တိုင်ပင်ကြရသည်အထိ ဖြစ်လာပါသည်။ သို့ရာတွင် တခြားထောင်တွင် ဤကိစ္စမျိုး မပေါ်ပေါက်ဘူးပါလျက် ထူးထူးဆန်းဆန်း တစ်ဦးတည်းသွားတောင်းမိက ဥပဒေအရ စပါးမလှောင်၍သာ ဖြစ်ရသည်ဟု အပြစ်တင်ခံရရန် သေချာပေါက်ဖြစ်နေ၍ မရေးဝံ့ကြပါ။

မှန်းထားသည့်အကျဉ်းသားဦးရေထက် ယခုနှစ် လူတိုးလာ၍ ပေါ်မြန်မြန်ကုန်ရပါသည်ဟု ရေးရမှာကလည်း လူကမတိုးပါ။ သို့နှင့် သဗ္ဗနာမ်ပေါင်းတွေးကြပြီး တွေးမရ၍ ဒုန်ရင်း ထမင်းဖို့ချွတ်ယွင်းချက်ကိုသာ ဆိုက်ရောက်ပြန်သဖြင့် ကျွန်တော်နှင့်ထောင်ပိုင်ကြီး ထမင်းချက်ဝင်ကြရပြန်ပါသည်။

ယနေ့တွင် ထောင်ပိုင်ကြီးက ဘိုင်လာမီးပေါင်ကို စောင့်၍ ကျွန်တော်က ဆန်တစ်လုံးထမင်းတစ်စေ့ မဖိတ်မစင်ရအောင် စောင့်ကြည့်ရပါသည်။

"ကဲ ... ရတဲ့ထမင်းခူးပြီး ပေါင်ချိန်ရအောင်"

ကျွန်တော်က ထမင်းချက်သူအား အော်ပြောလိုက်၍ ထမင်းချက်သူများ ပင်ပန်းကြီးစွာနှင့် ထမင်းခူးကြပါသည်။

"တစ်ဒယ်ကရတဲ့ ထမင်း ဒါပဲလား"

"ဟုတ်တယ်ဆရာ။ ဒါအကုန်ပဲ"

ထမင်းမှာ ရသင့်သလောက်မရ၍ ကျွန်တော်သွားကြည့်ရာ ကျွန်တော် မျက်လုံးပြူးသွားပါသည်။ အကြောင်းမှာ ထမင်းဂျိုးသည် သက်နှစ်လုံးမျှထူနေသည်ကို မြင်တွေ့ရခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထောင်ပိုင်ဝန်သည် အလွန်ဒေါသထွက်ပြီး ထမင်းချက်ဒယ်အိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်များကို တိုက်သို့ပို့ရန် အော်လေတော့ရာ ကျွန်တော်က ...

"သက်သက် ဒုက္ခပေးတဲ့လူတွေ"

ဟုပြောပြီး တိုက်ပိတ်ရန် ဆွဲခေါ်ပါတော့သည်။ ထိုအခါမှ အပြစ်မှ ချမ်းသာပေးပါမည့်အကြောင်းဖြစ်ကြောင်း ရယ်ကုန်စင် ဖြောင့်ချက်ပေးပါလေသည်။ သူတို့၏ဖြောင့်ချက်မှာ ...

"အကျဉ်းသား သပိတ်ခေါင်းဆောင် ရွှေမိုးတို့လူသိုက်က ထမင်းကို ဂျိုးများများကျအောင် ချက်ရမည်။ ဒါမှ ထမင်းထွက်နည်းမည်"

ဟူသတည်း။

ကျွန်တော်နှင့်ထောင်ပိုင်ကြီးတို့ ငါးရက်လုံးလုံး ပင်ပန်းခဲ့သည်မှာ ကျွန်တော်တို့၏ ပေါ့လျော့မှုလည်း ပါပါသည်။ ရှူးပြီးထမင်းကိုသာ ချိန်တွယ်ခဲ့၍ အိုးကို ငုံ့မကြည့်ခဲ့ပါ။ ယနေ့တော့ ချွတ်ယွင်းချက် တွေပြီဖြစ်သဖြင့် ဗိုထဲရှိ ရွှေမိုးတို့ပါတိဝင် ခေါင်းကိုက်ဆေးနှင့် မီးတုတ်တံဆိပ် အကျဉ်းသားများတို့အား အလုပ်ပြောင်းခဲ့ခြင်းဖြင့် အပြီးသတ်လိုက်ပါသည်။

❀ ❀ ❀

| ၅ |

❑

ထမင်းအတွက် စိတ်အေးရပြီဟု စိတ်ချလက်ချ ကျွန်တော်ထိုနေ့ည အိပ်ပျော်သွားရာ သန်းခေါင်အချိန်တွင် ကျွန်တော့်အိပ်ဆောင်မှ အကျဉ်းသားသုံးလေးဦး နေမကောင်း၍ အော်ဟစ်နေကြောင်း လာခေါ်လေရာ ကျွန်တော်သည် ဟစ်လို့သာ ငိုလိုက်ချင်ပါတော့သည်။ ယနေ့နေမကောင်း၍ လာခေါ်ခြင်းမှာ အကျဉ်းသားများ ...

"ဆရာဝန် ခေါ်ပေး ... ခေါ်ပေး ..."

ဟု တစ်ပြိုင်နက်အော်ကြခြင်း မဟုတ်ပါ။ သို့နှင့် တကယ်ဖြစ်နေကြသည်ဟု ယူဆကာ ထောင်ဆရာဝန်အား ခေါ်သွားပါသည်။ အကျဉ်းသားသုံးလေးဦးမှာ ဖင်ဗူးတောင်းထောင်ပြီး တအင်းအင်းနှင့် အော်နေကြပါသည်။ ထိုသူများအထဲတွင် ရွှေမိုးလည်း ပါဝင်နေရာ ...

"ဒီကောင်တွေ တစ်မျိုးလုပ်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပြောကြပါသည်။ သို့ရာတွင် ရွှေမိုးအားကြည့် [illegible] တကယ်ဝေဒနာ ခံစားနေသည်ဟု ကျွန်တော်ကထင်သဖြင့် [illegible] သော့ဖွင့်ပြီး အခန်းတွင်းသို့ ခေါ်ခဲ့ပါသည်။

''ဆရာရေ ... သေတော့မယ် ဆရာရဲ့။ လုပ်ကြပါဦး''

ရွှေမိုးက တအစ်အစ်အော်နေပါသည်။

ဆရာဝန်သည် ဟိုစမ်းဒီစမ်းနှင့်လုပ်ပြီး ဝမ်းဗိုက်ကိုစမ်းလေရာ လူနာလေးဦး၏ဗိုက်များမှာ ဖုံကျက်ထားသကဲ့သို့ တင်းပြီး ဖုံကဲ့သို့ပင်တီး၍ မြည်ကြပါသည်။ ဆရာဝန်က အစာမကြေလို့ပဲဟု မှတ်ချက်ချပါလေသည်။ ထိုအခါ ကျွန်တော် ထောင်မှူးပညာရှိကလည်း ဆက်တွေးလိုက်သည်မှာ ...

''ထမင်းမဝဘူးဆိုပြီး အတင်းဗိုက်ကိုရိုက်စားတာ ဒီအကောင်တွေ ဒိုင်ခံပဲ။ တန်တော့ ... စမြင်းထိုးပြီး အောင့်တာဖြစ်ရမယ်'' ဟူ၏။ ကျွန်တော်သည် ပညာရှိတွေး တွေးပြီး လူနာများအား လူမိုက်မေးမေးလိုက်ပါသည်။

''ထမင်းယူကြဦးမလားဟေ့ ... ထမင်း ... လိုသလောက်ရမယ်နော် ... လိုသလောက်''

ကျွန်တော် ဤကဲ့သို့အော်လိုက်ရာ မာတ်သိအကျဉ်းသားများ တဝါးဝါးရယ်ကြသည်မှာ တစ်ခန်းလုံးဆူညံသွားပါသည်။ ထိုအခါမှ ရွှေမိုးက ...

''ဟုတ်ပါတယ်ဆရာ။ အစာမကြေလို့ ဖြစ်တာပါ''

ဟု မရှိတင်ကဲပြော၍ ဆရာဝန်က ဝမ်းချူပေးလိုက်တော့မှ သက်သာသွားကြပါတော့သတည်း။

| ၆ |

❑

ထောင်ကြီးတစ်ခုလုံးသည် ငြိမ်သက်နေပါသည်။ အတိုင်အတော အဆူအညံမရှိတော့ပါ။ ရွှေမိုးတို့လူသိုက် ပညာအမျိုးမျိုးစမ်း၍ အမျိုးစုံသွင်းခဲ့ရာ မအောင်မြင်၍ နောက်ဆုတ်သွားကြပါသည်။ ထောင်ထဲတွင် ရွှေမိုးတို့ပါတီစကားကို နားထောင်ပြီး မစင်မကျုံးချင်ဘူးဟု ငြင်းသူများပင် ယခင်အတိုင်း မစင်ကျုံးနေကြပါပြီ။

ထောင် အေးအေးလူလူဖြစ်လာသောအခါ ရွှေမိုးတို့ မစားသာတော့ပါ။ တိုင်းပြည်ဆူပူလျှင် သောင်းကျန်းသူတို့ ကောင်းစားသကဲ့သို့ ထောင်ဆူစဉ်က ရွှေမိုးတို့ဘယ်သွားသွား ဆေးလိပ်မငတ်ခဲ့။ ရေပေါ်ဆီကိုပင် စိတ်တိုင်းကျ သုံးဆောင်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခွေးရူးကောင်းစား တစ်မနက်ဆိုသကဲ့သို့ ယခု ရွှေမိုးတို့တွင် နောက်လိုက်မရှိတော့ပါ။ ထိုအခါ ရွှေမိုးတို့ ဝတ်ပါသည်။ အသည်းမလုပ်က တိုက်ပိတ်ခံရပါသည်။ ဆူပူခဲ့စဉ်က ရွှေမိုးတို့ပါတီဝင်များ တိတ်တဆိတ်ကောက်ခံခဲ့ကြသော ပါတီရံပုံငွေ ဆေးလိပ်ကိစ္စတို့ ပျောက်သည်၊ ခြစားသည်ဟုဆိုကာ အချင်းချင်း တုတ်တစ်ပြက်၊ ဓား တစ်ပြက် ဖြစ်လာကြပါသည်။

သို့နှင့် အချင်းချင်း ဝေဖန်ခြင်း၊ ရှုတ်ချခြင်း အစရှိသည်တို့ကို ပေါ်ပေါ်လွင်လွင်ပြောကာ ကွဲပြသွားကြခြင်းဖြင့် အဆုံးသတ်လေရာ ရွှေမိုးသူနိုးကတော့ နင်းပြားဘဝ (ဝါ) အညတြဘဝသို့ ရောက်သွားရှာပါသည်။

"ဘယ့်နှယ်လဲ ရွှေမိုး။ မှိုင်လုချည်လားကွ"

ကျွန်တော်က ရွှေမိုးကို မေးမိပါသည်။

"ဒီလိုပါပဲ ဆရာ။ လုပ်ကြတုန်းကတော့ အတူတူ။ အောင်မြင်မှုမရှိတော့ သူ့ကိုငါအပြစ်မြင်၊ ငါ့ကိုသူအပြစ်ဖို့ ဆိုသလိုပါပဲ။ လောကကြီးက ဒီလိုပါပဲဆရာ"

"ဟဲ ... ဟဲ ... မင်း လောကကြီးအကြောင်းသာ သိတာပါကွာ။ ထောင်အကြောင်း မင်းမသိသေးပါဘူး"

"ဘာဖြစ်လို့တုံး ဆရာ"

"မင်းတို့ထောင်မယ် ဆူဆူပူပူလုပ်ကြတာဟာ အလုပ်မလုပ်ရအောင်၊ ဒါမှမဟုတ် ထောင်က လွတ်ပစ်အောင်ဆိုပြီး လုပ်ကြတာပဲ မဟုတ်လား။ အခုတော့ ဘယ့်နှယ်လဲ"

"ဟဲ ... ဟဲ ... မှန်သင့်သလောက်လည်း မှန်တာပေါ့။ ဒီ ပေးသည့် ထောင်အာဏာပိုင်တွေရဲ့ ဖိနှိပ်မှုကလည်း ပါသေးတာပေါ့





ဆရာ။ ဟဲ ... ဟဲ ..."

"ထောင်အာဏာပိုင်တွေက မောင်တို့ကို ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ ကန်တော့ထားစေချင်ရင် ထောင်ကိုမလာကြနဲ့လေ။ ဘုန်းကြီးရဟန်းလုပ်နေကြပါလား။ အဟတ် ... အဟတ် ... အဟား ..."

"ဟား ... ဟား ... ဟား ... ဒါလည်း စဉ်းစားစရာပဲဆရာ။ ဒါကို ထောင်ကလွတ်မှ စဉ်းစားရမယ်ဆရာ"

"မင်း ထောင်ကလွတ်ချင်ရင် အုတ်ရိုးကျော်တက်ပေါ့ကွ။ သပိတ်မှောက်လို့တော့ လွတ်မယ်မထင်ဘူး"

ရွှေမိုးသည် တဟားဟားရယ်ပြီး ထွက်သွားပါသည်။ သို့ရာတွင် ရွှေမိုးအားကြည့်ရသည်မှာ ပူသည့်နှလုံးကို အပြုံးဖြင့် ဖုံးထားသည်ဟု ကျွန်တော်ထင်မိပါသည်။ ကျွန်တော်သည် ရွှေမိုးအား အလုပ်လုပ်ရာ၊ စားရာအိပ်ရာ အချိန်များတွင် လိုက်၍ အကဲခတ်နေပါသည်။

အကြောင်းမှာ ရွှေမိုးသည် ဉာဏ်သွားသူဖြစ်ရာ တစ်စုံတစ်ခု ကြိတ်ကြံနေသလား။ ဒါမှမဟုတ် ရွှေမိုးတို့အချင်းချင်း အကြီးအကျယ်မတဲ့ ဖြစ်နေကြသည်ဟုလည်း တစ်ဖက်မှ ကြားနေရပြန်ရာ ဓားထိုးပဲခံရမလား၊ မျက်လုံးပဲကန်းမလားဟု စိုးရိမ်မကင်း ဖြစ်နေရပါသည်။

ရွှေမိုးဓားထိုးခံရမည်ကို ကျွန်တော် သနား၍မဟုတ်သည်ကို အတိအလင်း သစ္စာဆိုရဲပါသည်။ သို့ရာတွင် ကျွန်တော်စိုးရိမ်သည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်တော်တာဝန်ယူရသော အိပ်ဆောင်တွင် တစ်စုံတစ်ခုဖြစ်က ထောင်ပိုင်ဗိုက်ပူကြီးသည် ကျွန်တော့်အား အမှန်ဒုက္ခပေးမည်ကို မြင်နေ၍ ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# [ ၇ ]

❑

"ဟေ့ ... လူပေါင်းမကိုက်ဘူး။ ပြန်စစ်ကြပါဦး"

ကျွန်တော်သည် ထောင်ပိတ်တာဝန်ခံဖြစ်နေ၍ လူပေါင်းစာရင်းကို ရေတွက်ပြီး အော်လိုက်ပါသည်။

"ဘယ့်နှယ်လဲ ... တစ်ယောက်လား။ နှစ်ယောက်လား"

ထောင်မှူးတစ်ဦးက မေးနေပါသည်။

"တစ်ယောက်တည်း ... တစ်ယောက်တည်း ..."

"အဲ ... တစ်ယောက်တည်းဆိုရင်တော့ ပြေးပြီထင်တယ်"

"ကဲ ... ရေတွက်တာ မှားပြီထင်တယ်။ တစ်ယောက်နဲ့တစ်ယောက် နေရာချင်းလဲပြီး ရေကြပါဦး"





ကျွန်တော်သည် စိုးရိမ်တကြီးပြောလိုက်ရာ ထောင်မှူးများ အိပ်ထောင်ဆီသို့ တန်းပြေးကြပါသည်။

ထောင်ဓါးထုံးစံတွင် ထောင်ပိတ်ရာ၌ လူတစ်ယောက်လျော့က စိုးရိမ်ရပါသည်။ အကြောင်းမှာ လူရေတွက်ရာ၌ အကျဉ်းသားများအား နှစ်ယောက်တစ်တွဲ ထိုင်နိုင်းပြီး တစ်ပြုံးနှစ်ပြုံး ရေတွက်မြဲဖြစ်ရာ၊ နှစ်ယောက်လျော့က ရေတွက်ရာတွင် မှားရှုပ်ဖြစ်နိုင်သည်ဟု ယူဆနိုင်ပါသည်။ တစ်ဦးလျော့က မျက်လုံးပြူးရပါသည်။

ထောင်မှူးများ နေရာချင်းလဲပြီး ရေတွက်ကာ ပြန်လာကြပါသည်။ ကျွန်တော်က လူစာရင်းကို အခန်းလိုက် ထပ်၍စစ်ရာ ကျွန်တော် ခေါင်းကိုခါလိုက်ပါသည်။ စာရင်းမကိုက်ပါ။ တစ်ယောက်လိုမြဲလိုနေပါသည်။

"ကဲ ... ဒီနေ့တော့ ဘယ်သူကျွေးရမလဲဟေ့၊ စားချင်လှပြီ၊ စားချင်လှပြီ"

တစ်ဦးသောထောင်မှူးက အော်လိုက်ရာ အားလုံးက ဝါးခနဲ ရယ်လိုက်သံကို ကြားရပါသည်။ ကျွန်တော်မှ မရယ်နိုင်ပါ။ အော်လိုက်သောထောင်မှူး ဆိုလိုခြင်းမှာ လူပေါင်းရေတွက်ရာ၌ မှားယွင်းသောသူမှာ ငွေတစ်ဆယ်ခန့် ကျွေးရပါသည်။ လူတစ်ဦးမှားက တစ်နာရီခန့် ပိုကြာတတ်ရာ အချင်းချင်းဒဏ်တစ်သော သဘောတူနည်းဖြစ်ပါသည်။

လူပေါင်းမကိုက်၍ ထပ်မံပြီး ရေတွက်နိုင်းပြန်ရာ ရောမကိုက် အသားမကိုက် ဖြစ်နေပြန်ပါသည်။ သို့နှင့် အခန်းရှိ လူပေါင်းချင်းနှင့် တစ်ဦးချင်းနာမည်ကို ခေါ်စစ်ရသောအခြေသို့ ရောက်သွားရာ နေထိုင်းလုံးပျောက်ကာ ညီမှန်းအစ်ကိုမှန်း မသိချိန် - ဆိုင်းရောက်လာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရွှေမိုးကို မတွေ့ဘူးခင်ဗျ။ ရွှေမိုး ... ရွှေမိုး"

"ဟာ ..."

ကျွန်တော်၏ပါးစပ်သည် ထောင်မှူးတစ်ဦးအော်သံ၏ အဆုံးတွင် တစ်တောင်မျှ ဟသွားပါသည်။

"ဒီကောင် ... တွေ့ရင်တော့ အသေကိုရိုက်သတ်မယ်။ အပြင်မယ် သူ့ခိုး။ ထောင်ထဲရောက် နိုင်ငံရေးသမား။ တွေ့စမ်းပါစေကွာ"

"မင်းအဘက အိမ်ရောက်သွားလို့ ကလေးတစ်ယောက်တောင်ရရော့မယ်။ မင်းကြိမ်းနေတာ အပိုပဲကွ"

ဝါဒါနှစ်ဦးပြောသံကို ကြားရပါသည်။

ကျွန်တော်သည် ဝါဒါတစ်စုလျှင် ထောင်မှူးတစ်ဦးကျ ခေါင်းဆောင်စေပြီး လူလေးငါးခြောက်အုပ်ခွဲ၍ ထောင်တွင်း၌ နေရာအနှံ့ ရှာဖွေရန်နိုင်းလိုက်ပြီး လူတစ်ယောက်ပျောက်နေကြောင်းကို ထောင်မှူးကြီးအားသွားတိုင်ကာ ထောင်တွင်းသို့ ပြန်ဝင်ခဲ့ပါသည်။ ထောင်တွင်း၌ တွေ့ရှိက မရိုက်ကြရန်လည်း သတိပေးလိုက်ရပါသေးသည်။ ကျွန်တော်မှာ အုတ်ရိုးတစ်လျှောက် စစ်ဆေးပြီး ထောင်တစ်ပတ် လျှောက်ကြည့်နေပါသည်။

ထောင်ကြီးအုတ်ရိုးပေါ်တွင် တစ်ချပ်ပေါ်တစ်ချပ်တင်၍ထားသော အုတ်ခဲလွတ်များကို သတိပြုမိကြလိမ့်မည် ထင်ပါသည်။ ၎င်းအုတ်ခဲများမှာ အလှတင်ထားသည်မဟုတ်ပါ။ အကျဉ်းသားများ အုတ်ရိုးကိုကျော်က တည်းတည်းကလေးတင်ထားသော အုတ်ခဲများကျကျန်၍ ဘယ်နေရာက ထွက်ပြေးမှန်းသိအောင် တင်ထားခြင်းဖြစ်ပါသည်။

ကျွန်တော်သည် အုတ်ရိုးတစ်ပတ် လျှောက်ကြည့်ပြီးဖြစ်သော်





သည်။ လျှပ်စစ်မီးလုံးများလည်း တစ်တောင်လုံး ထိန်ထိန်လင်းနေပါသည်။ အခါတိုင်း အိပ်တန်းတက်ပြီးအချိန် အကျဉ်းသားများ ကြွက်စီကြွက်စီ စကားဆူညံလေ့ရှိသော်လည်း ယနေ့ တိတ်ဆိတ်လှပါသည်။ ရွှေမိုး၏ကံကြမ္မာကို အကျဉ်းသားများက ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေကြသလား မသိပါ။

အကျဉ်းသားများ အိပ်ခန်းဝင်သည်ကို ထောင်စကားအရ 'အိပ်တန်းတက်သည်'ဟု ခေါ်ပါသည်။ မနက်အိပ်ရာထကို 'အိပ်တန်းဆင်း' ဟု ခေါ်ပါသည်။ ထောင်ဟူသမျှ ဤကဲ့သို့ ထူးထွေယဉ်ကျေးသော စကားကို သုံးကြပါသည်။ ဤဝေါဟာရမှာ ရှေးပဝေသဏီကပင် ခေါ်သာကြရာ ထောင်ကျသည်နှင့်တစ်ပြိုင်နက် လူသည် လူစင်စစ်မှာ ဘာကောင်လိုလို၊ ညာကောင်လိုလို ဖြစ်သွားသလားထင်ရပါသည်။ သို့ရာတွင် အပြစ်တင်၍တော့ မဖြစ်ပါ။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ခေါ်နေကြခြင်းသာဖြစ်ပါသည်။

ထောင်မှူးများ၊ ထောင်ဝါဒါများသည် ထောင်တွင်း ဟိုချောင်ဒီချောင် တောခြောက်သကဲ့သို့ တုတ်နှင့်တွေ့ကရာ ထုထောင်းပြီး ကြောက်စရာအော်ဟစ်ဆူညံနေပါသည်။ တောထဲတွင် သားကောင်တစ်ကောင်ကို ဝိုက်ထောင်ပြီး ဆူညံစွာ ခြိမ်းခြောက်မောင်းထုတ်ကြသည်ကို တောခြောက်လိုက်သည်ဟု ခေါ်ပါသည်။

ထိုနည်းတူစွာ ရွှေမိုးသားကောင်ကို ထောင်မှူးဝါဒါမုဆိုးများက ပုန်းနေရာမှထွက်လာအောင် မောင်းထုတ်နေကြသည်မှာ တကယ်အသည်းယားစရာ ကောင်းပါသည်။ သူတို့ကိုလည်း အပြစ်မဆိုသင့်ပါ။ တာဝန်ရှိသူများသာဖြစ်ပါသည်။

ထောင်မှူးဝါဒါအလုပ်မှာ ရာဇဝတ်ကောင်ကို ကြိုးပေးသတ်



www.burmeseclassic.com

www.burmeseclassic.com



ရသည်အထိ ဝတ္ထုရေးနိုင်ကြရာ ဤကဲ့သို့ ဝတ္ထုရေးကို ဆောင်ရွက်ခဲ့သူ များသော မရှိပါက ယခု စာဖတ်သူပင် လူဆိုးကို ဖန်ပေါင်းချောင်နှင့် ထည့်ပြီး ကိုးကွယ်ရက်ိန်း ကြုံသွားလိမ့်မည်ဟု ထင်ပါသည်။

ထောင်မှူးကြီးမျက်ပြူးနှင့် ထောင်ပိုင်မိုက်ရွှဲတို့ ထောင်တွင်းသို့ ဝင်လာကြပြီး ခရီးရောက်မဆိုက် အော်သံကို ကြားရပါသည်။

"ဘာပဲဖြစ်ဖြစ် မင်းအိပ်ဆောင်ကပဲ ဖြစ်တာပဲ"

ထောင်မှူးကြီးက ကျွန်တော့်ကို အော်လိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် စိတ်ပျက်ပျက်နှင့် အကျဉ်းသား မီးလွှာ (အိမ်သာ) တွင်း၌ ရှာဖွေနေကြသောလူစုကို ကြည့်နေမိစဉ် ...

"တွေ့ပြီ ... တွေ့ပြီ။ ချပေ့ ... ဆော်ပေ့"

"ဖုန်း ... ဒိုင်း ..."

"အမယ်လေး ..."

အစရှိသောအသံကို ရုတ်တရက် ကြားရသဖြင့် ပြေးလိုက်သွားပါသည်။

ရွှေမိုးသည် သွေးသံရဲရဲနှင့် ကျွန်တော့်ထံ အတင်းပြေးဝင်ပြီး ...

"ဆရာ ... ဆရာ ... ကျွန်တော့်ကို ကယ်ပါဦးဆရာ"

ဟု ခြေထောက်ကိုပြေးဖက်ရာ ကျွန်တော်က တပေါ်းပေါ်း အော်နေသည့်အထဲမှ ရွှေမိုးကျောပေါ်ကို တုတ်တစ်ချက် နှစ်ချက် ကျပါသေးသည်။ သို့နှင့် ရွှေမိုးကို ကျွန်တော် ခွစီးပြီး လက်ကာထားရ တုတ်ကိုင်သူများက ...

"ဖယ်ပေး ... ဖယ်ပေး ..."

ဟု ဝိုင်းအော်ကြသော်လည်း ကျွန်တော်က ...





"တော်ပါပြီ။ တော်ကြတော့"

ဟု ကုန်းအော်သူဖြင့် မချင့်မရဲနှင့် ကျွန်တော်နှင့်ရွှေမိုးအား ဝိုင်းထားကြစဉ် ထောင်ပိုင်နှင့် ထောင်မှူးကြီးတို့ ရောက်လာကြ၍ ရွှေမိုးအား တိုက်ထဲသို့ခွဲခေါ်သွားပြီး ပိတ်ထားလိုက်ရပါသည်။

ရွှေမိုးသည် မျက်စိကန်း တစ္ဆေမကြောက်ဟုပဲ ပြောရမှာလား၊ သို့မဟုတ် ထောင်ပါးဝပြီး ထင်ရာလျှောက်လုပ်သလားတော့ မသိပါ။ ယခင်က ဒဏ်များကိုပါ ယခုခံရသည်ဟု ကျွန်တော်ထင်ပါသည်။

ရွှေမိုးပုန်းနေပုံမှာလည်း အလွန်ထူးဆန်းပါသည်။ အိမ်သာအနီး အမှိုက်သရိုက်မြှုပ်ရန် လူတစ်ဝပ်စာခန့် တူးထားသော တွင်းတစ်တွင်းရှိရာ ၎င်းတွင်းထဲ ဝင်အောင်းနေပြီး အပေါ်က မီးလွှာအိမ်ရှိ သွပ်ပြားစုတ်တစ်ခုဖြင့် ကိုယ့်ကိုယ်ကို ဖုံးထားခြင်းဖြစ်ပါသည်။ သူ၏စိတ်ထဲတွင် လူပေါင်းများစွာရှိသည်ကို တံခါးပိတ်ပစ်ခဲ့ရုံနှင့် ထောင်စိတ်ပြီးသည်ဟုထင်သလား မပြောတတ်ပါ။

ရွှေမိုးခေါင်းခေါင်းတွင် ဒဏ်ရာသုံးခု ရရှိသွားပါသည်။ ထောင်ဆေးရာဝန်က ဆေးထည့် ပတ်တီးစည်းစဉ်က ရွှေမိုးက စပ်ရှိအော်ရာ ငိုအခါမှ ကျွန်တော်က သေးကို ကန်ချင်စိတ်ပေါက်သွားပါသည်။

"ဟေ့ကောင် ... တော်ကွာ ... နားညည်းတယ်။ မင်းဘာစိတ်ကူးနဲ့ ဒီလိုလုပ်ရတာလဲ"

ကျွန်တော်က အော်လိုက်ပါသည်။

"ကျွန်တော့်ကို ထောင်ဝင်စာလာတွေ့မဲ့လူလည်း မရှိပါဘူးဆရာ။ ဝတ်လှန်းလို့ ကြံမိကြံရာလုပ်တာပါ"

"မင်းတို့ပါတီဝင်တွေ ဒီအကြံထဲပါသေးလား"

ကျွန်တော် မေးသောအခါ ရွှေမိုး ဘာမျှပြန်မပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောကွာ။ ထောင်းထည့်လိုက်မယ်"

"ကျွန် ... ကျွန်တော်ပြောပါ့မယ့် ဆရာ။ တခြားလူဆိုရင်တော့ ကျွန်တော် မပြော ... မပြောပါဘူး။ ဆရာက ကျေးဇူးရှင်ဖြစ်လို့ ပြောပါ့မယ်"

"အေး ... ပြောကွာ"

"ကျွန်တော်ဟာ ရိုးရိုးခိုးစားတဲ့လူပါ။ ထောင်တွင်းရောက်မှ အခြေအနေအရ ပါတီထဲ ဝင်လိုက်တာပါ"

"ဘာပါတီလဲကွာ"

"ထောင်တွင်း ဒေ-သ-ပါတီလို့ ခေါ်ကြတယ်ဆရာ"

"ဪ ... ဪ ... မင်း တခြားထောင်တွေမှာလည်း ဒီဒေသပါတီရယ်လို့ ရှိကြသလား။ ရည်ရွယ်ချက်က ဘာလဲ"

"တခြားထောင်ကိုတော့ ကျွန်တော် မသိခဲ့ရပါဘူး။ ဒီထောင်က နားလည်မှုလေးဘာလေးရှိတော့ အနေချောင်လို့ လုပ်နိုင်တာပေါ့ ဆရာ။ ဒီပါတီရဲ့ရည်ရွယ်ချက်က ဘာလဲတော့မသိဘူး။ ပဒိုပကွဲ့ရှိမှ တိုးတက်တယ်ဆိုလား။ ဒေသပါတီကို အပြင်ပါတီနဲ့ ချိတ်ဆက်လုပ်ထားတယ်လို့ဆိုတယ်'

"ဟောဗျာ ... ဘယ်သူက ဆက်ပေးသလဲကွ"

"ဆရာတို့ လခစားတွေလည်း ပါတာပဲ။ ထောင်ဝင်စာနဲ့ လူချင်းမသိပဲလည်း တွေ့ကြတာပဲ"

"ဟောဗျာ ... ဟောဗျာ ..."

"နို့ ... မင်းထွက်ပြေးတာက ပါတီကခိုင်းသလား"

"ခိုင်းတယ်။ ထောင်ရဲ့တည်နေပုံ အနေအထားကို ပုံဆွဲပြီး ကျွန်တော့်ကို ရဲဘော်သန်းကလေးက ပေးတယ်"





"ဒါ ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော်ပြေးနိုင်ရင် ယူသွားပြီး သန်းကလေးရဲ့မိန်းမကို သွားပေးလိုက်ပါတဲ့။ ကျွန်တော့်ရဲ့နောင်ရေးကို ပါတီက လုံးဝတာဝန်ယူလိမ့်မယ်လို့ဆိုတယ်"

"သူတို့ပြောတိုင်း မင်းက လုပ်ရသလား။ အခုခံရတော့ ဘယ်သူနာသလဲ။ မင်းထောင်မြေပုံ ဘယ်မှာလဲ"

"ထောင်မြေပုံကတော့ ကျွန်တော့်ကိုမိတဲ့နေရာမယ် မြှုပ်ပစ်ခဲ့တယ်။ ကျွန်တော်ကလည်း စိတ်ညစ်တော့ မထူးဘူးဆိုပြီး ဗွန့်တာပါပဲ"

"ဪ ... ဪ ... မင်းအုတ်ရိုးကို ဘယ်လိုတက်မလဲ"

"ကြိုးနဲ့ချိတ် အဲဒီတွင်းထဲရှိတယ်ဆရာ။ ရက်ကန်းရုံက ချည်တွေကို လုပ်ပေးထားတယ်"

ကျွန်တော်သည် ဖြစ်ကြောင်းရယ်ကုန်စင်ကို ထောင်မှူးကြီး၊ ထောင်ပိုင်အားပြောပြရာ ကြိုရာပါ သုံးလေးယောက်အား ကြိမ်ဒဏ် (၂၀)ကျစီ ခပ်နာနာ ဆော်ထည့်လိုက်ခြင်းဖြင့် ထောင်တွင်းသောင်းကျန်းသူ အမျိုးမျိုးတို့သည် ဝပ်သွားကြပြန်သတည်း။

www.burmeseclassic.com

[ ၈ ]

❑

တိုက်ထဲမှထွက်လာသော ရွှေမိုးသည် ဦးထုပ်နီကလေးတစ်လုံး ဆုအဖြစ် ရရှိသွားပါသည်။ ထောင်တွင်း၌ အကျဉ်းသားများ၊ အဆင့်အတန်းအလိုက် ဦးထုပ်သုံးမျိုးရှိပါသည်။ ဦးထုပ်ဖြူမှာ ကင်းသမားဖြစ်၍ ညစဉ်အခန်းတွင်း၌ အိပ်ဖန်စောင့်ရပါသည်။

စံပြထောင်များတွင် ကင်းသမားမှာ တစ်လလျှင် လျှော့ရက် (၆)ရက်ရ၍ ပုံစံထောင်တွင် (၅)ရက်ရပါသည်။ ကင်းသမားထက်ကြီးသူမှာ အလုပ်ခေါင်းဆောင်ဟုခေါ်ပါသည်။ ပုံစံထောင်တွင် ရင်းကိုတန်းစီးဟုခေါ်ပါသည်။ ထိုသူ၏အဆင့်အတန်းမှာ ပုံစံထောင်၌ လျှော့





ရက်တစ်လလျှင် (၆)ရက်ရ၍ စံပြထောင်တွင် (၈)ရက်ရပါသည်။ ဦးထုပ်မှာ အနက်ဖြစ်ပါသည်။

သို့ရာတွင် စံပြထောင်ရော ပုံစံထောင်များ၌ ယခုအခါ ဦးထုပ်များကို မဆောင်းစေတော့ပါ။ ဦးထုပ်ပုံမှာ ပွဲထဲမှ ရသေ့ခေါက်ချာနှင့်တူပါသည်။ ရသေ့က အပြားလိုက်စွပ်၍ အကျဉ်းသားက နဖူးတဲ ဂန္ဓီဦးထုပ်ကဲ့သို့ ဆောင်းရပါသည်။

ဦးထုပ်နီမှာ ဘာအဆင့်အတန်းမှမဟုတ်ပါ။ ထောင်ထုံးစံအရ ထောင်မှထွက်ပြေးဖူးသူနှင့် ထောင်မှပြေးရန် ကြံစည်သူများကို ရိုးရိုးအကျဉ်းသားများနှင့် ခွဲခြား၍သိအောင် ထိုသို့သိခြင်းဖြင့် ဂရုစိုက်ကြည့်နိုင်ရန် အပြစ်ပေးထားခြင်းသာ ဖြစ်ပါသည်။

ဦးထုပ်နီဆောင်းရသော ရွှေမိုးသည် ယခင်စည်မျက်နှာကဲ့သို့ ဆင်းသောမျက်နှာပေး မဟုတ်တော့ပါ။ သနားစရာရွှေမိုး၊ ဖြစ်နေပါသည်။ ထောင်မှူးကြီးက ရွှေမိုးအား တိုက်မှထွက်ရသော်လည်း တိုက်ခင်းမှမထွက်ရဟု အမိန့်တော်ရှိလေ၍ ရွှေမိုးမှာ ဆေးဝါးငတ်ရှာပါသည်။

ကျွန်တော်သည် ခရီးသွားဟန်လွဲ တိုက်ဖက်သို့ တစ်ခါတစ်ခါ ရောက်သွားရာ ရွှေမိုးသည် ကျွန်တော်ဝင်လာတိုင်း ဗျာများသလဲဖြစ်နေပါသည်။ တစ်နေ့ ကျွန်တော် ရွှေမိုးအား ယခင်အဖြစ်အပျက်ကို သတိရ၍ မေးမိပါသည်။

"နေပါဦး ရွှေမိုးရဲ့ မင်းက သူများကပြေးပါဆိုတိုင်း ပြေးရရောလား။ မင်းလွတ်သွားရင်ကော အေးအေးဆေးဆေး အိမ်မှာနေနိုင်သလား"

"ကျွန်တော့်ဘဝက မထူးပါဘူးဆရာ။ ဒါနဲ့ စိတ်ညစ်လို့ထင်ခီထင်ရာ လုပ်တာပါ။ ထောင်က အခုတလော အရင်လို မစားသာ



www.burmeseclassic.com

www.burmeseclassic.com



တော့သူ။ ကျွန်တော်တို့ရောက်စကတစ်မျိုး နောက်တော့တစ်မျိုး ဖြစ်ထားတယ်"

"ဘယ်လိုတုံးကွ"

"ဟဲ ... ဟဲ ... ရောက်စတုန်းက ဟန်ရေးပြလို့ကောင်းသား။ နောက်တော့ ဆရာက ကျွန်တော်တို့ကိုချည်းလိုက်နေတော့ လူရှော်ကွဲကုန်တာပဲ"

"ဟ ... မလိုက်ပဲ မင်းတို့လုပ်တာကြည့်နေရင် လူကောင်းတွေက မင်းတို့လို သောင်းကျန်းတဲ့လူကို ခေါင်းပေါ်တင်ထားရမလား။ မင်းတို့ဆယ့်လေးငါးယောက် ဒုက္ခပေးတာနဲ့ အကျဉ်းသားလူကောင်းတွေ ကသိကအောက်နဲ့ ဖြစ်ကုန်ဝံ့တာတော့ ကောင်းသလား။

မင်းတို့က စံပြထောင်ပဲ ဟိုလိုဖြစ်ရမယ်၊ ဒီလိုမဖြစ်ရဘူးလို့ လက်ညှိုးထိုးစီရင်နေကြတာ အစိုးရရဲ့ ကောင်းတဲ့ရည်ရွယ်ချက်ဟာ ဘယ်လိုလုပ် အကောင်အထည် ဖြစ်လာတော့မလဲ။ အစိုးရလုပ်နေတာဟာ အစိုးရအကျိုးမဟုတ်ဘူး။ မင်းတို့ကိုယ်ကျိုးပါကွ။ ဒါနဲ့ မင်းဘဝမှာ တာက ဘာကိုပြောတာလဲဟင်"

ကျွန်တော်သည် ရွှေမိုးအား အောင်နိုင်သူတစ်ဦးအဖြစ် ရဲရဲ တင်းတင်းပြောနေရာ ရွှေမိုးက ကျွန်တော်ပြောသည့်စကား၏ အဓိပ္ပာယ်ကို နားလည်သည် နားမလည်သည် မသိရသော်လည်း မျက်နှာမှာကား ယခင်ကနှင့် လုံးဝမတူတော့ပါ။ သူသည် ကျွန်တော့်ရှေ့ ဆောင့်ကြောင့်ကလေးထိုင်ချလိုက်ပြီး မြေကြီးကိုသာ လက်ညှိုးနှင့် ကုတ်ခြစ်နေပါသည်။

"မင်းဘဝဟာ နိုးရင်ထောင်ကျမယ်။ ဒါဟာဆန်းလား"

"နိုးချင်တယ်လို့ ဘယ်ဟုတ်မလဲဆရာ။ နိုးရင်ထောင်ကျမယ်ဆိုတာ သိသားပဲဟာ"

"ဟေ ... ဒါတောင် နိုးရသေးလား"

"ကျွန်တော့်အဖြစ်က ဒီလိုပါဆရာ။ ဆရာယုံချင်လည်းယုံ၊ မယုံချင်လည်း နေပါ။ ပြောတော့ ပြောပါရစေ"

"ကဲ ... လုပ်စမ်း။ နားထောင်ရအောင်"

www.burmeseclassic.com

## | ၄ |

❑

မမြမေသည် မိုးဦးကျ အိမ်ထောင်ကျခဲ့ပြီး နောက်တစ်နှစ် မိုးဦးကျ မိုးဖြိုင်ဖြိုင်ရွာသွားစဉ် သားဦးလေးကို အမယ်လေး အဘလေး မတရပဲ လယ်ကန်သင်းတွင် မှိုနတိုကောက်ရင်း လွယ်လင့်တကူ မွေးဖွားခဲ့လေသည်။ သို့နှင့် သူမသည် သားဦးကို ချစ်စနိုးနှင့် ရွှေမိုးဟု ခေါ်တွင်စေခဲ့၏။

သူမ၏ခင်ပွန်း ချစ်ထွေးမှာ လယ်ကူလီတည်း။ မမြမေမှာ မိဖရှိသူမဟုတ်။ ဘွားအေက စောင့်ရှောက်ကြီးပြင်းလာရပြီး အိမ်ထောင်ကျသည်နှင့် တစ်ပြိုင်နက် ဘွားအေဆုံးသွားရာ ဤလောကတွင် မမြမေ





မှာ ဆွေမျိုးဟူ၍ လက်ညှိုးထိုးပြစရာ မရှိရှာတော့ပါ။ လင့်တစ်မျက်နှာ ထက်ရှာသာ ထင်နေခဲ့ရရှာသူဖြစ်လေသည်။

မမြမေသည် သုံးနှစ်အကြာတွင် ရွှေမိုးအား ညီမလေးတစ်ဦး မွေးပေးလိုက်လေသည်။ ရွှေမိုး၏ညီမ စိန်မိုး ငါးနှစ်သမီးအရောက်တွင် မမြမေ လူ့လောကကြီးမှ မှိုနတိုချူးရင်း မြွေကိုက်ခံရပြီး ထွက်ခွာသွားသဖြင့် ကိုချစ်ထွေးမှာ သားကလေး ၈ နှစ်သား ရွှေမိုး၊ သမီးကလေး ၅ နှစ်သမီး စိန်မိုးနှင့် ပရိဒေဝမီးတောက်လောင်ကာ ကျန်နေခဲ့ရှာ၏။

ထိုအခါ ကိုချစ်ထွေးအား များစွာ ကရုဏာသက်သော အိမ်နီးချင်းသုံးလင်သေမိန်းမ မစိန်ခင်က ချစ်ထွေး၏ပရိဒေဝမီးကို ထန်းရည်အေးအေးနှင့် နေ့စဉ်လောင်းပေးရာမှအစ ဘုန်းကြီးရှူး ချစ်ထွေးနှင့် စိန်ခင်လှေလှူးတို့ ပုဆိုးကိုတန်းမတင်ပဲ အကြင်လင်မယားဘဝသို့ ထန်းရေမူးရင်း ရောက်ကုန်ကြလေသည်။

ရွှေမိုး၏မိထွေး စိန်ခင်သည် ကိုချစ်ထွေးအား ချစ်လွန်း၍ ထန်းရည်မှတစ်ဆင့် နေ့စဉ် ချက်အရက်တိုက်နိုင်ရန် စီးပွားရေးတစ်ခု ကြံဆရှာသည်။ သူမ၏စီးပွားရေးမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်၏။ ထိုစီးပွားရေးမှာ ကောက်ညှင်းထုပ် ပြုတ်ရောင်းခြင်းဖြစ်ရာ အလိုလိုကျွေးထားရသော လင်ပါသားနှင့် သမီးတို့မှာလည်း ရွာနိုးကိုးပေါက် လျှောက်ရောင်းရသော ကောက်ညှင်းထုပ်သည်ကလေးများ ဖြစ်ကုန်ကြလေသည်။

ဤသို့ နေထိုင်လာလိုက်ကြရာ ကိုချစ်ထွေးမှာ မယားမစိန်ခင် တိုက်သော အရက်ခွက်မှအပ သားမှန်းလည်းမသိ၊ သမီးမှန်းလည်းမသိတော့။



www.burmeseclassic.com

www.burmeseclassic.com



၁၀ နှစ်သမီး စိန်မိုးက ထမင်းချက်၊ ထဘီလျှော်၊ သနပ်ခါးသွေး။ ၁၃ နှစ်သား ရွှေမိုးက ထင်းခွဲရေခပ်၊ ကောက်ညှင်းထုပ်ရောင်း။ မစိန်ခင်ကြီးက လက်မောင်းလောက်ကြီးသော ပြောင်းဖူးဖက်လိပ်ဖြင့် ထမင်းဟင်းစားပြီး မီးခိုးတလောင်းလောင်းနှင့် ဖိန်ခံတစ်ရေးအိပ်။ အိပ်ရာကထ စိန်မိုးက နင်းနှိပ်ပေးခြင်းပြီးစီးက ရွှေမိုးခပ်သည့်ရေကိုချိုး။ စိန်မိုးသွေးသည့် သနပ်ခါးကိုလိမ်း။ ကိုချစ်ထွေးချူပေးသည့် ထမင်းကို စား။ လင်မယားလက်ဆုံ စား၍ ထမင်းမြိန်သောနေ့တွင် ထမင်းမလောက်က ရွှေမိုးနှင့်စိန်မိုး အိုးကပ်ခွက်ကပ်ခြစ်ချက်ပြီး စားမဝသေးက ရေကို သောက်အိပ်ကြ။

၁၃ နှစ်သမီး စိန်မိုးသည် ကိုယ်လက်ဖွံ့ဖြိုးလာစဉ် ရွှေမိုးသည် အိမ်သို့မကပ်ရတော့ပေ။ ပိုက်ဆံမိုးသည်၊ လုံချည်ပျောက်သည် ဟုဆိုကာ 'ငါမိထွေးမို့ လုပ်ရက်လေခြင်းဟဲ့။ ငါတစ်သက်လုံး ကျွေးမွေးလာပြီး ငါ့ကို ပမာမခန့်ဘူး' ဟု အော်ကြီးဟစ်ကျယ်ငိုယိုပြီး အရပ်ကိုတိုင်ရာ ဖခင်ဖြစ်သူ ဟိုလူကြီးက ရွှေမိုးအား ထင်းပေါက်စနှင့်ကောက်ပစ်ပြီး အပြီးတိုင်နှင်လွှတ်၍ ရွှေမိုးသည် ရဲဘော်ဦးထုပ်ကိုဆောင်းထားသော လူတစ်ဦးနောက်သို့ ကောက်ကောက်ပါ လိုက်သွားခဲ့ရလေသည်။ အမှန်မှာ မစိန်ခင်၏ ထွင်လုံးပေတည်း။

ရွှေမိုးမရှိမှ မစိန်၏အကြံသည် အောင်တော့သည်။ ရန်ကုန်မှ ကြက်ကုလားကို ခေါ်တော့သည်။ မစိန်ခင်အား ငွေအထပ်လိုက်ကန်တော့၏။ ခဏခဏလာတိုင်း ကန်တော့၏။ ကိုချစ်ထွေးကလည်း ချောင်းတဟွတ်ဟွတ်နှင့် ရောဂါရ၍ အိပ်ရာတွင်လဲသည်အထိ အရက်သောက်ရ၏။

ထို့နောက် ခြောက်လခန့်အကြာ မစိန်ခင်ကြီး ဟစ်၍ငိုသံ





တစ်ရွာလုံးတွင်မက သောင်းကျန်းသူနယ်မြေတွင် ကြက်ထိန်းဖြစ်နေရှာသော ရွှေမိုးပင် ကြားရလေတော့သည်။ မစိန်ခင်ကြီး ပရုပ်ဆီကို ချက်လုံးတွင်ပွတ်၍ ငိုသော ငိုချင်းမှာ . . . 'ငါမိထွေးမို့ ကုလားကိုမယူခိုင်းဟယ်ဆိုတာ မရဘူး။ အခုတော့ အရှက်လုံးလုံး ကွဲပါပေါ့လား။ ကုလားယောကျ်ားမ ဖြစ်ပါပေါ့လား။ ငါသေပါတော့ဟဲ့' ဟူသတည်း။

၁၄ နှစ်သမီး စိန်မိုးမှာ ကြက်ကုလားကတော် ဖြစ်သွားပြီး ၁၇ နှစ်သားရွှေမိုးမှာ သောင်းကျန်းသူနယ်မြေတွင် သူ့ဗိုလ်ကြီးမွေးထားသော ကြက်အကောင်တစ်ရာအုပ်ကို ထိန်းရသော ကြက်ထိန်းကြီးဖြစ်နေတော့သည်။

ဤကဲ့သို့ ရွှေမိုးသည် ကြက်ထိန်းရင်း ထမင်းတလုပ်စား၍မဖြစ်သူစိန်မိုးအား လွမ်းဆွတ်နေရစဉ် စိန်မိုး ကုလားကတော်ဖြစ်သွားပြီဟု ကြားရသည့်နေ့၌ ခြံထဲသို့သွင်းမရသော ကြက်ကြီးတစ်ကောင်ကို စိတ်ပေါက်ပေါက်နှင့် ရိုက်သတ်မိရာ သူ့ဗိုလ်ကြီးက စတင်းဂန်းနှင့်လိုက်ပစ်သဖြင့် သေပြေးရှင်ပြေး ပြေးခဲ့ရရှာလေသည်။

ရွှေမိုးသည် ထိုနေ့မှစ၍ ခြေသလုံးအိမ်တိုင် ဖြစ်သွား၏။ သူသည် ချုံထဲတွင် အိပ်ရသောအခါလည်းရှိသည်။ ငှက်ပျောတောတွင်းညအချိန် ငှက်ပျောသီးခိုးစားရင်း အိပ်ရသည်မှာ အကြိမ်ပေါင်းမရေမီ။ ထမင်းစားရသောနေ့နှင့် မစားရသောနေ့မှာ မစားရသည်က များသည်။ မည်သို့မျှ ကြံမရသောနေ့တွင် လူမတွေ့ရသော အိမ်တစ်အိမ်၏ ကြိုးတန်းပေါ်တင်ထားသည့် အင်္ကျီကို အလစ်ဝင်ဆွဲလာခဲ့ရာ ရှပ်အင်္ကျီအိတ်ထဲ၌ ငွေသုံးဆယ်ခန့် တွေ့ရသဖြင့် ရွှေမိုး ရတနာပုံခရီးသွားလေသည်။

လက်ထဲတွင် ပိုက်ဆံကလေးကိုင်ရသော ရွှေမိုးသည် မြို့

www.burmeseclassic.com



ကလေးတစ်မြို့သို့ချဉ်းကပ်ပြီး တစ်နေ့လျှင် ငါးမူးဖိုးမျှ ထမင်းဝယ်စား ပြီး ဘုရားတန်ဆောင်းတွင်အိပ်၍ ရေသောက်လိုသောအခါ ရေအိုးစင် သို့ ပြေးရ၏။ သူသည် ရှေ့ရေးကိုတွေးခေါ်ပူပင်တတ်သော လူသစ္စာ ဖြစ်၍ လက်တွင်းရှိ အသပြာကုန်ပါက မည်ကဲ့သို့စားသောက်မည်ကို ပူပင်မိလေသည်။

သို့နှင့် ရတနာပုံထိုက်လိုဆိုက်ပြား ကုန်သေးဆိုင်တစ်ဆိုင်တွင် လူကိုမမြင်ရသဖြင့် ဈေးဝယ်ဟန်ဆောင်ပြီး ပိုက်ဆံသေတ္တာကို လစ် လာရာ ကောင်းစွာ အောင်မြင်သွား၏။ ဒီတစ်ချီတွင် ငွေတစ်ရာနီးပါး ကုသိုလ်ကံ အဝှံးလိုက်ကောင်းပစ်လေရာ တစ်သက်တွင်တစ်ခါမျှ မကိုင် ဖူးသော ရတနာကို အိတ်တွင် ကျစ်ကျစ်ပါအောင်ထည့်ပြီး တခြားမြို့ တစ်မြို့သို့ ပျော်ရွှင်စွာ လစ်ချခဲ့လေသည်။

သူသည် ပိုက်ဆံကိုကြည့်ရင်း အတော်နောင်တရပြီး တ တခေါက်ခေါက်နှင့် ဖြစ်နေ၏။ သူ၏နောင်တ တရားမှာ ယခင်က ‘ဤ အရလွယ်သော အလုပ်ကို အဘယ်ကြောင့် မလုပ်မိခဲ့ပါလိမ့်’ ဟူသော နောင်တတရားပင် ဖြစ်၏။

သူသည် စားကောင်းသောက်ဖွယ် ဝယ်စားမိသောအခါ သူ နမလေးစိန်မိုးအား သတိရမိရှာသည်။ စိန်မိုးကို လိုက်၍ရှာချင်စိတ် ပေါ်လာသည်။ စိန်မိုးအားတွေ့ရှိပြီး ဘာလုပ်ရမည်ကိုတော့ သူသည် တွေးမရ။ သို့နှင့် နောက်တစ်ချီ ပိုက်ဆံများများရမှ လိုက်ရှာတော့မည် ဟု သူ၏အတွေးနယ်ကို အဆုံးသတ်လိုက်လေသည်။

ဘုရားတန်ဆောင်း၏အနီး ညောင်ပင်ကြီးသည် တဖျတ်ဖျတ် နှင့် တောင်လေဖြင့် လှုပ်ရှားနေသည်။ ရွှေမိုးသည် တစ်မြို့လုံးလျှောက် လည်ကာ ခိုးကွက်ခိုးလမ်းရှာရာမှအပြန် မောမောနှင့် လှဲအိပ်နေ





ယနေ့မနက်စာ စားပြီးစဖြစ်သော ရွှေမိုးမှာ မျက်စိစင်းလာလေသည်။ လေတဖြူးဖြူးနှင့် မိမ်တွေ့နေသောရွှေမိုးသည် လူတစ်ဦးက ခြေထောက် နှင့်ကန်ပြီး လှုပ်နှိုးမှ မဖွင့်ချင်ဖွင့်ချင်နှင့် မျက်စိကိုဖွင့်လိုက်ရသည်။

“ဟာ ... မှလိုင်ပါလား”

“ဟေ့ကောင် ... မင်း ဘယ်ကလဲ”

“ကျွန်တော် ... ကျွန် ... ကျွန်တော် ...”

“မင်းဘာလုပ်စားလဲ”

“ကျွန် ... ကျွန် ... ကျွန်တော် ...”

“လာစမ်း ... ဂါတ်ကိုလိုက်ခဲ့”

ရွှေမိုးသည် ပထမအကြိမ် တန်ဆောင်းတွင်းမှ ပန်းသည် များ၏ကောင်းမှုကြောင့် အလုပ်မရှိ ၁၀၉ ကျင့်ထုံးဥပဒေဖြင့် အလုပ် ကြမ်းနှင့် ထောင်ဒဏ်ကိုးလကို မိုးဦးကျ သူ၏ဖွားလတွင် ခံသွားရရှာ သည်။

ရွှေမိုးသည် ထောင်တံခါးဝသို့ ပထမဝင်ရစဉ်က အသက် ရှက်ရခမန်း ကြောက်ခဲ့ရှာသည်။ သို့ရာတွင် ထောင်တွင်းသို့ရောက်မှ ထမင်းနပ်မှန်စားရ၍ ‘အင်း ... အတော်သာပဲ။ အပြင်နေတာထက် တောင် ဟန်သေးတယ်။ ခေါင်းအုံးတွေ စောင်တွေနဲ့ ... အဟီး’ ဟူ၍ ဝင် တစ်ကိုယ်တည်း ပြောမိသေးသည်။

ရွှေမိုးကံကောင်းလှသည်မှာ ရွှေမိုးခံရမည့်ထောင်သည် စံပြ ထောင်ဖြစ်နေ၏။ သူ့ငွေးကတော်ပိုက်ထဲ ပျိုသနွေနေမိသောသူသည် မွေးလျှင်မွေးချင်း စက်ပိုင် စက်အမွေဆိုင်ဖြစ်နေသကဲ့သို့ ရွှေမိုးသည် စံပြမယ်တော်ကြီးဗိုက်၌ ပျိုသနွေနေမိလေရာ စံပြမယ်တော်ကြီးတွင် သူ့အရင်မွေးထားသော သားသမီးတွေကိုကြည့်၍ လက်ညှိုးထိုးတောင်း



www.burmeseclassic.com

www.burmeseclassic.com



ရန် အကွက်ဆိုက်သွားလေသည်။

ရွှေမိုးသည် သာမန်သူခိုးကလေးမျှသာ ဖြစ်သော်လည်း ပြန်ပေးကြီးများနှင့်လည်း မိတ်ဆွေဖြစ်ရသည်။ နိုင်ငံရေးလုပ်စားသူများနှင့်လည်း ခင်မင်ရသည်။ ထောင်ထဲတွင် ယောယိမ်းလိုက်၊ ဘသားယိမ်းလိုက် နေတတ်လျှင် အစားချောင်သည်။ အနေချောင်သည်။

ယခင်က ထောင်သို့ စောစောစီးစီး မလာမိသည်မှာ မှားလေခြင်းဟု နောင်တ ဖြစ်မိပြန်သည်။ ရွှေမိုးမှာ ထောင်ကိုခံတွင်းတွေ့နေတော့မှ ရက်စေ့၍ ထွက်ခွာခဲ့ရသည်။ သို့နှင့် အသည်းက ခပ်နာနာ။ ဤကား ရွှေမိုး၏ မိုးဦးကျ ပထမထောင်ဝင်ခန်းတည်း။

ဒုတိယအကြိမ်တွင်မူ ထောင်သို့ဝင်ရန် မကြောက်တော့။ သို့နှင့် ကွမ်းယာချိုချဉ်ဆိုင်ကို ဖောက်ပြီး ရာဇသတ်ပုဒ်မ ၄၅၇ ဖောက်ထွင်းမှု ထောင်ဒဏ် (၂)နှစ်ဖြင့် ရောက်ခဲ့ပြန်သည်။ ရွှေမိုးသည် ထောင်တစ်ဖန်ကျစေရန် အတော်သတိထား ကြိုးစားခဲ့ရပေသည်။

ထောင်မှလွတ်သည့်နေ့က အတူလွတ်လာသူတစ်ဦးက သူ၏ရွာသို့လိုက်ခဲ့ရန် ခေါ်သည်ကိုပင် လက်မခံခဲ့။ အကြောင်းမှာ သူ့မိတ်ဆွေနေထိုင်ရာရွာမှာ ပုံစံထောင်နှင့် နီးသည်။ သူကျလိုသည်မှာ စံပြထောင်သာဖြစ်သည်။ ပုံစံထောင်နှင့် စံပြထောင်၏ အခွင့်အရေးမတူကြောင်းကို သူထောင်ထဲမှ သိလာခဲ့သည်။

ဒုတိယအကြိမ်တွင် သူသည် တမူဟန်ထုတ်ကာ ထောင်တွင်းသို့ဝင်သွားသည်။ သူသည် နိုင်ငံရေးအရ တောခိုခဲ့ကြောင်း၊ တောတွင်းက ဗိုလ်ဘယ်သူဘယ်ဝါနှင့် အတူဖြစ်ကြောင်း၊ မြို့တွင်းသို့ နိုင်ငံရေးကိစ္စနှင့်လာခဲ့ရာ မလိုသူများကအမှုဆင်၍ ထောင်ထဲသို့ရောက်ခဲ့ကြောင်း သေသေချာချာ ခပ်တည်တည်ပြောပြနေရာ အစိုးရကို စိတ်နာနေသော





သပိတ်မှောက် စံပြအကျဉ်းသားတို့သည် ရွှေမိုးအား ပါတီဝင်တစ်ဦးအဖြစ် ဝမ်းမြောက်ဝမ်းသာ လက်ခံကြလေရာ ရွှေမိုးမှာ ထောင်တွင်း၌ ဆေးနှင့်ဝါးနှင့် ရွှန်းရွှန်းဝေသွားပြန်သည်။ သို့နှင့် အတော်ကြာတောင်းဆိုမှု အမျိုးမျိုးနှင့် ဆူပူကြရာ၌ ရွှေမိုးမှာ ခေါင်းဆောင်မဟုတ်သော်လည်း ထောင်မှူးများကို ဘုတောနေသူဖြစ်၍ သပိတ်မှောက်အကျဉ်းသားများအား ထောင်ပြောင်းပစ်ရာ ကုသိုလ်ကံမသေးသော ရွှေမိုးသည် စံပြထောင်နှင့်ပင် တွေ့နေပြန်သည်။ ဤစံပြထောင်တွင် ကျွန်တော်နှင့် ရွှေမိုး နဖူးစာရွာလည်ကာ နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံရခြင်းဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၀ ]

"အင်း ... မင်းဖောက်လမ်း မဆိုးဘူးကွ။ မင်းသမီး ဖောက်ကောင်တစ်ကောင်သာရရင် ရှုပ်ရှင်ရိုက်နိုင်တယ်"

ကျွန်တော်က ရွှေမိုး သူ့ဖောက်လမ်းအဖုံဖုံကို ပြောအဆုံး နှိုးကျူးလိုက်ပါသည်။

"ဟဲ ... ဟဲ ... ဒီတစ်ခါတော့ အကျနာတယ်ဆရာ။ သိပ်မစားသာဘူး"

"ဒီလိုပေါ့ကွာ ...။ ထောင်တွင်းဖြစ်ဖြစ်၊ ထောင်ပြင်ဖြစ်ဖြစ် သောင်းကျန်းမှုနဲ့ ကောင်းကျိုးရှာလို့ ဘယ်ရမလဲ။ မင်းလို တစ်နေ့တော့ နှာခေါင်းကျည်ပွေ့ တွေ့ရမှာပေါ့"





"ဒါနဲ့ဆရာ၊ ကျွန်တော့်ကို အာမခံပြီးတော့ တိုက်ကထုတ်ပါဦး ဆရာ"

"ဟာ ... ရွှေမိုး မင်းကိုငါကြောက်တယ်။ ငါပါ ဒုက္ခရောက်နေဦးမယ်"

"ကျွန်တော် လက်နက်ချပြီး အလင်းဝင်မှုပဲဆရာ။ ဟဲ ... ဟဲ ..."

ကျွန်တော်သည် ရွှေမိုး၏ ပြုံးပြုံးရယ်ရယ် ပြောသည်ကို အတော်နှစ်သက်ပါသည်။ ရွှေမိုးက ကျွန်တော့်အား ပွင့်လင်းစွာဆက်ဆံသည်ကိုလည်း ကျေနပ်မိပါသည်။ ထို့အပြင် ရွှေမိုးက အလိုအလျောက် လက်နက်ချစကားကို အတည့်အလင်းပြောကြားနေရာ ရန်သူပင်လျှင် လက်နက်ချက ကျေနပ်ရမည်ဖြစ်၍ ကျွန်တော်က မကျေနပ်လျှင် ကျွန်တော်ဆိုးရာရောက်ပေမည်။

သို့နှင့် ရွှေမိုးအား တရားဥပဒေတွင်းက လွှတ်ရှားချင်လွှတ်ရှား၊ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပြုမည်။ သောင်းကျန်းမှုတော့ မလုပ်ရဟု ကတိတောင်းရာ ရွှေမိုးက ကတိကို အားရဝမ်းသာပေးပါသည်။ ထောင်တွင်း၌ ဥပဒေအရ လှုပ်ရှားပါဟု ကျွန်တော် ရွှေမိုးအား ပြောခဲ့သောအစီအစဉ်မှာ ထောင်မှူးထောင်ပိုင်က အကြောင်းမဲ့ မလိုလားအပ်သော ညှဉ်းပန်းမှုတို့ပြုမည်မဟုတ်။

ထောင်မှူးထောင်ပိုင်များက အကျဉ်းသားများ တရားသဖြင့်ရသော အခွင့်အရေးကို ပိတ်ပင်မည်မဟုတ်။ လက်ညှိုးထိုးပေါက်ရှိသော လက်ညှိုးထိုးအကျဉ်းသားအဖြစ်လည်း ထောင်ဥပဒေအတွင်း စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ရမည်ဟု ပြောခဲ့ခြင်းဖြစ်ရာ ရွှေမိုး အတော်သဘောပေါက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရွှေမိုးနှင့်ပတ်သက်၍ ထောင်မှူးကြီး ထောင်ပိုင်ကြီးတို့အား ပြောပြပြီး ရွှေမိုးအတွက် အာမခံရာ ချောချောချူချူပင် ကျွန်တော့်ရုံးခန်း ဘာယာအနေဖြင့် နေခွင့်ပြုလိုက်ပါသည်။

ရွှေမိုးသည် ထောင်နှစ်ကြိမ်တိတိ ကျခဲ့သော်လည်း ထောင်တွင်း၌ နိုင်ငံရေး ယောင်တောင်ပေါင်တောင်နှင့်သာ အနေများခဲ့၍ မည်သည့်စက်မှုလက်မှုပညာကိုမျှ စိတ်ပါလက်ပါ မသင်ကြားခဲ့ပါ။ ရွှေမိုး၏ လွတ်ရက်မှာလည်း များစွာမလိုတော့ရကား ရွှေမိုးအား တာဝန်ယူမိသော ကျွန်တော်သည် သူ့အတွက် ရင်လေးမိပါသည်။

သူသည် ဘာပညာမှ မည်မည်ရရမတတ်က ထောင်မှလွတ်သော်လည်း အပြင်ထမင်းကို လစေ့အောင်စားရမည့်သူမဟုတ်၍ ရွှေမိုးနှင့် သင့်တော်မည့်ပညာကို ထောင်တွင်း၌ လိုက်ရှာရာ ကံအားလျော်စွာ ကျွန်တော့်ရုံးခန်းသို့ စက်ကပ်ကျွေးလာတောင်းသော အကျဉ်းသား ဆံပင်ညှပ်သူကိုမြင်ရ၍ ရွှေမိုးအား ဆံပင်ညှပ်သင်တန်း တက်နိုင်းလိုက်ရပါသည်။

"ရွှေမိုးတစ်ယောက် ဆံပင်ညှပ်မလို့တဲ့ ... ဟား ... ဟား။ ရွှေမိုးရေ ... တို့တော့ အိမ်ရောက်မှ ညှပ်တော့မယ်ဟေ့ ... ဟား .. ဟား ... ဟား"

နှင့် ပြော၍ရယ်သံကို ကြားရပါသည်။

စံပြထောင်တွင် ရွှေမိုး ဆံပင်ညှပ်ခံမည့်သူ မပေါ်ပေါက်၍ ရွှေမိုးသည် ကတ်ကြေးကို တချပ်ချပ်နှင့် စေ့လိုက်ဖြဲလိုက်နှင့် လူကို မညှပ်ရပဲ လေကိုသာညှပ်နေရပါသည်။

ရွှေမိုးအတွက် ကျွန်တော်၏ လျှပ်တစ်ပြက်စီမံကိန်း မအောင်မြင်သောအခါ ကျွန်တော်လည်း မှိုင်သွားပါသည်။ သို့နှင့် ကြိုးစား





ပမ်းစား ကြံဆတွေးတောရပြန်ပါသည်။

ကျွန်တော်၏ကြော်ငြာမှာ ...

"ရွှေမိုးထံ ဆံပင်ညှပ်သူတိုင်း ဆေးလိပ်နှစ်လိပ်စီ ရရှိလိမ့်မည်၊ ပြောမယုံ ကြုံဖူးမှသိရအောင် ယနေ့ညှပ်ကြည့်ပါ" ဟူ၏။

ကြော်ငြာသည် အလွန်စွမ်းဆောင်သော လက်နက်ဖြစ်သည်ကို လူတိုင်းသိကြသည့်အတိုင်း ဦးခေါင်းတွင် ဗားထစ်ထစ်၊ နားရွက်ပွဲ့ပွဲ့ဟု သဘောရောက်ကုန်ကြသော အကျဉ်းသားများသည် ရုပ်ရှင်ရုံတွင် လူတိုးသကဲ့သို့ တိုးကုန်ကြပါသည်။

ထောင်တွင်း ဆံပင်ညှပ်အကျဉ်းသားများမှာ ကောင်းကောင်းညှပ်ပေးက စံပြမောင်ကိုလူချော လုချင်ရက်စက်စက်ယိုတို့က ဆေးလိပ်ဆု ပေးမြဲဖြစ်ပါသည်။ ယခုတော့ ရှင်ဘုရင်အတွက် ဝေကာဒတ်ခံသလို ကျွန်တော်က ရွှေမိုးအတွက် ဆေးလိပ်ဖိုး ကုန်ခံနေပါသည်။

မည်သို့ပင်ဖြစ်စေ ရွှေမိုးသည် သင်ခန်းစာ၊ စက်ကတ်ကြေးတို့ဖြင့် လူတစ်ဦး၏ဆံပင်ကို ပြောင်တစ်လင်းခါအောင် တတ်စွမ်းနေပြီ။ ခက်သည်က ဘီးနှင့် လက်ကတ်ကြေးကိုင်နိုင်သော ပညာအမြုတေကို ခံရာခက်ဆစ်သင်နေရစဉ် ထောင်မှမလွတ်ချင်သော ရွှေမိုးသည် မွေးလမွေးရက်စေ့သော ကလေးတစ်ဦးကဲ့သို့ စံပြဗိုလ်ထောင်၏ ဝင်းထဲမှ ကျွတ်လွတ်သွားခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



တာ နှစ်ကြိမ်ရှိပြီ။ ပထမတစ်ခေါက်က ငါကမတွေ့လို့သာ ပေါ်င်း သုံးကြိမ်ဆိုတော့ မင်းညစ်ွာ မများဘူးလား''

''ဟုတ်တယ် ဆရာ။ ဒီတစ်ခါတော့ ဘယ်လိုနေမလဲ မသိသေးဘူး။ အခြေအနေအရပဲ ... ဟဲ ... ဟဲ ...''

''အေးလေကွာ ...။ အပြင်အခြေအနေမကောင်းလည်း ငါ ဒီထောင်ကမပြောင်းခင် တစ်ခေါက်တော့ အမီလာခဲ့ဦး။ စံပြထောင်ဆိုတာ ကုသိုလ်ကံကောင်းတဲ့လူမှ ကျရတာ။ ဒါကို မင်းသိသားပဲ''

''ဟဲ ... ဟဲ ... သွားမယ် ဆရာ''

'အေး ... အေး ... ကောင်းပြီ''

ရွှေမိုးနှင့်ကျွန်တော် နှစ်ကြိမ်တိုင် ဤကဲ့သို့ ကြုံခဲ့ရပါသတည်း။

| ၁၁ |

သို့သော် ကံဆိုးသော ရွှေမိုးသည် ရထားခိုးစီးမှုနှင့် ထောင်သို့ ၁၅ ရက် ကျလာပြန်ပါ၏။ ယခုတစ်ကြိမ်တွင် ဆံပင်ညှပ်ပညာ မသင်ရဘဲ မိလ္လာသမားဖြစ်သွားပါသည်။ မိလ္လာသမားများမှာ တခြားလျှော့ရက်များအပြင် တနင်္ဂနွေတစ်ပတ်တွင် တစ်ရက် သပ်သပ်လျှော့ရက်ရသောကြောင့် ရွှေမိုးသည် (၁၅)ရက်မခံရပဲ (၁၃)ရက်နှင့် ထောင်မှ လွတ်သွားပါသည်။ ထောင်မှမလွတ်မီ ရွှေမိုးက ကျွန်တော့်အားလာ ရောက်နှုတ်ဆက်ပါသည်။

''ကဲ ... ရွှေမိုးရာ၊ ထွက်ချည်ဝင်ချည်နဲ့ အပြင်ရင်လည်း သပ်သပ်၊ အတွင်းရင်လည်း သပ်သပ် လုပ်ပါလားကွာ။ မင်းနဲ့ငါတွေ့



www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

❑

ရွှေမိုးကို ကျွန်တော် မမျှော်ကောင်းမျှော်ကောင်း မျှော်မိ
သည်။ ရွှေမိုးထွက်သွားသည်မှာ တစ်နှစ်နီးပါးရှိခဲ့ပါပြီ။ ယခင်က ရွှေ
သည် နှစ်လည်ပတ်လုံး မကြာဘူးပါ။ 'ရွှေမိုးရဲ့ အခြေအနေပဲ ဟန်ကျ
သလား။ ဒါမှမဟုတ် ရွှေမိုးတစ်ယောက် သေလေပြီလား။ ရွှေမိုးသည်
တစ်အုတ်ခဲဆင်း ညီမငယ်စိန်မိုးအား ရှာမှားနေသလား။ ရွှေမိုး အခု
လာဖြစ်ရင်တော့ တကယ် သူလိုချင်တဲ့ ဆံပင်ညှပ်ပညာကို ရရှာမှာ

ကျွန်တော်သည် ဤကဲ့သို့တွေး၍ မမျှော်ကောင်းမျှော်ကော
မျှော်မိပါသည်။

သို့သော် ထောင်ဆိုသည်မှာ လူပြတ်လျှင် ခဏပင်ဖြစ်ပါသည်
အင်္ဂလိပ်ခြေး၍ အကျဉ်းသားများ လွတ်ကုန်သော်လည်း ဂျပန်ခေ





တွင် အကျဉ်းသား ပေါ်လာပါသည်။ ဂျပန်ခြေး၍ အကျဉ်းသားလွတ်
ကုန်လေရာ အင်္ဂလိပ်ပြန်အတက် အကျဉ်းသားတစ်ပြုကြီး ဖြစ်လာ
ပြန်ပါသည်။

ထို့နောက် မြန်မာပြည်လွတ်လပ်ရေးရ၍ အကျဉ်းသားများစွာ
လွတ်။ ဆဋ္ဌသံဂါယနာနှင့်လွတ်၊ သာသနာ ၂၅၀၀ နှင့်လွတ်။ တစ်လွတ်
တည်း လွတ်နေသော်လည်း ထောင်တွင်း၌ အကျဉ်းသားနည်းလျှင်
ခဏသာကြာပါသည်။ မကြာမီ စည်စည်ကားကား ဖြစ်လာတတ်ပါသည်။

ရွှေမိုးလွတ်သွားပြီး တစ်နှစ်အကြာတွင် ထောင်ကြီး စည်ကား
လာပြီး ရွှေမိုးကို ကျွန်တော် မမျှော်ကောင်းမျှော်ကောင်း မျှော်နေမိရာ
ကျွန်တော်ပဲ မကောင်းဆိုးဝါးလား။ ရွှေမိုးကပဲ ကတိတည်၍လား မသိ
ပါ။ တစ်နေ့သောအခါ၌ ရွှေမိုးသည် အချုပ်သားဘဝဖြင့် လက်ထိပ်
အားကား၊ သွားဖြီးလေးနှင့် ရောက်လာသဖြင့် ကျွန်တော်က ...

"မင်း အသက်ရှည်ဦးမဲ့ အကောင်ကွ"

ဟု ဆီးကြိုနှုတ်ဆက်လိုက်ပါသည်။

"ဟဲ ... ဟဲ ... အသက်ရှည်မှာ မဟုတ်ဘူးဆရာရေ။ လူ
သတ်မှု ... လူသတ်မှု ..."

"ဟောဗျာ ... မင်း လူသတ်သလား"

"ကျွန်တော် မသတ်ရပါဘူး ဆရာ။ ဒါပေမဲ့ ဒီတောင်ကတော့
လျော့နိုင်မယ် မထင်ဘူး"

"ဟေ ... ဘယ်လိုတုံးကွ"

ရွှေမိုးသည် အောက်ပါအတိုင်း ပြောပြပါသတည်း။

www.burmeseclassic.com

[ ၁၃ ]

❑

ထောင်မှလွတ်သွားသော ရွှေမိုးသည် ရှာဖြန်ပြီး အခြေအနေ သွားကြည့်လိုရ၍ ထောင်မှပေးလိုက်သည့် သင်္ဘောလက်မှတ်ကလေးကို ဆုပ်ကာ သင်္ဘောပေါ် တောင်ကြည့်မြောက်ကြည့်နှင့် လုပ်နေ၏။ ထိုစဉ် ရှုပ်တွေးမှုရှိသော ခရီးသည်တစ်ဦးသည် နဖူးမှချွေးကိုသုတ်ပြီး သူ၏ ခင်းထားသော အိပ်ရာပေါ်၌ ထိုင်ချလိုက်သည်ကို မြင်ရလေသည်။

အတော်ကြာ ထိုလူငယ်အား သင်္ဘောကုလားတစ်ဦးက သင်္ဘောစာရေးခေါ်ကြောင်း လာပြောသည်ကိုကြားရ၏။ သူငယ်သည် ခေါင်းအုံးစွပ်ထဲ လက်သွင်းနှိုက်နေသည်ကို ရွှေမိုးက မျက်တောင်မခတ် ကြည့်နေလေသည်။



သူငယ်သည် ခေါင်းအုံးစွပ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်လျက် တစ်ဖန် ပိုက်ဆံအိတ်ကို ခေါင်းအုံးစွပ်ထဲ ပြန်ထည့်ပြီး ခေါင်းအုံးကို စောင်ခေါက်ဖြင့် အပေါ်မှဖိလျက်ထားခဲ့ကာ သင်္ဘောစာရေးဆီသို့ ထလိုက်သွားလေသည်။ ရွှေမိုးသည် စားနေကျ ကြောင်ဖားမဟုတ်ပါလား။ ဟိုလိုလို ဒီလိုလိုနှင့် အိပ်ရာဘေးကပ်ထိုင်ပြီး အသာနှိုက်ယူလိုက်၏။ ထို့နောက် အရိပ်အခြည် အကဲခတ်ရင်း မနီးမဝေးတွင် ရပ်နေစဉ် ...

"ဟေ့ကောင် ... မင်းဘယ်လဲ"

လူတစ်ဦးမေးသံကြောင့် ရွှေမိုးတစ်ကိုယ်လုံး တုန်သွားလေသည်။ ရွှေမိုးသည် ခေါ်သူအား မကြည့်ဝံ့ ကြည့်ဝံ့ကြည့်လိုက်တော့မှ ပီတိကြီးကျသွားပြီး တဟဲဟဲလုပ်လိုက်၏။

"ဦးလှကြိုင် ဘယ်ကိုသွားမလို့လဲ"

ရွှေမိုးအမေးခံရသော ဦးလှကြိုင်မှာ ထောင်ထွက်တစ်ဦးဖြစ်မှု ရွှေမိုးနှင့် ထောင်မိတ်ဆွေ ဖြစ်ခဲ့ဖူး၏။ ဦးလှကြိုင်မှာ ဝီလေးလုံး သာ ငွေစားမှုနှင့် ဖမ်းပြီး ထောင်ချခံရခဲ့သူဖြစ်လေသည်။ အပြင်တွင် ဦးလှကြိုင်က ပထမဒုက္ခပေး၍ ထောင်ကျနေသူတို့က ဦးလှကြိုင် ရောက်လာသောအခါ ဆော်ပလော်တီးကုန်ကြစဉ် ရွှေမိုးက ဦးလှကြိုင်ဘက်မှ ဆက်သေလိုက်ခဲ့ဖူးလေသည်။

"ငါ တောခထသွားမလို့။ ဒါနဲ့ မင်းအလုပ်မရှိရင် ငါနဲ့လိုက် ခဲ့ပါလား။ ငါအလုပ်ပေးမယ်"

"ကောင်းသားပဲ။ ဘာအလုပ်လဲ"

"တောမယ် ငါ့စပါးစီ (စပါးကျီ)ကို စောင့်ကြည့်ရုံပဲ။ မင်းလို လူတဲ့လခကို ပြော"

"လိုက်မယ်ဗျာ"

www.burmeseclassic.com



ထိုစဉ် သဘော်ပေါ် ပိုက်ဆံအိတ်ပျောက်သော သူငယ်၏ ဆူညံအူညံအသံကို ကြားရသည်။ ပုလိပ်များသည် ဟိုလူ့လိုက်ကြည့် ဒီလူ့လိုက်ကြည့် လုပ်ကြ၏။ ဦးလှကြိုင်မှာ နာမည်ကြီးတစ်ဦးဖြစ်ရကား ရင်းနှင့် ရင်းနှီးစွာ ပြောဆိုနေသော ရွှေမိုးအား ပုလိပ်များက မည်ကဲ့သို့ မေးဝံ့ပါအံ့နည်း။ ရွှေမိုးသည် ဦးလှကြိုင်၏ စပါးစိသို့ရောက်၍ ပိုက်ဆံကို ရေတွက်ကြည့်ရာ ငွေစက္ကူ သုံးရာကိုးမျှတွေ့ရ၍ ကွေးနေအောင် ကလေ တော့သတည်း။

ရွှေမိုး ဦးလှကြိုင်စပါးစိကို တမိုးတိတိ ခြင်ကိုက်ခံပြီး စောင့်ခဲ့သည့်တိုင်အောင် ဦးလှကြိုင်က ရွှေမိုးအားအပ်နှံထားသည့် အိမ်မှ ဟင်းချို၊ ငါးပိထောင်းနှင့် ထမင်းကိုစားရသည်မှအပ မည်မည်ရရ ဘာမှ ငွေမရ။

မိမိလက်ရှိငွေဖြင့်သာ ခပ်ဖော်ဖော်လေး တောအရက်ကို သောက်ကာ ဦးလှကြိုင်အား စောင့်နေခဲ့သည်။ လေးလလုံးလုံး မြို့ပေါ် နေသော ဦးလှကြိုင် တစ်ကြိမ်မှပေါ်မလာ၍ ကြာရင်ခက်ရချေရဲ့ဟု စိတ်ကူးပြီး လက်ကျန်ငွေလေး တစ်ရာမျှနှင့် မိမိရွာသို့ တန်းချလာခဲ့ ရတော့သည်။

ရွာကိုရောက်မှ ရွှေမိုးသည် ဖခင်သေကြောင်း ကြားရသည်။ မိထွေးမစိန်ခင် တရုတ်နှင့်ညား၍ ဘယ်ရွာသို့ရောက်နေကြောင်း၊ ကုန်စုံဆိုင်နှင့် ဟန်ကျပန်ကျဖြစ်နေကြောင်း ကြားသိရသောအခါ ညီမလေး စိန်မိုး၏မျက်နှာကို မြင်ယောင်သွားတော့သည်။

ရွှေမိုးသည် ထုံးစံအတိုင်း ထောင်ထွက်ပီပီ သူ ရန်ကုန်တွင် ဘာလုပ်နေကြောင်း၊ ဘာဖြစ်နေကြောင်းနှင့် လေလုံးထွားရင်း ငယ်ပေါင်းကြီးဖော်များအား ငွေတစ်ဆယ်နှစ်ဆယ်ဖိုးမျှ အရက်တိုက်ရလေ



ကား အားလုံးက ရွှေမိုးကို အထင်ကြီးကြကုန်၏။

သို့နှင့် ရှိသည့်ငွေလေးနှင့် မိမိရွာတွင် ဟိုအိမ်တည်း ဒီအိမ်တည်းစားရင်း နှစ်လမျှကြာသွားချိန် လက်တွင်း၌ ငွေငါးကျပ်တန် တစ်ရွက်သာရှိတော့သည်ကို တွေ့ရလေသည်။ တစ်နေ့တွင် သူသည် ယခင် မိထွေး ယခု တရုတ်မယား မစိန်ခင်အား ရွာ၌တွေ့ရလေရာ မစိန်ခင် ရွာသို့ သွားချင်စိတ်ပေါက်သွား၏။ သူသွားလိုခြင်းမှာ မစိန်ခင်၏ ကုန်စုံဆိုင်တွင် ဝင်မိုးရန်သာဖြစ်လေသည်။

ရွှေမိုးသည် ရွာမှမခွာမီ ညီမစိန်မိုးအကြောင်း စုံစမ်းကြည့်၏။ သို့ရာတွင် မည်သူမျှ တပ်အပ်မပြောနိုင်၍ လက်ကျန်ငွေငါးကျပ်ဖြင့် မစိန်ခင်နေသောရွာသို့ ရောက်ခဲ့သည်။ ထိုရွာ၌ ထောင်မိတ်ဆွေတစ်ဦးအိမ်တွင် ခဏတည်းခိုနေလေ၏။

အကြံနှင့်လာသော ရွှေမိုးသည် နေဝင်စ ရီမှောင်ချိန်ကပင် မစိန်ခင်၏အိမ် ဆန်အိတ်ကြားတွင် ဝင်နေလေသည်။ သူသည် ရင်ထိတ်ထိတ်နှင့်စောင့်နေရာ ဆယ်နာရီကျော်၍ ဆိုင်တံခါးပိတ်မှ စိတ်အနည်းငယ် အေးသွား၏။

မစိန်ခင်နှင့် တရုတ်ကြီးတို့သည် အိပ်ရာဝင်၍ မကြာမီ ဟောက်သံကိုကြားရလေသည်။ သို့နှင့် ရွှေမိုးသည် တစ်ရေးအိပ်ကို စောင့်နေခဲ့သည့်အတိုင်း ဆန်အိတ်ကြားမှထွက်ခဲ့ပြီး ခြေကိုဖော့နင်း၍ ပြေးပေါက်သို့ ပထမလှုပ်လိုက်လေသည်။ ပြေးပေါက်လုပ်ခြင်းမှာ တံခါးချက်ကို အရံသင့် ဖွင့်ထားခြင်းဖြစ်၏။

ထို့နောက် သူသည် လင်မယားအိပ်သောအခန်းသို့ ဝင်ပြီး သူ၏ထောင်မိတ်ဆွေထံမှ ငှားလာသော လက်နှိပ်ဓာတ်မီးငယ်ဖြင့် ဟိုဟိုဒီဒီ အခန်းတွင်း၌ လက်နှိပ်ဓာတ်မီးကို လုံချည်ဖြင့် အုပ်ထိုးကြည့်

www.burmeseclassic.com



၏။ ထိုသို့ကြည့်ရင်း ဆန်ချင်သောပြည်တောင်းတစ်လုံးကို ခလုတ်တိုက်
မိရာ တိတ်ဆိတ်သောအချိန်၌ ပြည်တောင်းသံသည် ဟိန်းသွားသဖြ
ကိုယ်ရှိန်သတ်ပြီး နားထောင်နေမိလေသည်။

"မကျိန်ခင် ..."

တရုတ်ကြီးက ဘိန်းသံဖြင့် မစိန်ခင်အား နှိုးသံကို ကြား
လေသည်။

"ဘာလဲဟ"

"လံပေးကျမ်း ...လံပေးကျမ်း ..."

ရွှေမိုးသည် တရုတ်လင်မယား အချီအချပြောနေသံကို ကြ
၍ အလိုလိုရယ်ချင်လာပြီး ခွီးခနဲ တစ်ချက်ဖြစ်သွားရာ တရုတ်
မယားသည် ...

"သူခိုး ...သူခိုး ...စခိုး ...စခိုး ..."

ဟုထအော်ကာ ထလိုက်ကြသဖြင့် ရွှေမိုးသည် တစ်
တည်း အိမ်ပေါ်မှ ဆင်းပြေးရတော့သည်။ ကံဆိုးသော ရွှေမိုးသ
မှောင်ကြီးထဲပြေးရင်း နခမ်းပုံ့နေသော ရေတွင်းထဲသို့ ကျသွားရာ
သားများက အပေါ်မှ အုတ်ခဲနှင့် ပိုင်းပစ်ကြတော့၏။ သေလုမျော
ခံနေရရှာမှ သူကြီးကောင်းမှုကြောင့် အသက်မသေဘဲ တွင်းထဲမှ
သို့ ရောက်ရချေသည်။

သို့သော် အပေါ်ရောက်လျှင်ရောက်ချင်း လူသတ်မှုနှင့်
တုတ်ခံရလေတော့၏။ အကြောင်းမှာ မစိန်ခင်သည် မိုန်းတန်းလ
သွေးအိုင်ထဲသေနေရာ တရုတ်ကြီးက သူခိုးရွှေမိုးထို၍ သေသည်
စွပ်စွဲနေခြင်းကြောင့်ပင်တည်း။

ရွှေမိုး၏စိတ်အထင် တရုတ်ကြီးသည် မစိန်ခင်ထံမှ



တောင်းသံကြားရသည်။ ဒေါသကြီးသော တရုတ်သည် လုံဖြင့် သူ့အား
ရှမ်းသန်းထိုးရာ သူ့မိန်းမကို ထိုးမိခြင်းဖြစ်သည်ဟု တွေးမိလေသည်။
သို့ရာတွင် လူတိုင်းက ရွှေမိုးသည် အမှန်ပင် မိတွေးဟောင်းကို သတ်ရ
သည်ဟု ပြောနေကြသတည်း။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

❑

ထောင်တွင်း၌ အချုပ်သုံးလမျှ ခံရပြီးသော ရွှေမိုးသည် တစ်နေ့ရုံးထွက်အစစ်ခံပြီး ထောင်သို့ပြန်ဝင်လာရာ မျက်ရည်ပေါက်စီးကျနေသည်ကို မြင်ရ၍ ကျွန်တော်က ရွှေမိုးကြိုးပေးအမိန့်ခံရပြီဟု ထင်လိုက်မိသည်။ သို့နှင့် ကျွန်တော်က ရွှေမိုးအား မမေးရဲမေးရဲ မေးတော့သည်။

"ဘယ့်နှယ်လဲ ... ရွှေမိုး။ မင်းအမှု အမိန့်ချပလား"

"မချသေးဘူး ဆရာ။ နောက်ရမန့်တစ်ပတ်မှ ချမယ်။ ကျွန်တော် ကြိုးကျမှ အေးမှာပါ"



ယခင်က သပိတ်မှောက် အကျဉ်းသားအဖြစ် စိတ်ဓာတ်ခေါင်ခေါင်မြည်ခဲ့သော ရွှေမိုး၏စိတ်မှာ ယခု သေပေါက်နှင့်နီး၍ စိတ်ဓာတ်ကျဆင်းနေသည်ဟု ကျွန်တော် ထင်ခဲ့ပါသည်။ သို့ရာတွင် မဟုတ်ပါ။ ကျွန်တော်ပင် ရွှေမိုးပြောပြ၍ မတ်တတ်က မောသွားပါသည်။

အကြောင်းမှာ ရွှေမိုးအလွန်တွေ့ချင်သော ညီမဖြစ်သူ စိန်မိုးအား ရုံးထွက်စဉ် ရုံး၌ လူသတ်မှုဖြင့်တွေ့ခဲ့ရကြောင်း။ ကုလား၏ မယားကြီးက နိပ်စက်လွန်း၍ ဓားနှင့်ထိုးသတ်ကြောင်းကို ညီမငယ်က ပြောပြသဖြင့် သိခဲ့ရကြောင်းကို ပြောပြသဖြင့် ကျွန်တော်ပင် အတော် စိတ်ထိခိုက်သွားပါသည်။

ရွှေမိုး ရမန်ပတ်စေ့၍ ရုံးထွက်ပြီး ပြန်လာသောနေ့တွင် ရွှေမိုးငိုလာမှာလားဟု တွေး၍ တထင့်ထင့်နှင့် ကျွန်တော်စောင့်ခဲ့ရာ ရွှေမိုး ရယ်မောပြီးဝင်လာမှ ကျွန်တော် စိတ်အေးသွားပါသည်။ သို့နှင့် ကျွန်တော်က လှမ်းမေးမိပါသည်။

"ဘယ့်နှယ်လဲ ... ရွှေမိုး။ အမှုမပြတ်သေးဘူးလား"

"ဟဲ ... ဟဲ ... ဆရာ၊ ကြိုး ... ကြိုး ဆရာရေ ...။ ဒီဝ်ဟန်ကျတာပဲ"

ကျွန်တော်သည် ဒုတိယမ္ပိ မတ်တတ်က မောသွားရပြန်သည်။

ရွှေမိုးသည် မငိုတော့ပါ။ မငိုသည်မက ကြိုးတိုက်ထဲ၌ စကားလည်း မပြောတော့ပါ။ ရွှေမိုးဘာဖြစ်သွားသည်၊ ဘာကို စိတ်ကူးနေသည်ကို ကျွန်တော် မခန့်မှန်းတတ်ပါ။

ရွှေမိုးအား ကြိုးအမိန့်ကျပြီး ကျွန်တော်တို့ထောင်တွင် လေစ ညသာထား၍ ထောင်ကြီးတစ်ထောင်သို့ ကြိုးမိန့်ခံရန် ပြောင်းရွှေ့လိုက်ရပါသည်။ ကျွန်တော်တို့ထောင်တွင် ကြိုးစင်မရှိ၍ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျွန်တော်ကြားသိရသည်မှာ ဝိုတောင်ကြီးအတွင်းမှ ဟိုက်ကုတ်ခေါ် တရားလွှတ်တော်သို့ ထောင်မှူးများက အယူခံတင်ပေးရာ တရားလွှတ်တော်မှ အောက်ရုံး၏အမိန့်ကို ပယ်ဖျက်၍ လူသတ်မှုတွင် ကွင်းလုံးကျွတ်လွတ်သွားသည်ဟု ကြားရပါသည်။

အကြောင်းမှာ ရွှေမိုးသတ်သည်ကို မျက်မြင်သက်သေမရှိ၍ ဥပဒေအရ သံသယ၏အကျိုးကို တရားခံရွှေမိုး ခံစားခွင့်ရရှိသွားပါသည်။ သို့သော် ကံကောင်းသောရွှေမိုးမှာ ရာဇသတ်ပုဒ်မ ၃၀၂ လူသတ်မှုမှ လွတ်သော်လည်း ရာဇသတ်ပုဒ်မ ၄၅၇ အိမ်ဖောက်ထွင်းမှုမှ မလွတ်ခဲ့ပါ။ ရှေးကပြစ်မှုရှိသူဖြစ်၍ ၄၅၇ အိမ်ဖောက်ထွင်းမှုဖြင့် ထောင်ဒဏ်အလုပ်ကြမ်း ၅ နှစ်အထိ အသားကုန်ခေါ်ထည့်ခြင်းကို ခံရရှာပါသည်။ ဘာပဲဖြစ်ဖြစ် ရွှေမိုးတော့မသေပါ။

မစိန်မိုး သူ့နမ လင်ဖြစ်သူ ကြက်ကုလား၏မယားကြီးသတ်မှုတွင် ထောင်ဆယ်နှစ်သာ ကျခံရမည်ကိုလည်း ရွှေမိုးက သိချင်ရှာပေလိမ့်မည်။ သတင်းကို မျှော်နေရှာလိမ့်မည်။

ရွှေမိုးသတင်းကို ကျွန်တော်ကြား၍ ဝမ်းသာပုံနှင့် မစိန်မိုးအကြောင်းကို ရွှေမိုးသိရန် ကျွန်တော် အလုပ်လုပ်ရပါဦးမည်။ ကျွန်တော့်အား ရွှေမိုး၏ တရေးချင့် အချိန်ပေးကြပါဦးခင်ဗျာ။

■ ■ ■

ငြောင်မြဲမောင်ကို

# NOT A LEGEND

Labutta, a small town pillowed on the right bank of the Yway river in the Ayeyarwady Delta Region is my natal place.

After some 180 days' duration of my human existence, my father left his loved ones in this vale of tears for good and all at his age of 26. I had used to live in my father's tenderness and affection for not more than six months. My mother became a widow at 24.

Father died of not a particular disease but was slaughtered by a Fascist troop during May, 1945 before they re-

www.burmeseclassic.com



treated. Not my father, Thakin Han Thein of ဒို့ဗမာအစည်းအရုံး, most leading political party only, but altogether 40 Thakins also were killed by cutting off their heads in the same event. Among them were 18 Thakins of Lubutta; they were (1) Thakin Kyaw, (2) Thakin Ba Sein (Uncle of Sayagyi Maung Htin), (3) Thakin Tin Tin, (4) Thakin San Khin, (5) Thakin Saya Khin, (6) Thakin Han Thein (author's beloved father), (7) Thakin Htin Wain (Younger brother of Sayagyi Maung Htin), (8) Thakin Tone Kinn, (9) Thakin Thein Maung, (10) Thakin Maung Tin, (11) Thakin Maung Maung, (12) Thakin Ba Nyein, (13) Thakin Ba Ohn, (14) Thakin Ba Hla, (15) Thakin Han Tin, (16) Thakin Chit Nyun, (17) Thakin Tha Han and (18) Thakin Maung Hla.

This tragic event was come to know me by the retrospective sayings of my widowed mother and elderly townsfolk when I became an adolescent. After my father's death, my widowed mother took charge of father's duties apart from her own mother's to be brought up her fatherless two offspring, my elder brother and I, myself. She, never married again till her expiry in her bed at the ripe age of 64 during 1985, very pitifully came across the tribulations similar to most other widows.

It would be very sorrowful to imagine the merciless event of my beloved father and his colleagues. On a day in April, 1945, 18 Thakins were caught in dead of night in my



natal place by a Fascist troop. After they were detained for some days in the local police station lock-up, were sent to district town, Myaungmya where were arrested in jail with other Thakins from various towns in the district, such as Myaungmya, Wakema and Maw Kyun. Victims-to-be, in the strict custody there were altogether 40 i.e. Labutta-18, Myaungmya-11, Wakema-9 and Maw Kyun -2.

After Fascist troop had fled the district town, a stench spread out one day in the atmoshpere ot the town and noticed by the townsfolk who searched for the cause that arouse the foul smell.

They got in to a cess-pit in the out-of-the-way locality where they had to know about the fate of partriotic Thakins whose corpses seperated from their heads were thrown down inhumanely into the pit as a heap of rubbish. As the elderly townsfolk's saying the tragic event occurred at night on May 6, 1945.

Mercifully, they urgently prepared a cremation ceremony in brief at the very spot of massacre, then they regardfully erected up a monumental pillar in which bone-ashes of a party of 40 were stored, which can be seen near independence monument in Myaungmya downtown. No information to their families could be made because of broken cummunications at

www.burmeseclassic.com

www.burmeseclassic.com



that time, thus, some days after the cremation only, their families came to know the fate of their deaparted ones.

Time had passed for so long as over 60 years during which a Buddhist monastic abode by the name of အာဇာနည်သခင်ကျောင်း (Martyred Thakins Monastery) was put up there at the site of killing field and in my birth-place, a memorial pillar for the martyred 18 Thakins of the town was erected up by the townsfolk.

Even over six decades had gone into the past, we never got a chance of hearing an apology, formal or informal, made by either the Government concerned or any other NGOs as War Veteran Organization. They had never shown a condolatory token for our life - long losses that could never be restored. We have no hatred to the people but Fascism. An apology or condolatory token made by authority concerned would be a good deed that can portray the impression of the whole nation concerned. Those who are responsible should guess to do so for the sake of DIGNITY of their STATE and NATION.

It was known that Fascist soldiers who occupied the Ayeyarwady Delta Region by that time were from a division under the control of Major - General Sakurai's 28 th: Army.

For the time so long as the Yway river flows, people

---

[illegible]



cannot help to forget that nightmare and the Yway river in a constant murmuration will dutifully narrate the blood - stained story to the forth-coming generations till Doomsday.

This tragic event is not a legend, but HISTORY!

*(Salute to all patriots who gave up their lives in toiling to save their native soil.)*

Sein Win Sein

www.burmeseclassic.com

www.burmeseclassic.com



# ဒဏ္ဍာရီမဟုတ်

❑

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ ရွှေမြစ်လက်ယာကမ်းပါး ဆက်တွင် မေးတင်နေသော လပွတ္တာမြို့ကလေးမှာ ကျွန်တော့်မွေးရပ်မြေဖြစ်သည်။

ကျွန်တော် လူ့လောကသို့ ရောက်ပြီးနောက် ရက်ပေါင်း ၁၈၀ နေ့အကြာတွင် ကျွန်တော့်ဖခင်သည် သူချစ်ခင်မြတ်နိုးသူတို့အား အပြီးတိုင် စွန့်ခွာသွားခဲ့သည်။ ထိုစဉ်က သူ့အသက်မှာ ၂၆ နှစ်၊ ကျွန်တော့်မိခင်သည် အသက် ၂၄ နှစ်တွင် မုဆိုးမ ဖြစ်ခဲ့ရ၏။

ဖခင်သေဆုံးရသည်မှာ ရောဂါဘယတစ်ခုကြောင့် မဟုတ်ပါ။ ၁၉၄၉ ခုနှစ်၊ မေလအတွင်း ဖက်ဆစ်တို့ ဆုတ်ခွာကြစဉ်တွင် သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။ ဒို့ဗမာအစည်းအရုံးမှ ကျွန်တော့်ဖခင် သခင်အနိုင်ဒိမ်းတစ်ဦးတည်းသာ အသတ်ခံရသည်မဟုတ်ပါ။ တစ်နေ့ရာတည်းတွင် ခေါင်းဖြတ်အသတ်ခံရသည့် သခင်ပေါင်း ၄၀ ရှိသည်။ ယင်းတို့အနက် သခင် ၁၈ ဦးမှာ လပွတ္တာမှဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့မှာ ...(၁) သခင်ကျော်၊ (၂) သခင်ဘစိန် (စာရေးဆရာကြီး မောင်ထင်၏ဦးလေး)၊ (၃) သခင်တင်တင်၊ (၄) သခင်စံခင်၊ (၅) သခင်ဆရာခင်၊ (၆) သခင်ဟန်သိန်း(စာရေးသူ၏ဖခင်)၊ (၇) သခင်ထင်းဝိန် (စာရေးဆရာကြီး မောင်ထင်၏ညီအရင်း)၊ (၈) သခင်တုံကင်၊ (၉) သခင်သိန်းမောင်၊ (၁၀) သခင်မောင်တင်၊ (၁၁) သခင်မောင်မောင်၊ (၁၂)သခင်ဘငြိမ်း၊ (၁၃) သခင်ဘအုန်း၊ (၁၄) သခင်ဘလှ၊ (၁၅) သခင်ဟန်တင်၊ (၁၆) သခင်ချစ်ညွန့်၊ (၁၇)သခင်သာဟန်နှင့် (၁၈) သခင်မောင်လှတို့ ဖြစ်ကြ၏။

ကျွန်တော် အရွယ်ရောက်လာချိန်တွင် ဤအကြောင်းကို မိခင်နှင့် လူကြီးသူမတို့က ပြောပြသဖြင့် သိရခြင်းဖြစ်၏။ ဖခင်ကွယ်လွန်ပြီးနောက် လူမည်သားနှစ်ယောက်အား ပြုစုလုပ်ကျွေးခဲ့ရသည့် မိခင်သည် ၁၉၈၅ ခုနှစ်တွင် ကွယ်လွန်ချိန်အထိ အိမ်ထောင်သစ်မထူခဲ့။ အခြား မုဆိုးမအများစုလိုပင် ဆင်းရဲဒုက္ခကြီးစွာဖြင့် ဘဝကို ဖြတ်သန်းလာခဲ့ရသည်။

ဖခင်နှင့် အပေါင်းပါများ ရက်ရက်စက်စက် အသတ်ခံကြရသည့်ဖြစ်ရပ်ကို တွေးကြည့်ရသည်မှာ ကြေကွဲစရာ ကောင်းလှသည်။ ၁၉၄၅ ခုနှစ်၊ ဧပြီလ၏ နေ့တစ်နေ့ ညကြီးအချိန်မတော်တွင် ကျွန်တော်ဇာတိမြို့ကလေး၌ သခင် ၁၈ ယောက်တို့အား ဖက်ဆစ်တစ်စုက ဖမ်းဆီးသွားပါသည်။

သူတို့အား ဂါတ်ထဲတွင် ရက်အနည်းငယ် ဖမ်းချုပ်ထားပြီးနောက် မြောင်းမြသို့ပို့ကာ ထောင်တွင်း အကျဉ်းချထားသည်။ ထောင်ထဲတွင် လပွတ္တာသခင်များနှင့်အတူ မြောင်းမြ၊ ဝါးခယ်မနှင့် မော်ကျွန်းတို့မှ သခင်များလည်းရှိ၏။ လပွတ္တာမှ ၁၈ ယောက်၊ မြောင်းမြမှ ...





ယောက်၊ ဝါးခယ်မမှ ၉ ယောက်နှင့် မော်ကျွန်းမှ ၂ ယောက်။ စုစုပေါင်း သခင် အယောက် ၄၀။

မြောင်းမြမှ ဖက်ဆစ်တပ် ဆုတ်ခွာထွက်သွားပြီးနောက် အပုပ်နံ့ရသဖြင့် မြို့သူမြို့သားတို့ လိုက်လံရှာဖွေကြသည်။ မြို့ပြင်ရှိ တွင်းဆိုးတစ်ခုသို့ ရောက်သွားချိန်တွင် ခေါင်းတခြား ကိုယ်တခြားဖြစ်နေသည့် အလောင်းများကိုတွေ့ပြီး မျိုးချစ်သခင်တို့၏ ကံကြမ္မာကို နားလည်သိကြရသည်။ လူကြီးသူမများ၏ ပြောစကားအရ ဤကြေကွဲစရာ အဖြစ်ဆိုးကြီးမှာ ၁၉၄၅ ခုနှစ်၊ မေလ ၆ ရက်နေ့ညပိုင်းတွင် ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

မြောင်းမြသူ မြောင်းမြသားများက အလောင်းများအား သတ်ဖြတ်သည့်နေရာတွင်ပင် မီးသင်္ဂြိုဟ်ပြီး သခင် ၄၀ ယောက်တို့၏ အရိုးဖြင့် ကျောက်တိုင်တည်ကြ၏။ မြောင်းမြမြို့လယ် လွတ်လပ်ရေးကျောက်တိုင်အနီးတွင် အဆိုပါ ကျောက်တိုင်ရှိသည်။ ခေတ်အခြေအနေအရ ဆက်သွယ်ရေးများ ပြတ်တောက်နေသဖြင့် ကြမ္မာနည်းသူများ၏ ဇာတိသားစုတို့ထံ အချိန်မီ အကြောင်းမကြားနိုင်။

နောင်တွင် သခင်များ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသည့်နေရာ၌ အာဇာနည် သခင်ကျောင်းအမည်ဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ပေါ်ထွန်းလာ၏။ လပွတ္တာတွင်လည်း အာဇာနည် သခင် ၁၈ ဦးအားရည်စူးကာ မြို့သူမြို့သားတို့က ကျောက်တိုင် စိုက်ထူထားသည်။

အတိတ်တွင် နှစ်ပေါင်းခြောက်ဆယ်ကျော် ကျန်ရစ်ခဲ့ပြီဖြစ်သော်လည်း သက်ဆိုင်ရာ အစိုးရထံမှလည်းကောင်း၊ စစ်ပြန်အဖွဲ့အစည်း ... အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများထံမှလည်းကောင်း ဤ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဆိုးကြီးအတွက် စာနာတောင်းပန်သည့်စကား တစ်ခွန်းတ
မျှပင် မကြားခဲ့ရ။

ကျွန်တော်တို့၏ အစားထိုးမရနိုင်သော ဆုံးရှုံးမှုကြီးအတွ
ဝမ်းနည်းသည့် အထိမ်းအမှတ်ကို ဘယ်တုန်းကမျှ ဖော်ပြခြင်းမ
ကျွန်တော်တို့ လူကိုမမုန်း။ ဖက်ဆစ်ဝါဒကို မုန်းသည်။

သက်ဆိုင်ရာ အဖွဲ့အစည်း၏ တောင်းပန်စကား၊ သို့မဟု
ဝမ်းနည်းကြောင်း အထိမ်းအမှတ်တစ်ခုသည် သက်ဆိုင်ရာလူမျိ
ဂုဏ်သိက္ခာကို ပံ့ဖော်နိုင်သည့် ကောင်းသော ဆောင်ရွက်ချက်တ
ဖြစ်ပါလိမ့်မည်။ သက်ဆိုင်သူတို့အနေဖြင့် မိမိတို့နိုင်ငံနှင့် မိမိတို့လူ
အတွက် ဤကိစ္စကို စဉ်းစားသင့်လှသည်။

ထိုအချိန်က ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသကို သိမ်းပို
ထားသည့် ဖက်ဆစ်စစ်သားများမှာ ဗိုလ်ချုပ် ဆာကူရိုင်း၏ အမှ
(၂၈) တပ်မမှဖြစ်ကြောင်း သိရသည်။

ရွှေမြစ်စီးဆင်းနေသမျှသော ကာလပတ်လုံး ဤအိပ်မ
ဆိုးကြီးကို မေ့နိုင်ကြလိမ့်မည် မဟုတ်ပါ။ ရွှေမြစ်သည် သွေးစွန်းသေ
ဤဇာတ်လမ်းကို နောင်လာလတ္တံ့သော မျိုးဆက်များအား ကမ္ဘာ
ပျက်သုဉ်းချိန်အထိ တာဝန်ကျေပွန်စွာ ပြောပြနေပါလိမ့်မည်။

ဤ ကြေကွဲဖွယ်ဖြစ်ရပ်သည် ဒဏ္ဍာရီမဟုတ်၊ သမိုင်းဖြစ်သည
*(အမိမြေအား ကယ်တင်ရန်အလို့ငှာ အသက်စွန့်သွားကြသ
မျိုးချစ်များအား အလေးပြုပါ၏)*

စိန်ဝင်း



www.burmeseclassic.com

[ ၁ ]

❑

နွေဦးတု၏ ပူပြင်းလှသော နေရောင်ခြည်အောက်မှာ ပတ်ဝန်းကျင် အရာခပ်သိမ်းတို့အား ညှိုးနွမ်းရင့်ရော်စေသည်နှင့်အမျှ စိမ်းစိမ်းစိုစို သစ်ပင်ပျိုအိုတို့မှာလည်း ဝါဖန့်ဖန့်အဆင်းသို့ဆောင်ကာ ရွက်ခြောက်တို့သည် မြေပြင်သို့ တဖွဲဖွဲကျရောက်နေကြသည်။

ထိုအတူ ခြောင်းမြို့ ဗဟိုအကျဉ်းထောင်ကြီး၏ အုတ်နံရံမှာ တပေါင်းလ၏ ပူပြင်းလှသော နေရောင်အောက်တွင် ကျက်သရေကင်းမဲ့စွာ အနီပုတ်အရောင်သန်း၍ မြင်ရသူတိုင်းအား ခြောက်လှန့်သကဲ့သို့ ရှိနေပေသည်။ တစ်ချက်တစ်ချက်တွင် အတင်းတိုးဝှေ့ တိုက်ခတ်လာသော နွေနှောင်း၏ လေသရမ်းမှာ အကျဉ်းထောင်၏ပတ်ဝန်းကျင်ကို ဖုန်များဖြင့် အုံ့မှိုင်းဖုံးလွှမ်း၍ သွားလေတော့၏။





ထောင်ကြီး၏ ပတ်ဝန်းကျင်တွင်ရှိသော သစ်ပင်အုပ်ကြီးများမှာ ညှိုမှိုင်းစိုပြေ၍ နွေဦးတု၏ အပူဒဏ်ကို ဆန့်ကျင်ဘက်ပြုနေသော်လည်း လူအသွားအလာပြတ်ကာ တိတ်ဆိတ်ခြောက်ကပ်၍ နေလေသည်။ ယခင်ဆိုသော် ထိုသစ်တောအုပ်ကြီးမှာ မြို့သူမြို့သားများ အပျင်းပြေလျှောက်၍ လှည့်လည်ကြည့်ရှုဖွယ် အရပ်တစ်ခု ဖြစ်ခဲ့သည်သာမက ပျော်ပွဲစားထွက်ရာအရပ်လည်း ဖြစ်ခဲ့ပေသည်။

သို့သော် ယခုအခါ ဂျပန်ငပုတို့၏ စစ်ပစ္စည်းများ သိုလှောင်ရာသို့ ပြောင်းလွဲသွားသည်ဖြစ်၍ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ သွားလာခြင်းကို မပြုကြရတော့သဖြင့် ထောင်ကုန်းတစ်ရပ်လုံးမှာ သုသာန်တစ်စပြင်ကဲ့သို့ ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေ၏။

အချိန်မှာ နေမျိုးနွယ် ဂျပန်ဖက်ဆစ်တို့၏ အာဏာလက်အောက်တွင် ဝပ်ပြား၍ လည်စင်းခံနေရသောကာလ ဖြစ်ပေသည်။

သုံးနှစ်သုံးမိုး ဂျပန်တို့၏ ဓားစက်အောက်တွင် မြန်မာတစ်ပြည်လုံး ကြိမ်မီးအုံးသို့ အလူးအလဲ ခံနေကြရသော်လည်း နေသေးသပ ချုံထဲက ရှိသေးသပ တမြမြဆိုဘိအလား တစ်တိုင်းပြည်လုံးက ချက်ကောင်း စောင့်ကြည့်နေကြပေသည်။

အောင့်အည်းမျိုသိပ်၍ မျှော်တလင့်လင့်နှင့် ဂျပန်တို့၏ အသက်ဇီဝိန်ကို ချွေလိုလှသော မြန်မာ့မျိုးချစ်သူရဲကောင်းတို့၏ နာကြည်းစိတ်မှာ တစ်နေ့ထက်တစ်နေ့ ဆထက်တပိုး တိုး၍လာခဲ့သည်နှင့်အမျှ ဂျပန်တို့၏ နောက်ဆုံး သေမင်းခေါ်ရာနှစ်တွင် တော်လှန်ရေးစိတ်ဓာတ်ဖြင့် အသက်တို့စွန့်ရန် ဝန်မလေးကြသော မျိုးချစ်လူငယ်များသည် ခြောင်းမြို့ အနှံ့အပြားတွင် ခြေချင်းလိမ်စွာ အားထုတ်ကြစည်နေကြသည်

www.burmeseclassic.com



ကို ဂျပန်ငပုနှင့် ၎င်းတို့ ဘက်တော်သားများဖြစ်ကြသည့် တိုင်းရင်းသား သစ္စာဖောက်များလည်း သိတန်သရွေ့ သိလာရသောအခြေသို့ ဆိုက်ရောက်လာခဲ့ပေသည်။

သို့ဖြစ်ရကား မျိုးချစ်လူငယ်တို့မှာ မထင်မရှားလှုပ်ရှားနေရာမှ မဆုတ်မနစ်သော ဖွဲ့လုံ့လတို့ဖြင့် သစ္စာဖောက်တို့ကို အရင်းတည်၍ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ဂျပန်လက်မှ ကယ်တင်နိုင်ရန် အစွမ်းကုန် အားထုတ်လာကြလေသည်။

ရဲရဲတောက် မျိုးချစ်လူငယ်များအထဲတွင် ကျွန်တော်နှင့် အလွန်ရင်းနှီးချစ်ခင်သော ကိုထွန်းရွှေဆိုသူလည်း ပါဝင်၏။ ဂျပန်ကို ချမှုန်းမည်ဆိုလျှင် သူသည် ရှေ့တန်းမှ ပါဝင်လိုကြောင်းကိုလည်း ကျွန်တော့်ရှေ့တွင် ခဏခဏ ကြိမ်းဝါးလေ့ရှိသည်။ ဂျပန်ကို မုန်းကြသည့်အထဲတွင် လူငယ်များက ပို၍ ပြင်းထန်သည်ဟု ထင်မိ၏။ သို့သော် တစ်တိုင်းပြည်လုံးသည်ကား ဂျပန်ကိုချစ်သူ ရှားပေမည်။

ဤသို့သောအချိန်၌ တစ်နေ့သော နေ့လယ်အချိန်တွင် ကျွန်တော်၏မိတ်ဆွေ ကိုထွန်းရွှေသည် ရေကြီးသုတ်ပြာဖြင့် ကျွန်တော်နေထိုင်ရာ တောင်နေအိမ်သို့ ရောက်ရှိလာလေသည်။ ရောက်လျှင်ရောက်ချင်းဆိုသည်မှာ …

"ဒီမှာ … ကိုရွှေထောင်မှူးရဲ့၊ ခုတစ်ခါ ကျွန်တော် ခင်ဗျားရဲ့အကူအညီကို ရမှဖြစ်မယ်ဗျ။ အဲဒါ ခင်ဗျား ဘယ်လိုသဘောထားမလဲ။ တတ်နိုင်ရင်လည်း ကူညီပေါ့ဗျာ။ မတတ်နိုင်ရင်လည်း တခြားလူတွေတော့ မသိစေချင်ဘူး။ ဒီစကား ဒီတွင်ဖျောက်ရလိမ့်မယ်"

ကျွန်တော်သည် ကိုထွန်းရွှေ၏စကားကြောင့် အတော်ပင် အတွေးရ ကြပ်သွားမိသည်။ သူ၏ဆိုလိုချက်ကို မသိလေသောကြောင့်



ကြောင်အမ်းအမ်းနှင့်ပင် …

"ဖင်ခေါင်းကျယ်တဲ့ လူပဲဗျ။ ခင်ဗျား အရေးကြီးတာက ဘာလဲ။ ပြောပါဦး"

ဟုသာ မေးလိုက်မိသည်။ ထိုအခါ ကိုထွန်းရွှေသည် မျက်လုံးမျှကလဲဆန်ကပြာနှင့် ဟိုဟိုဒီဒီသို့ကြည့်ကာ …

"ဟေ့လူ … တိုးတိုးဗျ။ ခင်ဗျား သိပ်ချော်တဲ့လူ။ ကျွန်တော် နိုင်ငံရေးသမားတစ်ယောက် ဘီ–အိုင်–အေ စစ်ဗိုလ်ဆိုတာ ခင်ဗျား မေ့နေပလား။ အခု သိပ်အရေးကြီးအချိန်ကို ရောက်နေပြီဗျ"

ကရောသောပါး ပြောနေသောကြောင့် …

"ဟုတ်တယ်လေ … အရေးကြီးတာပေါ့။ စစ်သူကြီးတစ်ယောက်က သူ့ရည်းစားကို စာတောင်မပေးရဲတဲ့သတ္တိဟာ ဘယ်ခေလဲဗျ"

ဟု ကျွန်တော်က ကိုထွန်းရွှေအား နောက်သလိုစလိုက်မိရာ ကိုထွန်းရွှေက လက်ကိုကာပြီး ဆက်ပြောသည်။

"ဟေ့လူ … ဒါတွေ အသာထားစမ်းပါဦး။ ခု တကယ်အရေးကြီးနေတယ်ဗျ။ အရေးကြီးတော့ သွေးနီးဆိုသလို ခင်ဗျားပါမှဖြစ်မယ်။ ဒါကို ကျွန်တော်ပြောနေတာ အကြောင်းက ဒီလိုဗျ …။ ဘယ်သူ့မှ မသိစေနဲ့နော်။ အခုဟာက တော်လှန်ရေးအတွက် လုပ်ရမယ့်ကိစ္စဗျ။ အထက်ပိုင်းတွေမှာ စကုန်ပြီ။ ငပုတွေကို တီးကြတော့မယ်။ ဒီတော့ ခင်ဗျားလည်း အာရှလူငယ် အစည်းအရုံးဝင်တစ်ဦးဆိုတော့ ကျွန်တော်တို့ကို တတ်နိုင်တဲ့ဘက်က အကူအညီပေးရလိမ့်မယ်"

ကိုထွန်းရွှေက အရေးတကြီး တိုးတိုးကြိတ်၍ ပြောလာသော အခါမှ ကျွန်တော့်မှာ သူလာရင်းအကြောင်းကို သိရတော့၏။

www.burmeseclassic.com



"ဆိုပါ …။ ကျွန်တော် ဘယ်လိုလုပ်ရမလဲ။ ကျွန်တော်က အစိုးရအလုပ်နဲ့ ဘယ်လိုအကူအညီမျိုး ရနိုင်မယ်ဆိုတာ ခင်ဗျား မြင်ထားသလား။ ပြောစမ်း"

"ဟုတ်တယ် မြင်ထားတယ်။ ဒီလိုဗျ … ဒီလို … ဒီလို။ မြို့ထဲမှာ ဂျပန်အကောင်တွေက ခြေချင်းလိမ်နေတာကလားဗျ။ ကျွန်တော်တို့အချင်းချင်း လူစုပြီး တိုင်ပင်ဖို့ကခက်တယ်။ ဘာပြုလို့လည်းဆိုတော့ ဟိုအကောင်တွေ ကျွန်တော်တို့ကိုပဲ မျက်ခြေမပြတ် လိုက်ကြည့်နေကြတယ်။ ဒီတော့ ခင်ဗျားအိမ်က တောင်ကုန်းမှာဆိုတော့ မြို့နဲ့လည်း အလှမ်းဝေးတယ်။

ပြီး … ခင်ဗျားကလည်း မနက်ဖြန် အားရက်ဆိုတော့ အပျော်ထမင်းချက်စားသလိုလို၊ ဘာလိုလိုနဲ့ စည်းဝေးကြတာပေါ့ဗျာ။ ခင်ဗျား မိန်းမကို ဟင်းတွေဘာတွေ ဝယ်ခိုင်းထား။ ကျွန်တော်တို့က ပုလင်းနဲ့ဘာနဲ့ပေါ့။ ဟဲ … ဟဲ … ကျွန်တော်တို့တစ်ယောက်စီ မနက်ကို လှူခွဲပြီးလာခဲ့မယ်။ ဓါတုပ်လည်း ယူခဲ့မယ်ဗျ။ ဒါမှ ပိုပြီး ယုတ္တိရှိမယ်"

ကိုထွန်းရွှေသည် သူ၏အစီအစဉ်ကို အားရှိပါးရှိပြောနေစဉ် ထုံ့ညြသော အမူအရာနှင့် …

"အလို … ကိုရွှေမောင်၊ ဒါနဲ့ ဒီငပုတွေ ဒီအိမ်ကို ဘယ်တုံးက ပြောင်းလာကြတာလဲဗျ"

ဟု ကိုထွန်းရွှေသည် လစ်လပ်နေသော တောင်မှူးအိမ်တစ်အိမ်ကို ဂျပန်များရောက်နေသည်ကိုတွေ့၍ စိုးရိမ်မကင်းသလို မေးလိုက်သည်။

"မကြာသေးဘူး။ နှစ်ရက်လောက်ပဲ ရှိဦးမယ်။ ကိစ္စမရှိပါဘူး။ နက်ဖြန်စည်းဝေးပြီး ဒီအကောင်တွေကို ပထောမအနေနဲ့ တက်သတ်ကြတာပေါ့ဗျာ"



ဟု ကျွန်တော် ရယ်စရာဖောက်လိုက်ရာ ကိုထွန်းရွှေမှာ အတော်သဘောကျသွားဟန်ရှိ၍ သွားတက်ချွန်ချွန်ကလေး ပြူးခနဲပေါ်လာအောင် ပြုံးလိုက်ပြီး …

"ဟဲ … ဟဲ … ကိုယ့်လူက တယ်လည်းလာပါလား။ ခင်ဗျားစိတ်ခတ်ပြင်းထန်ရင် ဂျပန်ကို ပထောမအနေနဲ့လည်း ချရမယ်၊ နိဂုံးချုပ်အနေနဲ့လည်း ဆော်ရမယ်။ အဲဒါနဲ့ မနက်ဖြန်လုပ်ရမဲ့ ကိစ္စတွေကိုသာ အဆင်သင့်ဖြစ်အောင် လုပ်ထားပေတော့။ ကျွန်တော်လည်း ကိစ္စတွေရှိနေလို့ သွားလိုက်ပါဦးမယ်"

ဟု ကျွန်တော့်အားနှုတ်ဆက်ကာ မြို့ထဲသို့ သုတ်သီးသုတ်ပြာနှင့် ပြန်သွားလေသည်။

နောက်တစ်နေ့နံနက် မိုးအလင်းသို့ရောက်လျှင်ပင် ကိုထွန်းရွှေသည် ကျွန်တော်၏နေအိမ် နောက်ဖေးလှေကားမှ ကုတ်ကုတ် … ကုတ်ကုတ်နှင့် ပန်းတွင် လွယ်အိတ်တစ်ခုကို အတော်လေးလံသည့်ဟန်ဖြင့် လွယ်ကာ ချွေးတလုံးလုံးနှင့် ရောက်လာပါသည်။

ကိုထွန်းရွှေမှာ အလွန်ဇော်ရွှေသူဖြစ်၍ လူပေါင်းလူသင်းဆန့်သူ ဖြစ်ပါသည်။ ခါတိုင်းဆိုလျှင် ကျွန်တော့်ထံ ရောက်လျှင်ရောက်ချင်း စကားကို ဖောင်လောက်အောင်ပြောတတ်ပြီး ဟိုအိမ်ဒီအိမ်များကိုပင် လှမ်းအော်နှုတ်ဆက်မြဲ ဖြစ်ပါသည်။

သို့ရာတွင် ယနေ့ကား ကိုထွန်းရွှေမှာ လုံးဝ စကားပြောလိုဟန်မရှိဘဲ အိမ်အတွင်းဘက်ရှိ ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်ပြီး နှုတ်ဆိတ်စွာ စဉ်းစားနေပါသည်။ ၎င်းရောက်နေသည်ကိုကား ကျွန်တော်မှအပ ရပ်ကွက်ထဲရှိ လူတို့က မည်သူမျှ မသိကြပေ။

www.burmeseclassic.com



"ဘယ့်နှယ် ... ကိုထွန်းရွှေ"

သူ၏စဉ်းစားနေခြင်းကို ကျွန်တော်က ဖြတ်ခွင်းလိုက်လေသည်။

"ခင်ဗျား ... ပြဿနာ တော်တော်များများနဲ့ ရင်ဆိုင်နေရပြီ ထင်တယ်။ ဒီလိုဆိုရင် ဟိုအိမ်က ဂျပန်တစ်ကောင်ကိုခေါ်ပြီး တိုင်ပင်ရ မကောင်းဘူးလားဗျ"

ဟု ကျွန်တော်က ဆက်၍ အရွန်းဖောက်လိုက်ရာ ကိုထွန်းရွှေသည် စဉ်းစားနေရာမှ လှုပ်ရှားလာကာ ...

"အဟင်း ... အဟင်း ..."

ဟု ညင်သာစွာ မတိုးမကျယ် ရယ်လိုက်သည်။ ပြီးမှ အိတ်ထဲမှ ပုလင်းတစ်လုံးကိုဆွဲထုတ်၍ ကျွန်တော့်အား ဖန်ခွက်တစ်ခုကို ပေးရန် လက်ဟန်ပြပြပါသည်။

ကျွန်တော်က စားပွဲပေါ်မှ ဖန်ခွက်တစ်ခုကို သူ့အားကမ်းပေးလိုက်ရင်း ...

"စောစောစီးစီး ဒီလူလုပ်တော့မယ်။ သူများတွေ မျက်နှာတောင် မသစ်ရသေးဘူး"

ဟု ပြောလိုက်ရာ ...

"ဟဲ ... ဟဲ ... ခင်ဗျား မိန်းမရသွားမှ ဒီစကားကို ပြောတာကိုး။ ကျွန်တော်က လူပျိုကြီးဆိုတော့ ည,ည လျှောက်လည်ရသေးတယ်။ အဲ ... ဟိုကိစ္စကလည်း အကြံအိုက်နေတော့ ဒီည ကောင်းကောင်း မအိပ်လိုက်ရဘူးဗျ။ ဒါနဲ့ ခေါင်းကိုက်ပြေရုံလေး တစ်ခွက်လောက် မျိုးထားလိုက်မယ်ဗျာ။ သိလား"

ဟုပြော၍ ဖန်ခွက်ထဲသို့ တစ်ဝက်ခန့်ငှဲပြီး ကျွန်တော့်အား ကမ်းပေးနေပါသည်။ ကျွန်တော်က အလိုက်သင့် လှမ်းယူ၍ မော့ချ



လိုက်မိ၏။

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်တစ်ခွက်စီချပြီး စာရင်းရှင်းလိုက်ကြသည်။ ထို့နောက် ရဲဘော်များအလာကို အရက်မှိုးလေးမှိုင်းတီးနှင့် စောင့်ဆိုင်းနေကြရာ နံနက် ၈ နာရီခန့်တွင် ကိုလှမောင်ဆိုသူ ရောက်လာပါသည်။ ကိုလှမောင်မှာ ခေတ်ပညာတတ်၊ ကောလိပ်ကျောင်းသားတစ်ဦးဖြစ်၍ နိုင်ငံရေးတွင် အတော်ပင် တီးခေါက်မိသူဖြစ်ပါသည်။ ကိုလှမောင်ရောက်ပြီး မကြာမီ ကိုထွန်းရွှေက တော်လှန်ရေးအတွက် လုပ်ငန်းအစီအစဉ် အနည်းငယ်ကို ရှေးဦးစွာ စ၍ပြောပါသည်။

"ဒီကိစ္စက ခက်တယ်ဗျ။ လူတိုင်းကို ယုံလို့မဖြစ်ဘူး။ ပေါက်ကြားသွားမယ်ဆိုရင် ပွဲမတွေ့ခင်က အကုန်လုံး မသာဖြစ်ကုန်ကြမဲ့အလုပ်ပဲ။ အခုဒီမှာလည်း အနားတင်ကပ်ပြီး ငပုတွေက ရောက်နေတော့ ကျွန်တော်တို့ အကုန် ဒီမှာစုလို့ မဖြစ်တော့ဘူး။ အဲ ... ဒါထက် တစ်ခုကလည်း ရှိသေးတယ်။

ဒီအကြံအစည်မှာပါတဲ့ လူအကုန်ကို တစ်ယောက်တည်းက အကုန်လုံးကို သိလို့လည်းမဖြစ်ဘူး။ မတော်တဆ ငပုတွေက ဖမ်းမိသွားရင်း မပေါ်မချင်း ရိုက်စစ်မှာဗျ။ ဒီတော့ သူ့အတွဲလောက်သာ သူဖော်ချင်လည်း ဖော်ပေါ့။ အကုန်လုံးသိထားရင် တောက်လျှောက်ဖော်နိုင်တယ်။ ဒီအခါမှာ အကုန်မိကုန်မှာကတော့ သေချာတယ်"

"ဒါနဲ့ ကျွန်တော်တို့အဖွဲ့ အများကြီးလုပ်ပြီး ခေါင်းဆောင်တဲ့လူတွေလောက်သာ ဘယ်သူနဲ့ဘယ်ဝါ ဆက်သွယ်ပါတယ်ဆိုတဲ့ အစီအစဉ်လောက်ပဲ အသိပေးထားရမယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ သုံးယောက်က တစ်ဖွဲ့ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘယ်သူတွေ ပါကြသလဲဆိုတာတော့ သိမထားရင် ကောင်းတယ်။ သိစရာလည်း မလိုပါဘူး။ ဒီတော့ တခြားဖွဲ့ဝင်တွေလည်း သူတို့ယူထားတဲ့ တာဝန်အလျောက် လုပ်ကြမှာပါပဲ။ ကျွန်တော်ကတော့ လက်နက်အတွက် တာဝန်ယူထားတယ်။ တာဝန်ယူဆို ခင်ဗျားကို (ကျွန်တော့်ဘက်သို့ မျက်နှာမူ၍) အကျိုးအကြောင်းပြောရင်တော့ ဖြစ်နိုင်မယ်ထင်လို့ တာဝန်ယူခဲ့တာပဲ"

ကိုထွန်းရွှေ၏ပြောပုံမှာ လုပ်ငန်းပေါ်၌ စိတ်ဝင်စားသလောက် ကျရောက်မည့်ဆဲဆဲ အန္တရာယ်အတွက်လည်း အထူးစိုးရိမ်သောအသွင် ပေါက်နေသည်။ သို့သော် ကျွန်တော့်အား လက်နက်အတွက် တာဝန်ယူထားသည်ဆို၍ ...

"ကျွန်တော်က လက်နက်အကူအညီ ပေးနိုင်တယ်ဆိုတော့ ဘာလဲ ကျွန်တော်က ထောင်မှာရှိတဲ့သေနတ်တွေကို ခိုးပေးရမလား ဗျ"

ကျွန်တော်က သိလိုရာကို စွပ်၍ မေးလိုက်မိပါ၏။

"အေးပေါ့ဗျာ ... ခင်ဗျားက ထောင်မှူးပဲ။ ခင်ဗျားတို့ထောင်က သေနတ်ကို ရသလောက်လိုချင်တယ်ဗျာ။ ဘယ့်နှယ်လဲ ..."

ကျွန်တော်၏ တိုက်ရိုက်အမေးကို ကိုထွန်းရွှေက ပြောင်ပြောင်ပင် ဖြေကြားလိုက်သောအခါ၌ ကျွန်တော့်မှာ ပါးစပ်အဟောင်းသားနှင့်သာ ကိုထွန်းရွှေအား ကြည့်နေမိတော့၏။

"ဟင် ... ဒီလိုဆိုတော့ ..."

ဟု မတင်မကျစကားနှင့်သာ ကျွန်တော့်မှာ ပြောနိုင်တော့ပြီး ရပ်ထားလိုက်ရ၏။

"ဒီလိုဆိုတော့ ဘယ်လိုဖြစ်သွားတာလဲဗျ။ ဦးနှောက်ထဲ ချေး





ရောက်သွားပြီထင်တယ်။ ဟဲ ... ဟဲ ..."

နားစိုက်နေသော ကိုလှမောင်က ဝင်ထောက်လိုက်ရာ ...

"အင်း ... ဒီကိစ္စဟာ အားကြီးမလွယ်တာပဲဗျ"

ဟု ပြန်ဖြေလိုက်ရသည်။ ထိုအခါ ကိုထွန်းရွှေက ...

"နို့ ... ဘယ်သူက လွယ်တယ်လို့ခင်ဗျားကို ပြောသလဲ"

နောက်တောက်တောက်အမူအရာနှင့် ကျွန်တော့်အား အတည် မှတ်လိုက်ပါသည်။

ထို့နောက် ကျွန်တော်ရော သူတို့နှစ်ဦးပါ လုပ်ငန်းအခက်အခဲများကို အတန်ငယ်ကြာအောင် စဉ်းစားနေမိကြသည်။

တော်လှန်ရေးဟူသည်မှာ ပြောသလောက်လွယ်ကူသော ကိစ္စ မဟုတ်ပါ။ လက်နက်ပစ္စည်း၊ လူအင်အား၊ စိတ်ဓာတ်အင်အားမှစ၍ မရေမတွက်နိုင်သော အခက်အခဲပေါင်းများစွာ ပါဝင်လျက်ရှိပါသည်။

ထို့ထက် လောလောဆယ်အားဖြင့် ကိုထွန်းရွှေပြောလိုက်သော ထောင်မှ သေနတ်များကို ခိုးပေးရန်ဟူသောကိစ္စမှာ အလွန့်အလွန် မလွယ်ကူပါပေ။ ခိုးလျှင်ခိုးချင်းသိနိုင်သော ကိစ္စဖြစ်ပြီး အထူး အသက် ဘေးနီးကပ်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ထောင်၏လက်နက်တိုက်မှာ အမြဲတမ်းအစောင့်အကြပ်ဖြင့် သော့ခတ်ထားသည်ဖြစ်၍ ခဲယဉ်းလှတိ၏။

အပြင်၌ ၄-၅ လက်မျှရှိသော လက်နက်များမှာလည်း နေ့စဉ် ထွေရှားကျနေသူ ထောင်ကြပ် (ဝါဒါ) များ ကိုင်ဆောင်ထားကြသည်။ သို့ရာတွင် ထိုသူများထံမှ သေနတ်ကို မည်သို့မည်ပုံရအောင် ဆွဲဆောင်ရမည်နည်း။ ၎င်းတို့ကား တော်လှန်ရေးဆိုသည်ကို နားလည်ကြ မည်လား။



www.burmeseclassic.com

www.burmeseclassic.com



အတာသ်ရှဲတော်လှန်ရေးကို နားလည်သည်ထားဦး သူတို့အား ဖျောင်းဖျရန် အလွန်ခက်လှဘိသည်။ မပြောထိုက်သော စကားကို ပြောမှားမိ၍ သေနတ်မရသည့်အပြင် သေပြေးရှင်ပြေး ပြေးရမည်မှာ သေချာနေသည်။

လိပ်ပတ်လည်အောင် ပြောထားစေကာမူ ၎င်းတို့သည် သားတစ်ကွဲ၊ မယားတစ်ကွဲ မဖော် အသက်သေရသည်အထိ အန္တရာယ်ပေးနိုင်သော တော်လှန်ရေးအလုပ်ကို အလွယ်တကူ သဘောတူပါဝင်မည်ဆိုသည်မှာ စိတ်ကူးယဉ်သက်သက်မျှသာ ဖြစ်ကောင်းရာသည်။

ကျွန်တော့်မှာ အတော် ကြံရခက်နေပါ၏။ သေနတ်တစ်လက်မျှကို ရရှိရန် နည်းအမျိုးစုံကိုသုံး၍ ခိုးယူရရှိသည်ထားဦးတော့ မိမိ၏ စွန့်စားခြင်းသည် ဖြစ်ပေါ်သက်ရောက်လာမည့် အကျိုးကျေးဇူးနှင့် ကာမိမည်လား။ စသည်များကိုပါ ရေဆန်လေဆန် တွေးတောစရာ ဖြစ်လာပါတော့သည်။

ကျွန်တော်၏တစ်သက်တာတွင် ဤမျှခဲယဉ်း၍ အသည်းတုန်ဖွယ်ရာသော ပြဿနာကို တစ်ခါဘူးမျှ ရင်မဆိုင်ခဲ့ဖူး၍ ကျွန်တော်၏ နားထင်မှ ချွေးသီးချွေးပေါက်များ ယိုစီး၍ ကျဆင်းလာကြပါတော့သည်။

"ကဲ ... ဘယ့်နှယ်လဲ ... ပြောပါဦး၊ ငိုင်လှချည်လား"

ကိုထွန်းရွှေသည် ကျွန်တော်၏ ငြိမ်သက်စွာ တရိပ်ရိပ် စဉ်းစားနေခြင်းကို တပ်လှန့်ပေးလိုက်သလို ကောက်မေးလိုက်ရာ ကျွန်တော်၏စိတ်အစဉ်သည် တမဟုတ်ချင်း ချောက်ခြားသွားလေတော့သည်။

"ဒီမှာ ကိုထွန်းရွှေ ..."

ကျွန်တော်က စဉ်းစားနေရာမှ စလိုက်သည်။





"ဒီကိစ္စမျိုးဆိုတာ ခင်ဗျားက လွယ်လွယ်နဲ့ဖြစ်မယ်များ ထင်သလား။ ကျွန်တော်ဟာ ထောင်မှူးတစ်ယောက်ဖြစ်ဖြစ်၊ ထောင်ပိုင်တစ်ယောက်ပဲဖြစ်ဖြစ်ဗျာ။ ဒီလို ဂမူးရှူးထိုးလုပ်လိုက်ရင် ချက်ချင်းပဲအော်သောင်းနင်းဖြစ်ကုန်ပြီး အရေမရ အဖတ်မရနဲ့ ဒုက္ခများမှာပေါ့ဗျာ"

"ကဲ ... ဒါဖြင့် ဘယ်လိုလုပ်ကြမှာတုံး"

ကိုလှမောင်က အကျကောက်၍ မေးလိုက်သည်။

"နေအုံးဗျာ ... ကျွန်တော် ပြောဦးမယ်။ ကျွန်တော်က ဂျပန်များတို့နဲ့အတူ ညကျရင် ဂျပန်ကို တစ်ဦးချင်း လိုက်သတ်ရမလား လို့တောက်မေ့နေတာ။ ခုတော့ ဂျပန်သတ်ရမဲ့ကိစ္စထက်တောင် ခက်နေပါလားဗျာ"

ကျွန်တော်က အထင်နှင့်အမြင်ကွာပုံကို ပြောလိုက်ရာ၏။ ထိုအခါ ကိုထွန်းရွှေက ...

"သတ်တဲ့အခါလည်း သတ်ရမယ်လေ။ ဒါပေမဲ့ လက်နက်မရှိဘဲ သတ်မယ်ဆိုတာ ဖြစ်နိုင်မလားဗျ"

ဟု မေးခွန်းထုတ်လိုက်ပါသည်။

"ဓားမြှောင်နဲ့ ဘေးချင်းကပ်ပြီး ထိုးမယ်ဗျာ။ ငှက်ကြီးတောင်နဲ့ ပိုင်းချမယ်ဗျာ"

ဤကား ကျွန်တော်၏အဖြေသာလျှင် ဖြစ်တော့သည်။

"ခင်ဗျားဓားတွေက ဒီလောက်များများ ဘယ်ကရမှာလဲ"

"အို ... ကိစ္စမရှိပါဘူး။ တစ်နေ့ကို ဓားမြှောင်အလက် ၂၀ လောက်ဆီ ကျွန်တော်လုပ်ပေးမယ်ဗျာ"

"ခင်ဗျား ဘယ်မှာသွားလုပ်မလဲ။ လုပ်တဲ့ပန်းပဲဖိုကော ဒီ

www.burmeseclassic.com

www.burmeseclassic.com



ဒေသတ်များများလုပ်ရင် ခင်ဗျားကို ယုံမတွဲလား။ ဂျပန်နှင့်ပုလိပ် တစ်ဦး ဦးကို တွဲလိုက်မှာ ခင်ဗျား စဉ်းစားမိရဲ့လား"

ကိုထွန်းရွှေက အာစရိသံပါပါနှင့် အပြစ်တင်သလို ပြောရှ သည်။

"ဓားက ပန်းပဲမှာပဲ လုပ်လို့ ဖြစ်သလားဗျ။ ဓားလုပ်ဖို့ကတော့ ကျွန်တော် လွယ်လွယ်နဲ့ လုပ်ပေးမယ်လေ။ ခင်ဗျားတို့ရဖို့က အဓိကမ မဟုတ်လား"

ကျွန်တော်က ခပ်တည်တည်နှင့် အကြောင်းပြစကား ဆိုလိုက် ရသည်။

"ဘယ်လိုလုပ်မလဲ ပြောပါဦး ကိုရွှေမောင်ရ"

စကားနည်းလှသော ကိုလှမောင်က အချက်ကျကျ အမေး ဆုံးသောအမေးဖြင့် ဝင်ထောက်လိုက်လေသည်။

"ဒါက ကျွန်တော်ကြံရင် ရနိုင်ပါတယ်လေ"

ကျွန်တော်က သိပ်အရေးမထားသလို ဖြေလိုက်မိ၏။ ထို့ ဆက်၍ ကျွန်တော်၏ လက်ရှိအလုပ်တာဝန်ကို ပြော၍ စဉ်းစားမိသည်။

ကျွန်တော်သည် ထောင်တွင် အလုပ်ဘက်ဌာနကို တာဝ ယူရသော ထောင်မှူးဖြစ်ပါသည်။ အလုပ်ဘက်ဆိုသည်မှာ ထောင်တွ ရှိ စက်မှုလက်မှု အစရှိသော လက်သမား၊ ပန်းပဲ၊ ပန်းတင်း၊ ကြိမ်ထု ဝန်း၊ ရက်ကန်းရုံ၊ ကြာဖံအလုပ် (ဂျပန်ခေတ်က မြောင်းမြထောင်မှ ဗမာကြာဖံလုပ်သည်) ဝါးနှင့်ပတ်သက်သော အရက်အလုပ်စသေ အလုပ်မျိုးစုံမှာ ကျွန်တော့်လက်ထဲတွင် ရှိပါသည်။

သို့ဖြစ်လေရာ ပန်းပဲရုံမှ အကျဉ်းသားတစ်ဦးဦးအား တိုး တိတ်တိတ် ဓားလုပ်ခိုင်းပါက လွယ်လွယ်နှင့် ပြီးနိုင်ပါသည်။ လို



သော သံများမှာလည်း ပူစရာမလိုချေ။ အဘယ်ကြောင့်ဆိုသော် စစ် ဖြစ်စနစ်က မီးလောင်ထားသော ထောင်တွင်းအိပ်ဆောင်တစ်လုံးနှင့် ဆေးရုံကြီးတစ်လုံးမှ သံတိုသံစများမှာ လိုသလောက် ရနိုင်သောကြောင့် ဖြစ်ပါသည်။

အကျဉ်းသား (၈၀) ခန့်မှာ ကျွန်တော်၏ အလုပ်ဘက်တွင် ရှိကြ၍ ကျွန်တော်ခိုင်းလျှင် မည်သည့်ခိုင်းစေချက်ကိုပင်မဆို လိုလို ချင်ချင် ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ကိုင်ပေး သူများဖြစ်၍ ထောင်တွင်း၌လိုအပ်သော ဓားကို တိတ်တဆိတ်လုပ်ပြီး နီးထုတ်က အလွယ်တကူရနိုင်သည်ဟု တွက်ထားမိသည်။

ထို့အတွက် ဓားလက်နက်လုပ်ရန်ကို ကျွန်တော်က ရဲဝံ့စွာ တာဝန်ယူခြင်းဖြစ်ပါ၏။ သို့ဖြစ်ရာ ကျွန်တော့်စွမ်းဆောင်နိုင်သော အလုပ် ကို ကိုထွန်းရွှေနှင့် ကိုလှမောင်တို့အား ဖြစ်နိုင်ပုံနည်းမျိုးစုံကို အသေးစိတ် ရှင်းပြလိုက်သောအခါ သူတို့မှာ များစွာ အားတက်လာကြလေသည်။ ဤသို့ ဆွေးနွေးနေကြစဉ် ကိုလှမောင်က ကျွန်တော့်အား တစ်ခွန်းမေး မြန်းပါသည်။

"ခင်ဗျား ... ဓားကိစ္စကိုလွယ်ရင် သေနတ်ကိစ္စကော မဖြစ် နိုင်ဘူးလားဗျ။ မိတ်ရာသားတွေပဲ လုပ်သေနတ်ကလေး ဘာလေး လုပ်တတ်တဲ့သူ ရှိချင်လည်း ရှိမှာပေါ့။ ခင်ဗျားလူတွေကို စုံစမ်းကြည့် ပါလား။ ဓားအလက်တစ်ရာရတာထက် သေနတ်တစ်လက်က ပိုပြီး အနိုးရောက်တာပေါ့"

"ဒါလည်း ဖြစ်နိုင်တာပေါ့။ ထောင်က အစိုးရပေးထားတဲ့ သေနတ်ကို ခိုးယူရမှာထက်တော့ လွယ်ပါတယ်။ ထောင်ဆိုတာက အတ္တသိုလ် တစ်မျိုးပဲဗျ"

www.burmeseclassic.com



ကျွန်တော်က ပေါ့ပါးစွာ ပြောလိုက်သည်။ တစ်ဖန် ဆက်၍–

"ထောင်ဆိုတာ သူခိုး၊ ဓားပြ၊ ပန်းတိမ်၊ ပန်းပဲ၊ ဖာတော်မင်းသား၊ ကွက်စိပ်ဆရာ၊ တူရိယာဆရာ၊ ဗေဒင်၊ ဆေးသမား ... အို .. စုံလို့ပါပဲ။ ဒီကိစ္စက ဖြစ်နိုင်ပါတယ်။ ပိပိပြားပြား ကြံရုံပါပဲ။ သို့သော် တစ်ခုတော့ရှိတယ်။ လိုအပ်သမျှ ပစ္စည်းအချို့တွေကိုတော့ ခင်ဗျားတို့က ရှာပေးရလိမ့်မယ်။ သေနတ်ဖြစ်ဖို့ကတော့ ကျွန်တော့်တာဝန်ထားပါဗျာ။ ကဲ ... ဘယ့်နှယ်လဲ"

"စိန်လိုက်ဗျို့ ... စိန်လိုက်"

ကိုထွန်းရွှေက အားရဝမ်းသာ ပြောလိုက်ပါသည်။

"ယမ်းတောင့်ကတော့ ရိုင်ဖယ်ယမ်းတောင့်နဲ့ ပစ်နိုင်အောင် ရှာရင်ရမှာပေါ့ဗျာ"

ကိုထွန်းရွှေက နိဂုံးချုပ်အနေဖြင့် အဆုံးသတ်လိုက်လေသည်။

သို့နှင့်ပင် ကျွန်တော်တို့ တော်လှန်ရေး အစည်းအဝေးမှာ အောင်မြင်စွာ ပြီးမြောက်သွားလေပြီ။ ကိုထွန်းရွှေအား ကျွန်တော်က မနက်ဖြန် တစ်ခါလာခဲ့ရန် ပြောကြားနေစဉ် ကျွန်တော့်အိမ်ဘက်သို့ ထောင်မှူးကြီး လျှောက်လာနေသည်ကို တွေ့ရ၍ ပြောလက်စ စကားများကို ဖြတ်လိုက်ကြပါသည်။

❚❚❚

| ၂ |

❑

နံနက်ထောင်ဖွင့်သည်နှင့် တစ်ပြိုင်နက် အစိုးရ၏ အုပ်ချုပ်ရေးဝက်ယန္တရားမှာ စ၍ လည်လာရတော့သည်။ အကျဉ်းသားတစ်ထောင့်နှစ်ရာကျော်တို့မှာ မိမိတို့တာဝန်ရှိသော အလုပ်များအသီးသီး အသက၊ အသက ဆိုသလို ထမ်းဆောင်ကြရလေသည်။

ကျွန်တော်ယူထားသော အလုပ်ဘက်တာဝန်မံ ထောင်မှူးမှာ ထောင်ပိုင် ထောင်မှူးကြီးတို့၏နောက် လုပ်သက်အရင့်ဆုံး ထောင်မှူးဖြစ်၍ အကျဉ်းသား ၈၀၀ မျှကို အုပ်ချုပ်ရသော မင်းကလေးတစ်ပါးဆိုတာ မှားမည်မဟုတ်ချေ။

"ဟော့ ... နောက်တိုး ပန်းပဲမောင်သော်ကို သွားခေါ်စမ်း"

www.burmeseclassic.com



ကျွန်တော်သည် အလုပ်စားပွဲမှနေ၍ အမိန့်ပေးလိုက်၏။ နောက်တိုးဆိုသူမှာ တစ်သက်တစ်ကျွန်း အကျဉ်းသားဖြစ်၍ အလုပ်ဘက်တွင် အကျဉ်းသားလူကြီး ဖြစ်ပါသည်။

"ပန်းပဲမောင်သော် လာပြီသခင်"

(ထောင်မှူးများကို အင်္ဂလိပ်ခေတ်မှ ဂျပန်ခေတ်အထိ အကျဉ်းသားများက သခင် ... သခင်ကြီးဟု ခေါ်ကြပါသည်။)

"ရုံးခန်းကို ခေါ်ခဲ့မရလားသခင်"

နောက်တိုးက ရိုသေစွာ စုံရပ်၍ လာရောက်မေးလာသည်။

"အေး ... တစ်ယောက်တည်းခေါ်ခဲ့။ နောက်ပြီး မင်း ပြန်သွား"

မကြာမီ အကျဉ်းသားပန်းပဲဆရာ မောင်သော်သည် ထောင်ပုံစံအရ အလွှမ်းရှိသောကျိုးနွံစွာဖြင့် ကျွန်တော့်ရှေ့တွင် စုံရပ်နေပါပြီ။

"ဒီမှာ မောင်သော်ရ ... မင်းကို ငါယုံကြည်လို့ ပန်းပဲရုံမှာ လူကြီးခန့်ထားတယ်မဟုတ်လား။ မင်းအလုပ်ကိုလည်း ငါသဘောကျတယ်။ မင်းကိုငါ အလုပ်ဘက်ထဲမှာရှိတဲ့ အကျဉ်းသားထဲမှာ သဘောအကျဆုံးပဲကွာ"

ကျွန်တော်သည် မောင်သော်၏စိတ်ဓာတ်ကို ယိမ်းညွှတ်အောင် ခွဲလိုက်ပါသည်။ ထိုစဉ်က ထောင်မှူးတစ်ဦးက အကျဉ်းသားတစ်ဦးအား ဤမျှပြောခဲ့ပါလျှင် အပြောခံရသူ အကျဉ်းသားမှာ ထောင်မှူးအတွက် အသေခံရန်ပင် အသင့်ရှိနေပါပြီ။ မောင်သော်၏မျက်နှာကား ကျေနပ်ခြင်း၊ နှစ်သိမ့်ခြင်း၊ ဝမ်းမြောက်ခြင်းစသော လက္ခဏာပေါင်းတို့၏ စုဝေးတည်ရာ မျက်နှာကြီးအဖြစ်သို့ ရောက်သွားပါပြီ။

"ဟုတ်ပါတယ် သခင်။ ကျွန်တော်က သခင့်ကို မြင်မြင်ချင်း ပဲ မိလို ဖလို သဘောထားတာအမှန်ပါပဲ။ မယုံရင် ပေးချင်တဲ့သစ္စာပေးပါ။ သခင့်အတွက်ဆိုရင် ထောင်ထဲကမလွတ်ဘဲ သေရစေရဲ့။ သခင် နိုင်းကြည့်ပါ"



(မောင်သော်က ကျွန်တော့်အား အမိုင်အမာ ဖြီးနေသည့်နည်းတူ၊ မောင်သော်ကိုလည်း ကျွန်တော်ကဖြီးနှင့် အတော်အဆင်ပြေနေပေသည်။ အင်း ... တယ်ကောင်း)

"အေး ... မင်းမပြောလည်း ငါယုံကြည်တယ်။ တစ်ခုရှိတယ် မောင်သော်။ ခေတ်ကြီးကမကောင်းတော့ ကိုယ်ခံလေးဘာလေး လို တယ်မဟုတ်လား။ ကိုယ်ခံဆိုတာ တုတ်ပြီးဓားပြီးပြောတာ မဟုတ်ဘူး။ သေနတ်ကလေး တစ်လက်လောက်ရရင် သိပ်ကောင်းမှာပဲကွာ။ မင်းတို့ဓားပြတိုက်မှုတဲ့လူတွေအချို့ ပုလိပ်ကဖမ်းတယ်ဆိုရင်ပဲ သေနတ်ကို မြေကြီးထဲမှာ မြှုပ်ထားကြတယ်ဆို။ အဲဒီလို လက်နက်ပုန်းတွေကောင်းမှာ မကျန်ရစ်ခဲ့ဘူးလား"

မောင်သော်ထံမှ ကျွန်တော်သည် အသားလှို့၍ အရိုးကို ဤနည်းဖြင့် တောင်းလိုက်ခြင်းဖြစ်ပါသည်။

"ဟာ ... သခင်၊ ကျွန်တော်အပြင်မှာသာဆို ဖြစ်မလုချင်တယ်။ လက်နက်ဆိုတာ အရှည်အတို ကျွန်တော့်လက်ဖြစ်ပဲ"

"ဟေ ... ဟုတ်လား"

မောင်သော်၏စကားကြောင့် ကျွန်တော်သည် အလွန် အံ့ဩဘန်ပြုကာ ၎င်း၏ပညာကိုလည်း ချီးမွမ်းသံဖြင့် အာမေဋိတ်သံ ပြုလိုက်ရပါသည်။ ထိုစဉ် မောင်သော်က ဆက်ပြန်ပါသည်။

"ကိရိယာပြည့်စုံရင် နိုင်ငံခြားကညစ္စာနဲ့ ရွေးမရပါဘူး။ ဆိုလည်း ကြောက်လုံးပြုလည်း ဖြစ်တာပါပဲ။ ဒီထောင်တွင်းဆိုတော့ ပြောရရင်

www.burmeseclassic.com

www.burmeseclassic.com



စကားကြီးတယ်၊ ဖြန်းတယ်ပြောမှာစိုးလို့ လေသံတောင်မပေးပါဘူး။ ကျွန်တော့်အကြောင်းကို သိချင်ရင် ကျွန်တော့်နယ်သားတွေကို မေးကြည့်ပါလားသခင်"

"မင်း ငါ့ကိုမညာဘူးဆိုတာ ငါယုံပါတယ်ကွာ။ မင်း လက်နက်ကိုရိုးသားမှုရင်ကော ဖြစ်သလိုလုပ်ရင် ဘယ်လောက်အထိဖြစ်မလဲ။ ဆိုလည်းမဟုတ်တောင် တစ်ချက်ထွက် အတိုတစ်လက်လောက် စမ်းလုပ်ရင် ဘယ့်နှယ့်လဲ"

"ဖြစ်ပါတယ်သခင် လွယ်ပါတယ်။ ပိုက်လုံး ငါးမူး၊ ခြောက်မူး တစ်လုံးတစ်ပေလောက်ရယ်။ ပန်းတိမ်ဖိုက ဒိုင်းရစ်ခေါ်တဲ့ ပစ္စည်းတစ်ခုရယ်။ ရရင် သခင်ဆောင်ထားဖို့ ကျွန်တော် တိတ်တိတ်ကလေးကောင်းကောင်း လုပ်ပေးပါ့မယ်။ ဒီပစ္စည်းနှစ်မျိုးသာ ရှာပေးပါ"

"ဟော့ ... တော်ကြာ လူသိသွားလို့ မင်းလည်း တိုက်ပိတ်ခံရ၊ ငါလည်းပြေးရ ဖြစ်နေပါဦးမယ်၊ ဖြစ်ပါ့မလားကွ"

"စိတ်ချပါသခင်။ ပစ္စည်းကို တခြားစီ လုပ်ပေးလိုက်မယ်။ အပြင်ရောက်မှတပ်ယူ ရတာပဲ၊ ကျွန်တော်လုပ်ထားတဲ့ ပစ္စည်းကို တခြားလူက တွေ့တောင်မှ ဘာအတွက်လုပ်တယ်ဆိုတာ သိမှာမဟုတ်ပါဘူး"

"ကဲ ... ဒါဖြင့်ရင် ဒီနေ့ပဲ မင်းလိုတဲ့အရာ စလုပ်တော့ကွာ။ မင်းလိုတဲ့ပစ္စည်းကို ငါရှာပေးမယ်။ မင်းလည်းသွားတော့။ အစ,စ သိုသိပ်ပါစေကွာ"

"ဒီအတွက်တော့ စိတ်ချပါသခင်"

မောင်သော်သည် ခြေစုံရပ်နေရာမှ ထွက်ခွာသွားလေသည်။ ဤမှုနှင့်ပင် သေနတ်ကိစ္စမှာ စိတ်ချလောက်သောအခြေသို့





ရောက်သွားပါသည်။ နောက်တစ်နေ့တွင် ကျွန်တော်သည် ကိုထွန်းရွှေအား တွေ့ဆုံ၍ ပြောပြရာ ကိုထွန်းရွှေသည် ဝမ်းသာအယ်လဲအမူအရာဖြင့် လိုအပ်သောပစ္စည်းများကို အမြန်ဆုံး လာရောက်ပေးအပ်မည်ဟု ပြောသွားပေသည်။

ဤသို့ဖြင့် ကိုထွန်းရွှေမှာ လျှို့ဝှက်လုပ်ငန်းအတွက် ကျွန်တော့်အိမ်သို့ ခဏခဏလာရသော အခြေသို့ ဆိုက်လာခဲ့၏။ တစ်ခုသော ညနေချမ်းတစ်ချိန်တွင် အိမ်ရှေ့အိမ်မှ ထောင်မှူးကြီးဖြစ်သူ ဦးထွန်းလွင်သည် ကျွန်တော်နှင့် ကျွန်တော့်ဇနီးအား ထမင်းစားဖိတ်ထားသဖြင့် ကျွန်တော်တို့လင်မယားနှစ်ယောက် သွားကြရပါသည်။

ထောင်မှူးကြီးမှာ ကျွန်တော့်ဇနီးနှင့် တူအရီးတော်စပ်၍ ယခင်က နိုင်ငံရေးခေါင်းဆောင် သခင်အသင်းဝင်တစ်ဦး ဖြစ်သည်။ ဂျပန်ခေတ်တွင် ထောင်မှူးကြီးရာထူးကို ရယူထားသူဖြစ်လေသည်။ ၎င်းမှာ ခေတ်ပညာတတ်ပြီး မိဘများ၌လည်း ဥစ္စာပစ္စည်းကြွယ်ဝသော မော်လမြိုင်ကျွန်းမြို့သား ဖြစ်ပါသည်။ လူချစ်လူခင်ပေါ၍ ၎င်း၏နေအိမ်မှာ မြို့ပေါ်မှ သခင်နိုင်ငံရေးသမားတို့၏ ပျော်စံရာ သာလာယံဇရပ်ကြီးပမာ ဖြစ်နေတော့၏။

ထောင်မှူးကြီးအား အကြောင်းပြု၍ ကျွန်တော်သည် နိုင်ငံရေးသမားပေါင်းစုံနှင့် ချစ်ကျွမ်းတဝင် ခင်မင်လာရသောအခြေသို့ ရောက်လာရပါသည်။ မြို့ပေါ်မှ ထိပ်တန်း နိုင်ငံရေးခေါင်းဆောင်များ ဖြစ်ကြသည့် သခင်ရဲထွန်း၊ သခင်ရဲမြင့်၊ သခင်ဘမောင်တို့မှာ ကျွန်တော်၏ အလွန်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြပါသည်။

ထောင်မှူးကြီးအိမ်တွင် ညနေစာထမင်းစားပြီး၍ ဟိုလွှာပသည်လွှာပ စကားပြောဆိုနေကြစဉ် ထောင်မှူးကြီး ဦးထွန်းလွင်က ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့အား အောက်ပါအတိုင်း စ၍ မေးတော့သည်။

"တော့လူ ... မင်းအိမ်ကို ကိုထွန်းရွှေတစ်ယောက် လာရ ချည်လား။ မင်းဒီလူတွေနဲ့ အကြံအဖန်ရှိနေပြီထင်တယ်။ ဟဲ ... ဟဲ"

ဦးထွန်းလွင်က ပြုံးရယ်၍ ပြောပါသည်။

"ငါသိပါတယ်ကွာ အကောင်ရာ။ ငါလည်း သခင်ပဲ။ ကျွန် ရွှေလည်း နိုင်ငံရေးသမားပဲ။ ဒီအချိန်မှာ တိုင်းပြည်ကြီး ဘာဖြစ်နေ တယ်ဆိုတာ မင်းသိတာမဟုတ်ဘူးနော်။ ငါ့မိန်းမကို ငါကိုယ်တိုင် မော်လမြိုင်ကျွန်းပို့ထားတာ ဘာဖြစ်လို့လဲ မင်းသိရဲ့လား"

ဦးထွန်းလွင်က ကျွန်တော့်အမူအရာကိုကြည့်၍ မေးနေပါသည်။

"ဟင့်အင်း ... ဘယ်သိပါ့မလဲ"

"မင်းကို ငါပြောမယ်။ မင်းဟာ တို့လို သုခ–ဒုက္ခ ခံဖူးတာ မဟုတ်ဘူး။ တော်တော်ကြာ ဖိုတူမ (ကျွန်တော့်ဇနီးကို ဆိုလိုပါသည်) ကိုယ်လေးလက်ဝန်နဲ့ ဒုက္ခတွေ ပင်လယ်ဝေနေပါဦးမယ်ကွာ။ အခြေ အနေက သိပ်မကောင်းဘူးကွ။ ဒီနေ့လား၊ နက်ဖြန်လားဆိုသလို ဖြစ် နေတာ။ ဂျပန်ကင်ပေတိုင်ကဖမ်းမိတဲ့ အကောင်သာဆိုရင်တော့ အနည်း ဆုံး သခြေသီးမှည့်ကျွေးပစ်တာက များတာပဲ"

"အလို ... ဘယ်လို ... ဘယ်လို သခြေသီးမှည့်ရမှာလဲ"

ကျွန်တော်က သခြေသီးမှည့်ကျွေးသည်ဆို၍ နားမလည်သလို ထပ်မေးမိရာ ...

"ဟဲ့ကောင် ... သခြေသီးမှည့် ကျွေးတယ်ဆိုတာ အညိုအမဲ စွဲအောင် သခြေသီးမှည့်ရောင်ထလာအောင် ရိုက်တာကိုပြောတာ နား လည်ပလား။ တော်တော်ကြာ ဘုမသိဘမသိနဲ့ မင်းပါ ပါနေလို့ သောက် ကျိုးနည်းနေဦးမယ်။ ဒါကိုပြောချင်လို့ မင်းတို့လင်မယားကို တမင် ထမင်း

---

[illegible]



ခေါ်ကျွေးတာ"

ထောင်မှူးကြီးက ဂျပန်ရက်စက်ပုံ တစ်စိတ်တစ်ဒေသကို ရှင်း ပြလိုက်သောအခါ ကျွန်တော့်မှာ အတော်ပင် ရင်တုန်ကျောချမ်းသွား မိပါသည်။ ထို့ထက်ပို၍ စိတ်လေးသွားမိပြန်သည်မှာ ယနေ့ပင် ကိုထွန်း ရွှေ ဆိုက်ဆိုက်မြိုက်မြိုက် လာရောက်ပေးသွားသော သေနတ်လုပ်ရန် ဒိုင်ရစ်ပစ္စည်းပင်ဖြစ်ပါ၏။ ဖွဟဲ့ ... မဆိုစကောင်း။ ဆိုစကောင်း ချုန်နားပေါက်သွားလေက ဘာဖြစ်မည်ကို ရှေ့သို့ ဆက်မတွေးဝံ့တော့ ပေ။ သို့ရာတွင် မိမိ ကတိခံပြီးသည်ကိုကား မဖျက်လို၍ နောင်ခါလာ နောင်ခါရောက်ယားပဲ စိတ်ကိုတင်းထားလိုက်ရသည်။

ထိုနေ့ညနေက ကျွန်တော်သည် ထောင်မှူးကြီးနှင့် ရလိုက် သင့်၊ ငါးလိုက်သင့်မျှသာ စကားပြောပြီး နောက်ဆုံးရှစ်ဆက်ကာ ဇနီး သည်အားခေါ်၍ သူ့အိမ်မှ ထွက်လာခဲ့လေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ရက်တို့ပြောင်း၍ လသို့ ပြောင်းလာခဲ့သည့်နည်းတူ ၁၉၄၅ ခု၊ မတ်လသည်လည်း တဖြည်းဖြည်း ကုန်မှန်းမသိ ကုန်လာခဲ့ပါသည်။

မြောင်းမြို့ ထောင်ကုန်းရပ်မှ အတော်အလှမ်းဝေးသော အနောက်ဘက်ရှုရှုတွင်ရှိ၍ နေလယ်နေပူရှိန်ဖြင့် လူသွားလူလာအတော် ပင်နည်းပါးပြီး တစ်ချက်တစ်ချက် အနောက်ဘက်လယ်ကွင်းမှ ဖြတ် တိုက်လာသော တဟီး ... ဟီး ... လေသံမှတစ်ပါး ထောင်ကုန်းရပ် မှာ ခြောက်ကပ်လျက်ရှိပါသည်။

နေ့စဉ်နေ့တိုင်း ကောင်းကင်ယံမှ လေယာဉ်ပျံများမှာ သိမ့် သိမ့်တုန်အောင် ပျံဝဲလာတတ်ပြီး ဂျပန်တို့၏ အခြေခံစခန်းများကို ဗုံး





ကျွေးသွားတတ်လေသည်။ ထိုသို့ လေကြောင်းရန်ကမစဲလေသည်နှင့် အမျှ ဂျပန်တို့၏ ခြေလှမ်းများသည် ကြံသည်ထက်ကြံ၍ စစ်ရေးနိမ့် ပါးလာသော အသွင်လက္ခဏာများကို တွေ့မြင်နေရပါသည်။

ကျွန်တော့်မှာ အလုပ်မှ နံနက် ၁၀ နာရီတွင် ထမင်းစားပြန်၍ နေ့လယ် ၁၂ နာရီတွင် အလုပ်ပြန်ဆင်းရမည်ဖြစ်ရာ ထမင်းစားပြီး အချိန်လေးရခိုက် တရေးတမော အိပ်ဦးမည်ဟု စိတ်ကူး၍ ခုတင်ပေါ် သို့ ပစ်လှဲချလိုက်ကာ မှိန်းနေလိုက်မိသည်။

ထိုစဉ် လှေခါးမှ တစ်စုံတစ်ဦးသည် အရေးတကြီးပြေးတက် လာသည်ကို ကြားရ၍ နားစွင့်နေမိရာက ...

"ဘယ်သူလဲဟေ့"

ဟုမေးလိုက်ရာ ...

"ဆရာ ... ဆရာ ... ထပါဦး"

ဟုဆိုကာ ထောင်ကြပ်တစ်ဦးဝင်လာသည်ကို တွေ့ရတော့၏။ ကျွန်တော်လည်း အိပ်ရာမှ လူးလဲထကာ ...

"ဟေ့ ... ဘာဖြစ်လာတာလဲကွ။ ရေကြီးသုတ်ပြာနဲ့"

"မြို့ထဲက သခင်ရဲထွန်းရယ်၊ သခင်ရဲမြင့်ရယ် သူတို့နှစ် ယောက်ကို ဂျပန်တွေဖမ်းလာလို့ ထောင်ပိုင်ကြီးက ခေါ်လာခဲ့ဖို့ ခေါ် ခိုင်းတယ်ဆရာ"

"ဟိုက် ... ဒုက္ခပဲ ... ဒုက္ခပဲ။ ငါးပါးတော့ မှောက်ကုန်ပြီ"

ကျွန်တော့်မှာ လာခေါ်သူ ထောင်ကြပ်၏စကားကို ကြားလိုက် ရသဖြင့် ခေါင်းနားပန်းကြီး၍ ရင်တဒိတ်ဒိတ် ခုန်သွားမိရုံမျှမက ပါးစပ် မှလည်း ထွက်မိထွက်ရာ ထွက်သွားမိတော့၏။

ဖော်ပြပါသခင်များမှာ မြို့ပေါ်မှ နာမည်ကြီးသခင်များဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အတွက်ဖမ်းလာသည်ကို ကျွန်တော် မေးခွင့်မမေးပဲသိနေပါပြီ။ အဆိုပါပုဂ္ဂိုလ်များမှာ ကျွန်တော်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေများလည်းဖြစ်ကြ၍ ၎င်းတို့အား အချုပ်တရားခံများအနေနှင့် ကျွန်တော်က လက်ခံထားရမည်မှာ ကျွန်တော့်အတွက် အတော်ပင် မျက်နှာပူစရာ ဖြစ်နေပါတော့သည်။

ထို့ပြင် အင်္ဂလိပ်အစိုး သခင်အတက်တွင် သူတို့မှာ မြို့ပြ အုပ်ချုပ်ရေး၌ ထိပ်တန်းအရာရှိများနေရာက မြို့နယ်ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ယူခဲ့သူများဖြစ်ကြရာ ယခုအခါ ကျွန်တော်က အကျဉ်းသားတစ်ဦးအနေဖြင့် လက်ခံရမည်ဆိုပါက မည်သူက စိတ်ကောင်းနိုင်စရာ ရှိပါအံ့နည်း။

ကျွန်တော် ထောင်တံခါးဝသို့ ရောက်ခဲ့ပါပြီ။

ဂျပန်နှစ်ယောက်၊ စကားပြန်တစ်ယောက်နှင့် ပုလိပ် ၅ ယောက်ခန့်ကို စ၍တွေ့ရပြီး သူတို့၏အလယ်တွင် ကြိုးအတွေ့တွေ တုပ်နှောင်ထားခြင်းခံနေရသော တရားခံများမှာ ‘သခင်ရဲထွန်း၊ သခင်ရဲမြင့်၊ အလို ... နောက်လည်း တစ်ယောက်ပါလား’ ဟု ကျွန်တော့်စိတ်တွင် ရေတွက်ကြည့်ပါသည်။ ၎င်းတို့ သုံးယောက်ကို ဂျပန်ကင်ပေက လူခိုးသူခိုးကဲ့သို့ လက်များကို ကြိုးဖြင့် ကျစ်ကျစ်ပါအောင်တုပ်ပြီး မျက်နှာသေဖြင့် ထိုင်နေကြသည်ကို တွေ့ရပါသည်။

ကျွန်တော့်အား ထောင်ပိုင်က ခေါ်ယူခြင်းမှာ အမှန်က ကျွန်တော့်တာဝန်သည် တရားခံကို လက်ခံရန်မဟုတ်ပါ။ သို့ရာတွင် ထောင်မှူးကြီးအပြင်သွားနေ၍ ကျွန်တော့်အား ထောင်မှူးကြီးကိုယ်စားခေါ်၍ အလွန်စိတ်ချရသောနေရာ၌ ယခုဖမ်းလာသူများအားထားရန် ကျွန်တော့်ကို ခေါ်ပြောခြင်းဖြစ်ပါသည်။





ထောင်တွင်းတွင် အလုံတိုက်နှစ်လုံးရှိပါသည်။ ထောင်ပိုင်က မည်သည့်တိုက်သည် စိတ်ချလုံခြုံကြောင်းကို ကျွန်တော့်အား မေးပါသည်။

“တိုက်ဆိုရင် အားလုံး လုံခြုံတာပဲ။ ဘယ်တိုက်ထားရမလဲ”

ဟု ကျွန်တော်ကမေးမိရာ ထောင်ပိုင်ဝန်က ...

“ကြိုးတိုက်မှာ ထားပါ”

ဟု အမိန့်ပေးလိုက်လေ၏။ ထောင်ပိုင့်အမိန့်ကြောင့် ကျွန်တော့်ရင်ထဲတွင် အလိုလို အေးခနဲ သိမ့်ခနဲဖြစ်သွားပြီး ‘နိမိတ်မကောင်းတဲ့နေရာကိုမှ ရွေးထားတာပဲ’ ဟု စိတ်ထဲမှ မကျေမနပ်ဖြစ်သွားမိသည်။

အမှန်မှာ ကြိုးတိုက်ဆိုသည်ကား သေစားသေစေ အမိန့်ပေးခံရသူများကိုသာ ထားသောနေရာ ဖြစ်ပါသည်။ ကြိုးတိုက်များသည် မှောင်နှင့်မဲမဲဖြစ်နေပြီး လူ၏စိတ်ဓာတ်ကို ကြောက်ရွံ့တုန်လှုပ်စေပါသည်။ ဤတရားခံများအား သီးခြားတိုက်ဟုခေါ်သော အခြားတိုက်များတွင် ထားပါက သင့်လျော်ပါသည်။

ယခုတော့ သီးခြားတိုက်တွင်မထားပဲ ကြိုးတိုက်ကိုမှ ထောင်ပိုင်က ရွေးပြီး အမိန့်ပေးသည်မှာ စိတ်မကောင်းစရာဖြစ်ပါသည်။ ဂျပန်က ကျွန်တော်တို့ထက် ပိုမသိပါ။ ကျွန်တော်တို့ ထားလိုတဲ့နေရာမှာထားလိုက်လျှင် ဂျပန်က ကျေနပ်မည်သာဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော့်အဖို့ အထက်လူကြီး၏အမိန့်သည် အမိန့်သာဖြစ်၍ နာခံရမည်သာမဟုတ်လော။

ကျွန်တော်သည် ထောင်ပိုင်ဝန်ထံမှ ထွက်လာခဲ့သည်။ တရားခံများကိုလာပို့သော အစောင့်ရဲများအား ကျွန်တော်က ...

“ကဲ ... ခင်ဗျားတို့ ဟိုလူတွေကို ကြိုးဖြေလိုက်ပါ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် တိုက်ထဲခေါ်သွားမယ်”

ဟု ပြောလိုက်မိစဉ် ရပ်နေသောဂျပန်တစ်ယောက်က သဘော မကျသောမျက်နှာထားနှင့် စကားပြန်ကို ဂျပန်စကားဖြင့် ခပ်မာမာအသံ ကိုဆောင့်ပြီး ပြောသည်ကို ကြားရ၍ စကားပြန်လုပ်သူက ကျွန်တော့် ဘက်သို့လှည့်ကာ စိမ်းစိမ်းကြီးကြည့်၍ ပြောသည်။

“တရားခံတွေကို ဒီမှာကြိုးမချနိုင်ဘူး။ ခင်ဗျား ဘယ်မှာ ထားမလဲ။ အဲဒီနေရာကို ကျုပ်တို့လိုက်ကြည့်မယ်။ အဲ . . . ဟိုနေရာကို ရောက်မှ ကြိုးကိုဖြေရမယ်။ နောက်တစ်ခုက ဗိုလ်ကြီးမာစတာက ဒီ တရားခံတွေကို ဘယ်သူနဲ့မှ စကားမပြောရဘူး။ ဘာမှလည်း မပေးရ ဘူး။ ထမင်းတစ်ခုသာကျွေးပါလို့ ပြောတယ်။ ကျုပ်တို့ပေးတဲ့ အမိန့် အတိုင်း မလိုက်နာရင် အားလုံးသေကုန်ပြီသာ မှတ်ပေတော့။ ကြား သလား”

စကားပြန်ကိုယ်တော်ကြီးက အမိန့်မြွက် ချမှတ်လိုက်လေသည်။ ဆုံးလျှင် ဂျပန်များသည် ကျွန်တော့်မျက်နှာကို ခက်ထန်စွာ ကြည့်နေ ကြသည်။ ထိုအခါ၌ ထောင်ပိုင်ဝန်၏ မျက်နှာသည်လည်း သွေးတစ် ပေါက်မရှိဘဲ ကြောက်စိတ်ဖြင့်နေပုံရပါသည်။ ကျွန်တော်လည်း အတော် တုန်လှုပ်သွားပါသည်။

ပေဂျပန်များ၏ ဥပဒေလက်လွှတ်စကားမှာ ခံရသူအဖို့ အတော် ပင် အောင့်သက်သက် နိုင်လှချေပေတကား။

ဂျပန်များသည် တရားခံတစ်ဦးအား ထားမည့်ကြိုးတိုက်ခန်း သို့ သေသေချာချာကြည့်ပြီး ကျေနပ်သောက်မှ အခန်းများထဲ၌ရှိသော ရှိရင်းစွဲအကျဉ်းသားများကို တခြားခန်းသို့ ရွှေ့နိုင်းစေပါသည်။ သူတို့ ၏အမိန့်တော်အတိုင်း ကျွန်တော့်မှာ လိုက်နာဆောင်ရွက်နေရပါ၏။





မြောင်းမြဗဟိုထောင်ကြီးမှာ လူပေါင်းတစ်ထောင့်နှစ်ရာခန့်ရှိ ပါသည်။ မိန်းရေးဟုခေါ်သော ထောင်မကြီး၌ အကျဉ်းသားများ ညနေ ထမင်းစွဲချိန်တွင် ကြွက်စီကြွက်စီပြောကြမြဲဖြစ်၍ သက်ဆိုင်ရာအုပ်ထိန်း သူ ထောင်ကြပ်ထောင်မှူးများက ‘စကားတွေ’ ဟု ထောင်သုံးစကားအရ အော်၍ ပြောရမြဲဖြစ်သော်လည်း ယနေ့တွင်ကား မြို့ပေါ်မှ သခင်နာမည် ကြီးနှစ်ဦးကို မမျှော်လင့်ဘဲ ဂျပန်ကဖမ်းသည်ဟု ကြားရ၍လောမသိ၊ အတော်ပင် ဆိတ်ငြိမ်စွာ မျက်စိမျက်နှာမကောင်း ဖြစ်နေကြပါသည်။

ကြိုးတိုက်ရှိရာဘက်သို့လည်း အကျဉ်းသားများသည် မကြာ ခဏမြင်ရလိုမြင်ရငြား လှည့်ကြည့်ကြသည်ကိုလည်း အကဲခတ်မိပါသည်။ ထောင်ပိုင်ဝန်ကလည်း ကြိုးတိုက်ဘက်သို့ မည်သည့်အကျဉ်းသားမှ သွားရဟု အမိန့်ထုတ်ထားသည်သာမက ထောင်မှူး ထောင်ကြပ်များ အနက်မှပင် လက်ရွေးစင် တာဝန်ပေးထားသူမှအပ အခြားသူများ ဝင်ထွက်ခြင်းမရှိရဟု ကြပ်တည်းစွာ တားမြစ်ထားပါသည်။

ညနေထောင်ပိတ်ချိန်တွင် လူပေါင်းကို ရေတွက်ရာ၌ ထောင် မှူးများကိုယ်တိုင် ရေတွက်ပြီးမှ အိပ်ထောင်များကို ပိတ်ကြရပါသည်။ ကြိုးတိုက်ကို အခြားထောင်မှူးများမပိတ်ရဘဲ ကျွန်တော့်အား တာဝန် ပေးထားသည်ဖြစ်၍ ကျွန်တော်သည် တိုက်ဘက်သို့ သော့ခတ်ရန်သွား ရသည်။ သွားလိုသာသွားရသည်။ မျက်နှာကား အတော်ပင် ပျက်လျက် ရှိပါသည်။

သို့ရာတွင် ကျွန်တော့်မှာ အကျိုးအကြောင်းကို အလွန်ပင် သိလိုလှ၍ တိုက်ဘက်သို့ လှည့်သွားမိပါသည်။ ကျွန်တော့်အားတွေ့ လျှင်ပင် သခင်ရဲထွန်း၊ သခင်ရဲမြင့်နှင့် တောသားကြီးတစ်ဦးသည် မိမိ တို့အခန်းအသီးသီး တံခါးအတွင်းမှရပ်၍ ကြိုလင့်နေကြပါသည်။ ၎င်း



www.burmeseclassic.com

www.burmeseclassic.com



တို့၏မျက်နှာကို အကဲခတ်ကြည့်ရာ တောသားကြီးမှတစ်ပါး သခင်ရဲထွန်းနှင့် သခင်ရဲမြင့်တို့မှာ ပြုံးရွှင်စွာပင်တွေ့ရပါသည်။

"ဘယ်လိုဖြစ်ကြတာလဲဟင် သခင်ရဲထွန်း၊ သခင်ရဲမြင့်"

ကျွန်တော်က မျက်နှာမသာစွာ နှစ်ဦးစလုံးအား မေးလိုက်ပါသည်။

"ဂျပန်ဖမ်းတယ်လေ။ မြင်တဲ့အတိုင်းပဲ"

သခင်ရဲထွန်းက တုံးတိတိ အဖြေပေးလိုက်ခြင်းဖြစ်ပါသည်။

"အကျိုးအကြောင်းက ဘယ်လိုပါလဲ"

ကျွန်တော့်အမေးကို သခင်ရဲထွန်းက အားလျော့သံကြီးဖြင့်

"မသိသေးပါဘူးဗျာ၊ ဘာမှလည်း မမေးပါဘူး။ ကျွန်တော့်ကို အိမ်လာခေါ်ပြီး အောက်လည်းရောက်ရော ကင်ပေရုံးကို လိုက်ခဲ့ဆိုပြီး ဒီကိုခေါ်လာတာပဲ"

ဟု ပြောပါသည်။

"ခင်ဗျားတို့ နာမည်ကြီးတဲ့လူတွေ ဒီအချိန်မှာ ရှောင်နေကောင်းပါတယ်။ ဒါကို ခင်ဗျားတို့က ကျွန်တော့်ထက်ပိုသိမှာပေါ့"

"ဟုတ်တယ်ဗျာ ... ကျွန်တော်သိပါတယ်။ ကျွန်တော်လည်း သွားမဲ့ဆဲဆဲပဲဗျ။ အရေးထဲ မိန်းမက တစ်နေ့ကမှ မျက်နှာမြင်နေမီးမှုထွက်ပါစေတော့ဆိုပြီး စောင့်နေတုန်း ဒီလိုဖြစ်တာပဲ"

သခင်ရဲထွန်းက ကူညီ၍ပြောပါသည်။

"နို့ ... သခင်ရဲမြင့်ကော ခင်ဗျားအိမ်မှာပဲ ဂျပန်က လာခေါ်သလား"

ကျွန်တော်က သခင်ရဲမြင့်အား လှည့်၍မေးလိုက်ရပြန်၏

"မဟုတ်ဘူးဗျ။ ကျွန်တော်က ဒီနေ့ လေ့နဲ့ထွက်မလို့ဆဲ





အဲ ... ဟိုဘက်က သမ္ဗန်ခတ်တဲ့ ကိုဘသော်နဲ့ လှေကိုအဆင်းမှာ လမ်းတွင်တွေ့လို့ နှစ်ယောက်စလုံး ဖမ်းခံထိလာတာပဲ"

"ဖြစ်မှဖြစ်ရလေဗျာ"

ကျွန်တော့်မှာ ရှေ့သို့ စကားဆက်လိုစိတ်ပင် မရှိတော့ပါ။ သို့သော် မဆက်လျှင် မဖြစ်သေးသဖြင့် ...

"ဒါနဲ့ ညနေစာကို စားပြီးကြပြီလား"

"လာလို့တော့ ပေးပါတယ်။ စားချင်စိတ်လည်း မရှိတော့ပါဘူးဗျာ။ ဒါနဲ့ ခင်ဗျားတို့ထောင်မှူးကြီး သခင်ထွန်းလွင်တစ်ယောက်ကော မမြင်ပါလား"

သခင်ရဲထွန်းက ကျွန်တော့်အား ခပ်လေးလေးကြီး မေးလိုက်ပါသည်။

"ဟုတ်တယ် ... ဒီနေ့ ကျွန်တော် သူ့ကို တစ်ခါမှမတွေ့ရသေးဘူး။ အကူအညီလိုသလား။ ကျွန်တော် ပြောလိုက်ပါ့မယ်"

"ခင်ဗျားလူ ကျွန်တော်တို့ကို လာတွေ့ရဲမယ် မထင်ပါဘူး။ ကိစ္စမရှိပါဘူးလေ၊ လာဖို့လည်း မပြောပါနဲ့။ ကျွန်တော့်မိန်းမ ကလေး မျက်နှာမြင်ပြီးတာကိုသာ ပြောလိုက်ပါဗျာ"

သခင်ရဲထွန်းမှာ ၎င်း၏ မွေးကင်းစသားဦးကလေးနှင့် ချစ်ဇနီးအတွက် ရတက်မအေးသော လေသံလေးပင် ပါလာသည်။ သို့နှင့် ကျွန်တော်သည် သူတို့အား အားတင်းစကားပြောပြီး သူတို့ထံမှ ထွက်လာခဲ့ရပါသည်။

ကျွန်တော် ထောင်ပိတ်ပြီး၍ အိမ်သို့ရောက်သောအခါ မြို့သို့ဆင်း၍ စုံစမ်းရလျှင်ကောင်းမည်လားဟု စဉ်းစားမိသည်။ ထောင်မှူးကြီးအိမ်လည်း သော့ခတ်ထားသည်ကိုသာတွေ့ရ၍ ကျွန်ုပ် သူလည်း



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာပဲ၊ ဒါမှမဟုတ် နယ်ပိုင်ဝန်ထောက် ဦးထွန်းဖေအိမ်များ သွားသလားစသဖြင့် အောက်မေ့မိသည်။ ကျွန်တော်သည် ထောင်မှူးကြီးအား လိုက်ရှာရန် ဆုံးဖြတ်လိုက်ပါသည်။

သို့သော် စိတ်ကူးတစ်မျိုး ရလာပြန်သည်မှာ မြို့ထဲသို့ ချက်ချင်းသွား၍ မသင့်တော်။ ယခုဆင်းသွားလျှင် မြို့ထဲမှ အသိမိတ်ဆွေများက သခင်ရဲထွန်းနှင့် သခင်ရဲမြင့်တို့၏အကြောင်းကို ဝိုင်းမေးကြပေလိမ့်မည်။

ကျွန်တော် ဒီအကြောင်းနှင့်ပတ်သက်၍ ပြောမိသောစကားသည် ကျွန်တော့်အတွက် ဘေးကင်းမည်မဟုတ်။ ဂျပန်လူတွေက မျက်နှာလိုချင်သောအချိန်တွင် ကင်ပေကို မဟုတ်မဟပ်သွားတွန်းလေက ဒုက္ခသို့ဖြစ်၍ နောင်မှသွားတော့မည်ဟု ဆုံးဖြတ်ချက်အသစ်ကို ချလိုက်ရ၏။

အိမ်သို့ရောက်သည့်တိုင် ထမင်းစားချင်စိတ် လုံးဝမရှိတော့ပါ။ ရေတစ်ခွက်ကို အားပါးတရ သောက်ချလိုက်မိပြီး ပက်လက်ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်ရသည်။ ပြီးတော့ ဆုံးစမဖြင်သော အတွေးများကို အစီအရီတွေး၍ စိတ်ကူးနယ်ချဲ့နေမိသည်။ စိတ်ကူးနေစဉ် အိမ်ရှေ့မှ ထောင်မှူးကြီးအိမ်ကိုလည်း ခဏခဏ ထောင်မှူးကြီး ရောက်,မရောက် လှမ်းကြည့်နေမိသည်။

နေဝင်ပါပြီ။ ထောင်မှူးကြီးကား ပြန်မလာသေး။

"ကဲ ... လိုက်ဦးမှပဲ။ မဖြစ်ဘူး ...မဖြစ်ဘူး။ နက်ဖြန်ဆိုရင် ငါ့များဖမ်းလေမလား။ ဘယ်သူ့များဖမ်းလဲ။ အခုညနေဘက်တွင်ပဲ မည်သူမည်ဝါကို ဖမ်းထားလေပြီနည်း"

စသည်ဖြင့် အတွေးမဆုံးပဲ ရင်တွင်းမှ တင်းကြပ်၍ လာ၏





တော့သည်။ ဆက်၍မတွေးချင်တော့ပဲ ထိုင်ရာမှထလိုက်မိသည်။

ညက မှောင်နှင့်မဲမဲ။

ကျွန်တော် မြို့ထဲသို့ဆင်းသွားရာတွင် ညမှာ အတော်ပင်မှောင်နေ၍ လူသွားလူလာတစ်ဦးမျှ လမ်းတွင် မတွေ့ရပါ။ မြို့မှာ ကြောက်ခမန်းလိလိ တစ်စပြင်ပမာ တိတ်ဆိတ်နေပါသည်။ စစ်အတွင်းဖြစ်၍ မီးထွန်းသော ရပ်ကွက်အသီးသီးရှိအိမ်များမှာ မှောင်နှင့်မဲမဲ ဖြစ်နေကြပါသည်။

ကျွန်တော်သည် အတွေးမပြယ်ပဲ စိတ်တထင့်ထင့်ဖြင့် ဆက်၍လျှောက်သွားရာ ရွှေဒါးကုန်းခေါ်သောအရပ်သို့ ရောက်သည်တွင် ...

"ဟေ့ ... ဘယ်သူလဲ"

ဟူသော အသံနက်ကြီးတစ်ခုသည် ရှေ့ရှုးရှုးမှ ပေါ်ထွက်လာသသည်။ ထိုအသံကြောင့် ကျွန်တော့်မှာ ရင်တုန်ကျော့ချမ်းသွားပြီး များပင် သိမ့်ခနဲ တုန်သွားမိသည်။

ကျွန်တော့်မှာ ကိုယ့်အတွေးဖြင့် ခြေလှမ်းသယ်လာရသောကြောင့် မည်သူ၏အသံဟု ကျွန်တော် မမှန်းတတ်ပေ။ ထို့အတွက် ကြွသွားခြင်းဖြစ်ပါသည်။ စိတ်အထင် သခင်ရဲမြင့်ကိုဖမ်းသကဲ့သို့ ဂျပန်က လမ်းမှစောင့်ဖမ်းသလားဟု ထင်မှတ်မိလေသည်။

"မင်းဘယ်လဲ"

နောက်တစ်ခွန်း ပေါ်လာပြန်သည်။

ထိုအခါမှ အသံပိုင်ရှင်ကို မည်သူဖြစ်မှန်း ရိပ်စားမိလာတော့သည်။ အသံရှင်မှာ ဦးထွန်းလှိုင်ပင်ဖြစ်လေသည်။

"ဦးထွန်းလှိုင် မြို့ထဲက ပြန်လာသလား"

"ဟုတ်တယ် ...။ မင်း ဘာကိစ္စ ဆင်းလာတာလဲ။ မှောင်

www.burmeseclassic.com

www.burmeseclassic.com



က မှောင်ပါဘိနဲ့"

ဦးထွန်းလွင်သည် အနီးသို့ ကပ်လိုက်ပြီးမှ ကျွန်တော့်အား မေးလေသည်။

"ကျွန်တော် ခင်ဗျားကို လိုက်ရှာလာတာ။ အိမ်လည်းသော့ခတ်ထားလို့။ ထောင်မှာလည်း တစ်နေ့လုံးမတွေ့ရတော့ စိတ်ထဲက တထင့်ထင့်ဖြစ်နေတယ်"

ကျွန်တော်က စိတ်ရင်းအတိုင်း ပြောလိုက်ရ၏။

"ဟား ... ဟား ... မင်းက ငါ့ကိုဖမ်းထားတယ်လို့ ထင်နေတာပေါ့လေ။ လာ ... မင်း တခြားကိစ္စမရှိရင် အိမ်ပြန်မယ်။ မင်းလို ထွန်းရွှေလည်း သခင်ရဲထွန်း ဖမ်းတယ်ကြားတာနဲ့ ဆံပင်ညှပ်ဆိုင်က ခေါင်းတစ်ခြမ်းတည်း ဆံပင်ညှပ်ရသေးတာ ကုလားထိုင်ပေါ်က ဆင်းပြီး တစ်ကြိုးတည်း လစ်သွားတယ်လို့ ကြားခဲ့ရတယ်။ ဟား ... ဟား ... ဆံပင်လေးပြီးအောင်မှ ညှပ်မသွားနိုင်တာ သူ့သတ္တိ တယ်ဆိုး စရာကောင်း"

ထောင်မှူးကြီး သခင်ထွန်းလွင်က ကိုထွန်းရွှေ၏ ခြေသွက်ပုံကို အားရပါးရပြော၍ ရယ်ချလိုက်ရာ ကျွန်တော်လည်း ရောရောင်ရယ်လိုက်သဖြင့် အတော်ပင် ရင်ပေါ့သွားသည်ဟု ထင်လိုက်မိသည်။

တစ်ဖန် ထောင်မှူးကြီးက ဆက်၍ ...

"ဒီအကောင်လည်း ပြေးမှာ။ ဒီအကောင်က ခေတာမဟုတ်ဘူး။ ဘီ-အိုင်-အေ တုန်းက ဗိုလ်နေဝင်းအောင်ဆိုတဲ့နာမည်နဲ့ ပ တနေ့၊ ညောင်တုန်းဘက်မှာ တာဝန်ခံ နာမည်ကြီးတစ်ယောက်ပေါ့"

ကျွန်တော်သည် သူပြောနေခြင်းကို အနည်းငယ်မျှသာ စိတ် ဝင်စားမိသည်။ ထို့ထက် ကျွန်တော်စိတ်ဝင်စားနေသည်ကား ကိုထွ



ရွှေပင် ဖြစ်တော့သည်။ ကိုထွန်းရွှေလွတ်သွားပြီး ငါနဲ့ ကိုထွန်းရွှေသာ အဆက်ရှိသည်။ ကိုထွန်းရွှေကို ဂျပန်ကဖမ်းမိ၍ သူကဖော်မှသာ ငါ့ကို ဖမ်းနိုင်မည်။ အခုတော့ ကိုထွန်းရွှေလစ်ပေပြီ။ သိပ်တော်တဲ့လူ မောင်မင်းကြီးသား လွတ်ပါစေဗျာ"

ဟု စိတ်ထဲမှ ကြိတ်၍ ဝမ်းသာနေမိသည်။ ထို့မှတစ်ဆက်တည်း ဆံပင်လေးတစ်ခြမ်း စက်ကပ်ကျေးထိုးထားတဲ့မျက်နှာကို မြင်မိ၍ ပြုံးမိပြန်သည်။ နောင်တွေ့တော့မှ ကမ္ဘာ့အိုလံပစ်ပြေးပွဲ ဝင်ပါလားဟု နောက်မည်ဟု တစ်ဦးတည်း စိတ်ကူးယဉ်နေမိပါသည်။

ကျွန်တော်နှင့် ဦးထွန်းလွင်တို့သည် အိမ်သို့လှည့်၍ ပြန်လာခဲ့ကြသည်။ ခြေလှမ်းများမှာ ကျွန်တော်တို့နှစ်ဦးစလုံး အလိုလို သွက်၍ သွက်၍ လာသည်။

"ဘယ့်နှယ်လဲ ... ဦးထွန်းလွင်၊ ဘာသတင်းတွေ ရခဲ့သေးသလဲ"

"ငါလည်း တစ်မြို့လုံး လိုက်စုံစမ်းတာပဲ။ အကြောင်းတော့ သိပ်မထူးသေးဘူး။ ဆရာဝန် အောင်ခင်တို့တော့ ကတုံးရိတ်၊ သင်္ကန်း အလေးဆွဲပတ်ပြီး လစ်သွားပြီလို့ ကြားခဲ့ရတယ်။ အခုနေတော့ လူချင်း ထိုက်ရှာဖို့က ခက်လှတယ်"

"ခင်ဗျား နယ်ပိုင်ဝန်ထောက် ဦးထွန်းဖေတစ်ယောက်ကော ရော"

"ဒီလူ လစ်သွားပြီလေ။ သိပ်လာဘ်မြင်တဲ့လူပဲ"

"ခင်ဗျားကော ဘယ့်နှယ်"

"အရမ်းလစ်လို့ ဘယ်ဖြစ်မလဲ။ အခြေအနေကို စောင့်ရဦး မှာပေါ့။ အခု ငါက အစိုးရလခစားဆိုတော့ ဖမ်းချင်ဦးတော့ တို့ဌာန



www.burmeseclassic.com

www.burmeseclassic.com



ကို အခွင့်ခံ အကြောင်းကြားပြီးမှ ဖမ်းရမှာပေါ့။ မင်းဘာမှ မပူပါနဲ့

"ဂျပန်က စည်းကမ်းရှိတာ မဟုတ်ဘူးနော်။ ဦးထွန်းလွင်လည်း သခင်တစ်ယောက်ဆိုတာ သူတို့မသိဘဲနေမှာ မဟုတ်ဘူး"

"ဒါတော့ . . . ဒါပေါ့လေ။ ကြည့်သေးတာပေါ့ကွာ"

ဤသို့ ကျွန်တော်တို့နှစ်ဦး အချီအချတင် စကားပြောလာခဲ့ကြရာ ထောင်ကုန်းနေအိမ်အသီးသီးသို့ ရောက်လာကြသည်နှင့် လူချင်းခွဲလိုက်ကြပြီး ကိုယ့်အိမ်သို့ကိုယ်ဝင်၍ အိပ်လိုက်ကြသည်။

| ၄ |

❑

၂ ရက်ကျော်လွန်ခဲ့လေပြီ။

ဖမ်းထားပြီးသော သခင်ရဲထွန်းနှင့် သခင်ရဲမြင့်တို့၏သတင်းကား ဘာမျှမကြားရသေး။ အခြေအနေကား မထူးခြားသေးပါ။ စစ်ဆေးခြင်းလည်း မရှိသေးပါ။ သူတို့ဖန်လာမည့် အနာဂါတ်ကံကြမ္မာကိုသာ ရင်တဒိတ်ဒိတ်နှင့် စောင့်မျှော်နေရပါတော့သည်။

သခင်ရဲထွန်းနှင့် သခင်ရဲမြင့်တို့အား ထောင်တွင်း၌ ဆေးတွမ်း၊ မုန့်ပဲသရေစာများဖြင့် စောင့်ရှောက်ထားပါသည်။ ထောင်မှူး ဦးထွန်းလွင်မှာ ထောင်ထဲသို့ တစ်ကြိမ်တစ်ခါမှ သွားရောက်ကြည့်ရှုခြင်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သောအကူအညီကို ကျွန်တော်မှတစ်ဆင့် သခင်ရဲထွန်းတို့အား ပေးကမ်းလျက်ရှိပါသည်။ သခင်ရဲထွန်း၊ သခင်ရဲမြင့်တို့နှင့် ပတ်သက်၍ ကျွန်တော့်မှာ တစ်နေ့မှ စိတ်ချမ်းသာခြင်း မရှိခဲ့ပါ။

ဤသို့ဖြင့် နောက်တစ်နေ့သို့ ရောက်ခဲ့ပြန်လေသည်။ သခင်ရဲထွန်းတို့အား အဖမ်းခံရသော သုံးရက်မြောက်နေ့လည်း ဖြစ်ပါ၏။ ဤနေ့တွင် ကျွန်တော့်မှာ နေ့တိုင်းထက် ပို၍ စိတ်လှုပ်ရှားမှု ခံစားနေရပါသည်။ ကျွန်တော်သည် စိတ်မချမ်းမြေ့စွာပင် မိမိတာဝန်များကို လုပ်ကိုင်ဆောင်ရွက်ပြီး ညနေဘက်တွင် အိမ်သို့ ပြန်လာခဲ့ပါသည်။

ည ၁၁ နာရီထိုးသည့်တိုင်အောင် ကျွန်တော့်မှာ အိပ်နိုင်ခြင်း မရှိသေးပါ။ ကြောက်စိတ်၊ စိုးရိမ်စိတ်တို့ဖြင့် ရောထွေးနေသော အတွေးမျိုးစုံတို့သည် ဦးနှောက်ထဲတွင် နပန်းသတ်နေကြပါသည်။ ဂျပန်ဖမ်းလျှင် သေသော်လည်း သေရမည်၊ မသေပါကလည်း တစ်သက်လုံး လူစဉ်မမီအောင် ဒုက္ခပေးတတ်သည်ကို မြင်ဖူးတွေ့ဖူး၍ သခင်ရဲထွန်းတို့၏ရှေ့ရေးကို မတွေးဝံ့အောင် ဖြစ်လာမိသည်။

ည ၁၁ နာရီခွဲတွင် ကျွန်တော်သည် စိတ်ပင်ပန်းစွာ အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်မိသည်။ ကျွန်တော်၏ ကိုယ်စိတ်နှစ်ပါးသည် အလွန်ပင်ပန်းနွမ်းနယ်နေသည်ဟု ထင်မိသည်။ ကျွန်တော်တွေးရာက မျက်လုံးကြောင်နေမိစဉ် မှေးခနဲ အိပ်ပျော်သွားလေသည်။ ကျွန်တော့်အထင် မိနစ် ၃၀ မျှလောက်သာဟု ထင်သည်။ ထိုစဉ် အိမ်ရှေ့မှ လူသံများ၊ တံခါးပုတ်သံများ မနားတမ်းကြားလာရသည်။ ကျွန်တော်သည် လန့်၍နိုးလာပါသည်။ အချိန်မှာ ည ၁၂ နာရီရှိနေလေပြီ။

"ဦးရွှေမောင် . . . ဦးရွှေမောင် . . . ထပါဦးဗျို့"

"ဆရာ . . . ဆရာ . . . တံခါးဖွင့်ပါ"





အပြင်မှ ခေါ်နေသံများဖြစ်လေသည်။ ထိုအသံကြောင့် ကျွန်တော်သည် အိပ်ရာမှ အူယားဖားယားထ၍ တံခါးဖွင့်ပေးလိုက်သောအခါ ထောင်မှူးတစ်ယောက် အိမ်ရှေ့ ဖိနပ်ချွတ်ခန်းတွင် ရပ်နေသည်ကို တွေ့ရပါ၏။ သူတို့လာသောကိစ္စမှာ ဂျပန်က သခင်ရဲထွန်းနှင့် သခင်ရဲမြင့်တို့နှစ်ယောက်ကို ထောင်မှထုတ်ပေးရမည်ဟု လာရောက်တောင်းနေ၍ ထောင်ပိုင်ဝန်က ကျွန်တော့်အား လိုက်လာခဲ့ရန် အခေါ်လွှတ်ကြောင်း ခေါ်လာသူထောင်မှူးက အသံတုန်ရီစွာဖြင့် ပြောနေပါသည်။

ကျွန်တော်က မကျေနပ်စွာနှင့် . . .

"မဟုတ်တာဗျာ . . . ညကြီးသန်းခေါင် တရားခံကို မပေးနိုင်ဘူးလို့ ထောင်ပိုင်က မပြောဘူးလား။ ထုံးစံမှမဟုတ်တာ"

ဟု မေးလိုက်မိသည်။

"ထုံးစံတွေ ဥပဒေတွေကို ဟိုရောက်မှပြောပါဗျာ။ ခု မြန်မြန်သာ လိုက်ခဲ့ပါ"

ထောင်မှူးက လောဆော်နေသည့်အတွက် ကျွန်တော်လည်း ခပ်သုတ်သုတ် ပါသွားရသည်။

ကျွန်တော်တို့ ထောင်တံခါးသို့ရောက်သောအခါ ဂျပန်သုံးယောက်၊ စကားပြန်တစ်ယောက်နှင့်အတူ ရပ်၍ ထောင်ပိုင်ဝန်အား တွေ့ရပါသည်။ ထောင်မှူးကြီးကိုကား မတွေ့ရပါ။

ကျွန်တော်က ထောင်ပိုင်ဝန်အား ရောက်လျှင်ရောက်ချင်း . .

"ဘာကိစ္စပါလဲ အန်ကယ်"

ဟု သိလျက်နှင့် ဂျပန်ရှေ့တွင် မေးလိုက်ရပါသည်။

"ဟို သခင်တွေကို အခုထုတ်သွားမလို့ လာတောင်းနေတယ်။ အဲဒါ ထုတ်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ညထောင်ပိတ်ပြီးမှ တရားခံကို ထုတ်နိုင်ပါသလား၊ မနက် မြန်မြန်ထောင်ဖွင့်ဖွင့်ချင်း ယူနိုင်သားပဲ"

ကျွန်တော်က ထောင်ဥပဒေအတိုင်း မေးပြော ပြောလိုက်မိ ပါသည်။

ထိုအခါ ဂျပန်စကားပြန်က ကျွန်တော့်အား စိမ်းစိမ်းကြီး ကြည့်ပြီး ဂျပန်သို့ လှည့်ပြောသံကို ကြားလိုက်ရပါသည်၊ ထို့နောက် ဂျပန်ကြီးက အလွန်စိတ်ဆိုးသော မျက်နှာကြီးဖြင့် ပြန်ပြောသည်။ ဆုံးလျှင် စကားပြန်က ကျွန်တော့်ဘက်သို့လှည့်ကာ ...

"ခင်ဗျားတို့ ကင်ပေတိုင်ရဲ့အမိန့်ဆိုတာ နားလည်ထားပါ။ ကြာတယ် အခုဖွင့်ပါ"

ဟု မာကြောသောအသံကြီးဖြင့် ကြိမ်းဝါး၍ အမိန့်ပေးလိုက် ပါသည်။

"မင်းကလည်း သိပ်ခက်တာပဲ။ ကျုပ်က ဖွင့်ပါလို့ပြောနေမှ အပိုတွေပြောနေတာကိုး"

ဟု ထောင်ပိုင်ဝန်က ဂျပန်အန္တရာယ်ကို ကြောက်ရွံ့တုန်လှုပ် စွာနှင့် ကျွန်တော့်အား ဖိ၍ ပစ်ကြိမ်းလိုက်သည်ကို ကျွန်တော်သိပါ၏။

"ဖွင့်ပေးဆိုလည်း ဖွင့်ရတာပေါ့။ ကျွန်တော် တစ်ခါမှမကြုံ ဖူးလို့ မေးရတာပဲ"

ကျွန်တော့်အား ဝိုင်းကြိမ်းနေကြ၍ စိတ်ဆိုးဆိုးနှင့် ဘာပဲဖြစ် ဖြစ်ဟု နလုံးပိုက်ကာ သူတို့၏ ကြိမ်းဝါးမောက်မာမှုကို ပြန်ပက်နေမိ သေး၏။

ဂျပန့်အမိန့်ကို မလွန်ဆန်နိုင်၍ သခင်ရဲထွန်းတို့ သုံးဦးသား





ကို ထုတ်ပေးလိုက်ရပါသည်။ ဂျပန်များသည် သူတို့အား ကြိုးနိုင်နိုင် ချုပ်နှောင်၍ ထုတ်ယူသွားလေသည်။ ကျွန်တော်နှင့်တကွ အားလုံးက သတ်ရန်ထုတ်သွားပြီဟု ထင်ကြေးပေးလိုက်ကြသည်။

ကိစ္စပြီး၍ ကျွန်တော် အိမ်သို့ ပြန်လာခဲ့သည်။ ကျွန်တော် အိမ်သို့ရောက်ပြီး တွေးမိတွေးရာ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်၍ သခင်ရဲထွန်း။ သခင်ရဲမြင့်နှင့် အမည်မသိ တောသားကြီးတို့ကိုကြမ္မာ ကို တွေးနေမိတော့သည်။

"ကေန္တ သတ်တော့မှာပဲ။ ကောင်းရာသုဂတိ လားကြပါစေ"

ကျွန်တော့်စိတ်ထဲမှ ပင့်သက်ရှိုက်မော၍ ပြောမိပါသည်။ ထို ... တောင်စဉ်ရေမရ တွေးနေမိစဉ် အိပ်ပျက်နေသည့်အတစ်ကြောင်းမို့ ...ခနဲ ပျော်သွားပြန်လေသည်။

ထိုစဉ် အပြင်ဘက်မှ ကျွန်တော့်အားခေါ်သံများ ကြားရပြန်ရာ ...န်တော် ဖျတ်ခနဲ လန့်နိုးသွားလေ၏။ ခေါ်နေသူမှာ ပထမအခေါက် ...င်လာခေါ်သော ထောင်ကြပ်တစ်ဦးပင်ဖြစ်၏။

"ဆရာ ... ထပါဦး။ သခင်တွေကိုပြန်ပို့ဖို့ ထောင်ကိုလာခဲ့ ...ဦး"

"ဟေ ... သခင်တွေကို ပြန်ပို့တယ် ... ဟုတ်လား"

ကျွန်တော်က မယုံနိုင်သလို အံ့ဩစွာ မေးလိုက်မိပါသည်။

"ဟုတ်ကဲ့"

"အေး ... ဒါဖြင့် သွားကြမယ်"

သတ်ပြီဟုထင်ထားရာမှ ဂျပန်က ပြန်ပို့သဖြင့် ကျွန်တော့်မှာ ...ဲ့သို့ ဝမ်းသာလုံးဆို့သွားပြီး လျင်မြန်စွာ လိုက်သွားရပြန်သည်။

ထောင်ဝတွင် ကျွန်တော်ထုတ်ပေးလိုက်သော သခင်သုံးဦးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါသည်။ သူတို့နှင့်အတူပါသွားသော တောသားလှေသမားကြီး ကိုကား မတွေ့ရတော့ပါ။ ကျွန်တော့်စိတ်ထင် ဂါတ်မှာထားခဲ့သလား လွှတ်ပြစ်ခဲ့သလားဟု တွေးနေမိပါသည်။

သခင်နှစ်ဦးအား ၎င်းတို့၏ မူလနေရာတွင် ဂျပန့်ထံမှ လက်ခံ၍ ထားလိုက်ရပါသည်။ ဂျပန်များပြန်သွားသောအခါ ကျွန်တော်သည် သူတို့အနီးသို့ကပ်ပြီး ...

"ခင်ဗျားတို့ကို ဘာလို့ လာထုတ်တာလဲဗျ။ ဟိုလူကြီးရော လွှတ်သွားပြီလား"

ဟု တိုးတိုးမေးမိပါသည်။

"သတ်ပစ်လိုက်ပြီ"

ဤကား ၎င်းတို့နှစ်ဦးစလုံး ပါးစပ်မှ သံပြိုင်ထွက်ပေါ်လာခြင်း ဖြစ်ပါ၏။

"ဟာ ..."

ကျွန်တော့်မှာ သိမ့်ခနဲ တုန်သွားမိတော့သည်။ ၎င်းတို့၏အ မှာလည်း ခါတိုင်းနှင့်မတူပဲ တုန်ရီနေပါသည်။

"ဘယ်မှာသတ်တာလဲ။ ဂါတ်မှာလား။ ကင်ပေရုံးမှာလား"

"ဘယ်မှာမှမဟုတ်ဘူး။ သချိုင်းမှာလေ"

"ဟင် ... ဘယ့်နှာလဲ။ ခင်ဗျားတို့ကို ကင်ပေရုံး ခေါ်မသွား ဘူးလား"

"ကျွန်တော်တို့ကို တရုတ်သချိုင်းကို ခေါ်သွားတာဗျ။ ရောက်တော့ ကျွန်တော်တို့နှစ်ယောက်ကို ထိုင်ခိုင်းထားပြီး ကျွန်တော် တို့ရှေ့တင်မှာ လှေသမားကြီးကို ထိုင်ခိုင်းတယ်။ ဂျပန်ကတစ်ယော မင်းတို့ဗမာတွေ သူပုန်ထဖို့ လုပ်တယ်။ မင်း ဘာသိသလဲ မှန်ရာ





ပြော။ မပြောရင် လည်ပင်းကို တစ်ချက်တည်း ခုတ်ချမယ်လို့ပြောတယ်။

လှေသမားကြီးက သူဘာမှမသိရကြောင်း။ ၎င်းမှာ လှေခတ် ပြီး တစ်သက်လုံး အသက်မွေးလာကြောင်းလည်း ပြောပြီးရော ဓားနဲ့ စောင့်နေတဲ့ ဂျပန်က တစ်ချက်တည်း ဇက်ကို ပိုင်းချလိုက်တာပဲ။ ဦးခေါင်း က ခုန်ဆွခုန်ဆွနဲ့။ ကိုယ်တစ်ပိုင်းက ထပြေးပြီး သုံးလေးလံလည်း ရောက်ကရော မှောက်ရက်ကြီး လဲသွားတာပဲ"

သခင်ရဲထွန်းက အဝီစိပြန်ဓာတ်လမ်းကို အသည်းချမ်းဖွယ် ရာ ပြောပြနေသည်။

"ခင်ဗျားတို့ကိုကော ဘာလုပ်သေးသလဲ"

ကျွန်တော့်မှာ သူတို့၏စကားကြောင့် ကျောချမ်းရင်တုန် ဖြစ် နေမိရာက ထပ်မံ၍ မေးရပြန်သည်။

"ကျွန်တော်တို့ကို ကိုဘသော်ကို သတ်ပြီးတဲ့နောက် မင်းတို့ မပြောရင် ဒီလိုပဲ အသတ်ခံရမယ်လို့ပြောတယ်။ တစ်ယောက်နဲ့တစ် ယောက် မမြင်ရအောင်လုပ်ခဲ့ပြီး ချုပ်အကွယ်မှာစစ်တယ်။ ကိုဘသော် ကိုမေးသလို မေးတာပဲ။ မေးတာက တစ်ယောက်တခြားဆိုတော့ ဟိုလူ့ ကို မေးမရလို့ သတ်ခဲ့ပြီလို့ ကျွန်တော့်ကိုလာပြောတယ်။ ဟိုလူကျပြန် တော့လည်း ကျွန်တော့်ကိုသတ်ခဲ့ပြီ။ မသေချင်ရင် မှန်ရာကိုပြောလို့ ဓားနဲ့ခုတ်ချင်ယောင် ဟန်လုပ်ပြတယ်"

"ဒီတော့ ခင်ဗျားက ပြောလိုက်ရောလား"

ကျွန်တော်က ကြားဖြတ်ဝင်မေးလိုက်သည်။

"ဘယ်ပြောမလဲ ... ဂျပန်တွေ ကျွန်တော်တို့ကိုညာထဲခေါ် ပြီး တစ်ပတ်ရိုက်စစ်တယ်ဆိုတာ ကျွန်တော်တို့ သချိုင်းက နှစ်ယောက် တွေ့ပြန်လာမှ သိရတယ်။ သိပ်ပါးတဲ့ အကောင်တွေဗျ"

www.burmeseclassic.com

www.burmeseclassic.com



သခင်ရဲမြင့်က သခင်ရဲထွန်းကိုယ်စား သူတို့၏ ဖြစ်ကြောင်း ရယ်မှကုန်စင်ကို အဆုံးသတ်လိုက်လေသည်။

ကျွန်တော်သည်၊ ၎င်းတို့အား သေရွာမှပြန်လာသူများအဖြစ် တွေးမိပြီး အားတုံ့အားနာ သနားကရုဏာစိတ်များပွားလာမိ၍ ဆက် မမေးချင်တော့ပါ။ ဘုရားဂုဏ်တော်ကို အာရုံပြုကြရန်နှင့် စိပ်ပုတီးစိပ် လိုက နက်ဖြန် ပုတီးတစ်ကုံးလာ ပေးမည်ပြောပြီး အိမ်သို့ပြန်လာခဲ့ ပါသည်။ သို့ရာတွင် မိုးသာ စင်စင်လင်းခဲ့သည်၊ ကျွန်တော်ကား သေ သမားကြီး ရက်စက်စွာအသတ်ခံရပုံကို မျက်စိထဲ၌ မြင်ယောင်နေသဖြင့် လုံး၀ အိပ်၍မရခဲ့ပေ။

နံနက်မိုးသောက် အလင်းရောက်သောအခါ မိမိ၀တ္တရား အတိုင်း အလုပ်ရုံဖွင့် အကျဉ်းသားဦးရေကို ရေတွက်ပြီး တာ၀န်အသီး သီးကိုပေး၍ အုပ်ချုပ်ရေး စက်ယန္တရားကြီး စလည်ပြန်သည်။ ကျွန် တော်သည် မိမိရုံးခန်းထဲ၌ အလုပ်လုပ်နေစဉ် တပည့်ကျော် အကျဉ်း သား နောက်တိုး ပေါက်လာပါသည်။

"သခင် ...လေသမားကြီးကို သတ်လိုက်ပြီဆို ...ဟုတ် လား"

ကျွန်တော့်အား မေးလိုက်ခြင်းဖြစ်ပါ၏။

"ဟုတ်တယ် ...။ ဒီလိုပဲပြောတာပဲ။ မင်းချက်ချင်း ဘယ်က သိလာသလဲ"

"ထောင်းတွင်းကိစ္စပဲ သခင်။ အပြင်သတင်းတောင် သိနေရ တဲ့ဥစ္စာ။ ဂျပန်တွေကတော့ လုပ်မယ်။ ရက်စက်တဲ့နေရာမှာတော့ ထိပ် ဆုံးပဲ။ ကျွန်တော့်တုန်းကလည်း သတ်မယ်တကဲကဲနဲ့။ ရိုက်တာကတော့ လူတစ်ကိုယ်လုံး ဆန်အိတ်ကျနေတာပဲ။





နောက်ဆုံးကျတော့ ပက်လက်လှန်ပြီး ကြွက်တစ်ကောင်ကို ဗိုက်ပေါ်တင် အပေါ်က ခွက်မှောက်ပြီး ဖိထားတယ်။ ကြွက်က ပြေး ပေါက်ရှာမရတော့ ဗိုက်က တစ်စီစီထွင်းပြီး ကိုက်တာပဲ။ ကြာကြာနေ သေရချည်ရဲ့ဆိုပြီး ဖော်ပြောရတော့တာပဲ သခင်။ အခု ကျွန်တော်တို့ ထောင်ထဲက အရှုံးဘစိန်ဟာ အပြင်မှာ ဗိုလ်ပဲ။ သိပ်သတ္တိကောင်း တာ။ ဂျပန်လက်ကိုလည်းရောက်ရော ကျွဲနဲ့ခပ်ခိုင်းတာ ရှူးကိုသွားတာ ပဲ"

နောက်တိုးသည် ဂျပန်များ၏ လူမဆန်စွာ ထိပ်တန်းရက်စက် မှုကို ပြောပြနေပါသည်။

"အင်း ...ကြားရချက် နား၀မှာ မသက်သာပါဘူးကွာ"

ကျွန်တော့်မှာ ဤမျှသာ ညည်းနိုင်တော့သည်။

ဂျပန်တို့၏ ရက်စက်မှုမှာ နည်းမျိုးစုံနေပေသည်။ မှန်ပါသည်။ နောက်တိုးပြောသော ဂျပန့်ရက်စက်မှုနှင့် ဆက်စပ်၍ ကျွန်တော် တစ်ခါ သတိရလာပြန်သည်။ ကျွန်တော်သည် ဂျပန်ခေတ်တွင် မြောင်းမြထောင်၌ အမှုထမ်းရမိ ပုသိမ်ထောင်ကြီးတွင် ၀င်ရောက်မှုထမ်းခဲ့ရသေးသည်။ ထိုစဉ်က ထောင်ကျလူသစ်နှင့် အချုပ်တရားခံတို့၏ အမှုထမ်းနှင့်ဆိုင် သော ထောင်အခေါ် (ထောင်ကျရုံးထောင်မှူး)၀တ္တရားကို ဆောင်ရွက် ရပါသည်။

တစ်နေ့သောအခါ ဂျပန်က တရားခံနှစ်ဦးကို လာရောက် အပ်နှံရာ တစ်ဦးမှာ ယောက်ျားဖြစ်၍ အခြားတစ်ဦးမှာ မိန်းမဖြစ်ပါ သည်။ ၎င်းတို့မှာ သားအမိဖြစ်ပြီး ဂျပန်ငွေစက္ကူ အတုလုပ်မှုနှင့် ဖမ်းမိ လာသည်ဟု သိရပါသည်။ သူတို့ရောက်လာပြီး နောက်တစ်ရက်တွင် ဂျပန်က ကင်ပေရုံးသို့ထုတ်၍ ခဏခဏစစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနေ့တွင် တရားခံအမျိုးသမီး တစ်ဦးတည်း ပြ
လာရာ သူမ၏ မျက်နှာတစ်ခုလုံးတွင် မီးလောင်ရာနှင့် အညိုအမည်
စွဲများ တွေ့ရပါသည်။ ကောင်းစွာပင် လမ်းမလျှောက်နိုင်တော့
ကျွန်တော်က နေ့တိုင်းထက် ထူးခြားနေသောကြောင့် သူမအား ...

"ဘာဖြစ်သလဲ"

ဟု မေးမိရာ စကားမပြောဘဲ ချုံးမည်းချ ငိုကြွေးလေ
သည်။ အလွန်ရုက်ကြောက်သော လက္ခဏာများ ပေါ်နေပါသည်။

ကျွန်တော်က မေးမရ၍ ထောင်ကြပ်အမျိုးသမီး (လ
ကိုတစ်ဆင့် ကျွန်တော်ကမေးခိုင်းရာ ထောင်ကြပ်အမျိုးသမီးကလည်
ကျွန်တော်ကမေးသည်ကို လတ်တလောမဖြေဘဲ ခေါင်းငုံ့နေပြန်သ
ကျွန်တော့်မှာ စိတ်ဆိုး၍ အော်မိတော့သည်။

ထိုအခါမှ ထောင်ကြပ်အမျိုးသမီးမှာ ရှက်ကြောက်ခြင်း
မျက်ရည်ပင်ထွက်၍ ပြောပြရှာပါသည်။ ကြားရချက်မှာလည်း ကြက်
ထစရာ၊ မခံချင်စရာ။ အသက် ချက်ချင်းထွက်ရသည်က ကော
လေဦးမည်။ လူမှန်သမျှ စိတ်နာရမည့်သာဖြစ်ပါသည်။

ကြားရချက်က ဂျပန်သည် တရားခံယောက်ျားအား လ
နှစ်ဖက်စလုံးကို လက်ကောက်ဝတ်မှ တိခနဲနေအောင် ဖြတ်ချလိုက်
တိုင်တစ်တိုင်၌ ကြိုးနှင့်ချည်ထားလေသည်။ မျက်နှာကိုလည်း စီးကရ
မီးဖြင့်ထိုး၍ အမှုစစ်ကြောင်းကြား သိရရာ ကျွန်တော့်မှာ ငါမေးမိ
မှားလေခြင်းဟု မိမိကိုယ်ကို မိမိ အပြစ်တင်မိပါသည်။ ဖက်ဆစ်ဂျပ
တို့၏ လူမဆန်သောအပြုအမူကို မြင်ရသူတိုင်း သည်းမခံနိုင်ဖွယ်
တကား။

နံနက် ၉ နာရီခန့် ရောက်သောအခါ ကျွန်တော်သည် နေ





တရင်းများကို ရေးပြီး၍ ဗိုင်တွဲနေစဉ် ကျွန်တော့်အား ထောင်ပိုင်ဝန်က
ခေါ်ကြောင်း ဝါဒါတစ်ယောက် လာပြောသဖြင့် တံခါးဝသို့ ကျွန်တော်
လိုက်သွားရသည်။ ထောင်ပိုင်ဝန်ရုံးခန်းသို့ ရောက်သောအခါ ဂျပန်
တစ်ယောက်နှင့် စကားပြန်ကရင်အမျိုးသားကို တွေ့ရပါသည်။

ကျွန်တော်ရောက်သွားသည့်တွင် ထောင်ပိုင်ဝန်က ကျွန်တော့်
အား ...

"သခင်နှစ်ဦးကို ဒီမှာတင်ပဲ စစ်လိမ့်မယ်။ မည်သူ့ကိုမျှ အမှု
စစ်ချိန်မှာ မဝင်စေနဲ့။ ခင်ဗျားကိုယ်တိုင် ပြီးအောင်ထိစောင့်နေပါ"

ဟု အမိန့်ပေးပြီး ထောင်ပိုင်ဝန်သည် ထမင်းစားရန် အိမ်
ပြန်သွားလေသည်။

စကားပြန်လုပ်သူက ကျွန်တော့်အား ဘူးဝရုံးခန်း ချောင်ကျ
သောနေရာ၌ အမှုစစ်လိုကြောင်းပြော၍ ထောင်မှူးကြီးစားပွဲနောက်မှ
ချောင်ကျသောအခန်းကို ပြလိုက်ရသည်။ ဂျပန်က ထိုအခန်းကို သဘော
ကျ၍ သခင်ရဲထွန်းအား ပထမခေါ်ရန် အမိန့်ပေးပါသည်။ ကျွန်တော့်
မှာသခင်ရဲထွန်းကို ခေါ်ပေးရပါသည်။

သခင်ရဲထွန်း ရောက်လာသောအခါ သံပတလင်းတွင် ခေါင့်
ကြောင့်ထိုင်နိုင်းပြီး ဂျပန်က ရှေ့တွင်ကစ်၍ ကုလားထိုင်ပေါ်တွင် ထိုင်
ပါသည်။ စကားပြန် ကရင်အမျိုးသားက လက်ကောက်ဝတ်ခန့်ရှိသော
ထားဝယ်ကြိမ်လုံးကြီး အရှည်သုံးပေခန့်နှင့် သစ်သားလုံး နှစ်ပေခန့်ရှိ
ရုံးသုံး မျဉ်းလုံးပမာဏရှိသော တုတ်ကြီးကို စွဲကိုင်၍ ရွတည်တည်
မျက်မှောင်ကုပ်ကာ ရပ်နေပါသည်။ ဂျပန်က စတင်၍ စစ်လေပြီ။

"မင်း သခင်တစ်ယောက်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မနေ့ကလို မပြောဘဲနေရင် သက်သာမယ်မဟုတ်ဘူး သိထားစမ်းပါ။ ငါမေးတာကို ကောင်းကောင်းပြောပါ"

"ကောင်းပါပြီ"

"ဒီမြို့မှာ သူပုန်ထဖို့ လှုရှုနေတယ်ဆိုတာ ဟုတ်သလား။ အဲဒီ အထဲမှာ ဘယ်သူတွေပါသေးသလဲ"

"ကျွန်တော်မသိပါ"

ဤသို့ သခင်ရဲထွန်း၏အဖြေတွင် ဂျပန်သည် ကုလားထိုင်ပေါ် မှနေ၍ သခင်ရဲထွန်း၏မျက်နှာကို စစ်ဖိနပ်နှင့် တအားလွှတ်ကန်လိုက် ရာ နှာခေါင်းနှင့်ပါးစပ်မှ သွေးအရဟောဆင်းလာပြီး ပက်လက်လန်၍ လဲသွားပါတော့သည်။ တစ်ဖန် ရပ်နေသော စကားပြန်က ဆွဲထူလိုက် ပြန်သည်။

"မင်း သခင်ခေါင်းဆောင်ပဲ မင်းသိရမယ်။ ပြောပါ"

"ကျွန်တော်မသိတာ အမှန်ပါ။ ဟိုတုန်းက နိုင်ငံရေး လုပ်ခဲ့ ပါတယ်။ အခု ကုန်သည်လုပ်နေပါတယ်"

ဂျပန်က စကားပြန်အား မျက်စပစ်လိုက်ပါသည်။ မည်ကဲ့သို့ စည်းဝါးရိုက်လာသည် မသိပါ။ သခင်ရဲထွန်းအား ဒူးထောက်ခိုင်းထား ပြီး စကားပြန်လက်တွင် ကိုင်ထားသော သစ်သားလုံး တုတ်တိုနှင့် ဒကောက်ထဲသို့ ညှပ်သွင်းလိုက်သည်။

ထို့နောက် သံမန်တလင်းတွင် ဝပ်ချ၍ ထိုင်စေပြီး တုတ် အစွန်းတစ်ဖက်တစ်ချက်ကို စကားပြန်က တက်နင်းထားလိုက်သည်။ သခင်ရဲထွန်း ခမျာမှာ သပ်လျှိုထားခြင်းကို ခံနေရသည့်ပမာ ထွန့်ထွန့် လူး နေပေတော့သည်။

သို့ရှိစဉ် ဂျပန်က ထပ်ခါထပ်ခါပြောရန် အော်သည်။ ဂျပန်



တာ ဝေါက်, စကားပြန်က အော်နှင့် ထိုအထဲ နာကျင်လှသောတရားခံ တာ အော်လိုက်သေးသည်။ ကျွန်တော့်မှာ မကြည့်ရက်၊ မရှုစိမ့်နိုင်တော့ သဖြင့် ပြတင်းမှ လမ်းဘက်သို့ မျက်နှာမူ၍ လှည့်ထားလိုက်မိတော့ သည်။

ဂျပန်သည် ကုလားထိုင်မှ ထလိုက်ပါသည်။ တုတ်အစွန်းတစ် ဖက်မှ ဂျပန်ကနင်းထားပြီး ဟိုဘက်တစ်ဖက် စကားပြန်အလေးချိန် ဖြင့် ညီနေတော့သဖြင့် အရိုးအဆစ်များ တဖျစ်ဖျစ်မြည်လာသည့်တိုင် စကားပြန်က လက်ကောက်ဝတ်ခန့်ရှိ ထားဝယ်ကြိမ်လုံးကြီးဖြင့် တအား ထွဲကာ လက်ကောက်ဝတ်မှ လက်မောင်းရင်းအထိ ရိုက်နှက်နေသည်မှာ ခံစားနေရသူအတွက် မဆိုထားဘိ၊ မြင်နေရသူကျွန်တော်ပင် တစ်ကိုယ် လုံးနာကျင်သယောင်ဖြစ်လာပြီး မူးဝေလာပါတော့သည်။

ကျွန်တော်ကြည့်နေရသော မြင်ကွင်းမှာ အနိဋ္ဌာရုံသက်သက် ထောင့်ဖြစ်ပြီး ဇာတ်ပွဲတွင် လူကြမ်းက မင်းသားမင်းသမီးကို နှိပ် စက်သည်ထက် ဆယ်ဆပိုသော မြင်ကွင်းဖြစ်နေရာ ကျွန်တော့်မှာ တစ် ခါသူ့ဒုက္ခကို ကယ်လို၍လည်း မရစကောင်း။ တစ်ဖန် ဤကဲ့သို့ မရှု လှ ပွဲကြီးပွဲကောင်းကို ထောင်မှူးများအနက်တွင် ကံကွက်ကြား၍ ငါ့ ကိုမှ နိုင်းတတ်ပလေဟု ထောင်ပိုင်ဝန်ကိုလည်း ဒေါသဖြစ်လာမိတော့ သည်။

သခင်ရဲထွန်းကား ကြည့်ရက်စရာမရှိအောင် ရုပ်ပျက်ဆင်း ရာဖြင့် ရုပ်သေးစင်မှ ကြိုးပြတ်၍ ခွေနေသော အရုပ်ကြိုးပြတ်မင်း သားကဲ့သို့ ဖြစ်နေပါပြီ။ သေမှန်းရှင်မှန်းမသိ၊ သတိလစ်နေသည်ကို အား မေးစရာမလိုတော့ပြီ။

ဧပြည့်မှ ပါးကွက်အာထားသားနှစ်ဦးသည် အလွန်မောပန်း

www.burmeseclassic.com



ဟန်ဖြင့် တစ်ကိုယ်လုံးစီးကျလာသော ချွေးများကို မျက်နှာသုတ်ပဝါဖြင့် ဖိမ်ကျကျ သုတ်နေကြသည်။ လက်ကောက်ဝတ်ခန့်ရှိ အလျားတစ်ထောင်ခန့်တုတ်မှာ အမြှာမြှာ ကွဲကြေလျက်ရှိသည်ကို မြင်ရခြင်းဖြင့် ခံရသူအတွက် ဒဏ်ချက်ကို ခန့်မှန်းနိုင်ပါပြီ။

လူသတ်ကောင်နှစ်ဦးမှာ ကျေနပ်စွာပြုံးလျက် တွေ့ရပြီး ဆရာဂျပန်က နောက်တော်ပါခွေးကောင် စကားပြန်အား စီးကရက်တစ်လိပ် ထုတ်ပေးရင်း တစ်ယောက်တစ်လိပ်စီ ကျေနပ်စွာရှိုက်လျက် အမောအပန်း ဖြေနေကြပါသည်။ လမ်းလျှောက်ရင်းလည်း ခြေလက်တို့ကိုခါလျက် အညောင်းဆန့်ကြသည်။ ဆေးလိပ်တစ်လိပ်ကုန်သည့်တိုင်အောင် သခင်ရဲထွန်းကား တုတ်တုတ်မျှ မလှုပ်ပေ။

ဂျပန်ကောင်သည် နီရဲသော မျက်နှာကြီးဖြင့် ကျွန်တော့်အား ရေတစ်ခွက်ပေးရန် တောင်းပါသည်။ ကျွန်တော်သည် အနီးရှိရေအိုးထဲမှ ခပ်၍ ရေတစ်ခွက်လှမ်းပေးလိုက်ရာ ထိုရေခွက်နှင့်ပင် သခင်ရဲထွန်း၏ မျက်နှာကို သကြိန်ရေပက်ဖြန်းသလို ဖြန်းခနဲ ပက်ချလိုက်ရာ တစ်မိနစ်ခန့်အကြာတွင် သခင်ရဲထွန်းမှာ ...

"အမယ်လေး ... အမယ်လေး ..."

ဟု တဟင်းဟင်း တိုးတိုးညည်းသံ ပေါ်လာပါတော့သည်။

ဂျပန်သည် ကျွန်တော့်အားမော့ကြည့်၍ ရေခွက်ကိုလှမ်းပေးရင်း ကျန်ရှိသေးသော သခင်ရဲမြင့်အား ထုတ်ခေါ်ပေးရန် အမိန့်ပြန်ပါ၏။ သူတို့၏အမိန့်တော်အတိုင်း ကျွန်တော့်မှာ သခင်ရဲမြင့်အား အထုတ်ခိုင်းလိုက်ရ၏။ သခင်ရဲမြင့်မရောက်မီ သခင်ရဲထွန်းအား တပ်ရှုထိုက်ဆွဲယူလာကြပြီး ကျွန်ုပ်တော်ထိုင်နေသော ထောင်မှူးကြီးကုလားထိုင်တွင် မှီထားလိုက်ကြသည်။

သခင် ၄၂-ဦး အသတ်ခံရစဉ်က ❁ ၁၃၉

သခင်ရဲမြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် ရောက်လာပါပြီ။ ဂျပန်နှင့် စကားပြန်သည် ထုံးစံအတိုင်းမေး၍ မသိကြောင်း အဖြေပေါ်လာသောအခါ သခင်ရဲမြင့်အား အမဲဖျက်သလိုဖျက်ကြပြီး အော်သံဟစ်သံ ငိုက်နှက်သံတို့ဖြင့် တစ်ခန်းလုံး ဆူညံသွားလေ၏။

သို့ဖြစ်နေစဉ် သခင်ရဲထွန်းမှ သတိမရတစ်ချက် ရတစ်ချက် ညည်း၍ ကျွန်တော့်ခြေရင်းတွင် ပုံလျက်သား လဲကျနေပါသည်။ ဂျပန်များ သခင်ရဲမြင့်ကို ညှဉ်းပန်းနေကြစဉ် ကျွန်တော်သည် အလှမ်းမီရာ အကျဉ်းသားတစ်ဦးအား ဝါးကျည်တောက်တစ်ခုတွင် ရေထည့်ယူလာစေ၍ တိုးတိုးကြိတ်၍ မှာလိုက်ရသည်။

ထင်ထင်ပေါ်ပေါ်ရေခွက်ဖြင့် ရေတိုက်လျှင် ဂျပန်အမှည့်ခွေးသည့်အထဲတွင် ကျွန်တော်ပါရော၍ အဆစ်ပါသွားမည်ကို စိုးရသေးသည် မဟုတ်ပါလော။ ရေရလျှင်ရခြင်း သခင်ရဲထွန်းအား ဂျပန်အလစ်ကို ကြည့်၍ ခေါင်းကိုမ,ပြီး ရေတိုက်လိုက်ရာ သခင်ရဲထွန်းမှာ ယခုမှ အသက်ပြန်ဝင်လာသလို သက်ပြင်းကို ဟင်းခနဲချပြီး အားယူ၍ ကျွန်တော့်ခြေထောက်ကို မှီထားပါသည်။

နောက်တစ်ဖန် လေသံသဲ့သဲ့သဖြင့် ရေတစ်ခွက် ထပ်တောင်းပါသေးသည်။ ကျွန်တော့်မှာ အားလည်းအားနာ၊ သနားလည်းသနားပြီး ထူပူနေပါတော့သည်။

ဂျပန်မမြင်မီ နောက်ထပ် ဝါးကျည်တောက်ထဲမှရေကို တိုက်လိုက်ရပြန်သည်။ ထိုအချိန်တွင် သခင်ရဲမြင့်အား လည်ပင်းကို တုတ်တို့နှင့်ဖိထား၍ တအစ်အစ်မြည်နေသည်ကို တွေ့ရရာ မြင်ကွင်းနှစ်ခုအစ်ခုမှ သက်သာသည်ကို မတွေ့ရ၍ ထိုင်ရမလို ထရမလိုနှင့် ရင်တွင်းသယ် မချိမဆန့် ခံစားနေရပါသည်။

www.burmeseclassic.com



အရပ်ကြီးပြတ် သခင်ရဲမြင့်အား အနားတစ်ဝက်ပေးသည် ပမာ အညွှဦးအရိုက်ကို ရပ်၍ ဒရွတ်တိုက် ကျွန်တော့်ထံသို့ ဆွဲလာကြ ပြန်သည်။ ရေသောက်ရ၍ အတော်လန်းဆန်းနေသော သခင်ရဲထွန်း ကို သခင်ရဲမြင့်နှင့်လူလဲ၍ ဇရဲခန်းသို့ပို့ရန် ဆွဲခေါ်သွားပြန်လေပြီ။

သခင်ရဲထွန်းထိုင်ခဲ့သော နေရာတွင် သခင်ရဲမြင့် ပုံလျက်သား ဖြစ်နေ၍ ဝါးကျည်တောက်ဖြင့် ရေတိုက်ရပြန်၏။ သခင်ရဲထွန်းအား မူလအတိုင်း မေးမေးရိုက်ရိုက် လုပ်ကြပြန်သည်။ ကျွန်တော် ရေတိုက် ပေးခြင်းမှာ ဂျပန်အရိုက်ခံနိုင်အောင် အားဆေးထိုးပေးနေသည်နှင့် ပေတော့၏။ သတိမရဘဲ တစ်သမတ်တည်းထားလျှင် ဂျပန်က ဆေ လက်ရိုက်မည်မဟုတ်ဟုလည်း သံသယဖြစ်မိပြန်သည်။

ကျွန်တော့်မှာ ရေမတိုက်ရအခက် တိုက်ရအခက်နှင့် ရေ တိုက်ရသည်မှာလည်း လွယ်ကူသည်မဟုတ်ဘဲ ကျွန်တော့်အသက်ကို ပင် ရန်ရှာနိုင်ပေသည်။

ဤအချင်းအရာများကို တွေ့ရခြင်းအားဖြင့် လူသည် အတော် ထူးဆန်းသော သတ္တဝါတစ်မျိုးဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ လူသားတို့၏ခံနိုင်ရည်မှာ တခြားတစ်ပါးသော သတ္တဝါတွေထက် ခံနိုင် ရည်ရှိလေသလား မပြောတတ်ပါ။

သို့ရာတွင် အလိုက်မသင့်က ခေါက်ခနဲ အသက်ထွက်သွား တတ်သည်လည်း ရှိသည်။ ယခု ကျွန်တော့်ရှေ့တွင် အရိုက်ခံရသူ နှစ် ဦးရရှိသော ဒဏ်ရာဒဏ်ချက်မှာ နွားတစ်ကောင်ကို ရိုက်လျှင်သော် သေနိုင်ဖွယ်ရှိပေသည်။

ဝိပါကဝဋ်ရှိ၍လားတော့ မပြောတတ်ပါ။ သခင်နှစ်ဦးမှာ တိုင်းတောင်ရုပ်ကလေးများလို မည်သို့ပင်ပေါက်စေကာမူ ပစ်တိုင်းထောင်





နေသကဲ့သို့ ခံနိုင်ရည်ရှိသည်ကို တွေ့ရ၍ ကျွန်တော့်တစ်သက်တွင် ဤ တစ်ခါပဲ တွေ့ရပါသည်။

ဒုတိယမ္ပိ အရိုက်ခံရသော သခင်ရဲထွန်းမှာ လုံးဝသတိမရဘဲ ကျွန်တော့်ခြေရင်းသို့ ဆွဲလာခဲ့ပြန်လေပြီ။ သတိရလျက်ရှိသော သခင် ရဲမြင့်အား ပြန်ဆွဲသွားကြလျက် ထပ်မံ၍ ဖက်ဆစ်လမ်းစဉ်ကို ခင်းကြ ပြန်သည်။

ပုံလျက်သား လဲကျနေသော သခင်ရဲထွန်း၏ နားခေါင်း၊ ဦး ခေါင်း၊ ခြေမွဲရိုးမှသွေးများမှာ တစိမ့်စိမ့် ယိုစီးနေကြပါသည်။ တစ်ကိုယ် လုံးလည်း ဖွတ်ဖွတ်ကြေ၍ တပည့်ကျော် နောက်တိုးပြောသည့် ဆန်အိတ် ကဲ့သို့ ဖြစ်နေပါပြီ။ 'သက်ဆိုးရှယ် သေလိုက်ပါတော့လား'ဟု ကျွန်တော့် မှာ မမြင်ရက်၍ ကြိတ်၍ ဆုတောင်းမိသည်။ သခင်ရဲမြင့် ဒုတိယမ္ပိ ပြန်ပို့ရာ သူတို့နှစ်ဦး၏အသက်မှာ ဖုတ်လှိုက်ဖုတ်လှိုက်သာ ရှိတော့ သည်။

ဂျပန်များယူလာသော တုတ်များမှာ စိလမွှကျက်နေသည်ဖြစ် ၍ နောင် ကြွက်တစ်ကောင်ပင်ရိုက်ရန် အသုံးမကျတော့ပါ။ ဂျပန်နှင့် သူ၏စကားပြန်မှာ အရိုက်ရက်စက်ရာ၌ အကာယ်ဒမီဆုကိုပေးရန် ရွေး ချယ်ပါက ဂျပန်ထက် ကရင်စကားပြန်က သုံးကျော့လောက်တော့ အမျော့ အလေး သာသွားပေလိမ့်မည်။ သခင်အားရ ကျွန်ဒဏ်ဝဆိုသည်မှာ ဤသူမျိုးကိုသာ ခေါ်ရပေတော့မည်။

နံနက် ၉ နာရီခန့်မှစ၍ စရိုက်သော အဝီစိပွဲကြီးမှာ မွန်းလွဲ ၂ ချက်တွင် ပြီးစီးသွား၍ ပါးကွက်အာထအာသားနှစ်ဦးမှာ ရင်ဘော့ပြီး ဆောနုပ်စွာ လောကလေးပင်ချွန်၍ ထွက်သွားကြလေသည်။ မများများ သခင်နှစ်ဦးရိုက်ရ၍ အညောင်းမိရှာကြမည်လား မသိပါချေ။

www.burmeseclassic.com



ကျွန်တော့်မှာ သခင်နှစ်ဦးအား ထောင်ဆေးရုံသို့မပို့ဝံ့တဲ့ တိုက်သို့ပင် အကျဉ်းသားများနှင့် ပေ့ယူခဲ့ရပါသည်။ ထောင်ဆေးရုံမှ ကြိမ်ဒဏ်ခံရသူ အကျဉ်းသားများတိုက်သောဆေးကို ပြေးယူစေ၍ တစ်ယောက်တစ်ခွက် ဖြည်းဖြည်းချင်း တိုက်လိုက်ရသည်။ ထို့နောက် အခြေအနေကို စောင့်ကြည့်နေစဉ် သူတို့နှစ်ဦးစလုံး ပြန်၍ သတိရလာကြပါသည်။

ဤအချိန်တွင် ထောင်မှူးများနှင့် ထောင်ပိုင်ဝန်မှာ တစ်ဦးတစ်လေမျှ ပေါ်မလာတော့ပေ။ ထောင်ပိုင်ဝန်မှာ ဘူးကြီးပေါ်တွင် နေထိုင်သူဖြစ်ရ၍ ရိုက်သံနက်သံ ကြားရသည်နှင့်တစ်ပြိုင်နက် အကြောက်လွန်ပြီး အပေါ်ဆုံးထပ်သို့ တက်ပြေးသွားကြောင်း သိရှိရပါသည်။

ယနေ့အဖို့ ထောင်မှူးကြီးဦးထွန်းလွင်မှာ ထောင်သို့ လုံးဝပေါ်မလာခဲ့ပေ။ သူသည် သခင်နှစ်ဦးကို ဖမ်းသည့်နေ့မှစ၍ အလုပ်သို့မှန်မှန်မတက်တော့ပါ။ ခဏတဖြုတ်သာ ပေါက်လာတတ်ပြီး လုပ်စရာကိစ္စဟူသမျှ ကျွန်တော်ကကြည့်လုပ်ရန်သာ မှာထားခဲ့တတ်သည်။

ဂျပန်များထွက်သွားပြီးနောက် ကျွန်တော့်မှာ ဒုက္ခိတနှစ်ဦးအတွက် ဆရာဝန်ထံသို့ ပြေးရပြန်၏။ ထောင်ဆရာဝန် မစ္စတာဘိဝဝင်အား သူ၏နေအိမ်တွင် အရုံသင့်ပင်တွေ့ရ၍ လိုက်ကြည့်ရန်ပြောရာ ဆရာဝန်ကလည်း ကြောက်ကြောက်နှင့် လိုက်ပါလာသည်။

လမ်းတွင် ဆရာဝန်က …

"ဆေးထည့်ပေးတာ ဂျပန်က ကြိုက်ပါ့မလား"

ဟု မေးပါသည်။

"မကြိုက်လို့ကော ဒီလိုကြည့်နေလို့ ဘယ်ဖြစ်မလဲ ဆရာ။ ထောင်တွင်းရှိနာဟူသမျှ ဆရာဝန်က ကြည့်ရမဲ့တာဝန်ပဲ။ သူတို့သိရင်လည်း ဂျပန်တွေရှားခံဖို့ ဆေးမထည့်ရရင် ဗမာမကျွေးဘဲကော ထား



ရမှာလားလို့ ကျွန်တော်မေးမယ်။ ဆရာ ဘာမှ မစိုးရိမ်ပါနဲ့"

ကျွန်တော်က ဆရာဝန်အား ရဲစိတ်တင်ပေးလိုက်ရသည်။ ဆရာဝန်မေးသည်မှာ ဂျပန်များ တရားမရှိဘဲမရှိ ပြုမူနေကြ၍ စိုးရိမ်သဖြင့် မေးခြင်းမျှသာဖြစ်ပေသည်။ ဂျပန်များ၏လက်သည် ပါးရှေးသည် မဟုတ်လေရကား သူတို့၏စားသည်လည်း လည်ပင်းရှေးမည်မဟုတ်ပေ။ ထောင်မှူးဆရာဝန်ကို မဆိုထားဘိ တကယ့်ထိပ်တန်းလူတန်းစားများပင် ဂျပန်၏ ဆော်ပလော်တီးခြင်းများကို ခံနေရသည် မဟုတ်ပါလော။

ဆရာဝန်သည် လိုအပ်သလို ဆေးဝါးများဖြင့် ကိုယ်ဖိရင်ဖိ ပြုစုကုသပေးရှာပါသည်။ သခင်ရဲမြင့်က အသံသဲ့သဲ့လေးဖြင့် …

"သစ်ရင်းကြီးရွက်နဲ့ ကြပ်ပူထိုးရရင်တော့ ကောင်းမှာပဲဗျာ"

ဟု ညည်းရှာပါသည်။

ဆရာဝန်သည် အတတ်နိုင်ဆုံးပြုစုပြီး၍ ပြန်သွားပါသည်။

ထိုညတွင် အကျဉ်းသား တိုက်တန်းစီးကိုခေါ်ယူပြီး တိုက်မှာ အိပ်ရန်နှင့် မီးလင်းဖိုတစ်ခုလုပ်ရန် ထောင်တွင်းမိလ္လာထည့်သော အင်တုံ (ထောင်အခေါ် ဂန်ဖလား)တစ်ခုကို အရံအသင့်လုပ်ထားပြီး သားတစ်ဆုပ်ခန့်ယူထားရန်လည်း မှာထား၍ သစ်ရင်းကြီးရွက်ကို သွားရှာဦးမည်ဟု စောင့်နိုင်းထားခဲ့ရသည်။

ကျွန်တော်သည် မရမ်းကုန်းရွာသို့ အမှုတပြင်းသွား၍ သစ်ရင်းကြီးရွက်ကိုရှာဖွေရာ လက်တစ်ဆုပ်ခန့်သာ ရပါသည်။ ရသမျှနှင့်ပင် ထောင်တွင်းသို့ဝင်လျက် အကျဉ်းသား တိုက်တန်းစီးအား သံပုံးလင်းတွင် အညက်ကြိတ်စေပြီး သားဖြင့် ကြပ်ပူထိုးပေးရသည်။

ကြပ်ပူထိုးပေးရာမှာ အကျဉ်းသားသည် သခင်များ၏တိုက်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ဝင်ရောက်ပြုစုနိုင်သည်မဟုတ်ပါ။ တံခါးသံတိုင်ကြားမှ လက်လျှိုသွင်း၍ လိုအပ်သောနေရာကို သခင်များက တံတိုင်းအနီးသို့ မထနိုင်,ထနိုင် ဖင်ရွှေ့ပြီး တိုးပေးရရှာပါသည်။ ဤသို့နှင့်ပင် အဝိစိပြန်ဒုက္ခိတနှစ်ဦးအား တစ်ယောက်တစ်လှည့် တတ်နိုင်သလောက်ပြုလုပ်ပေးရန် အကျဉ်းသားအား မှာထားခဲ့ပြီး အိမ်သို့ ပြန်ခဲ့ပါသည်။

ကျွန်တော် ယနေ့အဖို့ နံနက်စာကို လုံးဝ မစားလိုက်ရပါ။ ညနေစာကိုလည်း စားလိုစိတ် လုံးဝမရှိ၍ မန်ကျည်းသီးဖျော်ရည်တစ်ခွက်သောက်ပြီး အိပ်ရာသို့ ဝင်လိုက်ရ၏။

■ ■ ■

[ ၅ ]

❏

နံနက်မိုးလင်းသောအခါ ကျွန်တော်သည် ထောင်သို့သွား၍ သခင်များ၏အခြေအနေကို ကြည့်လိုသဖြင့် ၎င်းတို့အားထားရာ ကြိုးတိုက်သို့ လှည့်သွားမိသည်။ သခင်ရဲထွန်းနှင့် သခင်ရဲမြင့်တို့မှာ မနေ့ [illegible]ရိုက်ထားသော အရှိန်ကြောင့် အိပ်ရာမှပင် မထနိုင်ရှာကြဘဲ လှုပ်လှုပ် [illegible]ာ ရှိတော့သည်။

ကျွန်တော်သည် သူတို့အား စကားအနည်းငယ်မျှသာ ပြောဆိုပြီး စိတ်မချမ်းမြေ့စွာနှင့် ဝိမိရုံးခန်းရှိရာ အလုပ်ဘက်ထောင်သို့ [illegible]ခဲ့သည်။

နံနက် ၉ နာရီခန့် ရောက်သောအခါ မနေ့ကအတိုင်း ဂျပန် [illegible]ထပ်မံ၍ ရောက်လာကြပြန်သည်။ သခင်များကို စစ်ဆေးမှုကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆို၍ ထောင်ပိုင်ဝန်သည် စာအုပ်ကြီးအတိုင်း ကျွန်တော့်အား မျက်နှာလွှဲခဲ့လေသည်။ ကျွန်တော့်မှာ ထောင်ပိုင်ဝန်၏ မိန့်ခွန်းချက်ကို အောင့်သက်သက်နှင့် လက်သာခံလိုက်ရသည်။ စိတ်ထဲမှ အတော် မသက်မသာ ဖြစ်မိသေးသည်။ အဝီစိဇာတ်လမ်းကို မှတ်တမ်းအဖြစ် မြင်ရပေဦးတော့မည်ပေတကား။

ဇာတ်လမ်းကား စလေပြီ။

ဇာတ်လိုက်နှင့်တူသော သခင်နှစ်ဦးအား တစ်ဦးလျှင် အကျဉ်းသား နှစ်ယောက်ကျစီ တွဲခေါ်၍ ထုတ်လာခဲ့ကြသည်။ ရောက်လျှင်ရောက်ချင်း မနေ့ကနေရာ၌ပင် ဂျပန်နှင့် ကေားပြန်တို့က တစ်ယောက်တစ်လှည့် ဆွဲရိုက်ကြပြန်သည်။ သခင်နှစ်ဦးရရှိထားသော မနေ့က ဒဏ်ရာဒဏ်ချက်များမှာ ရိုက်မည်ကိုမဆိုထားနှင့် လက်ဖြင့်ကိုင်ရုံမျှဖြင့် ဆတ်ဆတ်တုန်အောင် နာကျင်နေကြရာ ယနေ့ရိုက်သောအခါ အသေပင် ဖျတ်ဖျတ်လူးနေကြတော့သည်။

မနေ့ကဆိုလျှင် နာရီဝက်ခန့်ရိုက်မှ သတိမေ့သွားကြသော်လည်း ယနေ့တွင် ဒုတ်တစ်ချက် နှစ်ချက်မျှ ဆော်လိုက်သည်နှင့် သတိလစ်သွားကြတော့သည်။ ဂျပန်နှင့် ကေားပြန်လည်း ယနေ့ပွဲတွင် ပို၍ အထိနာမည်ကို ကြိုတင်သိထားကြဟန်တူပေသည်။

ယနေ့ အနည်းငယ်မျှ အင်အားမစိုက်ရဘဲ ရိုက်သော ဒုတ်တစ်ချက်သည် မနေ့က သွေးရူးတုန်း တစ်အားတစ်အားအရိုက်ခံသော ဒုတ် ၁၀ ချက်လောက် အထိနာမည်မှာ သေချာလှသည်။

ယနေ့ ရှေ့ကိုယ်တော်များ အတော် သက်သာကြပေသည်။ သူတို့ သက်သာပေမည့် ခံရသူများက ဆယ်ဆမက နာကျင်ပေမည်ဖြစ်မှု ချဖြစ်တော့သည်။ မနေ့ ကငါးနာရီကြာမျှ ဇာတ်မြောမြောက်



သိမ်းခဲ့သည်ကို ယနေ့ ၂ နာရီမျှဖြင့် အပြီးသတ် ပွဲသိမ်းလိုက်ကြသည်။

၂ နာရီထက်ကြာပါကလည်း ကျွန်တော်သည် ငိုမည့်သူမရှိသော မသာလောင်းနှစ်လောင်းနှင့် ကျစ်ရစ်ခဲ့မည်မှာ မလွဲပါ။ ယခုပင် ကြည့်ဦးတော့ မသေသော်လည်း မလှတော့ပါ။ ဤပုဂ္ဂိုလ်များသည် ကံကောင်းထောက်မ၍ လွတ်သွားစေကာမူ ဤဒဏ်ချက်များဖြင့် သက်ဆိုးရှည်မည်ကား မဟုတ်ကြတော့ပေ။

မြောင်းမြမြို့သည် စစ်အတွင်းဟုဆိုရခြားလည်း ဗုံးတစ်လုံး၊ ကျည်ဆန်တစ်တောင့် ထိခိုက်ကျရောက်ခြင်းခံရသောမြို့ မဟုတ်ပါ။ (မ) တည်းဟူသော အက္ခရာသုံးလုံးဆက်စပ်လျက် အမည်တွင်ခဲ့ပြီး ရေးအလွန်ကျသော လောက်များလောက်ရင်း မြန်မာမင်းများမှစ၍ ယနေ့တိုင် အလွန်အေးချမ်းသာယာပြီး မြို့စောင့်နတ်၊ တောစောင့်နတ် စသည်တို့ အမြဲတမ်း စောင့်ရှောက်ထားသော ဘုမ္မိနက်သန်မြေဟု မြောင်းမြမြို့တော်သူ မြို့တော်သားများ ယုံကြည်သည့်အတိုင်းပင် တကယ်သာယာစည်ကား၍ အစားအသောက်နှင့် လမ်းပန်းအဆက်အသွယ် ကျေးလက်တောရွာနောက်ခံတို့ဖြင့် အလွန်ကျက်သရေပြည့်စုံသော မြို့တစ်မြို့ဖြစ်၍ ဂျပန်ခေတ် ယခုဖော်ပြသောအချိန်၌ပင် မြောင်းမြမြို့မှာ ကြက်ပျံမကျ စည်ကားလှပေသည်။

သို့ရာတွင် သခင်ထိပ်သီးနှစ်ဦးအား ဖမ်းဆီးပြီး နှစ်ရက်အကြာတွင် ဂျပန်များက မသင်္ကာသူ လူကြီးလူလတ်၊ မြို့ခံတက်လူများကို ဂျပန်များက ရတတ်သမျှ ဖမ်းဆီးချိန်တွင်ကား မြို့ကြီးမှာ တိတ်ဆိတ်ခြောက်ကပ်၍ သွားပေတော့သည်။

ယောက်ျားဟူသမျှ ဖမ်းမလား၊ ဆီးမလားဟု ကြောက်လန့်တကြား ဖြစ်နေရသည်နှင့်အမျှ ဂျပန်အလိုရှိများမှာ မည်သည့်အိမ်သို့ပင်သွား

www.burmeseclassic.com

သွား ခေါင်းရင်းမှ ဘုရားတစ်ဆူ ဂူတစ်လုံးနေရသော စနိုးပွင့်ချိန်ဖြစ်သည့်နည်းတူ အမျိုးသမီး သစ္စာဖောက်မများမှာလည်း ကင်ပေတိုင်ရုံးတည့်ရာ အစိုးရဗိုလ်တဲကြီး၏ ဝရံတာတွင် ညအချိန် ဂျပန်များနှင့်လက်ချင်းယှက်ကာ ယစ်မူးရည်သောကောကို လည်တိုင်ကြော့ကြော့ ခွက်မော့မော့ဖြင့် တဟီးဟီး ... တဟားဟား ... ညုသံ ... တီသံ ... ခရာ့သံ အသံမျိုးစုံလင်စွာပျော်မြူးလျက် ဂျပန်လုပ်စီးကရက်ကို ရှိုက်နိုင်ရှူနိုင်သော အခါသမယ တော်သလင်း လ,အခါတော်လည်း ဖြစ်ပေသတည်း။

သံကိုသံဖျက် သံချေးတက်ဆိုဘိသကဲ့သို့ ဂျပန်အလိုတော်ရိ တိတ်တိတ်ပုန်းမယားတို့က အချင်းချင်း ကျောင်းတော်ကရန်စကို ကလဲ့စားချေလိုသော သဘောနှင့် ဤပွဲတော်တွင်မှ ဂျပန်အား ဂုံးချောကြသည်မှာ ခြင်းထဲမှာ ကြက်အချင်းချင်း နိုင်ထက်ကလူ ပြုနေကြသည်နှင့် အလွန်တူပြီး တိုင်းပြည်နှင့်လူမျိုးအတွက် တော်လှန်ရေးတိုက်ပွဲဝင်နေသူများနှင့် မြန်မာတစ်ပြည်လုံး၏ ကံကြမ္မာကို မိမိတို့၏ရေပွက်ပမာ သာယာမှုကလေးဖြင့် ဖျက်ဆီးနေကြသည်ကို တွေးကြည့်က ရင်ကျိုးဖွယ်၊ အသည်းနာဖွယ် ကောင်းလှ၏။

ဖော်ပြပါ ပယောဂအသီးသီးတို့ကြောင့် ဟောတစ်ယောက်၊ ဟောတစ်ယောက်နှင့် ကင်ပေတိုင်က ခပ်မှန်မှန်ဖမ်းဆီးခြင်းမှာ မြို့ပေါ်ချည်း အဖမ်းခံရသူပေါင်း ၅၀ မျှရှိပေပြီ။ သူကတော့ လက်ပစ်ဗုံးရယ် ရိုင်ဖယ်တစ်လက်ရယ် ဘူးစင်အောက်မှာမြှုပ်ပြီး တွေ့လို့တဲ့၊ ဟိုဒင်းကတော့ အာရှလူငယ်လို့ ပြောတာပဲ။

အဲ ... ဟိုသူတို့လူသိုက်က စည်းဝေးပွဲလုပ်နေတာ ဂျပန်တွေနဲ့ ပက်ပင်းပါတိုးသတဲ့ ... စသဖြင့် မြို့ရှိလူအပေါင်းမှာ ရွက်အုပ်



သီး ပူရှာကြရကြရပါသည်။ အုပ်အုပ်ကြွက်ကြွက်ဆိုလျှင် တစ်မြို့လုံး ဖမ်းမည်၊ သတ်မည်ကား သေချာသည်။

အဖမ်းခံရသူ အစ်ကိုကာလသား၊ ကုန်သည်ပွဲစား၊ အရာရှိတို့ကား သည်းသည်းပွတ်ကြေ မသေရုံတမယ်သာ ကျန်ကြတော့သည်။ တအား,တအား ကိုင်ပေါက်၊ တအား,တအား ဝိတ်ကန်၊ ကျပ်စက်နှင့်လှည့်၊ ထုပ်ပေါ်ဆွဲ နည်းမျိုးစုံညှဉ်း၍ ကျေနပ်တော်မူမှ ဗဟိုရ်ထောင်ကြီးသို့ ပို့လိုက်သေတည်း။

မြောင်းမြထောင်ကြီး၏ ကြိုးတိုက်တွင်ကား တစ်ခန်းလုံး သုံးယောက်အထိ ပြွတ်သိပ်လျက် ညည်းသူမရှား၊ အော်သူမရှားနှင့် ဝေဒနာအရပ်ရပ်ကို ပြင်းပြစွာခံစားလျက် ရှိကြပါသည်။ နိုင်ငံရေးသမားလည်းပါ၏။ ဒါတင်လား ... မဟုတ်သေးပါ။ အားကစားလူငယ်၊ ပင်စင်စားအရာရှိ၊ ဆေးဆရာ၊ လက်လုပ်လက်စား အို ... စုံလို့ပင် ရှိပါတော့သည်။

ဟောဗျ ... ရှိပါသေးသည်။ ဂျပန်ကင်ပေက တရိုတသေနှင့် ဆလွန်းကားကြီးဖြင့်ခေါ်သွားပြီး ဂျပန်ကညှော်ခံလိုက်သော သပြေသီးမှည့်ကို တစ်ဝစား၍ မှောက်ရက်ကြီးလဲနေသူကား မည်သူနည်း။ ကြိုးတိုက်ထဲ၌ အခန့်သားမြင်ရသော ထိုပုဂ္ဂိုလ်မှာ ...

အလို ... ဘုရား ...။ တခြားလူ ဟုတ်ပါရိုးလား။ ကျွန်တော်၏ထောင်မှူးကြီး ဦးထွန်းလွင်ပါတကား။

အကြင်ပုဂ္ဂိုလ်များအား ဂျပန်ကင်ပေက ထောင်နန်းသို့ပို့ထားရာ ရက်သတ္တပါတ်အတွင်း ခေါ်ယူမေးမြန်း စစ်ဆေးခြင်းမရှိ၍ ၎င်းတို့များအား အေးအေးလူလူနှင့် ထောင်ဆရာဝန်၏ ကြပ်မတ်ကြည့်ရှုခြင်းကို ခံရသောကြောင့် သွားနိုင်ထနိုင် ဖြစ်လာကြပါသည်။

www.burmeseclassic.com



ခက်နေသည်မှာ ထောင်မှူးကြီးက အကျဉ်းသားဖြစ်သွား၍ ကျွန်တော့်မှာ ထောင်မှူးကြီးမရှိသည့်နောက် ထောင်မှူးကြီး၏ ဝတ္တရားကိုပါ ပူးတွဲဆောင်ရွက်ရ၍ အလုပ်က နှစ်ဆတိုးများလာပါသည်။ အလုပ်များသလောက် စိတ်ကလည်းများလာပြီး တစ်နေ့မှ မိမိအတွက် စိတ်မချရသေးသဖြင့် အကြံအိုက်လှချေ၏။

တစ်နေ့တွင် ဂျပန်ကင်ပေတစ်ဦးနှင့် စကားပြန်တစ်ယောက် ပေါ်လာသည်။ သူတို့လာလျှင်ကား အကောင်းဘယ်တော့မှ မဖြစ်နိုင်၊ တစ်ခုခုဒုက္ခပေးမည်မှာ မုချဖြစ်တော့သည်။ စကားပြန်လုပ်သူက ...

"ထောင်ဝါဒါ တင်မောင်ဆိုသူ ရှိသလား"

ဟုမေးရာ ရှိကြောင်းပြောပြီး တင်မောင်အား ခေါ်ပေးလိုက်ရပါသည်။ တင်မောင်ရောက်လာသောအခါ ဂျပန်ကင်ပေတိုင်သည် ချက်ချင်း ထောင်တံဆိပ်ကိုဖြုတ်၍ တင်မောင်အား ကြိုးတုပ်ကာ ခေါ်သွားပါတော့သည်။

ကျွန်တော်တို့မှာ ဤအချင်းအရာကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် စကားမပြောနိုင်ကြဘဲ မှင်သက်မိနေကြပါသည်။ အဖမ်းခံရသူ ဝါဒါတင်မောင်မှာ ကြောက်လွန်း၍ တစ်ကိုယ်လုံး ဖြန်းဖြန်းတုန်ပြီး ပါသွားရှာပါသည်။

"ဒီအကောင် ဖမ်းလို့သာဖမ်းတယ် နိုင်ငံရေးသမားလည်း မဟုတ်ပါဘူး။ မသိနိုင်ဘူးလေ ကုသိုလ်ပေါ့"

ကျွန်တော်တို့မှာ ဤသို့သာညည်း၍ ကျန်ရစ်ခဲ့ရပါသည်။ အတန်ကြာသည်တွင် တစ်ဦးသောထောင်မှူးက ...

"ဒီထောင်မယ် ထောင်ကြပ်တင်မောင် နှစ်ယောက်ရှိတယ်၊ ကျွန်တော်တို့ ဘယ်အကောင်မှန်းမသိဘဲ ဟိုအကောင်ကိုခေါ်ပေးလိုက်တာ မှားပြီထင်တယ်"



ဟု သတိပေးတော့မှ ကျွန်တော်တို့မှာ သတိရလာသလိုဖြစ်သွားပြီး ...

"ဟာ ... ဟုတ်သားပဲ။ ကဲ ... ကဲ ... ဂျပန်ဆီကို လိုက်ကြဦးဟေ့"

ကျွန်တော်ကအော်ပြောရာ ထောင်ကြပ်တစ်ဦးသည် အတော်ဝေးနေပြီဖြစ်သော ဂျပန်ထံသို့ အပြေးလိုက်သွားရသည်။ ထိုဝါဒါက တင်မောင်နှစ်ယောက်ရှိကြောင်း ပြောပြရာ ဂျပန်သည် ဖမ်းယူသွားသူ တင်မောင်နှင့်အတူ ပြန်လှည့်လာသဖြင့် အရှိန်သင့်ရောက်နေသော နောက်တစ်ယောက်တင်မောင်ကို ဂျပန်အားပြရပါသည်။

ဂျပန်အလိုရှိသော တင်မောင်မှာ နောက်အမည်တစ်ခုနှင့် တွဲ၍'တ'ဟုခေါ်ကြောင်းပြောပြရာ ဂျပန်က ဟုတ်မှန်ကြောင်း သိသွားသောအခါ ဂျပန်မှာ ပထမလူကိုလွှတ်၍ ဒုတိယလူကို ကြိုးချည်ပြီး ခေါ်သွားလေရာ ကျွန်တော်တို့မှာ ဝမ်းသာဝမ်းနည်းဖြင့် ကျန်ရစ်ခဲ့ကြတော့သည်။

ဇမ္ဗူဒိပ် နိမိတ်ထွန်းဟု ဆိုရိုးစကားရှိခဲ့ရာ လူအများသည် မိမိတို့၏ ကြီးကျယ်သော ဘေးရန်အတွက် အတိတ်နိမိတ်ကို သတိမမူမိလေများ၍ ဘေးတွေ့ကြသည်လည်း ရှိသည်။ အဘယ်ကြောင့်ဆိုသော် ယခုအဖမ်းခံရသူ ဝါဒါတင်မောင်မှာ အလွန်ပျော်တတ်သူဖြစ်၍ သူ့အားမဖမ်းမီ နှစ်ရက်ခန့်က တနင်္ဂနွေနေ့တွင် ထောင်တွင်း၌ ဝတ္တရားမှုနေစဉ် နေ့လယ်အကျဉ်းသားများ အားလပ်နေသောကြောင့် အိပ်ဆောင်တစ်ခု၌ လူရွှင်လူနောက်များစုဝေးလျက် မင်းသားကိုယ်ပွားကြမ်းအိပ်စက်ခန်းတစ်ခု ပြုလုပ်နေကြရာတွင် ဝိုင်းအုံ၍ ပွဲကျနေကြသည်။

www.burmeseclassic.com



ယခုအဖမ်းခံရသူ တခေါ် တင်မောင်က မနေနိုင်မထိုင်နိုင် ယူနီဖော
ချွတ်ပြီး အရိုက်ခံရသော မင်းသားနေရာတွင် ဝင်ရောက်က,ပြ အသ
တော်ခံလေသည်။

ထိုအခါ မင်းသားကြမ်းလုပ်သူ အကျဉ်းသားကလည်း ဇာ
ဟန်ပါ တင်မောင်ကလည်း အနိုပ်စက်ခံရသူ ရှေ့မင်းသားအဖြစ် အ
အဲလွှမ်းကောင်း၊ အကျဉ်းသားများမှာ တအုံးအုံးပွဲကျနေကြစဉ် လူကြ
လုပ်သူ အကျဉ်းသားက ဒူးနှင့်တိုက်လိုက်ရာ၌ အားလွန်သွား၍ တ
မောင်မှာ သဏ္ဍာန်ရုပ်တင်မဟုတ်ဘဲ တကယ်မေ့မြောသွားရာ အ
ပင် နာနုပ်ယူရတော့သည်။

သတိပြန်လည်ရတော့မှပင် အကျဉ်းသားများမှာ ယခ
ထက် အုပ်မနိုင်ထိန်းမရ ရယ်မောကြသည်မှာ သောသောညံနေ
၏။ ထိုစဉ် ကျွန်တော်ဝင်ရောက်ပြီး ၎င်းတို့၏ပွဲကို ဖျက်လိုက်တ
ပင် ဆုံးခန်းတိုင်သို့ရောက်ကာ ဇာတ်သိမ်းသွားတော့သည်။

ဤသည်ကိုအကြောင်းပြု၍ ထောင်ဝါဒါအချင်းချင်းက ...

"ဒီအကောင် လခစားလုပ်ပြီး အကျဉ်းသားဆီမှာ အရိုက်
တာများ အုံ့ပါရဲ့ကွာ။ ဒီအကောင်တော့ ကျိန်းသေ အရိုက်ခံရမဲ့ဆ
ပါ။ ဂျပန်လက်မှာလား၊ ပုလိပ်လက်မှာလားပဲ"

ဟု နောက်ပြောင်ရေရွတ်သံ ကြားရပါသည်။ သူတို့ပြောသ
အတိုင်းပင် နှစ်ရက်အတွင်း ဂျပန်က ဖမ်းဆီးရိုက်နှက်ပြီး ပေ့တ်ရော
ထ၍ ဝါဒါတင်မောင်ခမျာ ရောက်လာသောအခါ အကြောင်းသိသူ
မှာ ၎င်းအားထက် ရယ်အားသန်ကြရပြန်တော့သည်။

ထိုအတူ တော်လှန်ရေးနှင့်ပတ်သက်၍ အဖမ်းခံရသူမျာ
တဖြည်းဖြည်း များပြားလာသည်နှင့်အမျှ ဝါးခယ်မ၊ မော်လမြိုင်ကျ



အရက်တော၊ ကျုံမငေး၊ လပွတ္တာ၊ အိမ်မဲ စသော မြို့ရွာအသီးသီးမှ
သူကြီး၊ လူလတ်၊ လူငယ်တို့သည် ထောင်ကြီးချုပ်၌ စုပုံ၍ ကွေးနေကြ
တော့သည်။

တချို့သော ပုဂ္ဂိုလ်များမှာ ကျွန်တော်နှင့် အတော်ရင်းနှီးသော
မိတ်ဆွေများ ပါဝင်နေကြသဖြင့် ကျွန်တော့်မှာ ထောင်မှူးကြီးဝတ္တရား
ကိုပါ ထမ်းဆောင်နေရသည်ကတစ်ကြောင်း၊ ၎င်းတို့နှင့် ခင်မင်ရင်းနှီး
ရှိဖူးသည်ကတစ်ကြောင်းနှင့် အစစ ကူညီပေးကမ်းမှုကို မြောင်းမြ
မြို့ဇာတိ ထောင်ကြပ်ချုပ် ကိုအေးမောင်နှင့် တိတ်တဆိတ် ပေးကမ်း
ဆောက်မ၍ ထားရပါသည်။ ၎င်းအပြင် ဂျပန်တရားခံများထားသည့်
ကြီးတိုက်သို့ ကျွန်တော်မှလွဲလျှင် ထောင်ကြပ်ချုပ်တစ်ယောက်သာ
ကြည့်ရှုရသူဖြစ်ပါသည်။

တစ်ခုသောနံနက်ခင်းတွင် ထောင်ကြပ်ချုပ်ကိုအေးမောင်က
ကျွန်တော့်ထံသို့လာရောက်ပြီး ပြောသည်မှာ တိုက်အတွင်းမှ သခင်များ
မှာ ဆန်လုံးတီးနှင့် ထောင်ဟင်းကိုစားရသည်မှာ ငြီးငွေ့လာပြီဖြစ်၍
ဆန်ဖြူထမင်းနှင့် ကြက်သားဟင်းတစ်နပ်လောက် စားလိုကြောင်း ကျွန်
တော့်အားပြောပေးရန် ကိုအေးမောင်အား အပူကပ်နေကြသည်ကို ကြား
ရ၍ ထိုစကားကြောင့် ကျွန်တော့်မှာ အလွန်ပင် စိတ်ထိခိုက်သွားပါ
တော့သည်။

အထူးသဖြင့် ထောင်မှူးကြီးဦးထွန်းလွင်မှာ မိမိအိမ်၌နေစဉ်
စွပ်စွပ် စားသောက်နေတတ်သူဖြစ်၍ အလွန်အကောင်းကြိုက်တတ်
သူ ညအချိန်မတော်၌ပင် သန်းခေါင်ထမင်းချက်၍ တပည့်လက်သား
များနှင့် ပျော်ပွဲစားတတ်သူ ဖြစ်ပါသည်။ အခြားသောပုဂ္ဂိုလ်များမှာ
လည်း ဤနည်းနှင်နှင် ရှိကြလိမ့်မည်ဟု ယုံမှားသံသယဖြစ်ရာပင်



www.burmeseclassic.com

www.burmeseclassic.com



မလိုတော့။

လပွတ္တာဦးလှဆိုသူမှာ ယခင်ကမင်းတိုင်ပင် အမတ်တစ် ဖြစ်ခဲ့ဖူးပြီး ပစ္စည်းဥစ္စာ ကြွယ်ဝသူတစ်ဦးဖြစ်ကြောင်း သိရပါသည် ကျုံမငေးဦးတင်မောင်မှာ ထင်ရှားသော လူလတ်တန်းစား ပုဂ္ဂိုလ် ဦးဖြစ်သကဲ့သို့ ဝါးခယ်မ သခင်သောင်းဖေမှာလည်း ရာထူးဌာနန သူ ဖြစ်ပါသည်။ ၎င်း၏ လက်ရှိရာထူးမှာ ပုလိပ်အင်စပိတ်တော်၊ တိုင် ပိုင်အဖြစ် အမှုထမ်းနေဆဲ အဖမ်းခံရသူဖြစ်ပါသည်။

မြောင်းမြမြို့ အားကစားလောကမှ လူငယ်များမှာလည်း တော တင်းသော စီးပွားရှိသူများ၏ သားလုရွှေသွေးများ ဖြစ်ကြပေသည် ထို့ကြောင့် ထောင်ဟင်း၊ ထောင်ထမင်းကို ငြီးငွေ့မည်ဆိုက အမှန် ငြီးငွေ့ကြပေမည်။

"ကောင်းပြီလေ . . . ကိုအေးမောင်၊ နက်ဖြန်ညနေကို ကျွ တော် စီစဉ်ပါ့မယ်။ ဒီကိစ္စကို ထောင်ပိုင်ကြီးရဲ့တပည့်တွေ မသိရအော ကျွန်တော့်ရုံးခန်း အလုပ်ရုံထဲမှာပဲ လုပ်ကြမယ်။ နက်ဖြန်ညနေ ထော မပိတ်ခင် ခင်ဗျား ဟင်းအိုးလာယူ။ ထမင်းကိုလည်း ကြာဖုံလုပ် ဆန်မြှုကို ကျွန်တော်ချက်ထားမယ်။

အကျွေးအမွေးကတော့ လူမသိအောင် ဆေးရုံဘက်ကပ ပြီးယူသွား။ တိုက်ဟိုဘက် မလွယ်ပေါက်ကဝင်။ တိုက်ရဲ့မိန်းဂျေးဘ က ကျွန်တော် ကိုယ်ယောင်ပြထားရင် ဘယ်အကျဉ်းသား၊ ဘယ် မှ လာရဲမယ်မဟုတ်ဘူး။ ဘယ့်နှယ် . . . ဟန်ကျပါ့မလား။ လုပ် လုပ်ရဲပါ့မလား"

ကျွန်တော်က ကိုအေးမောင်အား ကြီးကျယ်သော အစီအ ကြီးတစ်ခုပမာ ရေးဆွဲပြသောအခါ သူက လုပ်ရဲကြောင်း ခေါင်းညိ





ပြပါသည်။ သို့နှင့်ပင် ချမှတ်ထားသော အစီအစဉ်ကို အကောင်အထည် ဖော်ရန် အစပြုရတော့၏။

ကျွေးမွေးရန်အတွက်ကား အစစလွယ်ကူမည်ဟု ကျွန်တော် တွက်ဆထားပါသည်။ လူပေါင်း ၅၀ ခန့်စားလောက်မည့် ကြက်ကောင် ရေကို သွင်းရန်မှာ လူမသိစေဘဲ ခိုးသွင်းယူရမည်ဖြစ်သဖြင့် အတော် ပင် မလွယ်ကူလှပေ။ သို့ရာတွင် ခပ်ပြောင်ပြောင်၊ ခပ်တည်တည်နှင့် အကြောင်းတစ်ခုကို လုံကြုတ်လုပ်၍သွင်းလျှင်ကား မည်သူမျှ ရိပ်စား မိမည်မဟုတ်ပေ။

ခိုးသွင်းလျှင် လူသိမည်။ ခပ်ပြောင်ပြောင်သွင်းလျှင် ကိစ္စမရှိဟု ဆိုထားသောကြောင်း စာဖတ်သူများက ကျွန်တော်၏ ရည်ရွယ်ချက် အတွက် နားရှုပ်ကောင်း နားရှုပ်သွားပေမည်။ အကြောင်းကား ဤသို့ တည်း။

ထောင်ဆိုသည်မှာ ပထမတံခါးမကြီးသို့ ဝင်လျှင်ဝင်ချင်း တံခါး စောင့်က ရှာဖွေစစ်ဆေးခြင်း ပြုရပါသည်။ ထောင်အခေါ် (တလာစီ) သည်ဟု ဆိုပါသည်။ သို့ဆိုလျှင် ကြက်အကောင်ရေ ၂၀ ကျော်ကို မည်ကဲ့သို့မျှ ဖုက်ယူခိုးသွင်းရန် မဖြစ်နိုင်ပါ။

သို့ရာတွင် ထိုကိစ္စအတွက် ကျွန်တော်က ကြိုတင်၍ စကားဦး သန်းထားသည်က ရှိနေသည်။ နံနက်ထောင်ဖွင့်ချိန်ကပင် ထောင်မှူး များနှင့် ထောင်ဝါဒါများ စုရုံးနေချိန်၌ ကျွန်တော့်အိမ်တွင် မွေးထားသော ကြက်များ အနာကျ၍ များစွာသေကြောင်း၊ ဟောတစ်ကောင် . . . ဟောတစ်ကောင် အသေမြန်ပုံကို ကြေညာလိုက်စဉ်က . .

"ဟုတ်လား ဆရာ။ ကျွန်တော်တို့အိမ်က ကြက်တွေလည်း အနာထိတယ်။ ဆရာ့ကြက်အုပ်ကြီးထိရင်တော့ ဒုက္ခပါပဲဆရာ။ အခု



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ခွဲထားပါလား။ နှမြောစရာကြီး''

ဝါဒါများ ကြွက်စီကြွက်စီဖြင့် ဆူညံစွာ အကြံပေးကြလေသည်။

ကျွန်တော့်အကြံ အောင်လေပြီ။

ကျွန်တော့်အိမ်တွင် ဂျပန်ခေတ်က ကြွက်မလေးငါးကောင်ဝယ်၍ မွေးထားမိရာ ပွားမှန်းမသိပွားပြီး အကောင်တစ်ရာကျော်သည်အထိ တိုးတက်ပွားများလာပါတော့သည်။

''ခွဲမထားရင် အားလုံးသေနိုင်သလား''

ကျွန်တော်က အကြံသမားပီပီ မသိချင်ယောင်ပြု၍ မေးရပြန်သည်။

''လောက်တောင်မလောက်ဘူး။ ကြွက်နာတဲနာဆိုတာ သိပ်မြန်တယ်ဆရာ။ ကာလရောဂါများလိုပဲ''

အမှန်ဆိုရသော် ကျွန်တော့်ကြွက်များ တစ်ကောင်တစ်လေမှ မနာကြသေးပါ။ သို့ရာတွင် ဒီကွေ့ရောက်အောင် ဒီတက်နှင့်လှော်ရသည်မဟုတ်ပါလား။ သို့နှင့် စိုးရိမ်သလို ဟန်အမူအရာနှင့် တပည့်ကျော်နောက်တို့အား ...

''မဖြစ်ဘူး ...မဖြစ်ဘူး။ ဟော့ ....အပြင်ဥယျာဉ်ကလူတွေ သွားပြောကြစမ်း။ ကြွက်ခြံမဖွင့်ခင် ကြွက်အကောင်သုံးဆယ်ကိုအိမ်မှာသွားယူပြီး တောင်တွင်းအလုပ်အကိုမှာ သွားလွှတ်ထားလိုက်ကြလို့ အလုပ်ဘက်ကလူတွေကိုလည်း ပြောထားဦး။ အဲကျဉ်းသားတွေနိုးစားဦးမယ်လို့ သတိပေးခဲ့''

ဟု ပြောလိုက်ရပေသည်။

ချက်ချင်းပင် ကြွက်များ သေးမထိရန်မခ တောင်တွင်းသို့





ရောက်ကြပေပြီ။ တပည့်ကျော်နောက်တို့အားလည်း အစစပြီးပြားအောင်နိုင်းပြီးပေပြီ။ ဆန်မြုံအတွက် ကြာခံလုပ်နေသောဆန် လက်ရှိဖြစ်၍ပြောစရာမလို။

ညနေတွင် အစီအစဉ်အတိုင်း နေဝင်စအချိန်၌ တိုက်အတွင်းမှ ဝတ်ပြတ်နေကြသော ပုဂ္ဂိုလ်အပေါင်းတို့အား အောင်မြင်စွာ ကျွေးမွေးလိုက်ပြီဖြစ်သဖြင့် မိုက်ကားနေကြလေပြီ။ အဟောသုခံ-ချမ်းသာလေစွတကား။

www.burmeseclassic.com

# ၆

ထိုနေ့ည ရိတမှောင်အချိန်တွင် ကျွန်တော်သည် ဖုန်းဖြစ်သ
အား တွေ့လို၍ မြို့ထဲသို့ ဆင်းသွားပါသည်။ အချိန်အခါမကောင်း
ကျွန်တော်၏ဖုန်းအား စိတ်မချသဖြင့် ယောက္ခမအိမ်သို့ ပို့ထားခြင်း
ဖြစ်ပါသည်။

ကျွန်တော်သွား၍ လမ်းခုလတ်ခန့်အရောက်တွင် နောက်
ဝါဒါတစ်ဦး အပြေးလိုက်လာပြီး ဂျပန်များ တစ်အိမ်တက်ဆင်း သေနတ်
ရှာဖွေနေ၍ အမြန်လိုက်ခဲ့ရန် ထောင်ပိုင်ကြီးက ခေါ်နေကြောင်းပြော
ပြရာ ကျွန်တော့်မှာ လှည့်ပြီး သုတ်ခြေတင်လာခဲ့ရပါသည်။





ကျွန်တော်ရောက်သောအခါ ညအလုပ်မရှိသူ ထောင်ဝါဒါများနှင့် ထောင်မှူးများ လူကုန်တန်းစီနေကြရပြီး ဂျပန်သုံးယောက်က မေးမြန်းနေသည်ကို တွေ့ရရာ ကျွန်တော့်မှာ အတော်ပင် ထိတ်လန့်သွားမိပါသည်။

ကျွန်တော့်ကိုမြင်လျှင်ပင် ထောင်ပိုင်ကြီးက ဂျပန်အား ...

"သူပဲ ..."

ဟု အရင်းမရှိ အဖျားမရှိ လက်ညှိုးထိုးပြောလိုက်ရာ ကျွန်တော့်ရင်တွင်းတွင် ဒုတိယမ္ဘ ဒိုင်းခနဲ တက်ဆောင့်သွားတော့သည်။ သို့ရာတွင် ခပ်တည်တည်နှင့်ပင် မြန်မြန်သိလိုဇောဖြင့် ထောင်ပိုင်ကိုလည်း ခပ်ချဉ်ချဉ်ဖြစ်သွားသည့်အတွက် ...

"ဘာလဲ ... သူပဲဆိုတာက ...။ ကျွန်တော် ဘာဖြစ်နေလို့လဲ အန်ကယ်"

ဟု ထောင်ပိုင်ကို အော်လိုက်မိပါသည်။ ထိုအချိန်တွင် ဂျပန်များက ကျွန်တော့်အား စိုက်ကြည့်နေကြ၏။

"မဟုတ်ပါဘူး ...။ ခင်ဗျားက ဒေါ်ချည်းပဲ၊ ထောင်မှူးကြီးဘယ်သွားနေသလဲလို့ မေးနေလို့ ခင်ဗျားကို သူပဲလို့ပြောတာပါ"

"ကျွန်တော့်ကိုတွေ့ချင်တာ ဘာကိစ္စလဲ"

"မသိဘူးလေ ...။ သေနတ်ထုတ်ပေးပါ၊ ထောင်မှူးကြီးဘယ်မှာလဲလို့ မေးနေလို့ပဲ"

ထောင်ပိုင်ကြီးက ပြောကြားသည်ကို ကျွန်တော့်မှာ အတော်ပင် မချင့်မရဲဖြစ်သွားမိပြီး အလျင်စလိုနှင့် ...

"ကျွန်တော် ထောင်မှူးကြီးမှ မဟုတ်ဘဲ၊ ထောင်မှူးကြီးကိုဖမ်းထားပြီမဟုတ်လား၊ ဘာကိစ္စနဲ့မေးမှန်းမသိဘဲ ဒါကို အန်ကယ်က

www.burmeseclassic.com



ရှင်းပြဖို့မကောင်းဘူးလား။ သူတို့က ထောင်ပိုင်နဲ့ ထောင်မှူးကြီးရယ်လို့ ခွဲဝေတတ်တာမှမဟုတ်တာ''

ဟု အပြစ်တင်သံနှော၍ ပြောလိုက်ရ၏။

ကျွန်တော်နှင့်ထောင်ပိုင်ကြီး တစ်ယောက်တစ်ခွန်း စကားများနေကြစဉ် ဂျပန်များသည် ကျွန်တော်တို့နှစ်ဦးကို အကဲခတ်ကြည့်နေကြပါသည်။ ကျွန်တော် အထက်လူကြီးကို ခံမပြောရဲပေမဲ့ အကြောင်းတိုက်ဆိုင်လာတော့လည်း မတတ်နိုင်တော့ပါ။

''ထောင်ကိစ္စအဝဝ လုပ်စရာရှိက ကျွန်တော်ပဲ။ ဂျပန်ကိစ္စလည်း ကျွန်တော်။ ဂျပန်ဆိုလျှင် ကြောက်ချီးပါပြီး မျက်နှာချင်းမဆိုင်ရဲဘူး။ သေပေါက်ရှိ တွန်းချင်သေးတယ်။ ဒီကိစ္စ ဘာခဲယဉ်းသလဲ။ သူရှင်းပြရင် ပြီးနိုင်တဲ့ကိစ္စပဲ''

ဟု စိတ်ထဲမှာ ခုသွားမိသည်။

ဂျပန်များမေးနေသော သေနတ်ကိစ္စကလည်း လန်ကြုတ်မှုကာ ဖြစ်ကြောင်း၊ ကျွန်တော် ကောင်းကောင်းကြီးသိထားပါသည်။ ပြဿနာပေါ်လာပုံမှာ ညနေ နေဝင်စက ကလေးတစ်ယောက် သေနတ်လှည်းတစ်စီးဖြင့် မြို့ထဲမှာတွေ့၍ ကလေးကိုမေးရာ ထောင်ကသေနတ် ထောင်ကိုသွားမည်ဟု ပြောသဖြင့် ဟုတ်မဟုတ်လာမေးကြောင်း သိရပါသည်။

သို့ဖြစ်သဖြင့် ထောင်ပိုင်ကြီးက ဒီကိစ္စ ကျွန်တော်ပဲသိမည်ဟူသော ထင်နှင့် ဂျပန်ကို ကြောက်အားလန့်အားနှင့် ပြောထား၍ ကျွန်တော်အရောက်ကြာနေသဖြင့် မြင်မြင်ချင်း ...

''သူပဲ ... သူပဲ ...''

ဟု အားတက်သရော ပြောမိကြောင်း နားလည်ရပါသည်။





ကျွန်တော့်မှာ အကြောင်းစုံကိုသိမှ ထောင်ပိုင်အား ပို၍ ဒေါသဖြစ်လာမိသည်။

ထိုစဉ် ဂျပန်စကားပြန်က ကျွန်တော့်အား စတင်မေးမြန်းပါတော့သည်။

''ခင်ဗျား ... အခုဘယ်ကလာသလဲ''

''မြို့ထဲက''

''ဘာကိစ္စသွားရသလဲ''

''ကျွန်တော့်မိန်းမ ကလေးမွေးခါနီးလို့ သွားကြည့်တာ''

''ခင်ဗျားတို့ထောင်မှာ သေနတ်ရှိတယ်ဆိုတာ ဟုတ်သလား''

''ရှိတယ်''

''ကျွန်တော့်အဖြေကြောင့် ဂျပန်နှစ်ယောက် ရှေ့တိုးလာပြီး ထောင်ပိုင်ကြီးနှင့်တကွ ရပ်နေသူများ အသံမထွက် အံ့ဩနေကြသည်။

''ဘယ်မလဲ အခုပေး ... အခုပေး ...''

ဂျပန်က ကျွန်တော့်လက်ကို ဆွဲကိုင်ထားပြီး အလောတကြီးတောင်းနေပါသည်။ ထောင်ပိုင်ကြီးလည်း မလှုပ်မယှက် မျက်လုံးပြူးနေပါသည်။

''ခင်ဗျားတို့လိုချင်ရင် ထောင်ပိုင်ကြီးဆီမှာတောင်းကြ''

ကျွန်တော် ဤသို့ ညွှန်လိုက်ရာတွင် ဂျပန်များ ထောင်ပိုင်ကြီးဘက်သို့ လှည့်သွားကြပြန်သည်။ ထိုအခါ ထောင်ပိုင်ကြီးမှာ ခေါင်းခါလည်ခါနှင့် ...

''အို ... ဘာဆိုင်လဲ ... ဘာဆိုင်လဲ။ ခင်ဗျားနဲ့ကျုပ် ဘာဆိုင်သလဲ။ မဆိုင်တာ ဆွဲမထည့်ပါနဲ့''

အဘိုးကြီးခမျာ ချွေးဒီးဒီးကျလာကာ ဒူးတုန်ရင်တုန် အသံ

www.burmeseclassic.com

www.burmeseclassic.com



မမှန် ဖြစ်နေတော့သည်။

ထိုစဉ် ဂျပန်က ...

"ပြောပါမြန်မြန်။ ဘယ်မှာလဲသေနတ်"

ဟု ကျွန်တော့်အား ငေါက်၍မေးနေပြန်၏။

"ထောင်ကသေနတ်ဟာ ဂါတ်ကြီးပေါ်မှာရှိတာပေါ့။ လိုချင်ရင် တက်ယူလေ"

ဤကား ... ကျွန်တော်၏အဖြေတည်း။ ဂါတ်ကြီးဆိုသည်မှာ ထောင်၏လက်နက်တိုက်ကို ပြောခြင်းဖြစ်ပါသည်။

"ဟယ် ... လက်စသတ်တော့ ဒီသေနတ်ကို ပြောနေတာကိုး။ ခင်ဗျားဟာက ဒါ အစိုးရသေနတ်ပဲဟာ"

ထောင်ပိုင်ကြီးမှာ ယခုမှ အပူလုံးကြီးကျသွားသလို ခပ်သွက်သွက် ပြောဖော်ရတော့သည်။

"နို ... အန်ကယ်နှယ် ... ကျွန်တော်က ဘယ်ကသေနတ်ကို ပြောရမှာလဲ။ ကျွန်တော်ခိုးထားတဲ့သေနတ် ရှိတယ်များ ထင်နေလို့လား"

ကျွန်တော်လည်း သေပေါက်သို့တွန်းပို့နေသော အဘိုးကြီးအား ဘုမှတ်လိုက်ရတော့သည်။ မတတ်နိုင်တော့လေပြီ။

ဂျပန်များ ဟိုကြည့်ဒီကြည့်နှင့် ကြောင်စီစီ ကြည့်နေကြသည်။ ဂျပန်စကားပြန်က ဆက်လက်၍ ကျွန်တော့်ကိုမေးပြန်သည်။

"မဟုတ်ဘူး။ ညနေက ကလေးတစ်ယောက် လုည်းမောင်းပြီး ထောင်ကိုယူသွားတဲ့ သေနတ်ကိုမေးတာ"

"ဒါ ကျွန်တော်မသိဘူး။ ခင်ဗျားတို့ဘယ်တုန်းက ဘယ်ရှကို တွေ့လိုက်သလဲ"



"ဟော ဟို မာစတာတွေ့တယ်လို့ပြောတယ်"

စကားပြန်က ဂျပန်တစ်ယောက်ကို လက်ညှိုးထိုးပြလိုက်လေသည်။

"ထောင်ကလူတွေ အစောင့်ပါသလား"

"မပါဘူး"

"သေနတ်တစ်လှည်းကြီး နေဝင်စမှာ အစောင့်မပါဘဲတွေ့တာ တွေ့တဲ့လူက ဖမ်းထားလိုက်ရင် ပြီးတာပဲ"

ကျွန်တော်က အချက်ကိုဖမ်း၍မေးလိုက်ရာ ဂျပန်များက သူတို့စကားနှင့်သူတို့ မိနေကြလေပြီ။

"ထောင်ကဆိုလို့ လွှတ်လိုက်တာ"

"ဒါတော့ ခင်ဗျားတို့ လွှတ်လိုက်တာကိုး"

ငင်းတို့ဉာဏ်မရှိခဲ့ပုံကို ဒဲ့ဒိုးမခံချင်အောင် ပြောလိုလှသော်လည်း အနည်းဆုံး ပါးရိုက်ခံရမည်ကို သိထားသဖြင့် လေပြော့လေးဖြင့် ကျွန်တော့်မှာ နားဝင်သာအောင် ကြည့်ပြောရပါသည်။

"ထောင်သေနတ်ဆိုတာ ဂါတ်ကြီးပေါ်က အစိုးရသေနတ်ကလွဲလို့ တခြားသေနတ်မရှိပါဘူး။ ရန်ကုန်က အစိုးရပို့လိုက်ရင်လည်း တာဝန်ရှိတဲ့လူတစ်ယောက်က သွားယူရမှာပေါ့။ အစိုးရပို့ရင် ထောင်ပိုင်ရော၊ ကျွန်တော်ပါ သိရမှာပဲ။ အခုကိစ္စကတော့ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး။ ခင်ဗျားတို့မယုံရင် အိမ်တိုင်းစေ့ တက်ရှာကြပါ။ ကျွန်တော်လိုက်ခဲ့မယ်။ ဂါတ်ပေါ် စစ်ချင်လည်း သွားစစ်ပါ။ စာရင်းအတိုင်းပါဗျ"

ကျွန်တော်က သူတို့၏သံသယကို အကွက်စေ့အောင် ရှင်းပြလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်များမှာ ရင်းတို့၏ လံကြုတ်ဇာတ်ကို ကျွန်တော်မေးရင်းပေါ်သွား၍ လေလျှော့ချသွားပြီး ဟန်ပြလောက်သာ ထောင်မှူးများနေအိမ်ကိုရှာကြပြီး ပြန်သွားကြပါသည်။

"အန်ကယ်ကလည်း ဒီကောင်တွေနဲ့စကားပြောရတာ အပေါက်အလမ်းမတည့်ပါဘူး။ ဟန်ကျပန်ကျ ပြောတတ်တဲ့လူဆို ခင်ဗျားတစ်ယောက်ပဲရှိလေတော့ ခေါ်ခိုင်းရတာပဲ"

အဘိုးကြီး ဝင့်သက်ရှူ၍ ဝန်ခံစကားပြော၏။

"ခေါ်တာက မခေါ်ရ မဟုတ်ပါဘူး။ ဂျပန်ရှေ့မှာ အန်ကယ်ပြောတာက အစီပွားယ်တစ်မျိုးဖြစ်နေလို့ ကျွန်တော် မကျေနပ်လို့ မေးတာပါ"

"အန်ကယ် မှားပါတယ်ကွာ"

ထောင်ပိုင်ကြီးသည် ကြောက်မိကြောက်ရာ စွပ်၍ပြောမိသည်ဟု ယူဆရပါသည်။ ကြောက်မည်ဆိုကလည်း ကြောက်စရာပါပေ။ အိုကြီးအိုမကျမှ ဂျပန့်လက်ဝါးအောက်၌ ပါးအသုံးတော်ခံရမည်ဆိုတာ ထောင်ပိုင်အဖို့ ရှက်ဖွယ်လိလိဖြစ်ပေမည်။ သို့ဆိုလျှင် မည်သူက ဂျပန်တိရစ္ဆာန်များနှင့် တွေ့လိုမည်နည်း။ ထို့နောက် ကျွန်တော် အိမ်သို့ပြန်လာခဲ့ပါသည်။

နောက်တစ်နေ့နနက် မိုးလင်းတွင် ကျွန်တော်၏ဇနီး မြို့ထဲမှတက်လာပြီး ကျွန်တော့်အားလာတွေ့၍ မနေ့ညကအဖြစ်အပျက်ကိုညချင်း လာရောက်ပြောကြသဖြင့် သိရကြောင်း၊ စနေဂြိုလ်တွင် ရောက်နေသဖြင့် သတိထားပြီး အလုပ်လုပ်ရန်နှင့် ထောင်ပိုင်ကြီးနှင့် သင့်တင့်စွာ စကားပြောရန် လာရောက်ပြောကြားပါသည်။ ကျွန်တော့်ဇနီးသည်အား ကျေနပ်စိတ်ကောင်းအောင်ပြောပြီး ပြန်ခိုင်းရပါသည်။



ဇနီးသည်ပြန်သွားပြီးနောက် ကျွန်တော်၏ ရှေ့ရေးကံကြမ္မာကို ယခုလောလောဆယ် အဖြစ်များနှင့် ဟပ်၍ စဉ်းစားနေမိသည်။ ဂျပန်များ ဘယ်သူ့ဖမ်းချင်မှန်းမသိ၊ တစ်ခုတော့ တစ်ခုပဲဟု စိတ်ထဲတွင် တွေးထင်လာပြီး ဂျပန်လက်ရအဖမ်းတော့ ငါမခံ။ ဖမ်းတဲ့နေရာ၌ ပွဲချင်းပြီးသေချင်သေပါစေ မထူးဘူး။ ဖမ်းသည့်နေ့သည် ကျွန်တော်၏ သေရမည့်နေ့ဟု စိတ်နှလုံးပိုက်ကာ မိမိမြင်တွေ့နေရသော ဂျပန်တို့၏ ရက်စက်မှုကိုတွေးမြင်ပြီး ဆုံးဖြတ်ရက် ချထားလိုက်မိပါသည်။

သို့ရာတွင် ဤကိစ္စကို မိမိ၏ဇနီးကိုတော့ ပြောမပြလိုက်ပေ။ ပြော၍လည်း မသင့်တော်။ စိတ်မကောင်းရုံသာ ရှိပေမည်။ သို့ဖြင့် အတွေးရေစီးကိုဖြတ်၍ ကျွန်တော်လည်း စိတ်လေးလေးဖြင့် အလုပ်သို့ ဝင်လာခဲ့ပါသည်။

"နောက်တိုးရေ ... လာဦးဟေ့"

ကျွန်တော် မိမိ၏ရုံးခန်းသို့ အရောက်တွင် တပည့်ကျော်အားလှမ်းခေါ်လိုက်ရပါသည်။

"လာပါပြီ သခင်"

နောက်တိုးက ရှေ့တွင် လာရောက်စုံရပ်နေ၏။

"ဒီမယ် ... မင်း ပန်းပဲရုံက မောင်သော်ဆီကိုသွား။ ငါက အမြှောင်တစ်ချောင်း ၆ လက်မလောက် မကြီးမငယ် ဒီနေ့ အပြီးလိုချင်တယ်လို့ပြော။ နောက်ပြီး မင်းက ရက်ကန်းရုံက ကြိုးတစ်ချောင်းလက်ရိုးကိုခွဲတက်နိုင်အောင် တစ်ဖက်အစမှာ သံချိတ်တပ်ပြီး ခိုင်ခိုင်ကြီးလုပ်ကွာ။ သူများမသိစေနဲ့။ ဒါ ငါ့အတွက် သိပ်အရေးကြီးတယ်။ ကြားလား"

ကျွန်တော့်စကားကြောင့် နောက်တိုးမှာ အံ့ဩသလိုနှင့် ...

www.burmeseclassic.com



"ဒါ ဘာလုပ်ဖို့လဲသခင်"

ဟု မေးပါသည်။

"ဟဲ့ကောင် ... မင်းအဘာဂျပန်တွေ ငါ့ကိုရန်ရှာနေပြီကွ။ ငါ တော့ သူတို့လက်ရအဖမ်းကို မခံနိုင်ဘူး။ ငါ့ကိုဖမ်းရင် ဖမ်းဖမ်းချင်း ထိုးပဲကွ။ ရှောင်နိုင်ရင်တော့ အုတ်ရိုးကို ကြိုးပစ်တက်မယ်။ အုတ်ရိုး စောင့်ဘူးစောင့်ဆီက သေနတ်ကို ငါယူပြေးမယ်။ သူပစ်ကိုယ်ပစ်ပဲ လယ်ကွင်းထဲမှာ သေချင်သေပစေ။ ငါက အမြဲထောင်တွင်းမှာနေရတော့ အလုပ်ချိန်လာဖမ်းရင် ပြေးရအောင် ကြိုလုပ်ထားတာကွ"

"ဒီလိုဆိုရင် သခင်ရယ် ... ဒီအရေးတွေ ကြိုတင်မြင်ထား ရင်လည်း ခုကတည်းက ပြေးပါတော့လား"

နောက်တစ်ဦးက ရိုးသားစွာ အကြံဉာဏ်ပေးနေ၏။

"အိုး ... ဒီလိုလည်း မဖြစ်သေးဘူးကွ။ ဟိုကွေ့ကျမှ ထွက် တက်နဲ့လှော်ရမှာပဲ။ ဒါနဲ့ ဒီမှာနောက်တိုး ငါ့ကို တံခါးကြီးကလာခေါ် ရင် ထောင်ပိုင်ခေါ်သလား။ ဂျပန်ခေါ်သလားဆိုတာ မင်း သေချာအောင် သွားမေးရမယ်။ ဒါပဲကွာ။ သွားတော့"

"ကျွန်တော့်ရှေ့တွင် အဖမ်းမခံနိုင်ဘူး သခင်။ ဖြစ်ချင်ရာ ဖြစ်ပါစေ သခင့်ကိုသာဖမ်းရင် ဖမ်းတဲ့အကောင်ကို အရှင်လတ်လတ် ပိုင်းဖမ်းပြီး ကြာဇံရုံကရေနွေးအိုးထဲထည့်ပစ်မယ်။ သခင်မပူနဲ့"

"မထူးတော့တဲ့တစ်နေ့မှာတော့ ဒီအကောင်တွေ ဒီလိုပဲလုပ် ရမှာပဲ။ ဒါပေမဲ့ အရမ်းတော့မလုပ်နဲ့။ ငါကလုပ်ဆိုရင် လက်မနှေး မနှေးနဲ့။ ဘိုကလေးကျော်မင်း၊ မော်လမြိုင်ကျွန်းလွန်းမောင်၊ ပုသိမ် လွန်းမောင်၊ သာယာဝတီကျော်ပု ဒီအကောင်တွေကို အလုပ်ဘက် အမြဲနေဖို့ ပြောထားကွာ"





"ဒါတော့ စိတ်ချပါသခင်"

"အေး ... အေး ... သွားတော့။ ဒါပဲ"

နောက်တိုးပြန်သွားသောအခါ ကျွန်တော်လည်း အလုပ်တွင် ဘုံးစိတ်မဝင်စားတော့ပါ။ ရုံးအလုပ်များကို ဘေးချိတ်ထားပြီး စည်း ကမ်းသေဝပ်မှု ကိစ္စအဝဝများကိုသာ သက်ဆိုင်ရာအသီးသီးသို့ ပြော ခဲ့ပါသည်။

သို့သော် ကျွန်တော့်စိတ်ထဲတွင်ကား တအုံ့နွေးနွေးနှင့် အတွေး ဆယ်ချဲ့နေမိပါသည်။ အလုပ်မှ လစ်ပြေးရန်မှာလည်း ဇနီးသံယောဇဉ် နှင့် ခြေထောက်တစ်ဖက်ကို ကြိုးနှင့်ချည်နှောင်ထားသကဲ့သို့ နောက် ဆံတင်းလာပါသည်။

တစ်ခါတစ်ခါ ဟယ် ... မတတ်နိုင်ဘူး။ ငါ့ကို ဗေဒင်ဆရာ က ဥပစ္ဆေဒကကံနှင့် မသေနိုင်တဲ့ဇာတာပဲလို့ ဟောထားတာပဲ။ ပိုးစိုး ပက်စက်တော့ ရှိနိုင်ဘူးဟု မိမိကိုယ်မိမိ အားပေးစိတ်ဖြင့် ဖြေသိမ့် လိုက်ရပါသည်။

ဤကဲ့သို့ မတင်မကျ ကျိုးလန့်စာစားရင်း တရက်နှစ်ရက် ကျော်လွန်၍ သွားပြန်လေပြီ။

ဂျပန်များသည် တိုက်တွင်းထားသော သခင်များကို တစ်နေ့ တွင် အယောက် ၂၀ ခန့် ကြိုးချီတုပ်ပြီး မြို့တွင်း ကင်ပေတိုင်ရုံးရှိရာ သို့တဲ့သို့ စစ်ဆေးရန် ဆွဲထုတ်သွားကြလေ့ရှိပါသည်။ ညနေစောင်း တွင် ထောင်သို့ ပြန်ပို့လေ့ရှိသည်။

လွှတ်သွားသောအခါ အပြင်၌ အရိုက်အနက်ကို ခံကြရပြီး ချို့သောပုဂ္ဂိုလ်တို့မှာ ဆွေမျိုးများက နည်းအမျိုးမျိုး ဂျပန်ထံတွင် ဦးကပ်၍ လွှတ်အောင်ကြိုးစားသဖြင့် ကံကောင်းထောက်မ၍ လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းသာခွင့် ရရှိသွားကြသူများလည်း ရှိကြပါသည်။ ကြားရေ အပေါင်းမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ သို့သော် ဂျပန်အညှ ကိုခံ၍ ပေပ်ရောင်ထပြီး ပြန်လာကြရသူအဖို့မူကား ဝမ်းနည်းချ ၏။

တစ်နေ့သောနံနက်တွင် ဂျပန်များဝန်းရံ၍ တရားခံလူပေါင်း ၂၀ ခန့်ကို ကြိုးတုပ်ချည်နှောင်ပြီး ထောင်သို့ပို့ပါသည်။ တရားခံမျ မှာ ကရင်အမျိုးသားများ ပိုမိုပါဝင်ပြီး ဗမာအမျိုးသား ၄–၅ ယော ခန့်မျှသာရှိလေသည်။

ဂျပန်များပြန်သွားပြီးနောက် မေးမြန်းကြည့်ရာတပ်မတော် ရဲဘော်များဟု သိရပါသည်။ ၎င်းတို့မှာ တစ်ညသာ ထောင်တွင်း၌အ ရပြီး နောက်တစ်နေ့ည ၉ နာရီခန့်တွင် ဂျပန်များလာရောက်၍ ထော တွင်း၌ပင် လက်ပြန်ကြိုးတုတ် မျက်နှာကိုအဝတ်ဆီးပြီး ကျွဲနွားများ ဆွဲသလို မညှာမတာ ဆွဲထုတ်ခေါ်ငင်သွားရာ လမ်းတွင် အလဲလဲအ ပြိုနှင့် ပါသွားကြရှာသည်။

ထောင်တံခါးမကြီးမှအထွက်တွင် ပေါက်တူး ၄–၅ ခုကို မျက်နှာပဝါစီးထားသော တပ်မတော်သားများအား ထမ်းနိုင်းလျှ မသနား မညှာတာ အတင်းဆွဲခေါ်သွားကြသည်တွင် မြင်ရသူများ သနား၍မဆုံး ရင်ထုမနာ ဖြစ်ကျန်ခဲ့ကြရ၏။ ပေါက်တူးကိုထမ်းနိုင် ခြင်းမှာကား မသေမီ မိမိလဲလျောင်းရမည့် မြေတွင်း (ဂါ) သေတွ တို့ကို မိမိဘာသာ တူးရန်မှတစ်ပါး အခြားကိစ္စမရှိတော့ပါ။

နံနက်လင်းသောအခါ မြောင်းမြို့၊ ဗမာ့သချိုင်းမြောက်ဘ အစွန်းရှိ ညောင်ပင်ကြီးအောက်တွင် မလုံ့တလုံ့ မြှုပ်နှံထားခဲ့သော သားကောင်း ရဲဘော်များ၏အလောင်းကိုသာ ကျီးငှက်တရုံးရုံး၊ လင်



တစီစီနှင့် ရင်ကျိုးဖွယ်ရာ တွေ့ရပါတော့သည်။ ဂျပန်ဖက်ဆစ်များကား ပြောမဆုံးပေါင် တောသုံးတောင်ဆိုသလို ရက်စက်ကြမ်းကြုတ်လှချေ ၏တကား။

မြောင်းမြို့ပေါ်မှ မြို့သူမြို့သားများမှာ ဂျပန်ဖမ်းလျှင် အား ကြီးအရိုက်ခံရတာပဲ ကြောက်စရာကြီးဟု ပြောသံကြားနှင့် ကြောက်ရှာ ကြသည်။ ကိုယ်တွေ့မျက်မြင်ကား အနည်းငယ်မျှသောသူ အချို့သာ တွေ့ဖူးကြပေလိမ့်မည်။

ကျွန်တော်တို့ ထောင်အမှုထမ်း အရာထမ်းများအဖို့ရာတွင် မူကား မမြင်ချင်အဆုံး၊ မတွေ့ချင်အဆုံးဟူဘိသို့ ဖြစ်နေကြရကား နောင်တော့ အကြောက်ကုန်၍ မျက်စိယဉ်သလိုပင်ဖြစ်လာပြီး ယခင် ကလောက် ချောက်ချားတုန်လှုပ်ခြင်း မရှိတော့ပါ။

/အထူးသဖြင့် ယခုကဲ့သို့ မမြင်အစ်မရှုအစ်သော ကိစ္စများ မှာ အပြင်လူတစ်ဦးတစ်ယောက် စိတ်အားငယ်တတ်သူသာဖြစ်ပါက ထောင်တွင်း၊ ကြိုးစင်တင်၍ သတ်ခြင်း၊ တင်ပါးကို အသနိုလ်အောင် ကြိမ်ရိုက်ပေးခြင်းစသော အနိဋ္ဌာရုံ ရှုကွင်းများကိုမြင်လေသော် အောက် ထစ်ဆုံး နှလုံးတုန်ရင်တုန် နေမထိထိုင်မသာ ဖြစ်ကြမည်ကား မုချ ပင်။

ကျွန်တော်တို့ အကျဉ်းဌာနမှာကား အရာရှိများသည် အန တော္တ သံသရာဘဝအကျိုးပေး၍ အရာရှိများအဖြစ် ဖြစ်လာသင့်ကစား ခင်ကြယ်သော စေတနာ့အဟုန်ကြောင့် ထမင်းတစ်လုပ် ဖြောင့်တန်း စွာ စားရရေးအတွက် ကြိုးပေးသတ်ရသော လူသတ်အလုပ်ကိုပင် ဆောင် ရွက်အမှုထမ်းနေရသည်မှာ တွေးမိတိုင်း စိတ်နာစရာကောင်း၍ အမင်္ဂလာ အလုပ်ဖြင့်သာ စခန်းသွားနေကြရပေသည်။ သို့ရာတွင် ပရိယာယသန

www.burmeseclassic.com



ဝမ်းစာသမုဒ္ဒရာကို ဖြစ်သလို အခွန်ဆက်နေရသည်ဖြစ်၍ ဤသည် တို့မှာ သက်ရှိသတ္တဝါတိုင်း၏ ဒုက္ခသစ္စာပင် မဟုတ်ပါလား။

တစ်နေ့ဖြင့် ကုန်လွန်၍ လာခဲ့ပြန်ပြီ။

ယနေ့ ဘာများဖြစ်ဦးမည်နည်း။ တစ်နေ့တစ်မျိုး တစ်ညတစ် ဖုံ တွေ့ရမည်ကား မလွဲပေ။ အိုအသွေ စာဖတ်သူ၊ ဂျပန်သူယုတ်မာ တို့၏ ဖာတ်ထုပ်ကို ကျွန်တော် ဆက်၍ ရေးပြပါမည်။ စိတ်ရှည်လက် ရှည်ထား၍ ရှေ့သာ ဆက်ဖတ်ပါတော့။

ဂျပန်စစ်ဗိုလ်တစ်ဦးသည် မည်သည့်အချိန်က ဓားကြီးကိုကိုင် ပြီး ထောင်တွင်းသို့ လှည့်လည်ကြည့်ရှုနေသည်မသိပါ။ သူသည် ဟိုဟို ဒီဒီ မွှေ့ပတ်ပြီး၍ ကျွန်တော်၏ အလုပ်ရုံဘက်သို့ကွေ့လာပြီး ကျွန်တော် ၏ ရုံးခန်း စားပွဲခုံတွင် ကျွန်တော်နှင့်မျက်နှာချင်းဆိုင် ကုလားထိုင်၌ ဇွေ့ခနဲဝင်ထိုင်လိုက်ခါ သူ့ဓားရှည်ကြီးကို စားပွဲပေါ်သို့ ကန့်လန့်ဖြတ် တင်ထားလိုက်ပါသည်။

ထောင်ဆိုသည်မှာ တံခါးအဝကပင် မည်သူမဆို လက်နက် ကိုင်ဆောင်၍ ဝင်ခြင်းမရှိပါ။ လက်နက်များဖြင့် ဝင်ခွင့်မပြုဟူ၍လည်း စာတမ်းထိုးထားလျက်ရှိပါသည်။ ဥပဒေကလည်း ဤအတိုင်းရှိပါသည်။

သို့ရာတွင် ကိုရွှေပုတို့ လက်ထက်ကျခါမှ ဥပဒေကို သော ချိတ်ထားပြီး မင်းမူနေကြ၍ အဆီးအတားမရှိဘဲ လက်စွဲတော်သံလျက် ကို တဝါတည်း ယူဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။ ဂျပန်ဗိုလ်သည် နောက်လိုက်တစ်စုံ တစ်ယောက်မပါဘဲ ဣန္ဒြေတစ်ခွဲသားနှင့် ကျွန်တော် အား စိုက်ကြည့်နေပါသည်။

ကျွန်တော်က ငှင်းလာရင်းကိစ္စကို မေးမြန်းရာ (ကိစ္စမရှိ ဘူးလား)ဟုပြန်ပြောပြီး ထိုင်မြဲ ထိုင်နေလေသည်။ ငှင်းဝင်လာသော





အချိန်မှာ မွန်းတည့် ၁၂ နာရီခန့်ကဝင်လာသည်ဟုသိရပြီး "ကျွန်တော့် ရုံးခန်းသို့ ရောက်လာချိန်မှာ နာရီပြန် ၁ ချက်ခန့်ဖြစ်နေပေပြီ။ ကျွန် တော့်မှာ သူ့အတွက် အတော် အတွေးရခက်နေပါသည်။

ကျွန်တော်တွေးမိသည်မှာ သူသည် ထောင်တွင်းကို မမြင်ဖူး မရောက်ဖူး၍ လာကြည့်တာများလား၊ ဒီလိုဆိုရင် ခဏအညောင်း အညာပြေရင် ပြန်သွားမှာပဲထင်ပါရဲ့လေဟု စိတ်ကိုဖြေနေမိရာက နောက် အတွေးတစ်ရ ဝင်လာပြန်သည်မှာ ဒါမှမဟုတ် ငါ့များဖမ်းဖို့ လာသလား ပဲ။ ကျွန်တော့်မှာ အမျိုးမျိုး ရေစုန်လေဆန်တွေး၍ ကြောက်စိတ်များ ဝင်လာပါတော့သည်။

သို့သော်လည်း မိမိဣန္ဒြေကို အတတ်နိုင်ဆုံး မျက်နှာမပျက် အောင် ထိမ်းသိမ်းထားရသည်။ အရေးရှိ ကျားရှေ့တွင်တော့ ဒူးထောက် လဲမခံနိုင်ပေ။ ထို့အတွက် အနီးအနားသို့ ထသွားပြီး အကျဉ်းသား များ ကြာဖလုပ်နေသည်ကို စကားမရှိစကားရှာ၍ ပြောချင်ဟန် ဆောင် ရသည်။ တပည့်ကျော်နောက်တိုးမှာ လက်ရွေးစင်တပည့်များ အရံသင့် ရှိကြပြီး တစ်ထောင့်မှ အရိပ်အခြည်ကို အကဲခတ်ကြည့်နေကြသည်။

စိတ်ချရသော တပည့်ကျော် အကျဉ်းသားတစ်ဦးကိုလည်း တံခါးမကြီးတွင် အခြားဂျပန်များ ရှိမရှိ သွားရောက်စုံစမ်းခိုင်းရာ မရှိ ကြောင်းသိရသဖြင့် တစ်ဦးတည်းဆိုလျှင် ဖမ်းဖို့လာခြင်းမဟုတ်တန် ရာ။ အကယ်၍ ဖမ်းဦးတော့ အစီအစဉ်အတိုင်း ရေနွေးအိုးထဲ ပစ်ချ ရုံသာ ရှိတော့သည်။ ဤနှယ် ကြံစည်စိတ်ကူးရင်း အကြောက်ကို ဖြေနေ ရပါသည်။

ထိုစဉ် ဂျပန်ကြီးက ကျွန်တော့်အား လက်ယပ်ခေါ်နေပါပြီ။ အာပါလိမ့်။ ဘုရား ...ဘုရား ...ကျွန်တော့် တွေးမိုးတွေကိုများ



www.burmeseclassic.com

www.burmeseclassic.com



မြင်သွားလေပြီလောဟု ရှုကြောင်စွာ ဂျပန်ကို အထင်ကြီးလိုက်မိသည် အထိ လန့်သွားမိပါသည်။

သူသည် ကျွန်တော့်အား ဗမာစကား မပီကလာပီကလာဖြင့် ဘယ်အရပ်ကလဲ၊ မြောင်းမြရောက်တာ ဘယ်လောက်ကြာပြီလဲ စသည်ဖြင့် မေးသည်။ တော်သေး၏။ တစ်ဖန်ဆက်၍ မိန်းမရှိသလား၊ ကလေးရှိသလား မေးပြန်၏။

ကျွန်တော်က သူ၏အမေးကို အကဲခတ်၍ ကောင်းစွာဖြေပြောသည်။ ထို့နောက် စကားပြတ်သွားလေသည်။ ဂျပန်ကြီးသည် ပြန်လိုဟန်မတူသေးပေ။ တစ်နာရီခန့် ရှိသွားလေပြီ။ ကျွန်တော်လည်း ဟန်မပျက် သူ၏ရှေ့တွင် လုပ်စရာရှိသည်များကို လုပ်နေရသည်။

နောက်ထပ်တစ်နာရီခန့် ရှိသွားပြန်သည်။ ကိုယ်တော်ပေသည် မကြွသေး။ ကျွန်တော့်မှာ တွေးမရနိုင်သလောက်ဖြစ်လာပြီး ဂျပန့်လက်တွင် အဖမ်းမခံလို။ ဂျပန်အားလည်း ဖမ်းဆီးပြီး ရေနွေးအိုးထဲပစ်ချရန် အလိုမရှိ။ မိမိစိတ်ထဲက လမ်းလျှောက်ရင်း ဓာရဏပရိတ်တော်နှင့် ပရိမိတ္တဇာလသုတ်တော်ကို ရွတ်ဆိုနေမိပါသည်။

ပရိတ်တော်၏ ဂုဏ်ကျေးဇူးကြောင့်ပင်လော မသိ။ ကိုရွှေဂျပန်သည် ညနေ ၄ နာရီထိ ကျွန်တော့်အားထိုင်ကြည့်ပြီး ပြန်သွားလေသည်။ ထိုအခါမှ ကျွန်တော့်မှာ တပည့်များနှင့် ရယ်မောနိုင်ဖြစ်ရတော့သည်။ ကြောက်စိတ်လုံးကြီးမှာလည်း ကျသွားတော့၏။

အဟိတ်တိရစ္ဆာန်များသည် ရှေ့အဖို့ကို လုံးဝ မစဉ်းစားတတ်ကြသော်လည်း လူသတ္တဝါများက အနည်းငယ် ခန့်မှန်းနိုင်ကြသည်။ တဘောင်ထိုးအတူ နတ်၊ ဗြဟ္မာများက လူတို့ထက် အတွေးအခေါ်ရင့်သန်ကြသည်။ တထား ထိုထက် ဘုရားရဟန္တာများက ရှေ့နောက်ကို မြင်နိုင်





သိနိုင်စွမ်း ရှိကြသည်။

ထိုသို့ အကောင်းအဆိုးကို လုံးဝဥဿုံ အလုံးစုံကို သိမြင်နိုင်ကြသော်လည်း စိတ်၏တုန်လှုပ်ခြင်း၊ ကိုယ်၏တုန်လှုပ်ခြင်း မရှိကြ။ လူသတ္တဝါတို့ကား ဘုရားရဟန္တာများကဲ့သို့ သိနိုင်စွမ်းရှိပါက ကောင်းစွာအိပ်ခြင်း၊ ကောင်းစွာစားခြင်း ရှိနိုင်ကြမည်မဟုတ်ပေ။ ဤကဲ့သို့ မသိနိုင်ခြင်းပင်လျှင် လူသတ္တဝါတို့အဖို့ ကောင်းလေစွတကား။

ဂျပန်ကြီးလာရောက်ပြီးနောက် တစ်ခုသောနံနက် ၈ နာရီခန့်တွင် အနီဂျပန်ကြီးပင် စကားပြန်တစ်ဦးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ရောက်လာသည်ကို တွေ့ရပါသည်။ ရောက်လာသောအခါ စကားပြန်ပါးစပ်က ကျွန်တော့်နာမည်ကို ထပ်ခါထပ်ခါ ...

"ရွှေမောင် ... ရွှေမောင် ..."

နှင့်ခေါ်နေ၍ ကျွန်တော်က မနီးမဝေးမှ ...

"ဘာကိစ္စလဲ"

ဟု ပြန်မေးလိုက်ရာ စကားပြန်သည် ကျွန်တော့်ထံသို့ ချဉ်းကပ်လာပြီး ဤကဲ့သို့ မေးမြန်းလေတော့သည်။

"ခင်ဗျား သခင်တွေကို ဆန်ဖြူထမင်းနဲ့ ကြက်သားဟင်း ကျွေးတယ်ဆို"

သူ၏အမေးကြောင့် ကျွန်တော့်သွေးများ ငယ်ထိပ်သို့ ဆောင့်တက်သွားသလား ထင်လိုက်ရပါသည်။

"ကျွန်တော်မဟုတ်ရပါဘူး။ ဘယ်သူပြောသလဲ"

ကျွန်တော်က ခပ်တည်တည်ပင် စွပ်၍ ပြန်မေးမိလျက်သား ဖြစ်သွားတော့၏။

"ကျုပ်တို့ သတင်းအတိအကျရထားတယ်။ ခင်ဗျား ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



ဦးမလဲ"

စကားပြန်က ဝင့်ကြွားသောအသံဖြင့် ကျွန်တော့်အား မှတ်လိုက်ပါသည်။ ကျွန်တော့်မှာ ကြံရာမရဘဲ အမူအရာပျက်သွားမိသည်နှင့်အမျှ ကြောက်စိတ်ဖြင့် မှုန်ထွန်နေပါတော့သည်။

"ကျွန်တော်ကျွေးတယ်လို့ အတိအကျပြနိုင်ရင် ခင်ဗျားတို့ ကျွန်တော့်ကို အရေးယူပေါ့။ သူများ မဟုတ်တမ်းပြောတာကိုတော့ မယုံကြည်စေချင်ဘူး"

ကျွန်တော့်မှာ မပြေးသော် ကန်ရာရှိဖြစ်နေ၍ ခပ်တည်တည် ပြန်ပြောနေရပါသည်။

"ကောင်းပြီလေ ...။ အခုချက်ချင်း သိရမှာပေါ့။ လာခဲ့ ခင်ဗျားရှေ့တင် မေးပြမယ်။ တိုက်ကိုလိုက်ခဲ့"

စကားပြန်က ကျွန်တော့်အား အာဏာသံနှင့်ပြောနေ၍ ကျွန်တော့်မှာ ဒီတစ်ခါတော့ သေရတော့မယ်၊ အဖမ်းခံရတော့မယ်ဟု ထိတ်ထိတ်ပျာပျာ ယူဆလိုက်ရတော့သည်။

ထောင်အမှုထမ်း၊ အရာထမ်းနှင့် အကျဉ်းသားများသည် ကျွန်တော်၏ ရှေ့ဖန်လာမည့်ကံကြမ္မာကို မည်သို့ဖန်လာလေမည်နည်းဟု နှုတ်ဆိတ်ငြိမ်သက်စွာ အနိမ့်မဲ့ ဘာမှမပြောဘဲ ... ရိပ်တကြီးနှင့် စောင့်ကြည့်နေကြသည်။ မျက်စိမျက်နှာပျက်၍ တိုးတိုး တိုးတိုးနှင့် ဘာတွေပြောကြမှန်းလည်း မသိ။ ကျွန်တော် ကြိုးတိုက်သို့ ရောက်သွားသောအခါ ...

"သခင်သောင်းဖေကို ထုတ်ခဲ့ပါ"

ဟု ဂျပန်က မာကြောသောအသံကြီးဖြင့် အမိန့်ပေးပါသည်။

သခင်သောင်းဖေအား ထုတ်ခဲ့ပါပြီ။ ဂျပန်သည် သခင်သောင်းဖေကိုကြည့်ကာ အသံညြကြီးဖြင့် ...





"ခင်ဗျားတို့ ဆန်ဖြူထမင်းနဲ့ ကြက်သားဟင်း စားရတယ်ဆိုတာ ဟုတ်သလား"

ဟု မေးလိုက်လေသည်။

"ဟုတ်ကဲ့ စားရပါတယ်"

ဤကား ... သခင်သောင်းဖေ၏ ဖြေကြားသံပင်တည်း။ ကျွန်တော်၏မျက်နှာမှာ တမဟုတ်ချင်း ကြောက်သွေးဖြာသွားလေပြီ။ ကျွန်တော့်မှာ စေတနာလွန်မိ၍ ဝေဒနာကျွံမိသောဘဝသို့ သခင်သောင်းဖေ၏ကျေးဇူးကြောင့် ရောက်ရပေတော့မည်။ သခင်သောင်းဖေအားလည်း အလွန်ပင် ဒေါသဖြစ်မိပါတော့သည်။

"ကောင်းပြီ ...။ အဲဒီ ထမင်းတွေ၊ ကြက်သားတွေကို ဒီထောင်မှူးပေးတယ်မဟုတ်လား"

ကျွန်တော့်အား လက်ညှိုးထိုး၍ မေးလိုက်ပါသည်။

"ဒီထောင်မှူးလာပေးတာ မဟုတ်ပါဘူး"

သခင်သောင်းဖေက အသံမှန်ဖြင့် ပြန်ဖြေပါသည်။ တော်ပါသေး၏။ ဘုရားမ,သေး၏။ ကျွန်တော့်မှာ ယခုမှ အသက်ရှူပေါက် ရသွားတော့သည်။ ဂျပန်သည် မကျေမနပ်နှင့် ...

"ဒါဖြင့် ဘယ်သူလာပေးတာလဲ"

"ဗိုကြီးထဲက လူတွေပဲ"

"လူမြင်ရင် မှတ်မိမလား"

"မှတ်မိမလားတော့ မပြောတတ်ဘူး"

ဂျပန်သည် ကျွန်တော့်ဘက်သို့ မျက်နှာမူ၍ ...

"ဗိုထဲကအကောင်ကို ခေါ်ပေးပါ"

ဟု အမိန့်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုထဲမှာအလုပ်လုပ်တာ တစ်ယောက်တည်းမဟုတ်ဘူး။ အားလုံးပေါင်း အကျဉ်းသား သုံးဆယ်လောက်ရှိတယ်"

"ဒါဖြင့် အကုန်ခေါ်"

၎င်း၏အမိန့်အတိုင်း ကျွန်တော်သည် တောင်ထမင်းချက်ရုံဗိုထဲမှ လူအကုန်လုံးကိုခေါ်၍ ဗိုကြီးဝတွင် တန်းစီခိုင်းလိုက်ရပါသည်။ ဂျပန်ကြီးသည် သခင်သောင်းဖေ၏ လက်ကိုဆွဲ၍ အကျဉ်းသားများအား တစ်ယောက်စီ လျှောက်၍ ကြည့်ခိုင်းပါသည်။

အကျဉ်းသားများမှာ ဝတ်ဖြူဆင်တူ ဝတ်ရသူများဖြစ်၍ ခေါ တဖြုတ်မြင်ရုံဖြင့် အများစုထဲတွင် သူ့ရှာခိုင်းသည်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။

သခင်သောင်းဖေမှာ တကယ်ပင် မမှတ်မိ၍လော၊ သိလျက်နှင့် မြှုံနေသလော မပြောတတ်ပါ။ တစ်ဦးတစ်ယောက်ကိုမျှ ဆွဲမပြပါလေ။ ၎င်း၏နောက်ဆုံးစကားမှာ ...

"ကျွန်တော် မှတ်လို့မရတော့ဘူး"

ဟူသတည်း။

ကိုရွှေဂျပန်သည် မည်မျှ ဒေါသပုန်ထသွားလေသည်မသိ။ တစ်ချက်တည်းနှင့် သခင်သောင်းဖေအား ဘယ်ပြန်ညာပြန် တအားကျုံရိုက်ချလိုက်ရာ ခွေခနဲ လဲပြိုကျသွားတော့၏။ ၎င်း၏ဓာတ်ပြည့်ကျော်ကလည်း ကြိုတင်၍ စီးဝါးကိုက်ထားသည့်ပမာ လဲကျနေသော သခင်သောင်းဖေကိုယ်ခန္ဓာကို ဘောလုံးကန်သကဲ့သို့ တအားတအား လိုမ့်၍ ကန်နေလေတော့သည်။ အားရအောင်ရိုက်နှက်ကြပြီး စကားတစ်ခွန်းမှ မပြောဘဲ ပြန်လည်၍ ကြွမြန်းသွားကြတော့၏။

တုံးလုံးပက်လက် သတိမေ့၍ လဲကျန်ခဲ့သော သခင်သောင်း





ဖေအား ဆွဲထူပြီး ကျွန်တော်က တိုက်သို့ပြန်ပို့လိုက်ရပါသည်။ အကျဉ်းသားများကား တက်တခေါက်ခေါက်နှင့် ဒေါသမီးတောက်လျက် ဖြစ်နေကြလေသတည်း။

ဂျပန်များထွက်သွားပြီးနောက် ကျွန်တော်သည် တိုက်ဘက်သို့လှည့်၍ ထမင်းဖြူကျွေးတဲ့ကိစ္စကို ဘယ်နည်းဘယ်ပုံ ဂျပန်ကင်ပေတိုင်းက သိနိုင်သလဲ၊ သခင်များကို ညနေတိုင်း လူ (၂၀)ခန့် အလှည့်ကျခေါ်၍စစ်ဆေးစဉ် ရုံးမှာ ပြောမိသူများ ရှိမရှိ မေးမြန်းလေသည်။ ထိုအခါ ဤကိစ္စနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ မပြောဖူးကြောင်း ပြောပြ၍ သိရှိရပါသည်။ သခင်များမှာ ကျွန်တော့်အား အားတုံ့အားနာ ဖြစ်နေကြသည်။

မမျှော်လင့်ဘဲ အသက်ကိုရန်ရှာနိုင်သည့် ကိစ္စဖြစ်၍ ဂျပန်သူလျှိုကိုသာ ကလော်တုတ်ကြတော့သည်။ သို့ရာတွင် တရားခံကား ရှာမတွေ့ပါ။ သခင်သောင်းဖေကို မည်သည့်အတွက် ဂျပန်ကရွေး၍ ခေါ်ထုတ်လေသနည်း။ သခင်သောင်းဖေကလည်း ၎င်းက မပြောရကြောင်း ဘုရားစူး။ ကျိန်းစူး ပြောပြ၍ အတော် အတွေးရကြပ်နေပါတော့သည်။

သို့သော် ဤကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ စိတ်မကောင်းမဖြစ်ကြရန် ကျွန်တော်ပြောဆိုခဲ့ပြီး ထွက်လာခဲ့ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

မြောင်းမြမြို့ ဗဟိုထောင်ကြီးမှာ ယခင်ကပင် အပြင်လူများ အဖို့ ကြောက်စရာလန့်စရာ ဖြစ်နေသည်ကို ယခုဂျပန်များက ဖမ်းလားဆီးလား လုပ်နေသည့်အချိန်တွင် ထောင်ဘက်သို့ အပြင်လူများ လမ်းလျှောက်ဖို့ဝေးစွ၊ မျက်နှာပင် မမူရဲကြတော့ချေ။

သို့ပင်ဖြစ်စေမူ ကျွန်တော်တို့ ထောင်အမှုထမ်းနဲ့ အရာထမ်းတို့မှာ ထောင်ကိုပင် အိမ်မှတ်ထင်နေကြရသူများဖြစ်၍ ထောင်တွင် သန့်ရှင်းရေးလုပ်ငန်း အဝဝကို အပြင်ထက်သာအောင် လုပ်ရပါသည်။

တောတွင်းရှိဥယျာဉ် ပန်းမာန်များမှာ အပြင်ဘက် မည်သည့် ရပ်ကွက်နှင့်မျှ မနှိုင်းယှဉ်သာအောင် ကြည်နူးစဖွယ် ဖြစ်နေပေတော့





သည်၊ စံပယ်ပန်း၊ နှင်းဆီပန်းများမှာ အကွက်လိုက်၊ အတန်းလိုက် မျက်စိပသာဒဖြစ်အောင် စိုက်ပျိုးထားခြင်းကြောင့် အပြင်လူများသာ တွေ့မြင်ရပါက ထောင်ဟူခေါ်သောပညတ်ကို ခဏတာမျှ မေ့လျော့ထားပြီး တဒင်္ဂအားဖြင့် သာယာကြည်နူးမိမည်မှာ အမှန်ပင်ဖြစ်ပေလိမ့်မည်။

ထောင်အရာထမ်း၊ အမှုထမ်းတို့မှာလည်း ညနေဘက်တွင် အလုပ်အကိုင်သိမ်းဆည်းပြီး အကျဉ်းသားများ အိပ်ထောင်ပေါ်မတက်မီ မိမိတို့တာဝန်ယူရသော ပတ်ဝန်းကျင်တွင် အကျဉ်းသားများ ထွက်မပြေးနိုင်ရန် ကြိုးဝါးလှေခါး အစရှိသော ပစ္စည်းများကို ရှာဖွေစစ်ဆေးရင်း စံပယ်ကလေးများ၏ သင်းပျံ့သောရနံ့ကို ရှူရှိုက်၍ ဟိုဟိုဒီဒီ ညနေရီရီအချိန်တွင် လမ်းလျှောက်ခြင်းမှာ အလုပ်လည်းပြီး ကိုယ်စိတ်နှစ်ဖြာလည်း ပေါ့စေလျက် အိမ်ပြန်ရမည့် ညနေကျောင်းဆင်း ကလေးသူငယ်များကဲ့သို့ စိတ်လက်ပျော်ရွှင်လျက်ရှိကြသော ကြည်နူးဖွယ် အချိန်ကလေးပင် ဖြစ်တော့သည်။

ဤကဲ့သို့ ကျွန်တော်သည် သင်းရနံ့ကိုရှူရှိုက်၍ စိတ်ကူးယဉ်ကာ လမ်းလျှောက်ကောင်းနေသော အချိန်၌ ကျွန်တော့်နောက်သို့ ထောင်ကြပ်တစ်ဦး ရောက်နေသည်ကိုမျှပင် သတိမထားမိပေ။

"ဆရာ ... ဆရာ ..."

"ဟေ ... ဘာတုံး မောင်သော်"

ကျွန်တော်က ထောင်ဝါဒါမောင်သော်အား လှမ်းမေးလိုက်ရပါသည်။

"ဆရာ့ကို ထောင်မှူးကြီးဦးထွန်းလွင်က စကားပြောချင်လို့တဲ့ဆရာ၊ ခေါ်လာခဲ့ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုသို့ တိုးတိုးကပ်၍ပြောပြီး ပြန်ထွက်သွားလေသည်။

တိုက်ထဲတွင် ဂျပန်အဖမ်းကိုခံနေရသော ထောင်မှူးကြီးက ကျွန်တော့်အား တွေ့လိုသည်မှာ သာမညကိစ္စဖြင့်မဟုတ်တန်ရာဟု ကျွန်တော် အတတ်တွေးမိပါသည်။ သို့နှင့် ကျွန်တော်သည် လမ်းလျှောက် နေရာမှ ၎င်းတို့ထားရာတိုက်သို့ မလွယ်ပေါက်က ဝင်ရောက်သွားရပါ သည်။ ကျွန်တော်ရောက်သွားသောအခါ ထောင်မှူးကြီးသည် ဝမ်းလျား မှောက်နေရာကထပြီး ...

"ငါ့ကို အပြင်ထုတ်ပါကွာ။ မင်းနဲ့ နှစ်ယောက်ချင်း စကား ပြောချင်တယ်"

ဟုပြောသဖြင့် ကျွန်တော့်မှာ တိုက်ဝန်းအတွင်း ရေချိုးသော နေရာသို့ ရေချိုးထုတ်ဟန်ဆောင်ပြီး ခေါ်ထုတ်ခဲ့ရပါသည်။ အပြင်သို့ ရောက်လျှင် ထောင်မှူးကြီးက ဤသို့ စကားဆိုတော့သည်။

"မင်း ... တို့ကို ဒီလိုပဲ ပစ်ထားတော့မလား။ မင်းမကြံနိုင် ရင် တို့သေမှာပဲကွ"

ကျွန်တော့်မှာ သူ၏စကားကြောင့် အတော်ပင် စိတ်မကောင်း ဖြစ်သွားမိပါသည်။

"ဒီလိုဖြစ်မှာကိုမြင်လို့ ကျွန်တော်အစကပဲ ပြောတယ်မဟုတ် လား။ ခင်ဗျားပြေးပါ၊ အလုပ်ကို ကြည့်မနေပါနဲ့လို့။ အခုတော့ ကျွန် တော်ပြောသလို ဖြစ်ပြီမဟုတ်လား"

ကျွန်တော်က ကရုဏာဒေါသောနှင့် ပြောမိပါသည်။

"မင်းပြောတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ထင်တာတစ်မျိုး ဖြစ်တာကတစ်မျိုး ဖြစ်လာလို့ ဒီလောက်မြန်မြန် ကိစ္စများကုန်တာ"

"ကဲ ... ခု ဘယ်လိုဖြစ်တာလဲ ပြောပါဦး"





"သခင်ကျော်လှ ကိစ္စပေါ့။ ဝါးခယ်မက သခင်တင်ဦးက ငါ့ ဆီကို သခင်ကျော်လှမှာ ထောင်တွင်းမှာအဖမ်းခံနေရလို့ သခင်အချင်း ချင်းမို့ ကြည့်ရှုပါဆိုပြီး သခင်သောင်းဖေကို ဂျပန်ဖမ်းပြန်တော့ ဒီစာ ကိုတွေ့ပြီး သခင်ထွန်းလွင် ဘယ်သူလဲ၊ သခင်ကျော်လှ ဘယ်သူလဲ ဆိုပြီး မီးခိုးကြွက်လျှောက်လိုက်လို့ ငါအခြောက်တိုက် ခံရတာကွ"

ကျွန်တော့်မှာ သူ၏ကျောကြမ်းမှာ ဖန်လာပုံကိုကြားရ၍ ပင့်သက် ကို ခပ်ပြင်းပြင်း ရှူနေမိတော့သည်။

"ဒါပေမဲ့ ငါအဖမ်းခံရတာ တော်သေးတာပေါ့။ ငါ့ဖမ်းတာ မင်းကံကောင်းဖို့ ဖြစ်လာတာ။ ဒါကို မင်းသိရဲ့လား"

"ဟုတ်လား။ ဘယ်လိုလဲဗျာ ပြောပါဦး"

ကျွန်တော့်မှာ အတော်မှုက်လုံးပြူးသွားပါသည်။

"ဒီလိုကွ။ မင်းကိစ္စ ငါသိမြန်လို့ မဟုတ်ရင် မင်းလည်းကြပြီ။ အခု တို့နဲ့အဖမ်းခံနေရတဲ့ သခင်လတ်ကပြောတယ် မင်းအကောင် ထွန်းရွှေဟာ သူ့ဆီက ထောင်မှာသေနတ်လုပ်ဖို့ ဒိုင်ရစ်ငှားသွားပြီး မင်းကိုသွားပေးတာ။ သူက ငါ့ကိုပြောပြတယ်။

ငါလည်း အတော်စိုးရိမ်ပြီး ခင်လတ်ကို ဂျပန်ရိုက်ရင်တော့ ပေါ်ရချည်ရဲ့ဆိုပြီး ကိုခင်လတ်ရယ် ...ခင်ဗျားကို ဂျပန်ကမေးလို့ ဖော်ရင်တောင်မှ ထွန်းရွှေကိုသာပြောပါ၊ ထွန်းရွှေကိုမိမှပဲ ဒီအကြံကို ထောင်မှူးဦးရွှေမောင်နဲ့ ကြံစည်ကြောင်း သူ့ဟာသူပြောပါစေ၊ ခင်ဗျား ထောင်မှူး တိုက်ရိုက်ဆက်သွားတာမှ မဟုတ်ဘဲ။ နောက်ပြီး ထောင်မှူး ခင်ဗျားတို့ ကျွန်တော်တို့အပေါ် ထောင်ကိုရောက်ကတည်းက ကြည့် ... တဲ့လူပါလို့ ကိုယ့်မှာ မင်းအတွက်မှုပင်ပြီး ပြောထားရတယ် ... ခင်ရင်"

www.burmeseclassic.com



ကျွန်တော့်မှာ သခင်ထွန်းလွင်၏ ပြောပြချက်ကို နားထောင်နေစဉ် အလိုလို ကြက်သီးမွေးညင်းများ ထလာပြီး ရင်တွင်း၌ အလုံးတစ်လုံး မတင်မကျဖြစ်လာတော့သည်။

"အဲဒီတော့ မင်းကိုငါညွှာသလို မင်းကငါ့ကို ပြန်ကြည့်ပါဦး။ ငါက လောလောဆယ် ခံစားနေရသူပါကွာ"

"ကျွန်တော့်ကို ဘယ်လိုလုပ်စေချင်သလဲ"

ကျွန်တော်က စိတ်ညစ်ညစ်နှင့် မေးလိုက်ရပါသည်။

"တို့ လွတ်မြောက်ရေးအတွက် မင်းကြံနိုင်သလို ကြံစမ်းပါ။ မင်း ငွေကုန်ကြေးကျနဲ့ ကြံရင်လည်း သခင်ရဲထွန်းအမေဆီသွား။ ငွေကို လိုသလောက်တောင်း။ လူမသေ ငွေမရှားပါဘူးကွာ။ နောင်မှ ရောက်ရားပေါ့။ တို့အသက်တော့ မင်းလက်ထဲမှာပဲ။ ဒါပဲကွာ။ ငါ တိုက်ထဲ ပြန်ဝင်မယ်။ မင်း နက်ဖြန်ညနေ စကားပြန်ကွာ"

ကျွန်တော့်မှာ အတော်ပင် အကြံအိုက်စွာနှင့် သူ့အား တိုက်ထဲပြန်သွင်းပြီး ထွက်လာခဲ့ပါသည်။ သခင်ထွန်းလွင် ထောင်မှူးကြီးပြောသလိုဖြင့် ကျွန်တော်၏အသက်မှာလည်း ဖမ်းထားသူ သခင်များ၏လက်ထဲတွင် ရောက်နေပေပြီ။

အမှန်စင်စစ် ကျွန်တော်၏ တော်လှန်ရေးကိစ္စ ဆက်သွယ်မှုကို အဲဖမ်းခံရသူ လူတိုင်းကပင်သိရှိစေတော့ ဂျပန်များထံ၌ ဖွင့်ပြောရန်ကား လုံးဝသင့်တော်သော အလုပ်မဟုတ်ပေ။ ဤကိစ္စမှာ ပစ္စည်းအတွက်ဝေစုကို လို၍ ခေါ်ပြတိုက်ကြခြင်းလည်း မဟုတ်။

သို့ရာတွင် ယနေ့တိုင်တော့ မပြောဖြစ်သေးပေ။ ၎င်းတို့၏လိုလားချက်အတိုင်း ကျွန်တော် မကြံစည် လုပ်မပေးနိုင်ပါက ကျွန်တော့်အား တန်ပြန်၍ ဒုက္ခပေးမည်လော။ ကျွန်တော့်အား ဒုက္ခပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ဤမျှ ကြီးကျယ်သောစွန့်စားမှုကြီးအတွက် မည်သူက ကူညီနိုင်မည်နည်း။ မည်သူ့အား အသိပေးယုံကြည်စေပြီး ရှင့်ဟ၍ တိုင်ပင်ရအံ့နည်း။

ဂျပန်ခေတ်ဆိုးကြီးတွင် ကိုယ့်ဒူးမှမယုံရသော ဂျပန်ခေတ်ဆိုးအခါ၌ ကျွန်တော်တစ်ဦးတည်းက ထမြောက်အောင်မြင်အောင် လုပ်နိုင်မည့်အရေးမှာ ပြောသလောက် မလွယ်ကူပါ။ လွတ်မြောက်အောင် ကြံ ဆောင်ရမည့်သူများမှာလည်း တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်သည်းမဟုတ်ချေ။

လူပေါင်းတိုက်အတွင်း ၄၂ ဦးတိတိ ကျန်ရှိသူများကို ပေလယ့်ဖို့ဝကွက်ချန်၍ထားလျှင်လည်း ကျွန်တော် တရားရာရောက်ပါမည်လော။ ရဲဘော်အပေါင်းမှာ တစ်ခုတည်းသော အကြံအစည်အတွက် အတူတူ ဒုက္ခရောက်နေကြသည်။ ကိုယ်ရေးကိုယ်တာကိစ္စ မည်သူ့မှာမှမရှိ။

သေတူရှင်ဖက် သဘောထားရပြီး တတ်နိုင်လျှင်လည်း အားလုံးလွတ်၊ မတတ်နိုင်လျှင်လည်း ကမ္ဘာသကာ ကံသာအမိ ကံသာအဘ ဖြစ်သည်ဟု မိမိစိတ်တွင်ဆုံးဖြတ်ပြီး အကူအညီရလိုရငြား မြို့တွင်းသို့ ဆက်ရှာရန် ကျွန်တော် ညတွင်းချင်း ဆင်းလာခဲ့ပါသည်။

ဘုရင်တို့ဘုန်း မိုးလိုချုန်း သူပုန်းတောမှာ မနေသာဟု ဆိုခဲ့ဖူးသော်လည်း ဂျပန်ခေတ်တွင် သူပုန်လုပ်လိုသော ပုဂ္ဂိုလ်များသည် တစ်ဦးမကျန် တောသို့ပြေးကြလေ၍ ကျွန်တော့်မှာ အကူအညီတောင်းခံရန် တစ်ဦးတစ်လေမျှပင် ရှာမရပေ။

ကျွန်တော်ရယူလိုသော အကူအညီမှာလည်း တစ်ခုံခံဆက်သွယ်မှုနှင့် လုံလောက်နိုင်ပေသည်။ အကြောင်းမှာ ထောင်မှူးကြီး၏







www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်စူးစူး လယ်တစ်ကွင်းခြား တစ်နေရာ၌ ဗမော်ရွာမြစ်ရေ ခေါ်သော မြစ်ကျဉ်းလေးမှ လှေဖြင့်စောင့်၍နေရန် ဖြစ်သည်။

သခင်များ အုတ်ရိုးကိုကျော်တက်၍ လွတ်မြောက်လာပါက မြစ်တစ်ဖက်ကမ်းသို့ လှေဖြင့်တင်ဆောင်သွားခြင်းဖြင့် လုံခြုံသောနေရာသို့ ကောင်းစွာ ရောက်နိုင်ကြပေမည်။ ဤကား ကျွန်တော်၏ လိုအပ်သော အကူအညီပင်ဖြစ်တော့သည်။

သို့သော်လည်း ဤကိစ္စအတွက် ပြောသင့်ပြောထိုက် တိုင်ပင်သင့်တိုင်ပင်ထိုက်သူတွေကား တစ်ဦးတစ်ယောက်မျှ ရှာမတွေ့သည့်အတွက် အခက်ကြုံရပြန်၏။ ယနေ့ မတွေ့စေကာမူ နောင်တစ်နေ့တွင် ရှာဦးမည်။ မိမိလုပ်စရာရှိသည့် ကြိုတင်စီမံမှုကိုသာ ပြုလုပ်ထားမည်ဟု စိတ်ကူး၍ အိမ်သို့ ပြန်လာခဲ့ရသည်။

အိမ်သို့အလာတွင် လမ်း၌ ထောင်ဝါဒါမောင်တင်ညွန့်ကိုတွေ့၍ ကျွန်တော့်မှာ စိတ်ကူးရသလိုနှင့် ...

"ဟေ့ ... မောင်တင်ညွန့်၊ ပြောစရာစကားနည်းနည်းရှိလို့ လိုက်ခဲ့ပါဦးကွာ"

ဟုပြောပြီး ကျွန်တော့်အိမ်သို့ ခေါ်လာခဲ့ပါသည်။ မောင်တင်ညွန့်မှာ ကျွန်တော်၏အလုပ်ဘက်တွင် တာဝန်ထမ်းဆောင်နေပြီး ကျွန်တော့်အား ခင်မင်ရင်းနှီးသူ ဝါဒါတစ်ဦးဖြစ်ပါသည်။ ၎င်းမှာ လူပျိုတစ်ဦးဖြစ်၍ မိခင်အိုကြီးကို လုပ်ကျွေးနေပြီး စကားမပြောဘဲ သတ္တိကောင်းသူ လူငယ်တစ်ဦးဖြစ်ပါသည်။

အိမ်သို့ရောက်သောအခါ ကျွန်တော်က စကားစတင်၍ ပြောရ၏။

"ဒီမယ် မောင်တင်ညွန့် မင်းကိုငါ တိုင်ပင်စရာတစ်ခုရှိတယ်။ ကိစ္စက အတော်အရေးကြီးတယ်။ အသက်သေးနဲ့လည်း နီးကပ်တယ်။ မင်းအပြင် ငါ့မှာ တိုင်ပင်စရာလူ မရှိတော့ဘူး။ မင်းကိုယုံလို့ အကူအညီတောင်းရတာ ဖြစ်ပါ့မလား"

"ဆရာနိုင်းရင် ကျွန်တော် မငြင်းပါဘူး"

"အလုပ်က မင်းထင်တာထက် ခက်တယ်။ ငါပြောတာကို မင်းမလုပ်ရဲရင်လည်း ဒီစကား ဒီတွင်ပဲပျောက်ပါစေ။ မင်းဆီက ပေါက်ကြားသွားရင် မင်းကို ငါအရင်သတ်ရမဲ့ကိစ္စကွ။ ဖြစ်ပါ့မလား"

"ပြောပါဆရာ"

"မင်းတို့ဆရာ ထောင်မှူးကြီးရှိတယ် မဟုတ်လား။ သူက ငါ့ကိုခေါ်ပြောတယ်ကွ။ သူတို့သေဖို့ စခန်းကိုရောက်နေပြီ။ အဲဒါ ထောင်ကထွက်ပြေးဖို့ အကူအညီတောင်းနေတယ်။ ဒီကိစ္စကို မင်းနဲ့ငါနှစ်ဦးတည်း ကြံစည်စေချင်တယ်။

တကယ်လို့ ဒီအကြံအောင်မြင်ရင် မင်းရောငါပါ တစ်ခါတည်း လိုက်သွားမှဖြစ်မယ်။ ဒီတော့ မင်းမှာ အမေအိုကြီးရှိတယ်။ ဒီအတွက်ကို စားသောက်လောက်အောင် ငါ ငွေရှာပေးခဲ့မယ်။ ဂျပန်တွေလည်း မကြာတော့ပါဘူး။ ပြေးရတော့မယ်။ ရှောင်နေရရင် ခဏပေါ့။ မင်း ဘယ်လိုသဘောရသလဲဟင်"

မောင်တင်ညွန့်မှာ မမျှော်လင့်သောစကားများကို ကြားရ၍ အားမသိ လုံးဝ စကားပြောဖော်တောင် မရတော့ပေ။ နဂိုကမှ စကားမပြောသောအကောင် တစ်ချီတည်းနှင့် ငိုင်ကျသွားတော့၏။

"ကဲ ... ငါပြောချင်တာကတော့ ဒါပဲ။ မင်း အကုန်လုံးသိရပြီ။ မင်းဟာ အမေအိုကြီးကို လုပ်ကျွေးနေရတဲ့လူဆိုတာ ငါ ကိုယ်ချင်းစာပါတယ်။ ဒါပေမဲ့ မင်းမှတစ်ပါး ငါ တခြားလူမမြင်လို့ ပြောရ

www.burmeseclassic.com



တာကွ"

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာ"

"မင်းကို ငါ ပြေးရမဲ့နေ့ကို ကြိုးတိုက်မှာ တာဝန်ချထားမယ်။ ငါဝင်လာတော့ ဥပါယ်တံမျဉ်နဲ့ သော့ကိုယူခဲ့မယ်။ မင်းက သော့ပေ ကို မှတ်မိတော့ မြန်မြန်ဖွင့်ပေးဖို့ပဲ။ ငါ ထောင်မှူးကြီးပေးတဲ့သော့ မသိဘူး။ မင်းတို့သာ ကိုင်နေကျမို့သိတာ"

"ဆရာ ဒီကိစ္စ မလွယ်ပါဘူး။ တကယ်အသက်စွန့်ရမဲ့ အလုပ်ပဲ ကျွန်တော် စဉ်းစားပါရစေဆရာ"

"အေးလေ ... စဉ်းစားပေါ့။ မင်းတာဝန်က ဒါပဲလုပ်ရမယ် ဒို့မှာက စီစဉ်လုပ်ရမှာ အများကြီးပဲ။ ငါတောင်လုပ်ရဲတာကွာ။ ဒို့မှာ လည်း မိန်းမကိုယ်ဝန်ကြီးနဲ့ပဲ။ သို့သော် မင်းကိုငါ အတင်းတော့ မတိုက် တွန်းပါဘူး။ စိတ်နိုင်မှလုပ်ပါ။ မလုပ်နိုင်ရင်လည်း မင်း ဒီစကား ဘယ်သူ့မှ မပြောစေချင်ဘူး"

"ကျွန်တော် တစ်ညလောက် စဉ်းစားပါရစေ ဆရာ"

"အေး ... အချိန်က သိပ်မရှိဘူး။ နက်ဖြန်ဆက်ဆက် ကြား ပါရစေ။ ကဲ ... သွားတော့"

"ဟုတ်ကဲ့ ... ကျွန်တော်မနက်ဖြန် အကြောင်းပြန်ပါ့မယ်"

မောင်တင်ညွှန့်ထွက်သွားပြီးနောက် ကျွန်တော်တစ်ဦးတည်း ဆက်လက်စဉ်းစား၍ ကျန်ရစ်ခဲ့ရပါသည်။ အကယ်၍ မောင်တင်ညွှန့် ငြင်းဆိုသဘောမတူပါက တခြားနည်းလမ်းဖြင့် အဘယ်ကဲ့သို့လုပ်ရ နည်း။ ကျွန်တော့်မှာ တွေးလေတွေးလေ ချွေးပြန်လာပါတော့သည်။ လျှောက်၍ စဉ်းစားသည်။ ထိုင်၍လည်း စဉ်းစားပြီးပါပြီ။ သို့သော် အတွေး ကားခေါင်လှချေ၏။ အိပ်ရာပေါ်ထိ ပက်လက်လှဲချပြီး စဉ်းစားရပြ





သည်။

အကြံတစ်ခု အတွေးထဲ၌ ပေါ်လာ၏။ သခင်များကို ဂျပန် ကင်ပေက ယခု တစ်ရက် နှစ်ရက်အတွင်း အပြီးတိုင်စစ်ဆေးမည်ဟု သိရသည်။ ၎င်းတို့အား ထောင်မှထုတ်သွားရာ၌ လက်ထိပ်ဖြင့်မဟုတ် ပဲ ကြိုးဖြင့်ချည်နှောင်၍ ထုတ်ကြသည်။ ကင်ပေတိုင်ရုံးမှာ ထောင်ကြီး နှင့် အတော်အလှမ်းကွာသည်။ အစောင့်အကြပ်ပါသူများမှာ ဂျပန်နှစ် ဦးနှင့် ဗမာပုလိပ် ၄ ဦးမျှသာဖြစ်၍ ခြေလျင် အသွားအပြန်ပြုလျက် ရှိပါသည်။

အကယ်၍ ကြိုးကိုဖြတ် နီးစပ်ရာ ဂျပန်နှင့် ပုလိပ်များကို ဖက်လုံးပြီး သေနတ်ကိုလုနိုင်လျှင် လူပြတ်သောနေရာ၌ အားလုံး စည်း ဝါးကိုက်၍ စွန့်စားကြပါက သေသည့်တိုင် ၄-၅ ယောက်ပဲ။ ဤအတိုင်း သာ လည်ပင်းစင်းခံရင်း သေကြရမည့်အစား မထူးတဲ့အနေနှင့် လုပ် ကြရန် အကြံပေးမည်။

ကြိုးဖြတ်ရန် ဓားကလေး လက်မခန့် တစ်ချောင်းကျစီ ငါလုပ် ပေးလိုက်မည်။ တံခါးကအထွက်တွင် ငါကိုယ်တိုင်ဦးစီးပြီး တရားခံများ အား ရှာဖွေခြင်းမပြုဘဲ ဂျပန်လက်ကို အပ်လိုက်မည်။ ဟုတ်ပြီ ...။ ဒီအကြံကောင်းတယ်။ ကျွန်တော့်မှာ တစ်ယောက်တည်း တွေးမိတွေးရာ ဖြစ်နိုင်သော နည်းလမ်းဟူသမျှကို အလွတ်မခံဘဲ စဉ်းစားရင်း အိပ် ပျော်သွားပါတော့သည်။

နံနက်မိုးလင်းသောအခါ မောင်တင်ညွှန့်ရောက်လာပြီး ၎င်း ကမတော်တဆဖြစ်ခဲ့ရင် မအေအိုတစ်ယောက်တည်း ဒုက္ခရောက်မည် စိုး၍ ခွင့်လွှတ်ရန် တောင်းပန်နေတော့သည်။ သူလည်း သူ့အကြောင်း နှင့်သူမို့ ခွင့်လွှတ်လိုက်ရသည်။ သို့သော် ကတိအတိုင်း မပေါက်ကြား



www.burmeseclassic.com

www.burmeseclassic.com



ရန် မောင်တင်ညွန့်အား ထပ်မံ၍ သတိပေးလိုက်ရသေးသည်။

ထိုနေ့နံနက်တွင် ကျွန်တော်သည် စိတ်ပျက်ပျက်နှင့် အလုပ်သို့ ဝင်လာခဲ့ရသည်။ ထောင်တွင်း မိမိ၏ရုံးခန်းတွင် ထိုင်ရင်း ညက အတွေးကို ဆက်၍စဉ်းစားပြန်သည်။ အကြံတစ်ခုပေါ်ပေါက်လာသဖြင့် စီဘရု (C.Brook) ဟုအမည်တွင်သော အကျဉ်းသားကို ခေါ်ခိုင်းလိုက်ရသည်။

ဘရုမှာ အင်္ဂလိပ်ခေတ်က သံလျက်စွန်းစစ်တပ်မှ အင်္ဂလိပ် စစ်သားတစ်ဦးဖြစ်ပြီး စစ်ဗိုလ်ကို သေနတ်နှင့်ပစ်သတ်၍ ထောင်ဒဏ် ၂၅ နှစ် ခံနေရသူဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ထောင်များကို ဖွင့်ပြီး အကျဉ်းသားများအား လွှတ်လိုက်သော်လည်း အင်္ဂလိပ် မျက်နှာဖြူဖြစ်သဖြင့် ဂျပန်ကပြန်ဖမ်းပြီး ကျန်ရှိသေးသော ထောင်ဒဏ်ကိုခံရန် ပြန်ပို့ခြင်းကို ခံရသည်။

ဘရုသည် ဘီကလပ် (B.class) အကျဉ်းသားဖြစ်၍ ၂ ထပ်ကွမ်းခံရသော မိမိ၏အဖြစ်ကို စိတ်အနာကြီးနာကာ ဂျပန်များကို အခဲမကျေဖြစ်နေသည်ကား ပြောဖွယ်မရှိတော့ပြီ။ ၎င်းမှာ ဗမာစကားမတတ်၍ အင်္ဂလိပ်လိုပင်ပြောရရာ ထောင်မှူးများအနက် ကျွန်တော့်အား အတော်လေးစားခင်မင်နေသူ ဖြစ်ပါသည်။ ဘရုရောက်လာသောအခါ ကျွန်တော်က သူ့အား စကားစတင်၍ ပြောမိသည်။

"မင်း ထောင်က မလွတ်ချင်ဘူးလား"

"လွတ်ချင်တာပေါ့ ခင်ဗျာ"

"လွတ်ချင် အုတ်ရိုးကျော်တက်ပေါ့ကွ"

"ကျွန်တော်လွတ်ပေမဲ့ ထမင်းစားစရာအိမ် ရှိမယ်မဟုတ်ပါဘူး"





"မင်း စွန့်စားခန်းတွေ မကြိုက်ဘူးလား"

"ကြိုက်တာပေါ့။ စွန့်စားခန်းကို ငယ်ငယ်ကပဲ ဝါသနာပါတယ်"

"မင်း ဂျပန်ကို မသတ်ချင်ဘူးလား"

"ဒါတော့မပြောနဲ့။ လက်ကို ယားနေတာပဲ။ သခင်တွေကို နှိပ်တာ ငါအားကြီးစိတ်မကောင်းဘူး"

"ဒီလိုဆိုရင် သခင်တွေကို အကူအညီပေးချင်သလား"

"ကျွန်တော် သိပ် အကူအညီပေးချင်တာပဲ"

"ဒါဖြင့် မင်းလည်းလွတ်အောင် သခင်တွေလည်းလွတ်အောင် ငါကြံပေးမယ်။ မင်း သူတို့နဲ့လိုက်သွားမလား"

"ကျွန်တော့်ထောင်မှူးကြီးပါတာပဲ လိုက်မှာပေါ့။ ကျွန်တော် တကယ်လိုက်ရမှာလား။ ဘယ်လိုအစီအစဉ်ရှိသလဲ။ ကျွန်ုပ်သိချင်တယ်"

"မင်း ဘယ်သူ့မှမပြောနဲ့။ ကြိုးလှေခါးတစ်ခုသာ အရံသင့်လုပ်ထား။ မင်းအလုပ်လုပ်ရတဲ့ ပစ္စည်းဂိုဒေါင်မှာ နေ့ခင်းတံခါးပိတ်ပြီးလုပ်။ ကြိုးကို ငါလာပေးမယ်။ ပြီးရင် ငါ့ကိုလာပြော။ ဒီကြားထဲ ဒီအကြံကို သူများသိသွားရင်း မင်းဘာဖြစ်နိုင်တယ်ဆိုတာ မင်းလည်း ညာတတ်ပဲ စဉ်းစားပေါ့"

"စိတ်ချပါ။ ကျွန်တော် ကျမ်းကျိန်ပါတယ်"

ကျွန်တော်၏အစီအစဉ်မှာ တစ်မျိုးနှင့်မရက တစ်မျိုးနှင့်ဖြစ်စေရန် အားထုတ်စီမံလျက်ရှိပါသည်။ ဖြစ်မည်မဖြစ်မည်ကား ကာယကံရှင်များ၏ သတ္တိနှင့် ကျွန်တော်၏ စီစဉ်မှုပေါ်တွင် တည်နေပေသော အကြောင်းတိုက်ဆိုင်က အဆင်မပြေစရာမရှိပေ။

ကျွန်တော် ကြိုးတိုက်ထဲသို့ ဝင်သွားပြီး ထောင်မှူးကြီးအား



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့လျှက် ကျွန်တော်၏စီစဉ်ပုံ အလုံးစုံကို ပြောပြရာ မှထောင်မှူး ကြီးက ငါတိုင်ပင်ကြည့်ဦးမည်။ တော်ကြာ တစ်ပတ်လျှောက်ခဲ့ရန်ပြော သဖြင့် ကျွန်တော် ထွက်လာခဲ့သည်။

နောက်တစ်နာရီခန့်အကြာ ကျွန်တော် တိုက်ဘက်သို့ လှည့် သွားပြန်ပါသည်။ ၎င်းတို့က ကျွန်တော်၏စီမံချက်ကို သိပ်သဘောတူ ဟန် မရှိကြပေ။ သဘောမတူခြင်းမှာ ဂျပန်လက်မှ ကြိုးဖြတ်ပြေးရန် အတွက် အမှန်ပင် လူသေခံကြရမည်။

ဤအတိုင်းနေကြသည်က ဂျပန်များ ၎င်းတို့အား သတ်,မသတ် မသေချာ၍ ကံကောင်းလျှင် လွတ်နိုင်ပုံနှင့်၊ အကယ်၍ ကြံစည်၍ လမ်းတွင်လွှတ်သွားသ[illegible]ဖို့အောင် အိမ်တွင်ကျန်ရစ်ခဲ့သူများနှင့် မြို့ သူမြို့သားများကိုပင် အရမ်းကာရော လုပ်စရာအကြောင်းရှိကြောင်း တစ်ယောက်တစ်ပေါက် ပြောနေကြရာ ကျွန်တော်လည်း မည်သို့မျှ မပြော တတ်တော့ပေ။

"ဒါဖြင့် ခင်ဗျားတို့ကို ကျွန်တော်က ထောင်ဖောက်ပြေးအောင် လုပ်ပေးလို့ ပြေးကြရင်ကော ခင်ဗျားတို့စိုးရိမ်သလို နောက်ကြောင်း အေးနိုင်ပါ့မလား"

ကျွန်တော်က ဤသို့မေးလိုက်ရာတွင် သူတို့လည်း နောက် ထပ် အကြံသစ်တစ်ခုကို အဖြေမပေးနိုင်ဘဲ မတင်မကျဖြစ်နေကြ တော့သည်။

သို့ရာတွင် ထောင်မှူးကြီးက ပြောနေသည်။

"ငါကတော့ ထောင်ဖောက်ပြေးတာ အသေအပျောက်မရှိ ကောင်းမယ်ထင်တာပဲ။ လမ်းတွင် သေနတ်လုရမဲ့ကိစ္စက ဖမ်းမိတဲ့ တွေ မှချသေရမယ်။ ငါတော့ မင်းထောင်ဖောက်ဖို့ ကြံစည်သလို





ရင် ကောင်းမယ်ထင်တာပဲ"

"ခင်ဗျားတို့လုပ်စေချင်ရင် ကျွန်တော် ကြံမယ်လေ။ လုပ်ပြီး တဲ့နောက် ဖြစ်ပေါ်လာမဲ့ အကျိုးတရားကတော့ ဘယ်နည်းပဲဖြစ်ဖြစ် မသက်သာဘူးပဲ။ ထောင်ဖောက်ပြေးမဲ့အရေးက အုတ်ရိုးအတန်တန် ကျော်တက်ရမှာ။ ခင်ဗျားတို့အတွက်လည်း လွယ်လှတာမဟုတ်ဘူး။

တာဝန်စောင့်ကြပ်နေရတဲ့ ထောင်ကြပ်ဝါဒါတွေ အတွက်က လည်း ခင်ဗျားတို့ အေးအေးဆေးဆေး ကျော်တက်နေတာကို ဇိမ်ခံကြည့် နေမှာ မဟုတ်ဘူး။ အုတ်အော်သောင်းနင်းတော့ ဖြစ်ကြမှာပဲ။ ဒီတော့ အသေခံရမဲ့လူတွေက ခင်ဗျားတို့ပဲ။ ကျွန်တော်ကတော့ အဆင်ပြေသလို ကြည့်လုပ်သွားနိုင်ပါတယ်။ ထပ်ပြီး စဉ်းစားကြပါဦး။ အကောင်းဆုံး ဆုံးဖြတ်ချက်ကို ကျွန်တော့်ကိုပြောကြပါ"

ကျွန်တော်သည် လွတ်မြောက်ရေးအစီအစဉ်ကို ခရေစေ့တွင်း ကျ ပြောကြားမှာထားခဲ့ပြီး ထွက်လာခဲ့ပါသည်။

ညနေ ထောင်ပိတ်ပြီးသောအခါ ကျွန်တော်သည် နေဝင်စ အချိန်၌ သတင်းပလင်းနားထောင်ရင်း မြို့ထဲသို့ ခြေဦးလှည့်ခဲ့ရာ ယခင် စစ်တန်းလျားအနီးသို့ အရောက်တွင် ဂျပန်မော်တော်ကားသုံးစီးသည် ကျွန်တော့်တူရှုမှ တောင်ကုန်းဘက်သို့ ပြေးတက်လာသည်ကို မြင်ရ၍ ကျွန်တော်လည်း လမ်းဘေးသို့ကွေ့ရှောင်ပြီး ရပ်ကြည့်နေရာ ဂျပန် ထရပ်ကားသုံးစင်းသည် လူအပြည့်နှင့် ရေတပ်ယူနီဖောင်း၊ ကုန်းတပ် ယူနီဖောင်း စသည်တို့ကို ဝတ်ဆင်၍ ဂျပန်စစ်သား ၆၀ ခန့် မတ်တင် ရပ်၍ လိုက်လာကြသည်ကို တွေ့ရပါသည်။

သူတို့ဝတ်ထားသော ယူနီဖောင်းများမှာ အသစ်စက်စက်ဖြစ် ၍ ဓားလွယ်ကြီးများကို ခါးတွင် အသီးသီးချိတ်ထားကြသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ မော်တော်ကားများမှာ ကျွန်တော့်ကို ကျော်တက်သွားပြီး နောက် ဘယ်ကိုများ သွားကြပါလိမ့်ဟု ရပ်ကြည့်နေရာ ကားဦးခေါင်း များသည် ထောင်ကြီးဘက်သို့ တည့်တည့်မတ်မတ် ကွေ့ဝင်သွားနေ သည်ကို မြင်ရသဖြင့် ကျွန်တော်သည် စီးထားသော ကြားညှပ်ဖိနပ် ကိုချွတ်ပြီး ထောင်ဘက်သို့ အတင်းပြေးလိုက်သွားရပါသည်။

ထောင်နားသို့အရောက်တွင် ဂျပန်များ ထောင်ဘူးဝရှေ့တွင် စနစ်တကျ စစ်ရေးပြသကဲ့သို့ အစုလိုက် တန်းစီလျက်ရှိနေသည်ကို တွေ့ရပါသည်။ ကျွန်တော့်မှာ ကော့န 'သခင်တွေကို လာထုတ်တာပဲ' ဟု အတတ် တွက်ဆထားလိုက်မိပြီး တံခါးမကြီးအတွင်းသို့ ဝင်ရောက် သွားမိပါသည်။

ထိုအခါ မြောင်းမြမြို့ပေါ်ရှိ ကင်ပေတိုင်ရုံး အကြီးဆုံးဂျပန် ဗိုလ်က ...

"မင်းဘာလဲ ထောင်မှူးကြီးလား"

ဟု ကျွန်တော့်အားမေးသဖြင့် ဟုတ်ကြောင်းပြန်ပြောလိုက် ရာ ဂျပန်ကြီးမှာ ခက်ထန်သောမျက်နှာကြီးဖြင့် ကျွန်တော့်အား ပြုံးပြ ပြီး တံခါးမကြီးကို ဖွင့်ခိုင်းပါသည်။

ထိုစဉ် ထောင်ပိုင်ကြီးလည်းရောက်လာ၍ ဂျပန်ကြီး ၃ ယောက် က တိုက်သို့သွားလိုကြောင်း အမိန့်ထုတ်ရာ ကျွန်တော်နှင့်ထောင်ပိုင် ကြီးက သူတို့အား တိုက်ဘက်သို့ ရှေ့ဆောင်၍ ခေါ်လာခဲ့ရပါသည်။ အင်း ... ခက်ကပြီ။ ဒီတချီတော့ လူအကြဲ ခွေဦးရချီရဲ့ဟု ကျွန်တော့်မှာ နှလုံးတုန်ရင်မောလျက် လာခဲ့စဉ် သခင်များထားရာတိုက်သို့ ရောက် လာခဲ့သည်။

ဂျပန်တစ်ဦးသည် တိုက်ဝမှနေပြီး သခင်များကို တစ်ဦးစီ





နာမည်ကိုခေါ်လေသည်။ သခင်များကို နှစ်ယောက်စီတိုင်ခိုင်းပြီး လက် တစ်ဘက်စီ တစ်ပြိုးကျ ကြိုးနှင့်ချည်နှောင်ကြသည်။ ဂျပန်တို့၏ထံမှ အရက်နံ့ဟောင်လှသဖြင့် အတော်ထွေနေကြဟန်တူပါ၏။

လူပေါင်း ၄၂ ဦးရှိသည့်အနက် ၄၁ ဦးကိုသာ ခေါ်ထုတ် သွားကြရာ ထိုင်ရာမှအထ တွင် ထောင်မှူးကြီးဦးထွန်းလွင်နှင့် အခြား ရင်းနှီးသော သခင်များသည် ကျွန်တော့်အား ညှိုးငယ်သောအကြည့် ဖြင့် ကြည့်၍ ...

"ကဲ ... သွားပြီဗျာ။ ခင်ဗျားကို နောက်ဆုံးနှုတ်ဆက်ခဲ့တာ ပဲ။ အိမ်ကလူတွေကိုသာ ကြည့်ပြောလိုက်ပေတော့"

ဟု မရှိတင်ကဲပြော၍ ပါသွားကြရာ သူတို့မှာ သားသတ်ရုံ သို့မောင်းနှင်သွားခြင်းခံရသော သိုးငယ်များကဲ့သို့ သနားစဖွယ် ရင်ကျိုး ဖွယ်အသွင်ကို ဆောင်နေတော့သည်။

ကျွန်တော့်မှာ သူတို့၏နောက်ဆုံးစကားကို ကြားလိုက်ရသဖြင့် ညဉ်ကဲ့သို့ ဖြစ်လာမှန်းမသိ၊ ရင်တွင်းမှ အလိပ်လိုက်တက်လာပြီး အသည်း ဟာဒယဝယ် ဗလောင်ဆူလာကြတော့သည်။ သေရအံ့ဆဲဆဲ သူ၏ စကားကို ကြားရသည့်ပမာ ကျွန်တော့်မှာ တိုက်၏မှောင်ရိပ်တွင် ခုတ်နံ့ရုံကို မှီထားလိုက်ရသည်။ သွားကိုကြိတ်၍ မေးကိုကိုက်ကာ မညီ သို့လုပ်ရပါဟု အကြံထုတ်ပါသော်လည်း ကျွန်တော်၏မျက်လုံးအစုံမှ မျက်ရည်တို့သည်သာ ဒရဟောစီးဆင်း၍ လာကြတော့၏။

သခင်များမှာ မလှုပ်မယှက် ဂျပန်လူသတ်ကောင်တို့ဆွဲခေါ် ရာသို့ သနားစဖွယ် လိုက်ပါသွားကြသည်။ ထောင်ဝရှိ မော်တော်ကား ပေါ်သို့ သူတို့ရောက်သောအချိန်မှာ ည ၈ နာရီခွဲခန့်ရှိပေသည်။ တစ် ယောက်သော ဗိုးကဲကောင်းမှာ ဂျပန်များ အရက်မူးမူးနှင့် လူစာရင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကျော်ဖတ်လေသလော၊ သို့တည်းမဟုတ် တမင်ပဲ ချန်ထားခဲ့လေသလော မသိပေ။ ကြိုးတိုက်ထဲတွင် ကျန်ရစ်ခဲ့ပေသည်။

သို့သော် ကျွန်တော့်မှာ ထိုတစ်ညလုံး ၄၁ ဦးသော သခင်မျိုးချစ်တို့၏ မျက်နှာများကို မျက်စိထဲ၌ မြင်ယောင်နေပြီး တစ်ရေးမျှမအိပ်ရပဲ မျက်ရည်ဖြင့်သာ မိုးစင်စင် လင်းခဲ့ရလေတော့သတည်း။

■ ■ ■

[ ၈ ]

❑

ဂျပန်တို့၏ နောက်ဆုံး သေမင်းခေါ်ရာအချိန်သို့ ဆိုက်ခဲ့သည့်နည်းတူ ဗမာပြည်သူလူထုအား ထွက်ခတ်ခတ်သွားကြမည့် နိမိတ်ကိုပြနေပေသည်။

ဂျပန်များသည် သခင်များကို ထောင်ကမထုတ်မီ နှစ်ရက်ခန့်တပင် ကြို၍ လှည်းပေါင်းမြောက်များစွာဖြင့် တစ်ညလုံး ဘယ်ကသယ်ယူလာသည်မသိပေ။ ထောင်ဆိပ်ကမ်းနဖူးတွင် စုပုံထားသည်မှာ ဧပါးတင်းရေ သုံးသောင်းခန့်အပုံကြီးမျှ ရှိနေလေသည်။ သခင်များကို ထုတ်မည့်နေ့ မွန်းလွဲနှစ်နာရီခန့်တွင် ဒိုင်းနမိုင်းဖြင့် ပစ္စည်းပုံကြီးအောက်မှ ခွဲချလိုက်ရာ ပစ္စည်းများအားလုံး မြစ်ထဲသို့ ကမ်းပြိုရာနှင့်တစ်ပါတည်း ပါသွားလေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်းနမိုင်းအစတစ်ခုပင် ကောင်းကောင်မှလွှင့်စင်လာပြီး ကျွန်တော်၏အိမ်ကိုမှ ရှေး၍ ခေါင်းမိုးပေါ်သို့ လာရောက်နှုတ်ဆက်လေရာ အောက်မှ ပျဉ်းကတိုး ၆ လက်မ၊ ၃ ၂ လက်မရှိဆင့်သားမှာ ထက်ပိုင်းပြတ်သွားပြီး ကြမ်းပြင်ကိုပါ ဖောက်ထွင်းသွားလေသည်။

ထိုစဉ် ကျွန်တော်၏ဇနီးမှာ မီဘအိမ်တွင်ရှိနေသဖြင့် ကျွန်တော့်မှာလည်း ထောင်၌သာရှိနေသောကြောင့် အထိအခိုက် မရှိကြပေ။ ဂျပန်၏ရန်စသည် ဤအထိ ရန်ရှာနေသည်ကို တစ်ဦးတည်းတွေးပြီး ပြုံးမိသေးသည်။

သခင်များကိုထုတ်သွားသောညတွင် သေနတ်သံများ၊ နိုင်းနမိုင်းခွဲသံများ ဟိုမှဒီမှ နားကွဲလုမတတ် ကြားနေရသည်။ တောင်ကုန်း၏ သဘော်ဆိပ်တွင် ပစ္စည်းများ ပုံနှံထားရခြင်းအကြောင်းမှာ ဂျပန်စစ်တပ်များ တခြားနေရာသို့ပြောင်းလို၍ ယူဆောင်ရန်ပုံထားသည်ဟု အများက ထင်မှတ်နေကြသော်လည်း ထင်သလိုမဟုတ်ပဲ ဂျပန်တို့ ပြေးခါနီးဖြစ်သဖြင့် စစ်ပစ္စည်းများကို ဖျက်ဆီးသွားကြခြင်းသာဖြစ်သည်ဟု သိကြရပါသည်။

ဤသို့လျှင် ဂျပန်ဖက်ဆစ်တို့၏ ထွက်ခတ်ခတ်ပြီး ဗမာမျိုးချစ်သူရဲကောင်း သခင် ၄၁ ဦးအား ထောင်မှထုတ်၍ သုတ်သင်သွားခဲ့ကြသည်။ ထိုကဲ့သို့ သုတ်သင်သွားခြင်းနှင့် ပတ်သက်၍ ကျွန်တော်တို့ ထောင်အရာထမ်း အမှုထမ်းတို့က ထင်ကြေးပေးနေကြသည်မှာ သခင်များသည် ထောင်မှထွက်ပြေးရန် တိတ်တဆိတ်ကြံစည်နေပုံကို ထိုနေ့ညတွင်းချင်းပင် ကင်ပေတိုင်ရုံးသို့ တစ်စုံတစ်ဦးက သွားရောက်သတင်းပေးသည်ဟူ၍လည်းကောင်း။ အချို့က ၎င်းတို့သည် သတင်းပေးသူနှစ်ဦးကို ကင်ပေတိုင်ရုံး၌ တပ်အပ်သေချာစွာ တွေ့မြင်ခဲ့ရကြောင်း





နှင့်လည်းကောင်း။ အမျိုးမျိုးအထွေထွေ သတင်းစကားဖြင့် ကျွန်တော့်ထံသို့ လာရောက်ပြောဆိုနေကြပါသည်။ သူတို့၏ထင်ကြေးမြင်ကြေးမှာလည်း ဖြစ်နိုင်စရာ အကြောင်းရှိပါသည်။

မြောင်းမြမြို့ပေါ်ရှိ ဂျပန်များမှာ လေးဘက်လေးတန်က ဗမာ့တပ်မတော်နှင့် တော်လှန်ရေးရဲဘော်များက ဝိုင်းထားပြီးဖြစ်နေရာ ထိုညမှာ တစ်နည်းအားဖြင့်ဆိုရသော် ဂျပန်တို့၏ ယမမင်းခေါ်ချိန်ဖြစ်နေပေသည်။ ဂျပန်တို့မှာ မိမိတို့၏ပြေးပေါက်ကို အရေးတကြီးလုပ်နေရချိန်၌ သခင်များကို သတ်လိုသော်လည်း အချိန်မရ၍ မသတ်ဘဲထားခဲ့ကောင်း၊ ထားရစ်ခဲ့နိုင်သော အခြေအနေတွင်ရှိပေသည်။

သို့သော် တစ်စုံတစ်ဦးက သွားရောက်သတင်းပေး၍ လတ်တလော ထုတ်၍သတ်သွားသည်ဟုလည်း အခြေအနေအရ တွေးတောမိပြန်ပါသည်။ မည်သို့ဖြစ်စေ နိုးတာထက် ရိုးတာက အပြစ်ကြီးသည်ဟု စကားပုံရှိသကဲ့သို့ ကျွန်တော့်မျက်မြင်မဟုတ်သော သတင်းပေးသူနှစ်ဦးအား ကျွန်တော်သည် ဖော်ထုတ်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါ။ တပ်အပ်သေချာသိရပါမူလည်း သက်ဆိုင်သူများ၏ လက်စားချေခြင်းကို ခံရမည်ကား မြေကြီးလက်ဝါးခတ် မလွဲမည်မှာ အမှန်ပင်တည်း။

နောက်တစ်နေ့နံနက် မိုးသောက်အလင်းသို့ ရောက်သောအခါ မြို့ပေါ်တွင် ဂျပန်တစ်ဦးတစ်လေကိုပင် မတွေ့ရတော့ပေ။ သို့ရာတွင် မြို့သူမြို့သားများမှာ ဂျပန်များ မြို့၏ပတ်ဝန်းကျင် တောတနိုတွင် ရှိကြပေမည်လားဟု သံသယဖြစ်နေကြသေးသည်။

သခင် ၄၁ ယောက်တို့ကို ထုတ်သွားပြီး သတ်မှန်းမသိ၊ ခေါ်ဆောင်သွားမှန်းမသိ ဖြစ်နေကြရသည်၏ နှစ်ရက်မြောက်သောနေ့တွင် မြို့ပေါ်မှလူအချို့သည် ဂျပန်စစ်တပ်များစခန်းချသော မြို့၏တောင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်စူးစူးရှိ ဥယျာဉ်ကြီးများနှင့် ရော်ဘာခြံကြီးများသို့ ချဉ်းနင်းဝင် ရောက်ကြည့်ရှုကြရာ ဂျပန်များကို လုံးဝမတွေ့ကြတော့မှ သခင်များ၏ ခွေးမျိုးများနှင့် ရဲဘော်ရဲဘက်များသည် ဝှံဝှံစားစား ရှာဖွေခြင်းကို ပြုရဲ ကြတော့သည်။

ဦးလူလေးခြံဟု အမည်တွင်သော ခြံကြီးမှာ သစ်ပင်ချုံပုတ် များဖြင့် ညို့မှိုင်းအုပ်ဆိုင်းနေပြီး ယခင်က သရက်၊ တညင်း၊ မာလကာ စသော သီးပင်များ ထွက်ရာဖြစ်သော်လည်း ဂျပန်အုပ်စိုးချိန်၌ မည်သူ မျှ ထိုအထဲသို့ ဝင်ခွင့်မရပဲရှိနေသဖြင့် ဂျပန်စစ်တပ်များ ခိုအောင်းလျက် ရှိပြီး ခဲယမ်းမီးကျောက်နှင့် လက်နက်တိုက်များ၊ စစ်ဆေးရုံ၊ စစ်တန်း လျားနှင့် မြေအောက်ခေတ်မီးကြိုးများဖြင့် အခိုင်အခံ့ မြို့တည်ထား သည်ကို အံ့ဩဖွယ်ရာ တွေ့ရလေသည်။

ဂျပန်များပြေးကြမည့် ည (သခင် ၄၁ ဦးကို ထောင်မှထုတ် သွားသောည) ၌ ဒိုင်းနမိုင်း ဖောက်ခွဲခြင်း၊ စက်သေနတ်များပစ်ခတ် ခြင်းတို့မှာ တစ်တောလုံး ဆူညံနေပြီး ၎င်းခြံကြီးအတွင်းမှ 'ကယ်ကြ ပါ' ဟု အော်သံများကြားရကြောင်းနှင့် ခြံအနီးတွင် နေထိုင်ကြသော အချို့က ပြောပြသဖြင့် သိရသောကြောင့် သခင်များကို ဤခြံအတွင်း ၌ပင် သတ်ပစ်ရမည်ဟု ယူဆကြ၍ တစ်နေကုန်ရှာကြရာ ခြံတစ်နေရာ ၌ အမှတ်မထင် သွေးစသွေးနစွန်းထင်းနေသော အဝတ်ပြုအချို့ကို တွေ့ရှိရပေသည်။

ထို့အတွက် ကျန်အမှန်ပင် သတ်သွားပြီဟု ယူဆကြ၍ အနီး တစ်ဝိုက်တွင် မြေစာပုံရှိလိုရှိငြား ဆက်လက်ရှာဖွေကြစဉ် ယခင် ဤ ဥယျာဉ်ကို စောင့်ဖူးသူတစ်ဦးက သွေးစွန်းသည့်အဝတ်များကို တွေ့ သောနေရာ၌ အုတ်ရေတွင်းတစ်ခုရှိကြောင်း။ ယခု အဆိုပါအုတ်ရေ





တွင်းမှာ ထူးဆန်းစွာ ပျောက်နေပြီဖြစ်ကြောင်း ပြောပြသောကြောင့် သိကြသည်။

သို့ဖြစ်လေရာ ရှာဖွေသူများက ရေတွင်းရှိဖူးသည့်နေရာကို အတိအကျပြနိုင်းသဖြင့် ဤနေရာပဲဟု ၎င်းက ညွှန်ပြသောအခါ ထို နေရာမှာ တကယ့်ချုံပင်တို့ဖြင့် ဖိတ်ဖုံးနေ၍ ချုံထဲတိုးဝင်ကြည့်ရသည့် အခါမှ ချုံများမှာ ပကတိသဘာဝချုံများမဟုတ်ပဲ လူလုပ်ထားသော ချုံများဖြစ်နေသည်ကို တွေ့ရသည့်တွင် ရှာသူများမှာ အားတက်သရော ချုံနွယ်ပိတ်ပေါင်းတို့ကို ဖယ်ရှားပစ်ရင်း ရှာကြသောအခါ ရေတွင်းကို လုံးဝမတွေ့ရပေ။

ရေတွင်းရှိသည်ဟု ထင်သောနေရာကို အနည်းငယ် ယက်မြှု ကြည့်ကြရာ လတ်ဆတ်သော အုတ်ကျိုးအုတ်ပဲ့များကို တွေ့ကြသဖြင့် သခင်များကိုသတ်ပြီး ရေတွင်းထဲသို့ပစ်ချလျက် တစ်သားတည်းဖြစ် အောင် ဖုံးပစ်ခဲ့ပေသလောဟု သံသယရှိကြပြန်သည်။

တချို့က ရေတွင်းမှာ အတောင် ၃၀ ခန့်နက်သည်ဟု ဥယျာဉ် စောင့်ပြောပြချက်အရ ဤမျှနက်သော ရေတွင်းကို ဂျပန်များ အပင်ပန်း ခံ၍ မြေဖို့ပစ်မည်မှာ မဖြစ်နိုင်ကြောင်း ဝေဖန်ကြပြန်သည်။ သို့ရာတွင် ရေတွင်းနေရာမှာ သေချာသလောက်ဖြစ်နေကြသဖြင့် ရေတွင်းကိုတူး ဖော်ကြည့်ရန်မှတစ်ပါး အခြားရှာဖွေရန် မရှိတော့။

ရေတွင်းတစ်ခုလုံးကို မြေဖို့ထားခဲ့သည်မှာ အဓိပ္ပာယ်တစ်ခု တော့ရှိရမည်ဟု တညီတညွတ်တည်းယူဆကြ၍ အနီးအနားရှိအိမ်များ မှ ပေါက်တူး၊ တူးရွင်း၊ စသည်များကိုငှားလျက် ရဲဘော်တစ်စု ဝိုင်းဝန်း တူးကြရာ အုတ်ခဲများကို လူတစ်ခါးတစ်ဝိုင်းခန့် တူးယူမိရာ၌ တွင်းထဲ မှ စိမ်းရွှေရွှေ ရှုံးရှုံ အနံ့အသက်များ ပေါင်း၍ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တူးကိုင်နှစ်ဦးမှာ ထိုအနံ့ကြောင့် မူးဝေပြီး တွင်းထဲတွင် ပုံလျက်သား လဲကျသွားရာ ဝိုင်းဝန်းကြည့်နေသူများက လန့်ဖြန့်သွားကုန်ကြပြီး မူးမေ့နေသူများအား သတိရအောင် မနည်းကြီး ပြုကြရပြန်သည်။

သို့နှင့် တွင်းကိုမတူးရဲအောင် ဖြစ်လာကြပြီး ငွေကြေးဖြင့် ငှား၍ တူးဖော်ရန် စီစဉ်ကြရပြန်သည်။ ဆက်လက်တူးရန်မှာလည်း ရိုးရိုးအရပ်သားများ သွေးမနိုင်သဖြင့် မတူးလိုကြပေ။ ထို့အတွက် ထ နေကုန်ကြရပြန်၏။

ဤသတင်းမှာ နောက်တစ်နေ့ မြို့ထဲ၌ ဟိုးလေးတကျော်ကျော် ဖြစ်နေကြရာ များစွာသော မြို့နေလူထုသည် သွားရောက်ကြည့်ရှုကြသဖြင့် ပွဲတော်တမျှ စည်ကားနေသည်ကို တွေ့ရပါသည်။ ယနေ့တူးရေး အစီအစဉ်မှာ စဏ္ဍာလများအား ပိုက်ဆံပေး၍ တူးဖော်စေပြီး မည်သည့် ပစ္စည်းမဆို အလောင်းနှင့်အတူတွေ့ရှိပါက စဏ္ဍာလများက ယူပိုင်ခွင့် ရှိစေရမည်ဟု ပဋိညာဉ်ပေးထားပြီး စဏ္ဍာလများတူးနေကြစဉ် ကျွန်တော်နှင့် ထောင်ကြပ်အုပ်တို့ သွားရောက်ကြည့်ရှုကြပါသည်။

တူးဖော်နေကြစဉ်အတွင်း အလွန်အခံရခက်၍ ပြင်းထန်မှု စပ်လှသော အနံ့အသက်များ ထွက်လာပြန်သဖြင့် စဏ္ဍာလတစ်ဦး သတိလစ်သွားပြန်လေရာ ဤစဏ္ဍာလများမှာ ဆက်လက်မတူးနိုင်တော့ကြောင်း လက်မြှောက်လိုက်ကြ၏။ သက်ဆိုင်သူဆွေမျိုးများမှာ အလုပ်နှံ့ထွက်လာလျှင် ကြိမ်းသေ အလောင်းများတွေ့ရတော့မည်ဟု မျှော်လင့်နေရာက စဏ္ဍာလများက ယခုကဲ့သို့ ငြင်းဆိုနေသောအခါ အမျ စိတ်မကောင်းဖြစ်ကြပြန်သည်။ မည်ကဲ့သို့လုပ်ရမည်နည်းဟု တစ်ယောက်တစ်ပေါက်ပြောဆိုကာ ဆူညံနေကြတော့သည်။





ကျွန်တော်နှင့် ထောင်ကြပ်အုပ် ကိုသန်းမောင်တို့လည်း မောဟာရှိသည်နှင့် သစ်ပင်တစ်ပင်အောက်သို့ သွားရောက်အပန်းဖြေနေကြစဉ် သခင်ရဲထွန်း၏ မိသားတစ်စုမှာ ကျွန်တော့်အားမြင်လေသဖြင့် လာရောက်ပြီး မည်ကဲ့သို့ ထောင်မှထုတ်သွားပုံ၊ ဤရေတွင်းတွင် သခင် အလောင်းများ ရှိနိုင်မည်ထင်,မထင်၊ ဂျပန်များ ဤနေရာသို့ ခေါ်သွားသည်ဟု ကြား,မကြား စသည့်မေးခွန်းများကို ငိုငိုရီရီ မေးမြန်းကြသည်။

ထိုစဉ် အခြားသော သူရဲဘော်များ၏ ဆွေမျိုးများလည်း စုဝေးရောက်လာကြရာ သခင်ရဲထွန်း၏ မိခင်နှင့် နှမများက သခင်များကို ထုတ်ပေးလိုက်ရသူမှာ ဤထောင်မှူးပင်ဖြစ်၍ အတ္ထုပ္ပတ္တိအစုံကို သိလိုက မေးမြန်းကြရန် မိတ်ဆက်ပေးသဖြင့် ကျွန်တော့်အား အလယ်ထား၍ မေးမေးငိုငို ပြုကြပြန်သည်။

ထိုစဉ် အကြောင်းမသိသူအပေါင်းတို့မှာ ကျွန်တော့်အနီးမှ လူအုပ်ကြီးကို မြင်တွေ့ရသဖြင့် ...

“ဘာကြောင့် ငိုနေကြပြန်သလဲ”

ဟု သိလိုစောနှင့် ဝိုင်းအုံ၍လာကြပြန်ရာ ကျွန်တော်မှာ ငိုအားထက် ပြုံးအားသန်ဖြစ်ရပြန်၏။

သို့နှင့်ပင် တချို့ရဲဘော်များက အလောင်းတူးဖော်ရန်မှာ အလွန်ခယဉ်းနေပြီဖြစ်၍ တစ်နည်းတစ်လမ်းဖြင့် အကျဉ်းသားများကို ခေါ်ယူပြီး တူးဖော်ပေးနိုင်က ပေးပါမည့်အကြောင်း ကျွန်တော့်အား လောဆော်ကြလေရာ ကျွန်တော်က ဤနေရာမှာ ထောင်နှင့်အလွန်ဝေးကြောင်း၊ သို့ရာတွင် ယခုအခါ၌ အစိုးရမရှိတော့ပြီဖြစ်၍ မြို့ပေါ်မှ လူကြီးလူကောင်းများ ထောင်ပိုင်ဝန်အား အကျိုးသင့်အကြောင်းသင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောကြမည်ဆိုလျှင် အကျဉ်းသားများကိုတူးစေရန် တိုက်တွန်းပေးနိုင်ကြောင်းနှင့် ထွက်မပြေးရန်ကိုပါ ကျွန်တော်ကိုယ်တိုင် စောင့်ရှောက်ပေးနိုင်ကြောင်း ပြောပြရာ သူတို့မှာ တအားတက်ပြီး ထိုနေ့အတွက် ဤမျှနှင့်ပင် တစ်စခန်းရပ်ကြရလေသည်။

နံနက်မိုးလင်း ၈ နာရီအချိန်တွင် မြို့ပေါ်မှ အရေးပါအရာရောက်ကြသော လူကြီးတချို့ ထောင်သို့ရောက်လာကြပြီး မနေ့က ကျွန်တော် အကြံညာဏ်ပေးသည့်အတိုင်း အလောင်းတူးဖော်ရန် အကျဉ်းသားများကို ထုတ်ပေးရေးအတွက် အကူအညီကို ထောင်ပိုင်ဝန်ထံ တောင်းဆိုကြရာ ထောင်ပိုင်ဝန်က အစိုးရမရှိသော်လည်း အကျဉ်းသားများကို လွှတ်ပစ်ခြင်းမရှိသမျှ ကာလပတ်လုံး ၎င်းမှာ တာဝန်ရှိကြောင်း၊ အကျဉ်းသားများမှာ ထောင်နှင့် ၄ မိုင်ခန့်ဝေးသော ဝေးသည့်နေရာ၌ အလုပ်လုပ်ရမည့်အပြင် အစိုးရမရှိတော့ကြောင်း သိနေကြ ထွက်ပြေးပါက အခက်အခဲရှိနိုင်ကြောင်း ပြောပြပြီး ကျွန်တော့်အား ခေါ်ယူတိုင်ပင်ပါသည်။

ကျွန်တော်က ထောင်ပိုင်အား တင်ပြရသည်။ ရက်ပိုင်းမျှသာ လွှတ်ရန်လိုတော့သော အကျဉ်းသား ၂၀ ခန့်ကိုရွေးချယ်ပြီး လူလောင်း ဖော်နိုင်းရန်၊ ဖော်ပြီးသောအခါ အထူးဆုမှတ်ရက်ပေးပြီး လွှတ်ပစ်မည် ကို ကြိုတင်ပြောထားရန်နှင့် ဤသို့ဆိုက ထွက်ပြေးမည်မထင်ကြောင်း၊ ကျွန်တော်ကိုယ်တိုင် လိုက်၍ ကြပ်မတ်ပေးမည့်အကြောင်း ပြောပြရာ ထောင်ပိုင်ကြီးက ကျွန်တော့်အား တာဝန်လွှဲ၍ သဘောတူပြီး ခွင့်ပြု လိုက်သဖြင့် ပြဿနာချောမောသွားသည်။

ကျွန်တော်လည်း လုပ်ငန်းအတွက် ချက်ချင်းစီစဉ်၍ လူပေါင်း ၂၀ ကို ထောင့်ကြပ်အုပ် ဦးသန်းမောင်ကြီးမှူးစေပြီး ပေါက်တူး၊ ပေါက်



ချွန်း၊ ကြိုး၊ လှေကား စသည့် လိုအပ်သောကိရိယာများကို အပြည့်အစုံယူ၍ နံနက် ၁၀ နာရီတွင် ကျွန်တော်တို့တစ်စု ထောင်မှ ထွက်ခွာလာခဲ့ကြပါသည်။

မြှုပ်နှံထားရာသချိုင်းအဝို ရောက်သောအခါ စ၍တူးကြပါသည်။ တူးရမည့်တွင်းမှာ အဝကျဉ်းနေ၍ အပုပ်နံ့နှင့် ဆေးနံ့တို့မှာ အပလေတို့ မရသဖြင့် အတွင်း၌ လှိုင်နေလေသည်။ ထိုအတွက် ဘေးမှမြောင်း တစ်ခုတွင်းထဲသို့ ဆင်ခြေလျှောတူးနိုင်မှ အနံ့လည်း ပြန်လွင့်သွားပြီး လူအတက်အဆင်းလည်း လွယ်ကူမည်ဟု တိုင်ပင်ကြသည်။

ထိုအကြံကို အားလုံးသဘောတူ (၁၀) လံမျှဝေးသော မြောင်း တစ်ခုတွင်းဆီသို့ ဆင်ခြေလျှောတူးလျက် တွင်းဘေးကိုဖောက်၍ အုတ်ခဲများကို ဖြိုဖျက်လိုက်ရာ ဆေးနံ့နှင့် အပုပ်နံ့များ၊ အတော်ပင် သက်သာသွားပါသည်။

သို့ရာတွင် အပုပ်နံ့ကား မခံမရပ်နိုင်အောင် နံစော်လျက်ပင် ရှိနေသေးသဖြင့် တူးနေသူ အကျဉ်းသားများက အပုပ်နံ့ကိုခံနိုင်ရန် မှာ အရက်ရလျှင် အလုပ်တွင်မည်ဖြစ်ကြောင်း ကျွန်တော့်အားပြောပြကြသည်။ သူတို့၏ပြောကြားချက်ကို သက်ဆိုင်ရာ၌ တောင်းခံရမည့် အတွက် ကျွန်တော့်မှာ အခက်ကြုံရပြန်တော့သည်။

အလောင်းများကို တွေ့ရန်မှာလည်း အပုပ်နံ့ ပြင်းစွာထွက်သည်ကိုထောက်ရှု၍ တွေ့ခါနီးပြီဟု မှန်းဆရသည်။ သို့ရာတွင် အကျဉ်းသားများက ဆိုးဝါးသောအနံ့ကြီးကြောင့် ဆက်လက်၍ မတူးလိုကြပေ။ သက်ဆိုင်သူ ဆွေမျိုးညာတိ သင်္ဂဟများက အချိန်နီးပြီဖြစ်၍ ကြိုးစား ပြီးတူးရန် အမိန့်ပေးစေလိုကြောင်း ကျွန်တော့်အား ဝိုင်း၍တောင်းပန် ကြရာ ကျွန်တော့်မှာ တစ်ခက်မှ နှစ်ခက် ကြုံရပြန်သည်။

www.burmeseclassic.com



သို့သော် မပြောမပြီးဆိုသလို အရက်ဝယ်ပေးရန် ပြောရမည့် အရေးကို ငဲ့ညှာအားနာနေပါက ဤမျှ ပုပ်ဟောင်နေသော အလောင်း တူးဖော်ရေးမှာ ဖြစ်မြောက်ရန် လမ်းမရှိတော့။ အကျဉ်းသားများမှာလည်း ရာဇဝတ်ဒဏ် သင့်နေကြသော်လည်း လူပင်မဟုတ်ပါလော။

စဏ္ဍာလပင်မကိုင်လိုသော အလုပ်ကို ကျွန်တော်က အမိန့် အာဏာသုံးရမည်ကိုလည်း ကျွန်တော့်အဖို့ တရားနည်းလမ်းကျမည် မဟုတ်ပေ။ သို့နှင့်ပင် ကျွန်တော်က သက်ဆိုင်သူဆွေမျိုးများအား ကျွန်တော်တို့မှာ စေတနာ့ဝန်ထမ်းများဖြစ်ကြောင်း၊ သေဆုံးသူများထံမှ ရမည့်ပစ္စည်းများကိုလည်း စဏ္ဍာလကဲ့သို့ အကျဉ်းသားများကို ပေးစရာ မလိုကြောင်း အစချီပြီး ရှေ့မျက်နှာနောက်ထား၍ အရက်ရှာပေးရန် တောင်းခံလိုက်ရာ ရှောရှောရှူရှူပင် ရက်ရောစွာ အရက် (၁၀) ပုလင်းကို ရှာဖွေပေးကြ၍ ကျွန်တော်က အကျဉ်းသားများအား တစ်နေ့အတွက် မပြီးမချင်း ရေချိန်ကိုက်အောင် အရက် ၁၀ ပုလင်းကို မျှ၍တိုက်ပေးလိုက်ရာ မွန်းလွဲသုံးနာရီခန့်တွင် အရက်၏တန်ခိုးကြောင့် လူကောင်းကို စ၍တွေ့သောအခြေသို့ အောင်မြင်စွာ ဆိုက်ရောက်ခဲ့ပါတော့သည်။

အရက်ကို အလွန်အကျွံတိုက်လျှင်လည်း အရက်မူးမူးနှင့် တောထဲ၌ ကျွန်တော်၏အမိန့်ကို မနာခံဘဲ ကာပြန်မည်ဆိုက ကျွန်တော်မှာ လုံးဝတာဝန်ယူထားသူဖြစ်၍ အလုပ်မှ ပြီးပါစေတော့ဟု မျက်စိမှိတ်လိုက်ရခြင်းဖြစ်ပါသည်။ အကျဉ်းသားများ အရက်တိုက်သည်ဟု အထက်လူကြီးနားသို့ ပေါက်ကြား၍ တစ်စုံတစ်ခုဖြစ်ပါချေသော် ကျွန်တော့်မှာ ကာကွယ်ထုချေရန် နည်းလမ်းမရှိတော့ပေ။

ကျွန်တော်တို့ထောင်အလုပ်မှာ အချိန်နှင့် လုပ်ကိုင်ရသူများ ဖြစ်၍ အချိန်မီ ထောင်သို့ပြန်နိုင်ရေးအတွက် အလောင်းများကို တိုက်





ဆုတ်ရိုက်၍ဖော်ကြရာ ပထမဦးဆုံး သခင်အလောင်း နှစ်လောင်းကို လက်ချည်းချည်လျက်သား တွေ့ရပါသည်။

အလောင်းများမှာပုပ်ပွနေပြီး မြေဓာတ်ဖြင့် ဆွေးမြေ့နေသဖြင့် အပေါ်သို့ စက်သီးကြိုးတပ်၍ ဆွဲရာတွင် လက်မောင်းများ ငှက်ပျောသီးကြွေသလို ပြုတ်ထွက်ကြွေကျသွားကြပါသည်။ အလောင်းနှစ်လောင်း တွေ့ပြီးနောက် ကျန်အလောင်းများကို တစ်စုတည်း မတွေ့ရသဖြင့် ထပ်မံ၍ တူးဖော်ပြန်ပါသည်။ ဤသို့ဖြင့်ပင် အလောင်းတစ်ထပ် မြေတစ်ထပ် တူးဖော်လိုက်ရာ ညနေ ၄ နာရီမထိုးမီ အလောင်း ၁၀ လောင်းတိတိကို ရရှိပေသည်။

အချိန်က နီးလာပြီဖြစ်သဖြင့် အကျဉ်းသားများအား ထောင်ပိတ်ရန် တာဝန်ကရှိနေသေးသောကြောင့် သက်ဆိုင်သူအလောင်းရှင်များအား နက်ဖြန်မှ ဆက်လက်တူးပေးမည်ပြောပြီး ထောင်သို့ ပြန်ခဲ့ကြသည်။

တူးဖော်ရရှိသော အလောင်းများမှာ ရုပ်ဆင်းသဏ္ဌာန် ပျက်နေသောကြောင့် တစ်ဦးနှစ်ဦးမှအပ ကျန်သူများကို မှတ်မိရန် ခဲယဉ်းနေပေတော့သည်။ ၎င်းတို့၏ အဝတ်အစားများနှင့် လက်စွပ်၊ ကြယ်သီးသည်များကိုကြည့်၍ သက်ဆိုင်သူများကသာ ဒါ 'ဘယ်သူ-ဘယ်ဝါ' ဟူ၍ သိနိုင်ကြတော့သည်။

အလောင်းများပေါ်တွင် တွေ့မြင်ရသော ဒဏ်ရာများမှာ တချို့တွင် ဓားဒဏ်ရာ၊ တချို့မှာ လှံစွပ်ထိုးရာနှင့် သေနတ်မှန်ရာများဖြစ်ပြီး အချို့ကျပြန်တော့လည်း လုံးဝဒဏ်ရာမရှိဘဲ အသားလွတ် အရှင်လတ်လတ် တွင်းထဲသို့တွန်းချပြီး မြေဖို့လိုက်ဟန်တူပါသည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် ရက်ဆက်တူးလိုက်ရာ အလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်များကို စုလင်စွာရရှိ၍ အလောင်းအသီးသီးများကို အခြားတပါး သို့ ရွှေ့ပြောင်းရန် မဖြစ်နိုင်သဖြင့် စုပုံပြီး ထိုနေရာ၌ပင် မီးသင်္ဂြိုဟ် လိုက်ကြသည်။

အလောင်းများကို လောင်မြိုက်သော မီးတောက်ကြီးများနှင့် အတူ သက်ဆိုင်ရာ သေသူတို့၏ မိဘဆွေမျိုး ဇနီးတို့၏ ပရိဒေဝမီး သည်လည်း စင်ပြိုင်တောက်လောင်ကြ၍ ငိုကြွေးသံတို့မှာ တစ်တောလုံး ဆူညံသွားစေကာ မြင်ရသူအပေါင်း ကြားရသူအပေါင်းတို့မှာ ဘဝင်ရှု ရင်မှ မြစ်ကြရတော့သည်။

မျိုးချစ်သခင် ၄၁ ဦး ကောင်းရာသုဂတိသို့ လားပါစေ။ ဆွေ မျိုးသားချင်းတို့လည်း အနာဂါတ်၏ အာဘနည်နေ့တွင် တစ်ပြိုင်တည်း ငိုကြွေးကြပါစေသတည်း။

သို့သော် ချီးကျူးစရာတစ်ခုကိုတော့ ဖွင့်ရေးရပေဦးမည်။ အလောင်းတူးဖော်ရာမှ ပြန်လာကြသော အကျဉ်းသားများမှာ တစ်ကိုယ် လုံးအပုပ်ရည်များ ရွှဲရွှဲနစ်နေသဖြင့် မည်မျှပင် ဆပ်ပြာနှင့် တိုက်ချွတ်စေ ကာမူ အနံ့အသက်မှာ စွဲနေသည်သာဖြစ်၍ ၎င်းတို့ကို အခြားအကျဉ်း သားများနှင့် ခွဲခြားပြီး အိပ်စေရသည်။ ဤမျှ နံစော်လှသောအလုပ် ကို မရှုံ့မရှာ ဤအကျဉ်းသားများသာ အထူးဂရုတစိုက် ဖော်လှန် တူး ဖော်ပေးကြခြင်းကို မချီးကျူးဘဲ မနေနိုင်ပေ။

စရွာလတို့ပင် လက်မြှောက်ရသောကိစ္စ၊ ငွေမည်မျှပေးစေ မည်သည့်အလုပ်သမားကမှ မလုပ်လိုသောကိစ္စကို အကျဉ်းသားများ က ဤသို့ မြူလုပ်ပေးကြသည်မှာ အာဏာကိုကြောက်၍မဟုတ်ဘဲ ၎င်း တို့၏ မျိုးချစ်စိတ် ထက်သန်မှုကြောင့်ပင်ဖြစ်ကြောင်း ယုံမှားသံသယ မရှိပေ။ စရွာလတို့အား အောက်ကျို့ခံ၍ အလောင်းကိုတူးဖော်ပေး





က အလောင်းများ၌ မည်သည့် လက်ဝတ်လက်စားပင် တွေ့စေကာမူ အပိုင်ယူရန် တောင်းပန်ခဲ့ရသော်လည်း ငြင်းဆိုခဲ့ကြသည်။

ယခု အလောင်းများကို သုံးရက်တိုင်တိုင်တူးဖော်၍ အလောင်း ပေါင်း ၄၁ လောင်းတိတိကို အပြည့်အစုံ ရရှိခဲ့သော်လည်း အလောင်း များ၌ရှိသော ရွှေငွေပစ္စည်းများကို သက်ဆိုင်သူများက အသီးသီး အသက,အသက အကျဉ်းသားများက ပေးအပ်လိုက်သည့်အခါ ဝမ်း မြောက်ဝမ်းသာ ယူငင်သွားကြလေသည်။

ဤသည်နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမှ အကျဉ်းသားများအား စေတနာရှေ့ထား၍ တစ်စုံတစ်ခုသော တန်ဖိုးကို အကျဉ်းသားများအတွက်ဟုဆိုကာ ဆုတော်,လာဘ်တော် ပေးအပ်ခြင်း မပြုကြသည်မှာလည်း သက်ဆိုင်သူတို့၏ မဟာချွတ်ယွင်းချက်တစ်ရပ် ဟု ဆိုချင်ပေသည်။

သို့ရာတွင်၊ ဤကိစ္စကား အကျဉ်းသားများက တောင်းဆိုခြင်း မရှိပါပေ။ ထိုကိစ္စနှင့်ပတ်သက်၍ အလောင်းတူးဖော်ပြီး ထောင်သို့အပြန် ၌ ဒွင် လမ်း၌ အတော်အရွှန်း, အသောနိုင်သော အကျဉ်းသားတစ်ဦး က ပြောသည်မှာ ...

''မိန်းမတစ်ယောက်ဗျာ ... သူကြည့်နေတဲ့အလောင်းဆီက စိန်လက်စွပ်ကို မငိုမရယ်၊ မရှုံ့မရှာ ချွတ်ယူတယ်ဗျ။ ကျွန်တော်က လည်း သေသေချာချာ ကြည့်နေတယ်။ လက်စွပ်ကို အလောင်းနဲ့အတူ တူတွေ့နေမှ သူတို့လူအစစ်ရယ်လို့လည်း သိနေမှ ငိုလိုက်ပါတော့လား အဲ ... အဲ ... မငိုဘူးဗျာ။

လက်စွပ်ကိုသာ မရမကချွတ်ပြီး ရေပါသေပြီးမှ တကိုယ်တည်း အိတ်ထဲကို ကျစ်ကျစ်ပါအောင်ထည့်တော့တာပဲ။ အဲ ... နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ အမယ်လေးတော် ကျွန်မတို့ ဘယ်လိုနေခဲ့ရမလဲတော့လို့ အော်ငိုလိုက်တာ တက်တောင်တက်သွားသေးဗျ။ ဟား ...ဟာ ...ဟား ပစ္စည်းမက်တဲ့မိန်းမဗျာ။ လူတစ်ယောက်လုံးဆုံးနေမှ ပစ္စည်းကိုမက်မောတာ ထင်ရှားတယ်"

ဟုပြောလိုက်ရာ သူ၏အဖော် အကျဉ်းသားများမှာ တဝါးဝါး ရယ်မောကြပြီး ထိုစကားသည် 'လူကိုသာမက်တာပါ။ ပစ္စည်းမမက်ပါဘူး'ဟူသော ပြောနေကျ မိန်းမသားတို့၏စကားကို တော်လှန်လိုက်ဘိသကဲ့သို့ ပြောစမှတ်တစ်ရပ်အဖြစ် ထင်ကျန်ခဲ့တော့သည်။

သခင်အလောင်း ၄၁ လောင်းကို ကောင်းစွာ ဖုတ်ကြပြီးမီး သဂြိုဟ်၍ အရိုးကိုကောက်ပြီး အိုးသစ်တွေထဲထည့်လျက် အာဇာနည် ကျောက်တိုင် ထူစိုက်လိုက်လေသည်။

ထိုကျောက်တိုင်ကား မြောင်းမြမြို့၏ ဘောလုံးကွင်းအနောက်ဘက် ခရိုင်ဝန်မင်းအိမ်ရှေ့ ကွက်လပ်တွင် မားမားမတ်မတ် ရပ်တည်လျက် ဗမာတစ်မျိုးသားလုံးအား အမြဲတစေ သတိရနေစေတော့သည်။

[ ၉ ]

ဂျပန်များလည်း ဗမာ့မြေပေါ်မှ ပြေးလေပြီဖြစ်၍ ဗမာပြည်သည် အုပ်ချုပ်ရေးမရှိတော့ဘဲ မင်းမဲ့တိုင်းပြည်အဖြစ် ကာလပျက်ကြီးထဲသို့ ရောက်ခဲ့၏။

အုပ်ချုပ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် မြို့ပေါ်ရှိ အရာရှိ ပေါင်းစုံက ရှေ့ဆောင်၍ အုပ်ချုပ်ရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းကြလေသည်။ အုပ်ချုပ်ရေးတွင် အခက်ခဲဆုံးတစ်ရပ်မှာ အကျဉ်းသားတစ်ထောင်ကျော်ကို မြို့ရွာငြိမ်ဝပ်ပိပြားရေးအတွက် မလွှတ်ဘဲထားမလား၊ မထားဘူးလားဟူသော ပြဿနာတစ်ရပ် ပေါ်လာ၏။

အကယ်၍ တစ်ထောင်ကျော်မျှသော အကျဉ်းသားများကို ဤအတိုင်း မလွှတ်ဘဲထားပါက မည်သူက အကုန်အကျခံ၍ သူတို့၏စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ရေးကို ဖြေရှင်းမည့်နည်းဟူသည့် ပြဿနာမှာ ဖြေရှင်း၍မရ နိုင်အောင် ဖြစ်နေကြသည်။ သို့နှင့် ခရိုင်ဝန်ရုံးတွင် အဖွဲ့ဝင်ပေါင်း စုဝေးစဉ်းစားကြရာ အစိုးရဌာနအသီးသီးမှ ကိုယ်စားလှယ်များ အစုံ အလင်တက်ရောက်ကြပြီး ကျွန်တော့်မှာ ထောင်ပိုင်ဝန်ကိုယ်စား အစည်း အဝေးတက်ရသည်။

အစည်းအဝေးတွင် အထက်ပါ အကျဉ်းသားပြဿနာကို စဉ်း စားကြရာ၌ မလွှတ်မည့်ဘက်က လူများနေသည်ကို တွေ့ရပြန်သည်။ သူတို့၏အကြောင်းပြချက်တွင် အကျဉ်းသားများကို လွှတ်လိုက်ပါက ချက်ချင်း မြို့တွင်းကို ဝင်ရောက်တိုက်ခိုက် လုယူကြမည်ဖြစ်၍ မြို့ဆူ သွားမည်ဖြစ်ကြောင်း တင်ပြကြသည်။

ထိုအစည်းအဝေးတွင် ကျွန်တော်မှတ်မိသလောက် သူဌေး ဦးဘလှ (မင်းတိုင်ပင်အမတ်ဟောင်း) နှင့် ဗိုလ်အောင်မြိုင် (ယခု ကရင် ဗိုလ်ချုပ်)တို့ ကျွန်တော့်အနီးတွင်ထိုင်လျက် ရှိကြသည်။ ကျွန်တော့် မှာ ဤအစည်းအဝေးပွဲသို့ တက်ရောက်နိုင်သည့် အရာရှိအဆင့်အတန်း မရှိပါ။

ထောင်ပိုင်ကြီး နေမကောင်း၍သာ သူ့ကိုယ်စားလာခဲ့ရသဖြင့် ငြိမ်ငြိမ်ကလေး နားရှက်မခတ်ဘဲ နားထောင်နေရပါသည်။ အကျဉ်းသား များကို မလွှတ်သင့်ကြောင်း ပြောနေသူများအား သူဌေးဦးဘလှနှင့် ဗိုလ်အောင်မြိုင်တို့က လွှတ်သင့်ကြောင်းဘက်မှ အကျောက်အကန်ပြန်၍ ပြောနေကြသည်။

နောက်ဆုံးတွင် ဦးဘလှက ကျွန်တော့်အက်သို့လှည့်၍ ...

"ထောင်အရာရှိဘက်က ဘယ်လိုသဘောရပါသလဲ"

ဟု လှမ်း၍ အကြံတောင်းလိုက်သည်။ သို့နှင့် ကျွန်တော်က





ထ၍ မိမိ၏ ထင်မြင်ချက်ကို ပြောလိုက်ရပါသည်။

"ကျွန်တော့်သဘောကတော့ အကျဉ်းသားများကို လွှတ်ခိုင်း စေချင်တာပဲ။ ယခုဆိုရင် အကျဉ်းသားတွေဟာ အစိုးရအဖွဲ့မရှိတော့ ဘူးဆိုတာ သိနေကြပါပြီ။ ဒီတော့ သူတို့ကို အေးအေးလူလူ ပြောဆို ဆုံးမပြီး လွှတ်လိုက်မယ်ဆိုရင် အနှောင့်အယှက်ပေးစရာ မရှိပါဘူး။

အကျဉ်းသားဆိုတာ အိမ်နဲ့ဝေးတဲ့လူများဖြစ်လေတော့ ထောင် ကလွှတ် လိုက်တာနဲ့တစ်ပြိုင်နက် တစ်နည်းနည်းနဲ့ အိမ်ကိုအရောက် ပြန်ကြမယ့် လူတွေချည်းပါပဲ။ အိမ်ပြန်ရောက်တော့မှ နောက်ကြောင်း ပလုံသူက ခိုးချင်ခိုးမယ်၊ တိုက်ချင်တိုက်မယ်။

ခုလောလောဆယ်မှာ မြို့ကိုစီးမယ်ဆိုတာတော့ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ပါဘူး။ မလွှတ်ဘဲထားရင်သာ အဲခြေအနေပိုဆိုးပြီး အုပ် ချုပ်နိုင်ထိန်းမရ ဖြစ်သွားမယ်လို့ ယူဆမိပါတယ်"

ကျွန်တော် ဤသို့ပြောလိုက်ရာ အကျဉ်းသားများအား မလွှတ် လိုသော ပုလိပ်အရာရှိကြီးတစ်ဦးက ဒေါနှင့်မောနှင့် ထပြောလေသည်။

"ဒီမယ် ... ကျုပ်ပြောမယ်။ ခင်ဗျားတို့ ထောင်အရာရှိတွေ က ဒီအကျဉ်းသားလောက်ကိုမှ အုပ်ချုပ်နိုင်ထိန်းမရဘူးပြောရင် ကျုပ် ကိုယ်တိုင်လာပြီး စက်သေနတ်နဲ့ လာစောင့်မယ်။ ဒီလူတွေ လှုပ်ရဲပါဦး မလား"

"ဒါကတော့ လူကြီးမင်းက လက်နက်ပြပြီး အတင်းလုပ်ယူ မယ်ဆိုတဲ့ သဘောကိုး။ ဒါကို ကျွန်တော်ဘာမှ မပြောလိုပါဘူး။ သို့ သော် အကျဉ်းသားကို ငြိမ်ဝပ်ပိပြားအောင်လုပ်ရာမှာ လက်နက်ချည်း အားကိုးလို့မရဘူးဆိုတာ လူကြီးမင်း မသိသေးဘူးဖြစ်ပါလိမ့်မယ် မယုံ ရင် လူကြီးမင်းက ထောင်ဘူးဝက စက်သေနတ်ကိုပြပြီး အုပ်ချုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ကျွန်တော်တို့က သူတို့နားလည်အောင် ပါးစပ်နဲ့ ငြိမ်ဝပ်အောင် ပြောလိုက်မယ်။ ဘယ်ဒင်းက ခရီးရောက်မယ်ဆိုတာ လက်တွေ့စမ်းသပ်ကြည့်စေလိုပါတယ်။

ကျွန်တော်ပြောလိုတာက အင်္ဂလိပ်အပြေးမှာတောင် ထောင်ကအကျဉ်းသားတွေ လွှတ်သေးတာ ခု . . . ဂျပန်အပြေးမှာလည်း လွှတ်လိုက်တယ်လို့ယူဆပြီး ပြောရတာပါ။ နောက်တစ်ခု အရေးအကြီးဆုံးက ထောင်မှာ အကျဉ်းသားစားဖို့ အစားအစာ ငပါးမှလွဲပြီး တစ်လစာတောင် မရှိတော့ဘူး။ ဘယ်သူက ဒီအကျဉ်းသားတွေ ကျွေးမွေးရေးကို တာဝန်ယူမှာလဲ။ အစောင့်အကြပ်ဆိုလို့လည်း ထောင်ဝါဒါပေါင်း တစ်ရာလောက်ရှိပါတယ်။

ဒါပေမဲ့ သူတို့တွေဟာ လခမရကြပါဘူး။ စားစရာမရှိတဲ့ လူတွေကို အလုပ်က ထွက်မသွားရဘူးလို့ ဘယ်သူက တားဆီးပေးဖို့ တာဝန်ယူကြမလဲဆိုတာလည်း စဉ်းစားကြစေလိုပါတယ်''

ကျွန်တော်က အခက်အခဲပြဿနာများကို အသေးစိတ် တင်ပြလိုက်သောအခါ ပုလိပ်အရာရှိကြီးသည် မျက်နှာမဖော်တော့ပဲ ခေါင်းအောက်စိုက်ချ၍ စကားမပြောတော့ပါ။ လင်းတမှိုင် မှိုင်နေပေတော့သည်။

အစည်းအဝေးက အကျဉ်းသားများအား လွှတ်ရန်နှင့် မလွှတ်မီ အစီအစဉ်များလုပ်ကြရန် မူလသဘောတူကြသူ သူဌေးဦးဘလုနှင့် ဗိုလ်အောင်မြိုင်တို့အား တာဝန်လွှဲအပ်ပေးပြီးနောက် ထိုပုဂ္ဂိုလ်နှစ်ဦးတို့က ကျွန်တော်နှင့်အတူ ထောင်သို့ လိုက်လာခဲ့ကြပါသည်။ အကျဉ်းသားများ လွှတ်မည့်နေ့ကိုလည်း တစ်ပါတည်း ကြေညာလိုက်လေသည်။

အကျဉ်းသားများ လွှတ်မည့်နေ့ဖြစ်သော ၁၉၄၅ ခု၊ မေလ





၂ ရက်နေ့သို့ ရောက်သောအခါ လွှတ်လူပေါင်းစာရင်းကိုခေါ်၍ ထောင်တံခါးမကြီးကိုဖွင့်၍ လွှတ်လိုက်သောအခါ အကျဉ်းသားများသည် စနစ်တကျ နှစ်ယောက်စီတန်းလျက် ထောင်ပုံစံမပျက် ကျွန်တော်ကိုယ်တိုင် ကြပ်မတ်၍ မြို့ပေါ်သို့ တစ်ပတ်စေအောင် လှည့်လည်ပြီး အကျဉ်းသားများမှာ လူဖြစ်ကြောင်း ယဉ်ကျေးစွာ လက်တွေ့ပြလိုက်ကြလေသည်။

မြို့မိမြို့ဘများမှာလည်း သခင်များအလောင်းကို တူးဖော်ပေးသူများအဖြစ် ထမင်းထုပ်၊ ဟင်းထုပ်များဖြင့် ဆီးကြိုကြလေသည်။ ထိုသို့ ဆီးကြိုထမင်းကျွေးလိုက်ကြသည်မှာ ပွဲတော်တမျှ ဝက်ဝက်ကွဲ ညံကားကြလေသည်။

အကျဉ်းသားများမှာ မိမိတို့ရွာနီသို့ ပြန်ရန် သူဌေးဦးဘလုတပင် လှေကြီးလှေငယ်များဖြင့် နီးစပ်ရာရွာသားများအား လှေတစ်စင်းကျစီ ပေးကမ်းလျက် နောက်ဆုံးရွာရောက်မည့်သူအား လှေကို အပိုင်စား လှူလိုက်ခြင်းဖြင့် တစ်ထောင်ကျော်ခန့် အကျဉ်းသားများမှာ တစ်နေ့တစ်ရက်တည်း၌ပင် မြို့ပေါ်မှ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြလျက် ဤထောင်ကိစ္စသည် အဆုံးတိုင် ရောက်လေတော့သတည်း။

အကျဉ်းထောင်တွင် အကျဉ်းသားမရှိသော်လည်း ကျွန်တော်မှာ အကျဉ်းထောင်၏ လက်နက်တိုက်နှင့် အခြားပစ္စည်းများ၊ ထောင်သားများ ကျန်နေသေး၍ ထောင်အိမ်မှာပင် ဆက်လက်နေထိုင်ရလေသည်။ အကျဉ်းသားများအား လွှတ်လိုက်သောညနေတွင် ကျွန်တော်သည် အပျင်းပြေလျှောက်သွားရာ ကွယ်လွန်သူ သခင်တစ်ဦး၏ဆွေမျိုးတော်စပ်သူ မိန်းမတစ်ယောက်နှင့် တွေ့၍ ကျွန်တော့်အား ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်သို့ ခေါ်ဆောင်သွားပါသည်။ ထိုမိန်းမ၏အိမ်သို့ ရောက်လျှင်ထ မျက်ရည်လေးသုတ်ပြီး ဤကဲ့သို့ ပြောပါတော့သည်။

“ငါ့မောင်လေးကျေးဇူးတော့ မမေ့နိုင်အောင် ရှိတာပါပဲကွယ် ထောင်ထဲနေတုန်းကရော၊ အလောင်းဖော်ပေးတာရော ငါ့မောင်ကို အား လုံးက ကျေးဇူးတင်နေကြပါတယ်။ ဒီနေ့ ထူးခြားတဲ့ကိစ္စ ပြောရဦးမယ် ဖြစ်ပုံက ယုံရအခက်၊ မယုံရအခက်နဲ့။ မမလေ …ဟိုဘက်အိမ်က လူမမာတစ်ယောက်ကို သွားကြည့်တော့ လူမမာကို တစ္ဆေဝင်ပူးနေတာ ကို တွေ့ရတယ်ကွယ့်”

“အင်း …ပြောပါဦး အစ်မကြီးရဲ့”

“ဒါနဲ့ မမကလည်း နင်ဘယ်သူလဲ၊ ဘာလို့ လူမမာကို ဒုက္ခ ပေးနေသလဲ၊ စားချင်တာကိုပြော ဘာညာနဲ့မေးတော့ တစ္ဆေကလေ သူ့ကိုမသိဘူးလားတဲ့။ ကျုပ်ဟာ သခင်အုံးဖေတဲ့”

“အိုး …တစ္ဆေက ဒီလိုတောင်ပြောတယ်”

“အင်း …တစ်ခါဆက်ပြီးပြောတာက ဂျပန်တွေက သူ့ ထောင်ထဲမှာချုပ်ထားပြီး ထုတ်သတ်တယ်တဲ့။ အခု ထောင်သားတွေ ကိုလွှတ်လိုက်ပြီ။ ကျုပ်တို့ကို ထောင်ကမလွှတ်သေးလို့ ဂျပန်တွေ စစ်တိုက်မထွက်ရဘူးတဲ့။ ထောင်အရာရှိကို ကျုပ်တို့ကိုလွှတ်ဖို့ သွား ပြောပြပါဦးဆိုပြီး ငိုတော့တာပဲကွယ်”

“ဩော် …ဒီလိုကိုး။ ဒါနဲ့ အစ်မကြီးက …”

“ဒါနဲ့ မမလည်း ကောင်းပါပြီ။ ပြောပေးပါ့မယ်လို့ ကတိပေး ပြီး လူမမာကို မနှိပ်စက်ဖို့လည်း ပြောပြီးရော လူမမာလည်း ဘာမှ မဖြစ်သလိုပါပဲကွယ်။ အကောင်းပကတိ ပြန်ဖြစ်သွားတာပဲ”

“ဒီတော့ အစ်မကြီးက ကျွန်တော့်ကို ဘာလုပ်စေလိုသလဲ”





“ဒီကိစ္စ မင်းဆီကိုလာပြောမလို့ စိတ်ကူးပြီး လာတာကွယ့်။ မင်း အသက်ရှည်ဦးမယ်။ ပက်ပင်းတိုးမိတာပါပဲ။ ကဲ …ဒီတော့ ငါ့ မောင်ဆီမှာ အစ်မကြီး အကူအညီတောင်းချင်တယ်”

“တောင်းပါ …တောင်းပါ …ကျွန်တော်တတ်နိုင်တာမှန် သမျှကိုတော့ ကူညီဖို့ အသင့်ပါပဲ”

“အထူးတော့ မဟုတ်ပါဘူးကွယ်။ ဗိုလ်မယ့်ဗိုလ် ကိုးတို့ရောက် အောင် ဗိုလ်ပေးဖို့ပါပဲ။ ငါ့မောင်က သူတို့ကို ထောင်ကလွှတ်တယ်ဆိုတဲ့ အမိန့်ပြန်တမ်းတစ်ခု သူတို့ခေါင်းချတဲ့နေရာမှာပဲ ငါ့မောင်ကိုယ်တိုင် ပြန်တမ်းထုတ်ပေးပါလားကွယ်”

“ဒါတော့ စိတ်ချပါ အစ်မကြီး။ မနက်ဖြန် ကျွန်တော်ပဲ အဲဒီ နေရာကိုသွားပြီး ပြန်တမ်းဖတ်လိုက်ပါ့မယ်”

ဟု ပြောဆိုကာ စိတ်မကောင်းစွာနှင့်ပင် ကျွန်တော် သူတို့ အိမ်မှ ထွက်လာခဲ့ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော့်မှာ ယုံတာမယုံတာအပထား၍ သက်ဆိုင်သူများ စိတ်ကောင်းစေရန် တပည့်တစ်ယောက်ကို အဖော် ပြု၍ သခင်များစတေးခံရသော တွင်းနှုတ်ခမ်းမှ မတ်တတ်ရပ်၍ ထောင် မှ အပြီးပိုင်လွှတ်လိုက်ကြောင်း ကြေညာအမိန့်ပြန်တမ်း ဖတ်လိုက် သည်။ ထို့နောက် အဆိုပါအမိန့်စာရွက်ကို တွင်းထဲသို့ပြစ်ချပြီး ပြန်ခဲ့ ရပါသတည်း။

ဂျပန်အပြေး အင်္ဂလိပ်မဝင်မီ အစိုးရလစ်ခစားများ အလုပ် လက်မဲ့ ဖြစ်ကုန်ကြသည်။ အင်္ဂလိပ်အစိုးရအား လာနိုး …လာနိုး မျှော်စောင့်နေကြရသည်။

မျှော်သောသူ ရှာရင်တွေ့၊ ဆောသောသူ ကြာညိုင်မေ့ ဆို

www.burmeseclassic.com



သကဲ့သို့ ရက်တို့သည် လ,သို့ ပြောင်းခဲ့ပြီဖြစ်၍ ဗမာ့လွတ်လပ်ရေး ယမ်းပုလ္လင်၌ အသက်ကို အစတေးခံသွားကြရရှာသော မြောင်းမြမြို့၏ မျိုးချစ်ပုဂ္ဂိုလ် သခင် ၄၁ ဦးတို့ကိုလည်း မေ့သလောက်နီးနီး ဖြစ်သွား ကြပေပြီ။

၁၉၄၅ ခု၊ ဇူလိုင်လသို့ ရောက်သောအခါ မိုးဒေဝါသည် ပဲခူး ယထဝီသို့ ကျရောက်ခဲ့သည့်နည်းတူ အင်္ဂလိပ်စစ်တပ်နှင့် အုပ်ချုပ်ရေး အဖွဲ့သည်လည်း မြောင်းမြမြေကို နင်း၍ ရောက်လာခဲ့သည်နှင့်အတူ ဂျပန်တစ်ခေတ်လုံး ငတ်ပြတ်နေသော မြို့လူထုကို အင်္ဂလိပ်တို့သည် သူတို့နှင့်အတူပါလာသော နို့ဆီ၊ မုန့်သေတ္တာ၊ စီးကရက်စသည်တို့အား ပေးကမ်းစွန့်ကြဲကြလျက် စားရသူအပေါင်းမှာ ပျော်တပြုံးပြုံး ဖြစ်နေ ကြသည်။

ထို့အပြင် မြောင်းမြမြို့ ဗဟိုအကျဉ်းထောင်ကြီးကိုလည်း ၁၉၄၅ ခု၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်လိုက်လေပြီး ကျွန်တော့်မှာလည်း သမရိုးကျ လခစားဖြစ်၍ ခေတ်တွေ၊ မင်းတွေ မည်သို့ပင် ပြောင်းစေကာမူ ကျွန်တော့်မှာကား လုံးဝ ပြောင်းလွဲခြင်း မရှိပဲ ထောင်မှူး . . . ထောင်မှူးပင်ဖြစ်၍ မြောင်းမြထောင်ကြီး၌ပင် ထောင်မှူးအဖြစ် ပြန်လည်အမှုတော် ထမ်းရပြန်သည်။

ဤကဲ့သို့ အမှုထမ်းဆောင်နေရာ တစ်ခုသောနေ့ ရုံးတက်ချိန် တွင် ကျွန်တော့်အား အမေရိကန် စစ်စုံထောက်အဖွဲ့မှ လာခဲ့ရမည် ဟူသော အမိန့်စာတစ်စောင်ကို ထောင်ပိုင်ဝန်မှတစ်ဆင့် ရောက်လာ၍ မည်သည့်ကိစ္စမှန်းမသိပဲ စိတ်တထင့်ထင့်နှင့် အဆိုပါ စစ်စုံထောက် အဖွဲ့သို့ သွားရောက်ခဲ့ရပြန်သည်။ စစ်ရုံးသို့ ရောက်သောအခါ မျက်နှာ ဖြူ မေဂျာစစ်ဗိုလ်တစ်ဦးက ၎င်း၏ရုံးခန်းတွင် ထိုင်စေပြီး ကျွန်တော့်





အား စစ်ဆေးပါတော့သည်။

"ခင်ဗျား ဂျပန်ခေတ်က မြောင်းမြထောင်မှာ ထောင်မှူးလုပ် ခဲ့ဖူးပါသလား"

"ဟုတ်ပါတယ်"

"ဗမာသခင်တွေကို ဂျပန်တွေထုတ်ယူသွားတော့ ခင်ဗျား ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"လူပေါင်းအားလုံး ဘယ်လောက်လဲ"

"၄၁ ယောက်ပါ"

"သခင်တွေကို ထောင်မှာ ဂျပန်တွေရိုက်တယ်ဆို"

"ဟုတ်ပါတယ်"

"သခင်တွေအလောင်းကို တွင်းထဲက ခင်ဗျားကပဲ အကျဉ်း သားတွေနဲ့ တူးဖော်ပေးရတယ်ဆို"

"ဟုတ်ပါတယ်"

"ဒီကိစ္စကို ကောင်းကောင်းသိတဲ့လူ ထောင်အမှုထမ်းထဲက ရှိသေးသလား"

"ရှိပါတယ်။ အများကြီးပဲ သိကြပါတယ်"

"ဂျပန်ရိုက်တုန်းက မြင်တဲ့လူ နောက်တစ်ယောက်သာ လို တော့တယ်"

"ထောင်ကြပ်ချုပ် ဦးအေးမောင် မြင်ရပါသေးတယ်"

"ကဲ . . . ဒါဖြင့် ဒီစာတပ်ပုံထဲမှာ ထောက်ပြစမ်းပါ"

မေဂျာကြီးသည် ကျွန်တော့်အား ဓာတ်ပုံပေါင်းများစွာက်များ



www.burmeseclassic.com

www.burmeseclassic.com



စွာကို ထုတ်ပြရာ လက်ဖတင်နှင်ဆူးဇိုကီး (ကင်ပေတိုင်မိုလ်ကြီး) ဆာဂျင်ယာမာဆာကီးနှင့် ဆာဂျင်မေဂျာအဒါချီးဆိုသူတို့အား ကျွန်တော် လက်ထောက်ပြလိုက်ရာ မေဂျာကြီးက များစွာဝမ်းသာသွားပြီး ကျွန်တော့်အား စစ်ချက်ယူနေစဉ် ထောင်ကြပ်ချုပ် ဦးအေးမောင်အား ထောင်သို့ အခေါ်လွှတ်ပါသည်။

ဦးအေးမောင်ရောက်လာသောအခါ ကျွန်တော့်နည်းတူ ဓာတ်ပုံများကိုပြရာ ကျွန်တော်ပြထားသူ သုံးဦးအနက် နှစ်ဦးကို ကောင်းစွာပြနိုင်၍ ရန်ကုန်စစ်ရုံးတွင် သက်သေခံလိုက်ရမည်ဟု ပြောပြီး ကျွန်တော်တို့အား ပြန်လွှတ်လိုက်ပါသည်။

ထောင်သို့ပြန်လာကြစဉ် ကျွန်တော်က ဦးအေးမောင်အား ..

''ဖက်ဆစ်တွေကို မဟာမိတ်စစ်ခုံရုံးမှာ အသက်ဇီဝိန်ဖြုတ်ရသည်အထိ လက်စားချေပြမယ်ဗျ''

ဟု ပြောလိုက်မိပါသည်။

ဤအတောအတွင်း နိုင်ငံရေးအသင်းမှလည်း၊ သခင်နုထံ မေတ္တာရပ်ခံချက်ဖြင့် သခင်များအသတ်ခံရပုံကိုစွ သိသူများ အစစ်ခံကြရန် မြောင်းမြမြို့မှ ဦးခင်မောင်လတ် (ယခု ဆွေ-ငြိမ်းဝန်ကြီးဟောင်း) သည် ကျွန်တော်တို့ထံလာရောက်ပြီး သခင်များဖြစ်တွေကို စစ်ဆေးလိုကြောင်း ပြောပါသည်။ အစစ်ဆေးခံရန် ကျွန်တော့်အား သခင်နုထံ မေတ္တာရပ်ခံချက်စာလွှာကို ပြ၍ တောင်းဆိုပါသည်။

ကျွန်တော့်မှာ အစိုးရအရာရှိတစ်ဦးဖြစ်၍ နိုင်ငံရေးသမားတစ်ဦးထံ၌ အစစ်ခံဖို့ရန်မှာ အထက်လူကြီး၏အမိန့်ရမှ ဖြစ်နိုင်ပေမည်။ ထိုကိစ္စအတွက် ကျွန်တော့်အထက်အရာရှိများဖြစ်ကြသော ထောင်ပိုင်နှင့် ထောင်မှူးကြီးများအား ပထမ အသိပေး တိုင်ကြားစေလိုကြောင်း





အထက်လူကြီးအမိန့်ပေးပါက ကျွန်တော် အချိန်မရွေး၊ နေရာမရွေး အစစ်ခံပါမည်ဟု ပြောလိုက်ရာ ဦးခင်မောင်လတ်သည် ဤကိစ္စကို ထောင်ပိုင်ဝန်ထံပြောရာ ထောင်ပိုင်က ခွင့်မပြုလေသဖြင့် ကျွန်တော့်မှာ ဦးခင်မောင်လတ်ထံ၌ အစစ်မခံဖြစ်တော့ပေ။

ဤအချင်းအရာနှင့် ပတ်သက်၍ ဦးခင်မောင်လတ်သည် မကျေမနပ်နှင့် ပြန်သွားရရှာသည်။ အင်္ဂလိပ်အစိုးရလက်အောက်တွင် အမှုထမ်းနေရသူများသည် နိုင်ငံရေးသမားများကို ဤကဲ့သို့ ရှောင်ဖယ်ကြရသည်မှာ ထုံးစံအတိုင်းသာဖြစ်၍ ကျွန်တော့်အား အပြစ်တင်စရာ လိုမည်မထင်ပေ။

၆ လခန့်အကြာတွင် သခင်များကိစ္စနှင့်ပတ်သက်၍ မြောင်းမြထောင်မှ ကျွန်တော်နှင့် ထောင်ကြပ်ချုပ် ဦးအေးမောင်ထံသို့ စစ်ခုံရုံးမှတစ်ဆင့် စာတစ်စောင် ရောက်လာပါသည်။ ထိုဆမ္မန်စာမှာ ဖော်ပြပြီးသော ဂျပန်စစ်တရားခံများကို အပြစ်ပေးနိုင်ရန် တရားသဖြင့် လာရောက်ထွက်ဆိုရေးအတွက် ဖြစ်ပါသည်။

ကျွန်တော်နှင့်အတူ မြောင်းမြမြို့ပေါ်က အခြားသောသက်သေများလည်း ပါသေးသည်။ ၎င်းတို့မှာ ဂျပန်အဖမ်းကိုခံခဲ့ရပြီး အသက်မသေပဲ ဂျပန်လက်မှ ပြေးခဲ့ရသူပေါင်းနှင့် ဂျပန်လွှတ်ခဲ့သောလူများ ဖြစ်ကြ၍ အားလုံးပေါင်း ၂၀ ခန့်ဖြစ်ပါသည်။

ရန်ကုန်သို့ရောက်သောအခါ ရန်ကုန်ထောင်တွင် ဖမ်းဆီး၍ ထည့်ထားသော ဂျပန်များကို လူတန်းစီ၍ပြထားရာ ကျွန်တော်နှင့်တကွ သက်သေများက မိမိမှတ်မိသော ဂျပန်များကို လူကိုယ်တိုင် ဆွဲပြကြရသည်။ ယခင်က အလွန်ကြောက်ဖွယ် မျက်နှာရှိကြသော ဂျပန်များမှာ ယခုအခါ မုဆိုးမအိမ်အောက်က မီးရေရိုနေရွှဲနေသော ကြွက်စုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး၏မျက်နှာကဲ့သို့ တွေ့ရသည်မှာ အတော်သံဝေဂရစရာ ကောင်းလှပါသည်။ ရှေးကာဝိပါတ် (ရ)ရက်၊ ယခုဝိပါတ် နောက်ပိုးတက်ဆိုသကဲ့သို့ ချက်ချင်းလက်ငင်း အကျိုးတရားပြသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်နေရသည် မဟုတ်ပါလော။

ရန်ကုန်မြို့ မဟာမိတ်တို့၏ စစ်ခုံရုံးတွင် မြောင်းမြအမှု တစ်ခုတည်းသာမဟုတ်ဘဲ မော်လမြိုင်ခရိုင်၊ ကုလားကုန်းရွာတစ်ရွာလုံး ကလေးလူကြီးမကျန် ဂျပန်သတ်ခဲ့သော အမှုကြီးကိုလည်း သက်သေပေါင်း မြောက်များစွာ လာရောက်အစစ်ခံသည်ကို တွေ့ရှိရပါသည်။

ကျွန်တော်သည် ရန်ကုန်စစ်ခုံရုံးတွင် အစစ်ခံရသည်မှာ တစ်လကျော်မျှကြာခဲ့ရပြီး စစ်ရုံးမှ ဓာတ်ပုံ၊ ထောင်ဒဏ်များ အသီးသီး ချမှတ်လိုက်ရာ သူ့ရဲကောင်းလူသတ်ကောင် ဂျပန်များ၏မျက်နှာတွင် သွေးတစ်ပေါက်မရှိဘဲ ကြောက်ဒူးတုန်လျက် ဖြစ်နေသည်ကို တွေ့ခဲ့ရပါသည်။

အင်္ဂလိပ်အဘိုးကြီးတစ်ဦးမှာ ၎င်း၏သားသည် မြန်မာပြည်သို့ လေယာဉ်ဖြင့် စစ်တိုက်အသွား၊ လေယာဉ်ပျက်ကျ၍ ဂျပန်ထံ၌ အဖမ်းခံရပြီး လေယာဉ်ပျက်ရာတွင် အသက်မသေဘဲ ဂျပန်ညှဉ်းမှု သေဆုံးရသဖြင့် ၎င်း၏သားကို ညှဉ်းပြီးသတ်သော ဂျပန်တရားခံများကို စစ်ရုံး၌ တရားစွဲဆိုစဉ် အင်္ဂလန်ပြည်မှ မျက်ရည်စက်လက်ဖြင့် တပင်တပန်း လာရောက်နားထောင်ရှာသည်ကို တွေ့ရပါသည်။ တရားခံ စစ်ဗိုလ်က စစ်ရုံးတွင် သူ့အမှားကိုသိ၍ ...

"ကျွန်တော်တို့ မှားခဲ့ပါပြီ။ ခင်ဗျားသားကို သတ်ခဲ့တဲ့အတွက် ကျွန်တော်တို့မှာ အပြစ်ရှိပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဟု အင်္ဂလိပ်အဘိုးကြီးအား ခွင့်ပန်၍ လက်ဆွဲနှုတ်ဆက်ခွင့်





ပြုရန် တောင်းပန်ရာ အင်္ဂလိပ်အဘိုးကြီးက ...

"မင်းတို့လို လူစိတ်မရှိတဲ့ ဂျပန်လူယုတ်မာမျိုးနဲ့ ငါ လက်ဆွဲခြင်း မပြုနိုင်ဘူး"

ဟုငြင်းပယ်၍ အတိအလင်းပြောသွားသည်ကိုလည်း ကြားခဲ့ရပါသည်။

ဤသို့နှင့်ပင် မြောင်းမြမြို့ခရိုင် တော်လှန်ရေးကို ကျွန်တော် သိသမျှ တင်ပြလိုက်ရပါသည်။ ဂျပန်ကို သတ်မှုတယ်ရှိအောင်ဟု တော်လှန်ရေးအစပိုင်းကပင် လမ်းကြုံဝင်ခဲ့ရသော ကျွန်တော်ငတိမောင်မှာလည်း ဗမာမျိုးချစ်ရဲဘော် သခင်တို့အတွက် မဟာမိတ်စစ်ရုံးတွင် ဂျပန်လူယုတ်မာတို့အား လက်စားချေခဲ့ပါပြီ ...ဟု မှတ်တမ်းတင်လိုက်ပါသတည်း။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

| ၁၀ |

မြန်မာပြည်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ကမ္ဘာ့အလယ်တွင် ကြွားတလုလု ဖြစ်နေပါပြီ။ ဤကဲ့သို့ လွတ်လပ်သော ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖြစ်မြောက်ရေးအတွက် အသက်ကို စတေးခံသွားရရှာသော ရဲဘော်အပေါင်းသည် မြန်မာပြည်တစ်ဝှမ်းလုံးတွင် မည်၍မည်မျှရှိလေမည်နည်း။

အဆိုပါသေဆုံးသူ ရဲဘော်အပေါင်းတို့၏ ကျန်ရစ်ရှာသော သားမယားနှင့် သားသမီးများ ဘယ်အခြေရောက်နေ၍ ဘယ်သောင်တွင်တင်လျက် ရှိကြလေသနည်းဟု ကျွန်တော် တပ်အပ်သေချာ မပြောနိုင်ပါ။





သို့ရာတွင် သခင်တစ်ဦး၏ ဇနီးသည်အကြောင်းကိုတော့ ကျွန်တော် အသေအချာ ပြောနိုင်ပါ၏။ အဆိုပါ ကျွန်တော်ပြောနိုင်သော သခင်တစ်ဦး၏ဇနီးခမျာမှာ ခေတ်ပညာ အင်္ဂလိပ်မြန်မာ (၉)တန်းအထိ တတ်ပါလျက်နှင့်ပင် အသက်မွေးဝမ်းကျောင်းအတွက် မူလတန်းကျောင်းဆရာမလေးအလုပ်ကိုပင် မရနိုင်ဘဲ သနားစဖွယ် တွေ့ခဲ့ရပါသည်။

ထိုအမျိုးသမီးမှာ စက်ချုပ်၊ ပန်းထိုးအလုပ်နှင့်ပင် ပင်ပန်းစွာ ဝမ်းရေးကို ထိမ်းကျောင်းနေရသည်ကို တွေ့ခဲ့ရသဖြင့် ကျွန်တော့်မှာ အတော်ပင် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။

သို့ရာတွင် ကျွန်တော်က သူမအား လွှတတ်ကြီးလုပ်ပြီး ပြောခဲ့ပါသေး၏။

"ဒီလိုပေါ့ ဒေါ်ကြည်ရယ်။ ရှေးကဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို မေ့လိုက်ပါတော့။ လွမ်းစရာကို နာစရာနဲ့ဖုံး။ နာစရာကို လွမ်းစရာနဲ့ အုပ်ဆိုသလို ကိုယ့်စိတ်ကိုဖြေပြီး အသက်ကလေးတစ်ချောင်းရှင်ဖို့အရေး ဒီလိုပဲ ဘဝသံသရာလမ်းမကြီးကို ဆက်သွားရတာပဲ"

ဟု အားပေးစကားပြောကြား၍ ၎င်းတို့အိမ်မှ ပြန်ခဲ့ရပါသတည်း။

■ ■ ■

မြောင်းမြမောင်ကို

www.burmeseclassic.com